www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၁၄၀၈ / ၂၀၀၄ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၄၁၀၅၀၉
ပုံနှိပ်ခြင်း - (ပထမအကြိမ်)
ထုတ်ဝေသည့်လ - ၂၀၀၅-ခုနှစ်၊ အောက်တိုဘာလ၊
နိုင်ဝင်ဘာလ
တန်ဖိုး - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀

အတွင်း/အဖုံးပုံနှိပ်သူ - ဦးမောင်မောင်လေး (၀၇၀၅၁)
စန္ဒာဝင်းပုံနှိပ်တိုက်
၂၀၉၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးနိုင်းဆွေ (၀၉၈၃)
ပန်းလက်ဆောင်စာပေ
၅၁၆(ခ)၊ ပုလဲ ၄-လမ်း၊
၄၅-ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့ ။

စီစဉ်သူ
ကိုဖြိုး/ဇာခြည်

# အိမ်းကြာသိုက်

## ရေမှာပျော်ပါး ပင်လယ်ကျား

ဖြန့်ချိရေး
စိန်မိုးယံစာပေ
အမှတ်-၃၈၊ လမ်း-၉၀၊ ၆-လွှာ(ယာ)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

စဆုံးလုံးချင်း
အသစ်စက်စက်

www.burmeseclassic.com

www.burmeseclassic.com

မောင်ပြေသာသည် ဘုန်းကြီးကျောင်းထဲရှိ ရေတွင်းနံရံလေးကို မီကာ အမောဖြေလိုက်သည်။ ဘုန်းတော်ကြီး ချိုးသည့်ရေချိုးကန်ထဲသို့ ရေဖြည့်ရသည်မှာ မလွယ်။ "သောက်ရေအိုး" အရွယ် အိုးနှစ်အိုးကို ဆိုင်းထမ်းဖြင့် ထမ်းကာ လောင်းထည့်ရသည်။

ဘုန်းတော်ကြီး ဦးဝီရိယသည် နာမည်နှင့်လိုက်အောင်ပင် ဝီရိယရှိသူ ဖြစ်သည်။ မောင်ပြေသာတို့ကို စာပေသင်ကြားပေးရာတွင်လည်း ပြတ်သားလှသည်။

"ညောင်စာရေး" ရွာလေးတွင် မောင်ပြေသာသည် ဦးဝီရိယကျောင်း၌ စာပေသင်ကြားနေရာ အခြားကျောင်းသားများထက် စာပေထူးချွန်သူ ဖြစ်သည်။

ထို့ကြောင့် မောင်ပြေသာသည် ဦးဝီရိယ၏ လက်စွဲဖြစ်သွားလေသည်။ ဦးဝီရိယ၏ လက်စွဲဖြစ်သွားခြင်းကား သက်သာလှသည် မဟုတ်ပါ။ နံနက်သုံးနာရီလောက် အိပ်ရာထရသည်။

ညောင်စာရေး ကျောင်းတော်ကြီးရှိ သံဃာအပါးနှစ်ဆယ်အတွက် ဆွမ်းချက်ရသည်။ ဆန်ပြုတ်ပြုတ်ရသည်။ ပြီးလျှင် ဆရာတော်ဦးဝီရိယ၏ ဆွမ်းစားကျောင်းဆောင်ရှိ အုန်းမောင်းကို ခေါက်ရသည်။



အုန်းမောင်း ခေါက်သည့်အချိန်တွင် ကပ္ပိယကြီး ဦးညိုနှင့်အတူ သံဃာတော်များအတွက် ဆွမ်းဝိုင်းက အသင့်ပြင်ပြီးသား ဖြစ်နေရလေသည်။

ထို့ကြောင့် ဆွမ်းပွဲပြင်သည့်ကိစ္စ၊ ဆွမ်းစားတုံးခေါက်သည့် ကိစ္စပြီးလျှင် ကိုရင်နှင့် ကျောင်းသားများအတွက် အသင့် ဆက်၍လုပ်ရသည်။ ကျောင်းသားများ နိုးလာသည့်အချိန်တွင်တော့၊ မောင်ပြေသာကို ကူညီလုပ်ကိုင်ရသည်။

သို့သော် ထိုနေ့ရာတွင် မောင်ပြေသာ ကြာကြာနေ၍မရပါ။ ဆရာတော်နှင့် သံဃာတော်များ ဘုရားဝတ်တက်ဆောင်မှဆင်းလာလျှင် ရေချိုးရန်အတွက် ကျောင်းဆောင်ရှိ ရေချိုးအုတ်ကန်ထဲသို့ ရေဖြည့်ထားရလေသည်။ ရေဖြည့်ပြီးလျှင်တော့ မောင်ပြေသာ အနည်းငယ်နားရသည်။

ထို့ကြောင့် မောင်ပြေသာသည် ရေတွင်းကိုမှီကာ နားနေခြင်း ဖြစ်သည်။ မနက်က ကျောင်းသားများနှင့်အတူ စားလိုက်သောထမင်းသည် မည်သည့်နေရာသို့ ရောက်သွားလေသည်မသိ။

နေ့လယ်ပိုင်းတွင် စာပြန်ရဦးမည်။ စာပြန်ရာ၌ မနေ့က သင်ထားသော ပါဠိတော်ကို မထစ်မငေါ့ ဒိုးဒိုးဒေါက်ဒေါက်ပြန်ဆိုမှ ဆရာတော်က သဘောကျသည်။ ထစ်ခြင်း ငေါ့ခြင်း မေ့နေခြင်းကြောင့် ကြာကြာရပ်လျှင် ကိုင်ထားသော ဆရာတော့်ကြိမ်လုံးက ခေါင်းပေါ်သို့ ဒေါင်ခနဲ ကျလာတတ်၏။

"သွားပြန်ကျက်"

"စာမချေသေးဘဲ ပြန်လာတယ်"

အသက်ဆယ့်နှစ်နှစ်ဖြစ်သော မောင်ပြေသာမှာ ပရိတ်ကြီး နမက္ကာရ ရတနာသွေးချိုင့်တို့ကို အလွတ်ပြန်ဆိုပြီးနောက်၊ သင်္ဂြိုဟ်ကိုးပိုင်းလုံး ကိုလည်း နှုတ်ဆိုနှင့် ရေးဖြေပါ ကျွမ်းကျင်ခဲ့သည်။

ဆရာတော် ဦးဝီရိယသည် ရေးဖြေနှင့် အာဂုံကို သဒ္ဒါကြီးနှင့်အတူ သိရာ ဆိုစာမေးပွဲကို မောင်ပြေသာ ချောမောစွာ အောင်မြင်သွားလေသည်။

ရေတွင်းဘေးတွင် နားနေသော မောင်ပြေသာရှိရာသို့ ကျောင်းထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြွလာသည်ကို မြင်ရ၍ ကမန်းကတမ်း လက်အုပ်ချီကာ ထလာ၏။

"ပြေသာ"

"ဘုရား"

"မနက်ဖြန် မိုးကုတ်က ဒကာမိသားစုတွေ ဒီကျောင်းကို လာပြီးတည်း ကြလိမ့်မယ်။ သူတို့က ဒီကျောင်းရဲ့ ဒကာရင်းတာပည့်ရင်းတွေပဲ။ ဒီတော့ သူတို့ နေဖို့နေရာတွေကို သေချာသန့်ရှင်းအောင် ဆေးကြောထား"

"သူတို့က ဟိုညောင်ပင်နားက ရေကန်ကြီးဘေးက ကျောင်းဆောင်မှာ ခါတိုင်းလိုပဲ တည်းကြမှာ မဟုတ်လား"

"ဟုတ်တယ် ပြေသာ၊ အဲဒါကို မင်း သော့ယူပြီး သွားဖွင့်ကြည့်။ အထဲ မှာ တံမြက်စည်းလှဲ၊ အိပ်ရာတွေ ပြင်ဆင်၊ ကျောင်းအပေါ်ထပ်က စောင်တွေ၊ ခေါင်းအုံးတွေ လဲချရမယ် ကြားလား"

"တင်ပါ့"

"တင်ဆောင်တို့ ကျော်ဦးတို့က ဝတ်ကျောင်းကျေလုပ်မယ့် ကောင် တွေ၊ ဒီကောင်တွေကို မင်းကြည့်ခိုင်း"

"တပည့်တော် တာဝန်ထားပါ ဘုရား"

"အေး…အေး၊ ခြံထဲက မြက်တွေပါ ခုတ်၊ ဘာမှရှုပ်ရှုပ်ယှက်ယှက် မရှိစေနဲ့။ မျက်စိအမြင်ရှင်းအောင်လုပ်။ ပြီးရင် ငါလာလျှောက် ငါလာကြည့်မယ်"

"တင်ပါ့ဘုရား"

ကျောင်းသို့ ဧည့်သည်လာမည်ဆိုလျှင် မောင်ပြေသာအဖို့ အလွယ် မစေ့ စပ် မသေချာလျှင် ဆူခြင်း၊ ကြိမ်းခြင်း ခံရမည်။ မောင်ပြေသာသည် ဆရာတော် ဦးဣန္ဒိယကြောင့် ဘာမဆို စေ့စပ်သေချာစွာလုပ်သောအကျင့်ကို ရရှိနေခြင်း ဖြစ် သည်။

×××

တင်ဆောင်တို့ ကျော်ဦးတို့မှာ သယ်ဆိုလျှင် သယ်သည်။ ပို့ဆိုလျှင် ပို့ သည်။ အပေါ်ကျောင်းမှ ဧည့်သည်များနေမည့် တစ်ထပ်ဆောင်လေးသို့ ရောက်



သောအခါတွင် သည်အတိုင်း ချထားလိုက်တော့၏။

သူတို့ကလည်း ဘာမဆို မောင်ပြေသာက လုပ်ထိမ့်မည်ဆိုသည်ကို သိပြီးဖြစ်သည်။

ဘုန်းတော်ကြီးက ကြည့်ခိုင်းဆိုသည့်အတိုင်း မောင်ပြေသာသည် သူ့ သူငယ်ချင်းများကို အော်ငေါက်မခိုင်းတတ်။

"ဟော့…တင်ဆောင်"

"ဟော"

"သွားတော့မလို့လား"

"ငါ ဘာလုပ်ပေးရဦးမလဲ"

"ခြံထဲ မြက်တွေ ရှင်းချဦးမှာကွ"

"ငါ ဓိုက်ဆတလာပြီ"

"အေး…ဒါဆိုလဲ စား ပြန်ပြီးမှ ဆက်လုပ်တာပေါ့"

ဧည့်သည်များက လဆန်း(၂)ရက်နေ့ ရောက်မည်။ ဆရာတော်က လဆုတ်ဆယ့်သုံးရက်နေ့တွင် အပြီးခေါင်းရှက်ဖို့ မှာကြားထားသည်။ ဆရာတော် သည် ကြိုကြိုတင်တင် အမြဲစီစဉ်တတ်သည့်အတိုင်း သူပြောသည့်နေ့တွင် အရာ အားလုံး စနစ်တကျပြီးနေမှ ကျေနပ်သည်။

ဆရာတော်က ပြီးပြီဆိုလျှင်လည်း မျက်နှာလွှဲမထား။ လုပ်ကိုင်ထား သည်များကို လာရောက်ကြည့်ရှု ပြင်ဆင်တတ်သည်။ စိတ်တိုင်းမကျလျှင် သူ ကိုယ်တိုင် ပြုပြင်လုပ်ကိုင်တတ်သောကြောင့် မောင်ပြေသာက အနားမှ စောင့် ကြည့်နေရသည်။

"မောင်ပြေသာ"

"ဘုရား"

"ဆပ်ပြာခွက်တွေ ဆပ်ပြာတွေ လဲလိုက်"

"တင်ပါ့ဘုရား"

"သူတို့က ဒီဆပ်ပြာမျိုးသုံးတာမဟုတ်ဘူး။ ပြင်သစ်ကလာတဲ့ ဆပ်ပြာ မွှေး ပန်းရောင်"

www.burmeseclassic.com



"ကျောင်းမှာမှ မရှိဘဲ"

"ကပ္ပိယကြီး ဦးညိုဆီက ပိုက်ဆံတောင်း၊ ကျောင်းက စက်ဘီးနဲ့သွား။ အဲဒါ ဝယ်ပြီးတော့ ရေချိုးဖို့စင်လေးမှာ တင်ထားပေးလိုက်"

"တင်ပါ့ဘုရား"

ညွှန်၊ အိပ်ခန်း၊ မီးဖိုခန်းအားလုံး လိုက်စစ်သည်။ မလိုအပ်သော ပစ္စည်းများကို အပြင်သို့ ယူဆောင်ကာ ကျောင်းအောက်သို့ ထည့်ထားခိုင်းလိုက်၏။ တင်ဆောင်နှင့် ကျော်ဦးတို့က ဆရာတော် ညွှန်သည်များနေမည့် ကျောင်းဆောင်လေးသို့ ထွက်လာသည်ကို တွေ့ကတည်းက လစ်သွားကြပြီဖြစ်သည်။

မောင်ပြေသာကတော့ ဆရာတော်ခိုင်းသမျှ ဆောင်ရွက်နိုင်ရန် ရပ်ကြည့်နေသည်။ ဆရာတော်သည် အခန်းနံရံများ၊ အမိုးမျက်နှာကျက်များကအစ ကြည့်ရှုပြီး . . .

"ကဲ . . . တော်ပါပြီ ပြေသာရေ၊ မင်း ဒီလိုလုပ်ကိုင်ဆောင်ရွက်တဲ့ ကျေးဇူးတွေကို တစ်ချိန်တော့ ခံစားရမှာပဲကွ"

ဟု ပြောလေသည်။

"တပည့်တော်က ဘာအကျိုးတရားမှ မျှော်လင့်ပြီး ခုလိုလုပ်တာ မဟုတ်ပါဘူး ဘုရား။ ဝေယျာဝစ္စ ကုသိုလ်ဆိုတာ တရားနာတာ တရားထိုင်တာနဲ့ အတူတူပဲဆိုတာကိုသိပြီး စေတနာနဲ့ ဆောင်ရွက်တာပါပဲ ဘုရား"

"သာဓု . . . သာဓု . . . သာဓု . . . ခုဒီအိမ်လေးကို တည်းခိုဖို့ လာမှာက မိုးကုတ်မြို့က ကျောက်သူဌေးဦးသာမောင်ဆိုတာပဲ။ ခု ဘုန်းကြီးတို့နေတဲ့ နှစ်ထပ်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းဒကာကြီးပေါ့။ ဘုန်းကြီးတို့ ဆရာတော်ကြီးရှိကတည်းက ဒီမြင့်မိုရ်ကျောင်းကို ပစ္စည်းလေးပါး တာဝန်ယူခဲ့တာ စေတနာလည်း ကောင်း၊ ငွေလည်း ချမ်းသာတဲ့ ဒကာကြီးပဲ"

မျက်နှာကျက်ထောင့်မှ ပိုးမျှင်လေးများကို တံမြက်စည်းရှည်ဖြင့် သပ်၍ချရင်း မောင်ပြေသာက နားထောင်နေလေသည်။ မောင်ပြေသာမှာ မြန်မာပြည် အောက်ပိုင်းမှ ဆင်းရဲသော တံငါသည်မိသားစုမှ သားငယ်ဖြစ်၍ ဆရာတော် ထားဝယ်သို့ ပြန်ကြွစဉ် လူရည်လူသွေးကြည့်ကာ ကျောင်းတိုက်သို့ ခေါ်ယူ



ကျွေးမွေးထားခြင်းပင် ဖြစ်လေသည်။

ဆရာတော်ဦးဝိရိယသည် မည်သည့်နေရာတွင်မဆို သေသေချာချာ တိတိကျကျ လုပ်ကိုင်တတ်အောင် မောင်ပြေသာကို လေ့ကျင့်ပေးခဲ့ခြင်းပင် ဖြစ်သည်။ မောင်ပြေသာတွင် ဆရာတော် ပေးထားသော လျှောက်လွှာဆိုက်စာရွက်များကို ချုပ်ထားသော စာအုပ်ထူကြီးရှိသည်။

×××

မောင်ပြေသာသည် ထိုစာအုပ်ထူကြီးထဲတွင် ဘုန်းကြီးကျောင်းကိစ္စ ဘုန်းကြီးကျောင်းသားများ အဖြစ်အပျက်နှင့် ကျောင်းသို့ လာရောက်သောကိစ္စ ပြောဆိုသည့်စကားများကို မှတ်တမ်းတင်ထားရသည်၊ နေ့စွဲကို ရေးထိုး၍ တိုတိုနှင့် မှတ်သားထားရန် ဦးဝီရိယက သင်ကြားထားခဲ့သည်။

ညပိုင်းတွင် ကိုရင်များနှင့်အတူ စာဝါလိုက်ပြီးမှ မောင်ပြေသာသည် ထိုစာအုပ်ကြီးကို သူ၏ဘေးတွင် ချထားရလေသည်။

"ပြေသာ"

"ဘုရား"

"ကျောင်းဒကာ ဦးတင် ဘယ်နေ့က ဒီကျောင်းလာတာလဲ"

"တင်ပါ့ဘုရား ခဏလေး"

ဘေးမှ စာအုပ်ကိုယူကာ ဦးတင်ဆိုသော စာရွက်လေးကို ကပ်ထားသည့် စာမျက်နှာအား လှန်လိုက်၏။

"မှန်လှပါ ဦးတင်က တပို့တွဲလပြည့်ကျော် (၁၃)ရက်က ကျောင်းကို ရောက်လာပါတယ် ဘုရား။ ကျောင်းက မှခ်ဦးကို ပြင်မယ်လို့ ပြောပါတယ်ဘုရား။ အခါမတိုင်ခင် လာမယ်ဆိုတော့ ဦးတင် ဒီတစ်ပတ်အတွင်း ကျောင်းကို ထပ်လာဖို့ရှိပါတယ် ဘုရား"

"အေး . . . အေး၊ သတိရလို့ မေးတာပါ"

မောင်ပြေသာသည် စာအုပ်ကြီးကို ပြန်ပိတ်လိုက်၏။ ဘုန်းတော်ကြီး ဦးဝီရိယက ဘာမေးမေး မောင်ပြေသာသည် ရက်စွဲနှင့် အဖြစ်အပျက်ကို တိတိ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကျကျ ဖြောဆိုရှောက်ထားနိုင်သည်။

ကျောင်းထဲမှ ဦးဇင်းများ၊ ကိုရင်များနှင့် ကျောင်းဒါယကာများသည်လည်း ပြီးခဲ့သည့်ကိစ္စများကို တိတိကျကျ သိရှိနိုင်ရန် မောင်ပြေသာကိုသာ မေးမြန်းရသည်။

မောင်ပြေသာသည် စာအုပ်ကြီးထဲတွင် အဖြစ်အပျက်များကို မှတ်သားထားသည့် တန်ဖိုးကို တဖြည်းဖြည်း သိလာတော့သည်။

နောင်အခါ ဆရာတော်က မှတ်မိနိုင်သည်ဖြစ်စေ၊ မမှတ်မိနိုင်သည်ဖြစ်စေ ရပ်ရွာထဲ၌ ဖြစ်ပွားသောကိစ္စရပ်များကို မောင်ပြေသာသည် စာအုပ်တစ်အုပ်ဖြင့် မှတ်သားသော အလေ့အကျင့်ရလာလေသည်။

တစ်ခါသော် ညောင်စာရေးရွာလေးတွင် လူသတ်မှု ဖြစ်ခဲ့လေသည်။ ရပ်ထဲရွာထဲမှ ပြောသံဆိုသံများကို မောင်ပြေသာ ကြားရသည်။ သေဆုံးသူမှာ လယ်ပိုင်ရှင် ဦးရွှေရိပ်ဖြစ်သည်။ ဦးရွှေရိပ်ကို လူသတ်သမားသည် ညနစ်နာရီလောက်တွင် လာရောက်ကာ နောက်ဖေးတံခါးမှ ဝင်သည်။

လူသတ်သမားသည် နောက်ဖေးတံခါးကို သော့တုနှင့်ဖွင့်ရာ နံနက်ပိုင်း ရွာသားများနှင့် သွားကြည့်သော မောင်ပြေသာသည် အတုလုပ်ထားသော ထက်ပိုင်းကျိုးလေးကို တွေ့၍ ကောက်သိမ်းထားခဲ့လေသည်။

မောင်ပြေသာသည် လူသေအလောင်းကို သွားကြည့်ရာ ရင်ဘတ်တွင် ဓားဒဏ်ရာရရှိသော်လည်း သံမံတလင်းတွင် လဲကျနေသောကြောင့် ဓားဒဏ်ရာထက် နောက်စေ့တွင် ရိုက်မိသောဒဏ်ရာကြောင့် သေဆုံးသွားသည်ကို တွေ့ရသည်။

ရင်ဘတ်တွင် ဓားတန်းလန်းနှင့် ထားခဲ့သော်လည်း ဓားနှင့်ထိုးသူမှာ ဘယ်သန်ဖြစ်၍ ထိုဘယ်ဘက်မှာ သိပ်မသန်ဘဲ ဓားကိုဦး၍ တစ်လက်မသာ ဝင်အောင် စိုက်နိုင်၍ အသက်ကြီးသူ သို့မဟုတ် အားနည်းသူဖြစ်ရမည်ဟု မောင်ပြေသာက ရွာသားများကို ပြောပြလေသည်။

လှည်းစီး၍လာရသော တောထဲတွင်ရှိသည့် ရွာလေးဖြစ်၍ မြို့ပေါ်မှ ရာဇဝတ်အုပ်နှင့် ပုလိပ်များသည့် နေ့လယ်ပိုင်းလောက်မှ ရောက်ရှိလာကြသည်။



ရွာထဲသို့ ရောက်လာသော ရာဇဝတ်အုပ်သည် အလောင်းကို သွားရောက်ကြည့်ရှုပြီးနောက် လူသတ်တရားခံကို ဖမ်းဆီးနိုင်ရန် သူကြီးဦးမော်လေးနှင့် ဆယ်အိမ်ခေါင်းဦးပြုံးတို့ကို ခေါ်ယူမေးမြန်းလေသည်။

ညဘက်ဝင်ရောက် သတ်ဖြတ်ခြင်းဖြစ်သည့်အပြင် သဲပြင်တွင် ထင်သော ခြေရာများကို ကြည့်ခြင်းဖြင့် ရာဇဝတ်အုပ်ဦးတင်လေးသည် ညောင်စာရေး ရွာသား မဟုတ်ဟု ယူဆလေသည်။ တရားခံမှာ မည်သူ မည်ဝါဟု ယခုထိ မသိနိုင်သေးပေ။

ရာဇဝတ်အုပ်ဦးတင်လေးက လူသေအလောင်းကို သယ်ယူသွားပြီးနောက် တိုက်နယ်ဆေးရုံသို့ ပို့ရန် ပြောခဲ့ပြီး ဆရာတော်ဦးဝိရိယထံသို့ ပုလိပ်နှစ်ဦးနှင့် လာရောက်ကန်တော့လေသည်။

"ရွာထဲက လူတွေက ဆရာတော့်ဖူးပြီး မောင်ပြေသာနဲ့ တွေ့ပါပြောလို့"

ရာဇဝတ်အုပ် ဦးတင်လေးက ဆရာတော်ကို ကန်တော့ရင်း ပြောလိုက်သည်။ မောင်ပြေသာမှာ ထိုအချိန်တွင် ဆရာတော် ကျက်မှတ်နိုင်းထားသော "ဓာတုကထာ" ပါဠိတော်ကို ကျက်မှတ်လျက်ရှိနေလေသည်။ ဓာတုကထာ ပါဠိတော်ထဲမှ "တိတ်" "ဒုတ်" အစရှိသည်များကို အော်ဟစ်ဆိုလျက်ရှိသည်။

လူသတ်မှုအကြောင်းကို မောင်ပြေသာကို မေးမည်ဖြစ်၍ ဆရာတော်က မောင်ပြေသာကို လှမ်းခေါ်လိုက်လေသည်။

×××

"ပြေသာ ဒီကို ခဏလာဦးဟေ့"

"တင်ပါ့ဘုရား"

ကိုရင်နှင့် ကျောင်းသားများ စာသင်ကြားသော အခန်းထဲမှ မောင်ပြေသာ ထွက်လာသည်။ အသက်ဆယ့်သုံးနှစ်အရွယ် မျက်နှာဝိုင်းဝိုင်း ပါးဖောင်းဖောင်းနှင့် ချစ်စဖွယ်လူငယ်တစ်ဦးကို ရာဇဝတ်အုပ် ဦးတင်လေး တွေ့လိုက်ရသည်။ လက်ထဲတွင်လည်း စာအုပ်ထူကြီးတစ်အုပ်ကို ချိုင်းကြားညှပ်ထားလေသည်။

ပြေသာသည် ဆရာတော်ထိုင်နေသည့်ရှေ့တွင် ထိုင်ကာ လက်အုပ်

www.burmeseclassic.com

www.burmeseclassic.com



ချီထားလိုက်လေသည်။

"ဒီမှာ ဒီရာဇဝတ်အုပ်ကြီးက လူသတ်မှုအကြောင်း မေးချင်လို့တဲ့"

"တပည့်တော် သိသလောက်တော့ ဖြေပါ့မယ်ဘုရား"

"အေး...အေး...ပို့မှာ ရာဇဝတ်အုပ်ကြီးက..."

မနီးမဝေးတွင် ထိုင်နေသော ဦးတင်လေးသည် မောင်မြေသာကို လှမ်းကြည့်လိုက်သည်။

"မောင်မြေသာဆိုတာ"

"ဟုတ်ပါတယ် ကျွန်တော်ပါ"

"လူသတ်မှုနဲ့ပတ်သက်ပြီး ဘာတွေများ ထူးခြားတာတွေ့လဲ မောင်မြေသာ"

"လူသတ်တရားခံက မြေနီတောင်ရွာကပါပဲ ဦးလေး။ အသက်ကတော့ တော်တော်ကြီးပြီ။ သူသတ်တဲ့ ဦးရွှေရိပ်ကို စပါးကြွေးတွေ မဆပ်နိုင်လို့ သတ်တယ်လို့ ထင်တယ်။ သူက လူသတ်မှု မကျူးလွန်ခင်မှာ ချည်ထည်တွေ ဆေးဆိုးသေးတယ်။ ဆေးဆိုးရင်းတန်းလန်း စိတ်ကူးပေါ်ပြီး လာသတ်တာပဲ။ သူများလို ညာသန်မဟုတ်တော့ သော့ကို ဘောနဲ့ဖွင့်တာ သော့တံကွေးသွားတယ်။ သော့ကို ဘယ်ပြန်လှည့်တော့ သော့လည်းပွင့် ကျိုးလည်းကျိုး ဖြစ်သွားတယ်။ အိမ်ထဲရောက်တော့ ဦးရွှေရိပ်က မအိပ်သေးဘူး။ နံရံက ဓာတ်ပုံတစ်ပုံစောင်းနေလို့ ကုလားထိုင်ပေါ်က တက်ပြီးတည့်နေတယ်။ ဒါကို လူသတ်သမားက တွန်းချတော့ ကုလားထိုင်ပေါ်က ပြုတ်ကျပြီး ခေါင်းမှာ ဒဏ်ရာရသွားတယ်။ အဲဒီဒဏ်ရာက ဦးရွှေရိပ်ကို သေစေနိုင်တာမသိဘဲ ဘယ်လက်က ဓားနဲ့ ထိုးပြီး ပြေးသွားတာပဲ"

ရာဇဝတ်အုပ်မှာ မောင်မြေသာ ပြောသည်ကို လိုက်၍မှတ်ရင်း..

"တရားခံ ဘယ်သူ ဘယ်ဝါဆိုတာတောင် မောင်မြေသာက သိနေသလိုပဲ"

ဟု ဦးကျူးစကားဆိုလိုက်သည်။

မောင်မြေသာက သူ ပြောစရာပြောပြီးသွားသည်နှင့် ဆရာတော်ကို ဦးချ



ကာ စာကျက်စရာရှိသည့် အခန်းထဲသို့ ပြန်ဝင်သွားကာ သော့ကျိုးလေးကို ယူကာ ရာဇဝတ်အုပ်ဦးတင်လေးအား ပေးလိုက်လေသည်။

ဦးတင်လေးသည် သော့ကျိုးလေးကို စက္ကူနှင့်ထုပ်ကာ သိမ်းလိုက်သည်။

"ကျေးဇူးပဲ မောင်မြေသာ။ မင်းက အမှတ်အသား တော်တော် ကောင်းတာပဲ။ အင်း...ဒီအကြောင်းကို ကျောင်းဒကာကြီး ဦးသာမောင်ကို မင်းအကြောင်းတွေ ငါ ပြောပြဦးမယ်"

ဆရာတော်ဦးဝိရိယက မောင်မြေသာ၏ခေါင်းကို ပွတ်ရင်း ပြောလိုက်သည်။

×××

လယ်ပိုင်ရှင် ဦးရွှေရိပ်အား သတ်သော လူသတ်တရားခံမှာ မောင်မြေသာပြောသကဲ့သို့ ချည်ဆေးဆိုး လုပ်ငန်းလုပ်သော ဦးဗျော့ဆိုသူဖြစ်သည်။

ဦးဗျော့သည် ဦးရွှေရိပ်ထံမှ စပါးပေးငွေ ငါးရာ ယူထားရာ သူပိုင်သော လယ်ကေနစ်ဆယ်မှာ ပျက်သွားသည့်ပြင် သူ့ဇနီးဖြစ်သူပါ သေဆုံးသွား၍ စိတ်ရှုပ်နေသူဖြစ်သည်။

သူသည် ကြွေးဆပ်ရန် ငွေမရှိသည့်အဆုံး လယ်များသိမ်းယူခြင်းမခံရစေရန် တိတ်တဆိတ် ကြံစည်လိုက်ခြင်းပင် ဖြစ်ကော့၏။ ဦးရွှေရိပ်ကို သတ်သူမှာ ဦးဗျော့ဖြစ်ကြောင်းကို မောင်မြေသာထံမှ ခန့်မှန်းချက်ရရှိခြင်း ဖြစ်လေသည်။

မောင်မြေသာ ပြောသည့်အတိုင်းပင် သော့ကို ဘယ်ဘက်သို့ လှည့်၍ ဖွင့်မိကြောင်း ညာဘက်သို့လှည့်သောအခါ သော့တံကျိုး သော့လည်းပွင့်ကြောင်း ဦးဗျော့က ပြောသည်။

ချည်ထည်ဆေးဆိုးရာမှ စိတ်ကူးရကာ ညည်ပြတ်သည့် [illegible] ကာ ထွက်လာခဲ့ကြောင်းကိုလည်း သိရှိရသည်။ ရ ၁၀ ဘ်အုပ် [illegible] တိုက်နယ်ဆရာဝန်ထံမှ ဦးရွှေရိပ် သေဆုံးသွားခြင်းမှ [illegible] ကဲ နောက်စေ့တွင် လိမ့်ကျ၍ထိသော ဒဏ်ရာကြောင့် သေဆုံးကြောင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျောင်းစာရေးရှာသို့ ပုလိပ်များနှင့် ထွက်လာခဲ့သည်။

ဦးဗျော့ကိုကား သရက်ထောင်သို့ ပို့လိုက်ပြီဖြစ်လေသည်။ ဆရာတော်ဦးဝိစိရိယမှာ ရာဇဝတ်အုပ်ဦးတင်လေး စားသောက်ဖွယ်ရာများနှင့် လာကန်တော့သောအခါ မောင်ပြေသာကို ခေါ်လိုက်လေတော့သည်။

ရာဇဝတ်အုပ် ဦးတင်လေးက…

"ဒီကလေးဟာ အရွယ်နဲ့မလိုက်အောင် ဉာဏ်ပညာထက်မြက်ပါတယ်ဘုရား။ သူ့ ခန့်မှန်းပြောဆိုချက်တွေ မှန်လို့ ဂုဏ်ပြုချီးကျူးရအောင် တစ်ခေါက်လာတာပါ"

"ပြေသာ ကြားလား"

"ကြားပါတယ်ဘုရား"

"တပည့်တော်တို့ မမြင်တာတောင် မောင်ပြေသာက တွေ့မြင်ပါတယ် မောင်ပြေသာ"

"ဗျာ"

"ချည်ဆေးဆိုးတဲ့သူမှန်း မင်း ဘယ်လိုလုပ်သိသလဲ"

"ဟုတ်ကဲ့ ကျွန်တော် သေဆုံးသူ ဦးရွှေရိပ်ရဲ့ကိုယ်မှာ စိုက်ကျန်ခဲ့တဲ့ ဓားမှာ ဆိုးဆေးပန်းရောင်တွေ ပေနေတာကို တွေ့ပြီး ချည်ဖြတ်တဲ့ဓားဦးချွန်ကို သုံးတာတွေ့လို့ပါ"

"ချည်ဖြတ်တဲ့ ဓားက ဘာကွာခြားမှုရှိလို့လဲ မောင်ပြေသာရဲ့။ တခြား ဓားနဲ့ မတူဘူးလား"

"သတိထားကြည့်ရင် မတူပါဘူး။ ချည်ဖြတ်တဲ့ဓားက ဦးပိုင်းနဲ့အရင်းပိုင်းကို မသုံးဘဲ အလယ်သားနဲ့ ချည်မျှင်တွေကို လှီးဖြတ်တာကြောင့် ဓားရဲ့အလယ်သားက ချိုင့်နေတတ်ပါတယ်"

"အင်း…မောင်ပြေသာက အမြင်တယ်စူးတာကိုး။ တပည့်တော်တို့တောင် သတိမထားမိပါဘူး။ သူ့စကားနဲ့တော့ ဟုတ်တာပါပဲ။ ဒါနဲ့ ဘယ်လက်မသန်ဘဲ အသက်ကြီးတာအရော"

"လူသတ်တရားခံက ဘယ်လက်နဲ့ထိုးလို့ ညာဘက်ရင်အုံကို ဓားက စိုက်တာပေါ့။ လက်မသန်ဘူးဆိုတာကတော့ နံရိုးကြားကို ဓားဦးက နည်းနည်းဝင်တာကိုး"

"ဟုတ်ပေ့ကွာ…ဆရာတော်ဘုရား ဒီကလေးကို တပည့်တော် မွေးစားချင်ပါတယ်ဘုရား"

ရာဇဝတ်အုပ်ဦးတင်လေးက ဆရာတော်ထံ ခွင့်တောင်းလိုက်သည်။

"သူ့သဘောပေါ့ကွယ်"

ဆရာတော်က မောင်ပြေသာကို ကြည့်ကာ မိန့်ကြားလိုက်သည်။

"လိုက်ခဲ့ပါ မောင်ပြေသာ။ မင်း ဝါသနာနဲ့သာဆိုရင် ပုလိပ်ဖက်က အားကိုးရတဲ့ စုံထောက်ဖြစ်နိုင်တယ်။ အင်္ဂလိပ်စာသင်ပြီးတော့ ဆပ်ကျောင်းမှာလည်း ထားပေးမယ်"

မောင်ပြေသာက ခေါင်းခါလိုက်သည်။

"တပည့်တော် မလိုက်ချင်ပါ ဘုရား"

"ဟင်…ဘာဖြစ်လို့လဲ မောင်ပြေသာ။ မင်းကို ပင်ပင်ပန်းပန်းတွေ မခိုင်းပါဘူး"

"မဟုတ်ပါဘူးခင်ဗျာ။ လူ့ရဲ့စိတ်ဆိုတာ အာရုံနောက်ကို လိုက်တတ်ပါတယ်။ ပုလိပ်ဖက် အလုပ်ဝင်မယ်ဆိုရင် အမြဲလူဆိုးသူခိုးတွေ ဖမ်းနေရမှာပါ။ ဘုရား တရားကို အာရုံပြုတဲ့စိတ်လည်း ဝင်နိုင်ဖို့ မလွယ်ဘူး။ ဒါကြောင့်ပါ"

ဆရာတော်ဦးဝိစိရိယက ခေါင်းညိတ်လိုက်လေသည်။

"ပြေသာ မင်းပြောတာလည်း သဘာဝကျတာပဲ။ မရောင်းတဲ့ အနိဋ္ဌာရုံတွေလည်း မကြာခဏ တွေ့ရမယ်။ ကဲ…ကဲ…မင်း လုပ်စရာရှိတာ သွားလုပ်တော့"

ရာဇဝတ်အုပ်ကြီးက မွေးစားသည်ကို မောင်ပြေသာသည် လက်မခံခဲ့ပေ။

×××

ကျောင်းစာရေးရှာထဲတွင် မောင်ပြေသာ၏ ဂုဏ်သတင်းမှာ နှုတ်ချင်းသဲ့နှံ့သွားလေသည်။ ဆရာတော်ဦးဝိစိရိယထံသို့ ရာဇဝတ်အုပ်ဦးတင်လေးက မောင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



သာက မလိုက်ဘဲနေကြောင်း၊ မောင်ပြေသာပြောသည့် စကားများမှန်၍ လူသတ်တရားခံဖမ်းမိကြောင်းများ ပြောကြားနေကြလေသည်။

မောင်ပြေသာသည် ညနေဘက်တွင် ဆွမ်းချိုင့်ကို ဆွမ်းအလှည့် ကျသည့်အိမ်သို့ သွားရောက်ပို့ထားရလေသည်။ သို့မှသာ နောက်တစ်နေ့ ဆွမ်းခံကြွသောအခါ ဆွမ်းချိုင့်က အဆင်သင့်ယူနိုင်အောင် ဆွမ်းဟင်းနှင့်ဆွမ်းများ ထည့်ပြီး ဖြစ်ပေမည်။

ဗုဒ္ဓဟူးနေ့ဆွမ်းရက်ကျသူကား ညောင်စာရေးရွာထဲမှ ပန်းတိမ်ဆရာကြီး ဦးသော်၏အိမ်ဖြစ်၏။ ပန်းတိမ်ဆရာကြီးဦးသော်တွင် "နှင်းသော်တာ" ဟူသော သမီးကလေးတစ်ဦး ရှိသည်။

နှင်းသော်တာမှာလည်း ဦးဝီရိယ၏ကျောင်းတွင် မောင်ပြေသာနှင့် စာသင်ဖက်ဖြစ်ရာ ပရိသတ်ကြီးနှင့် ဓမ္မစကြာများရပြီးနောက် မိဘများက ကျောင်းထွက်ကာ အိမ်အလုပ်ကို လုပ်နိုင်ခြင်းဖြစ်၏။

"ဟဲ့...ပြေသာ"

"ဟေ"

ဆွမ်းချိုင့်ကို လှမ်းယူရင်းနှင့် သော်တာက အိမ်ပေါ်မှ ခေါ်လိုက်သည်။

"အိမ်ပေါ်တက်ပါဦးဟဲ့"

ရင်းနှီးနေသော ကျောင်းနေဖက်ဖြစ်၍ မောင်ပြေသာက အိမ်ပေါ်တက်ကာ ထိုင်လိုက်သည်။ အိမ်ရှေ့ခန်းတွင် ပန်းတိမ်အလုပ်သမားများက အလုပ်လုပ်နေလေသည်။

ဦးသော်က ပန်းတိမ်လုပ်နေရာမှ မီးဂေါက်နှင့် လုပ်လက်စ လက်စွပ်ကို ချကာ...

"မောင်ပြေသာလားဟေ့"

ဟု မေးသည်။

"ဟုတ်တယ် အဖေ။ ဆွမ်းလှည့်ကျလို့ ချိုင့်လာပို့တာလေ"

"အင်း...မောင်ပြေသာတို့များ နာမည်ကြီးချင်တော့ ကြံဖန်ကြီးတယ်။ ခု ရွာထဲမှာ မင်းသတင်းကတော့ မွှေးနေတာပဲ"



"ဗျာ...ဒီလောက်လဲ မဟုတ်ပါဘူး"

မောင်ပြေသာက ရှက်ရယ်ရယ်ကာ ပြောလိုက်လေသည်။

"မင်းကသာ မဟုတ်တာ။ ရွာထဲက လူတွေက မင်းအကြားအမြင်ရသလိုလို ဘာလိုလိုတောင် ပြောနေကြတာ"

ဦးသော်က ရေနွေးပန်းကို ယူကာ မောင်ပြေသာ၏ ရှေ့တွင် ထိုင်ရင်း ရယ်မောကာ ပြောလိုက်၏။

"အဲဒါတော့ ကျွန်တော့်ကို နာမည်ဖျက်တာပဲ ဦးလေးရာ။ ကျွန်တော်က ကိုယ်ထင်တာမြင်တာတွေ ပြောတာပါ"

"ကိုပြေသာ ထင်တာတွေက မှန်နေတာကိုးရှင့်"

နှင်းသော်တာက ချိုင့်ကို သွားမထားသေးဘဲ စားပွဲပေါ်တွင် တင်ကာ ထား၍ မောင်ပြေသာ၏ရှေ့တွင် ထိုင်လိုက်သည်။

"ရာဇဝတ်ဒုပ်ဦးတင်လေးက မေးစားဖို့ခေါ်ကာ ဘာလို့လိုက်မသွားလဲ"

"ဟာ...ဦးလေးကလည်း သူနဲ့လိုက်သွားရင် အမှုအခင်းဖြစ်တဲ့ နေရာတွေ လိုက်ကြည့်ပြီး ဒါမျိုးတွေချည်း ပြောနေရမှာပေါ့။ ဒါက ဆရာတော်ဦးဝီရိယ သင်ပေးတဲ့ ပညာတွေကြောင့် ခန့်မှန်းပြီး သိရတာပါ။ ဆရာတော်က ဒီလိုသိအောင် ပိဋကတ်စာပေတွေ သင်ပေးခဲ့တာပဲ"

"ဒီအတိုင်းဆိုရင် ကိုပြေသာ တစ်နေ့ ကြီးပွားမှာပဲ။ သော်တာတို့ကို မေ့မသွားနဲ့နော်"

"နှင်ကလည်းဟာ ငါက ဒီလောက်လည်း မဟုတ်ပါဘူး။ သွားမယ် သွားမယ်"

ရှက်တက်သော မောင်ပြေသာမှာ အိမ်ထဲမှထကာ ထွက်လာခဲ့တော့သည်။

ပန်းတိမ်ဆရာကြီး ဦးသော်နှင့် သမီးဖြစ်သူတို့မှ တဟားဟား ရယ်ကာ ကျန်ခဲ့ကြလေသည်။

×××

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေမှာပင် မိုးကုတ်မှ ကျောင်းဒါယိကာကြီး ဦးသာမောင်နှင့် မိသားစု ရောက်ရှိလာသည်။ ကျောင်းဒါယကာဦးသာမောင်ဇနီးဖြစ်သူ ဒေါ်မြတင်နှင့် အသက်ဆယ့်ငါးနှစ်အရွယ် သားတစ်ဦးနှင့် ဆယ့်နှစ်နှစ်အရွယ် သမီးတစ်ဦးတို့ ပါလာကြသည်။

ဆရာတော်ဦးဝိရိယက ဧည့်သည်များနှင့် စကားပြောဆိုနေပြီး မောင်ပြေသာကို လှမ်းခေါ်လိုက်သည်။ မောင်ပြေသာသည် ဧည့်သည်များအတွက် ရေနွေးသန်း မြေပဲကြော်နှင့် လက်ဖက်သုပ်များကို ယူဆောင်လာကာ ချပေးလိုက်သည်။

ဦးသာမောင်၏သမီး "မျက်ပွင့်ခင်" သည် ခပ်ရှိုးရှိုးလေး ရေနွေးပန်းချပေးသော မောင်ပြေသာကို လှမ်းကြည့်သည်။ မောင်ပြေသာကလည်း လှမ်းကြည့်ရင်း အကြည့်ချင်း ဆုံသွား၏။

ထွားကျိုင်းသန်မာကာ လူပျိုပေါက်လေးကဲ့သို့ ဖြစ်နေသော မောင်ပြေသာကို ကျောင်းဒါယကာကြီး ဦးသာမောင်က အကဲခတ်ရင်း...

"ဒီကလေးတောင် တော်တော်ကြီးနေပြီကိုး။ သားကြီးမျိုးတင်နဲ့ မင်းနဲ့ အသက်ချင်း ဘယ်သူကြီးလဲ မသိဘူး"

ဟု ပြောလိုက်သည်။

နိုင်းစရာရှိသောကိစ္စ ခိုင်းနိုင်စေရန် မောင်ပြေသာက ခပ်ဝေးဝေးတွင် ခေါင်းငုံ့ကာ ထိုင်နေသည်။

"မောင်မျိုးတင်က ကြီးမှာပေါ့ ဒကာကြီးရဲ့၊ သူ ကျောင်းရောက်လာစက မောင်မျိုးတင်က ရှစ်နှစ်သားလေ။ သူက အဲဒီတုန်းက ခြောက်နှစ်လောက် ရှိသေးတာ။ သူက ပညာအခြေခံကောင်းတယ်။ ဉာဏ်လည်းကောင်းတယ်။ မနက်ကပဲ သူ့ကို ရာဇဝတ်အုပ်ဦးတင်လေးက မုန့်တွေ လာပို့သွားတယ်။ သူ့မျက်နှာနဲ့ ကျုပ်ကိုလည်း လှူတာပေါ့လေ"

"ဘာဖြစ်လို့လဲ ဘုရား"

"ဈေးထဲက စာရေးချွတ်လက် ဦးရွှေရိုပ် အသတ်ခံရတာကို ဒီကောင်ပြေသာက တရားခံခန့်မှန်းပေးလို့လေ"



ဆရာတော်ဦးဝိရိယသည် ဖြစ်ပုံပျက်ပုံ အလုံးစုံအား ကျောင်းဒါယကာ ဦးသာမောင်အား ပြောပြလိုက်လေသည်။ ဦးသာမောင်က နားထောင်ရင်း...

"ဒါဆိုရင် ဒီကလေး အမြင်စူးတယ် ပြောရမှာပေါ့။ အင်း... ကျောက်မျက်အတတ်ပညာများ သင်လိုက်ရရင်တော့ ဒီဉာဏ်မျိုးနဲ့ကြီးပွားမှာပဲ"

ဦးသာမောင်က မှတ်ချက်ချလိုက်သည်။ ကျောက်သူဌေးဦးသာမောင်နှင့် ဘုန်းတော်ကြီး ဦးဝိရိယမှာ ဒကာရင်း ဆရာရင်းဖြစ်သောကြောင့် ဆရာတော်က မောင်ပြေသာကို လှမ်းမေးလိုက်သည်။

"ဘယ်လိုလဲ မောင်ပြေသာ၊ ဒီဒကာကြီးနဲ့ လိုက်သွားမလား"

မောင်ပြေသာက ရှက်နေသည်။

"မပြောတတ်ပါဘူး ဘုရား"

မောင်ပြေသာက ခေါင်းငုံ့ထားရင်း လျှောက်ထားလိုက်လေသည်။

"စောစောက ရာဇဝတ်အုပ်က မွေးစားဖို့ခေါ်တော့ အနီးစွာရှိ အမြဲတွေ့ရမယ်ဆိုပြီး သူက ငြင်းတယ်။ ကဲ...ကဲ...ပြောသာ ပုပ်စရာရှိတာ သွားလုပ်တော့"

"တင်ပါ့ဘုရား"

ဧည့်သည်များရှေ့တွင် နေရသည်ကို အနေအထိုင်ခက်နေသော မောင်ပြေသာသည် ဆရာတော်ကို ဦးချကာ ထသွားသည်။ အကွင်းခန်းမှ ဧည့်သည်များ၏ အရိပ်အခြည်ကို ကြည့်လျက် နားထောင်နေလေသည်။

"ဒီလိုကလေးမျိုး မွေးရလို့ကတော့ တပည့်တော် မွေးချင်ပါတယ်ဘုရား"

ကျောင်းဒါယကာကြီး ဦးသာမောင်က ဆရာတော်အား ပြောလိုက်သော စကားသံကို ကြားလိုက်ရ၏။ သူသည် ဆရာတော်၏ ကျောင်းပေါ်မှ ဆင်းကာ ကပ္ပိယဦးညိုရှိရာသို့ ထွက်လာခဲ့သည်။

×××

ကပ္ပိယဦးညိုမှာ ဆွမ်းစားဆောင်ထဲတွင် ဧည့်သည်များ ညနေစာအတွက် ထမင်းအိုးတည်ထားရာ ထမင်းအိုးငုံ့နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြေသာ"

"ဗျာ"

"မင်း ဆရာတော်ဆီက လာတာလား"

"ဟုတ်တယ်"

"ညွှသည် ဘယ်နှစ်ယောက်လဲ"

"လေးယောက်တည်းပါ။ ကျွန်တော် ကူလုပ်ပေးမယ်လေ"

"မင်း ရောက်လာတော့ ငါ သက်သာတာပေါ့ကွာ"

ကပ္ပိယကြီးဦးညိုက ထမင်းအိုးငုံ့နေစဉ်မှာပင် မောင်မြေသာသည် စားပွဲခင်းများခင်းကာ စားပွဲတစ်ခုကို ပြင်ဆင်လိုက်သည်။ ထို့နောက် ပန်းကန်ပြားများကို လူလေးယောက်စာ တင်ထားလိုက်သည်။

ပြီးနောက် ပုလင်းများဖြင့် မောင်မြေသာ စိမ်ထားသော တည်သီး၊ မရမ်းသီး ကတက်ရွက်ချဉ်များကို ပန်းကန်ထဲသို့ ထည့်ကာ ဆွမ်းစားကျောင်းဆောင်ရှေ့ပင်မှ ရှောက်ရွက်လေးငါးရွက်လည်း ခူးကာ ရေစင်စင်ဆေး၍ တို့စရာပန်းကန်ထဲ ထည့်လိုက်သည်။

ဦးညို ကြော်ထားသည့် နှစ်ချိုင့်ငါးပိရည်ကို ငါးပိပန်းကန်ထဲသို့ ခပ်ကာ ပုစွန်ခြောက် ကြက်သွန်ဖြူများ ခပ်လိုက်သောအခါတွင် သူကိုယ်တိုင်ပင် ထမင်းဆာလာသလို ဖြစ်လာ၏။

"ငါးပိရည်နံ့ရတာ ကျွန်တော်တောင် ထမင်းဆာလာပြီ"

"အေး…ညွှသည်တွေ စားပြီးတော့ တို့စားတာပေါ့ကွာ"

ဆီစိမ်ထားသော ငါးပုတ်ခြောက်၊ ကြက်သားဟင်းနှင့် နံနံပင်ကာ အိုးဖြင့်မီးအပူပေးထားသော ဟင်းပေါင်းတို့ကို ခပ်ကာ ထည့်လိုက်လေသည်။

ထို့နောက် ကပ္ပိယကြီးဦးညိုသည် ညွှသည်များထံ ထမင်းစား၍ရပြီဖြစ်ကြောင်း သွား၍ပြောခိုင်းလိုက်သည်။

မောင်မြေသာသည် ဆရာတော်ထံ လက်အုပ်ချီကာ…

"အရှင်ဘုရား ညွှသည်တွေကို ထမင်းကျွေးလို့ရပါပြီ ဘုရား"

ဟု လျှောက်လိုက်၏။



"အေး…ကောင်းတယ်…ကောင်းတယ်။ မမောင်ခင် ထမင်းသွားစားကြ။ ထမင်းစားပြီးရင် တည်းရမယ့်ကျောင်းလေး လိုက်ပို့လိုက်နော် မြေသာ"

"တင်ပါ့ဘုရား"

ဦးသာမောင် ဒေါ်မြို့ခင်နှင့် မောင်မျိုးတင် ဘို့မောင်နှမသည် မောင်မြေသာ၏နောက်သို့ လိုက်ပါလာလေတော့သည်။

"ဘာဟင်းတွေလဲကွ"

မောင်မျိုးတင်က မောင်မြေသာကို မေးလိုက်၏။ မောင်မြေသာက…

"တောမှာတော့ တောဟင်းပေါ့ဗျာ။ သိပ်ကောင်းကောင်းကြီးတော့ ဘယ်ဟုတ်မလဲ"

ဟု အလိုက်သင့် ပြောလိုက်လေသည်။ မျက်ပွင့်ခင်က မောင်မြေသာကို ကြည့်လျက်…

"တောဟင်းဆိုတော့ အသီးအနံ့တွေလား"

ဟု မေးသည်။

"အသီးအနံ့လည်း ပါတာပေါ့။ စားကြည့်ရင် သိပါလိမ့်မယ်"

ဟုပြောကာ ကျောင်းပေါ်သို့ တက်သွားလေတော့သည်။ မောင်မြေသာသည် စားသောက်နေသော မိသားစုအတွက် ထမင်းအုပ်နှင့် ဟင်းချိုင့်ကိုဆွဲကာ လိုသမျှ လုပ်ကိုင်ပေးနေသည်။

ကြက်သားနှင့် ဟင်းပေါင်းကြောင့် ဦးသာမောင်တို့မိသားစုမှာ ထမင်းစားကောင်းကြလေသည်။

×××

ထိုနေ့ညက ဆရာတော်ဦးဝိရိယသည် ကျောင်းအပေါ်ထပ်သို့ မောင်မြေသာကိုခေါ်ကာ အနှင်းအနှိပ်ခံရင်း ဆုံးမြဩဝါဒစကား ပြောကြားလေသည်။

"မောင်မြေသာ"

"ဘုရား"

"ကျောက်သူဌေးဦးသာမောင်က မင်းကို မိုးကုတ်ကို ခေါ်သွားချင်တယ်

www.burmeseclassic.com



ပြောတယ်။ မင်း ဘယ်လိုသဘောရလဲ"

"တပည့်တော်ကတော့ ဆရာတော်အမိန့်အတိုင်းပါပဲ။ ဒါပေမယ့် ဆရာတော့် ဝေယျာဝစ္စ ဦးညိုတစ်ယောက်တည်း ဖြစ်ပါ့မလား"

ကျောက်ကို တံတောင်နှင့်ထောင်းနေရာမှ ဆရာတော်ကို မေးလိုက်သည်။

"အင်း...ပြေသာ။ မင်းဘဝအတွက် ဆရာတော်က 'သင့်ရာအပ်ပို့' လုပ်ပေးတာပါ။ ဒီလိုမိုးကုတ်က အမြင်ကျယ်တဲ့ ကျောက်မျက်ရတနာသူဌေးဆီ မှာနေရင် ကြီးပွားစရာ တိုးတက်စရာ လမ်းစ ရှိတယ်။ ဆရာတော်ကတော့ မင်းကို လိုက်သွားစေချင်တယ်"

မောင်ပြေသာသည် ဆရာတော်အား ထောင်း၍နှိပ်နယ်ပေးရင်း ဆရာတော်၏စကားကို နားထောင်နေ၏။

"သူတို့ကရော ခေါ်မယ်ပြောလို့လား ဘုရား"

"ဒကာမကြီးကတော့ ဘာမှသိပ်မပြောဘူး။ ဒကာကြီး ဦးသာမောင်ကတော့ မင်းကို ခေါ်ချင်တယ်။ သိပ်တော့ ကန့်ကွက်ထဲ့သဘော မရှိဘူး။ လိုက်သာသွားပါ ပြေသာ။ လောကနီတိနဲ့ ဩဝါဒထူးချို့ကို မင်း ရတယ် မဟုတ်လား"

"ရပါတယ်ဘုရား"

"အေး...ဆုံးမစာတွေနဲ့အညီနေပြီး ကိုယ့်ဘဝကိုယ် တိုးတက်အောင် ကြိုးစားပေတော့။ နောက်တော့လဲ ဆရာတော့်ဆီရောက်လာမှာပေါ့။ ဆရာတော်လည်း ဆုံးမသင်ကြားလာခဲ့တဲ့ ငါ့တပည့်ကောင်းစားတာကို မြင်ချင်တာပေါ့"

ဆရာတော်ဦးဝိရိယက ဆုံးမစကားပြောသည်မှာ ဆရာကောင်းတို့၏ မေတ္တာစေတနာနှင့် ပြည့်စုံနေ၍ မောင်ပြေသာက မငြင်းသာတော့။

"ဆရာတော် လွှတ်ရင်တော့ တပည့်တော် မငြင်းသာပါဘူး ဘုရား။ ဆရာတော်လည်း ကျန်းမာရေးကို ဂရုစိုက်ပါ။ တပည့်တော် မရှိရင် ဆရာတော့် အတွက် သုံးရေချိုးရေ ဘယ်သူခပ်မှာလဲ ဘုရား"

မောင်ပြေသာ ပူမည်ဆိုကလည်း ပူစရာ။ ကျောင်းတွင် သူတာဝန်နှင့် သူ အလုပ်များရှိသည်။ နံနက်ပိုင်းတွင် တင်ခေါင်နှင့် ကျော်ဦးတို့မှာ ဆွမ်းချိုင့် ဆို သွား၍ ယူငင်ကြရသည်။



တစ်ဦးဦးတော့ အလုပ်မိုလုပ်မှ ဖြစ်ပေမည်။

"ကဲ...တော်ပါပြီ တော်ပါပြီ။ ဆရာတော် အတူမှာချင်တာကတော့ ပြေသာရေ အလုပ်တစ်ခုကို ဘယ်နေရာမှာပဲဖြစ်ဖြစ် တရားတော်နဲ့ညီအောင် စိတ်မှာပဲဖြစ်ဖြစ် တရားတော်နဲ့ညီအောင် စိတ်တိုင်းကျအောင် တွေး။ မင်းလည်း ပိဋကတ်အခြေခံရှိတာပဲ။ ဘုရားတရားကို မမေ့နဲ့။ ရတနာသုံးပါးကို ဒီကျောင်းမှာ နေသလိုပဲ ညခဦ ရှိခိုးပါ။ သူတစ်ပါးက မှားယွင်းလို့ ဓော်ကားရင် သည်းခံ။ ချက်ချင်း လက်တုံ့မပြန်နဲ့"

"မှန်လှပါဘုရား"

"မင်းမှာ ဉာဏ်ရှိတယ်။ မင်းရဲ့ ဉာဏ်ကို ရာဇဝတ်ဦးတင်အေးကတောင် အံ့အားသင့်ရတယ်။ လူ့ဘဝမှာ အသက်တစ်ရာမနေရ၊ အမှုတစ်ရာကြုံရဆိုတဲ့ စကားရှိတယ် ပြေသာ။ ဘယ်လိုအမှုမျိုးကိုဖြစ်ဖြစ် အေးအေးဆေးဆေးစဉ်းစား အချိန်ကြာမှ ဆုံးဖြတ်လို့ရတဲ့အမှုဆိုရင် ငါ့ဆီ လာတိုင်ပင်။ ချက်ချင်းဆုံးဖြတ်ရမယ့် အမှုဆိုရင်တော့ ကိုယ့်ဉာဏ်နဲ့သာ ကိုယ်လုပ်ပေတော့။ ကဲ...ကဲ...မင်း နားချင်ပြီထင်ရဲ့ သွား...သွား...သူတို့က ဒီကျောင်းမှာ သုံးရက်လောက်နေဦးမှာ"

မောင်ပြေသာသည် ဆရာတော်၏ကျောင်းအပေါ်ထပ်မှ ဆင်းလာသော အခါတွင် စိတ်နှလုံးလေးလံနေသည်။ သူသည် ညောင်စာရေးရွာနှင့် ဆရာတော် ဦးဝီရိယ၏ကျောင်းကို စွန့်ခွာရမည်ကို လွမ်းသလိုလို ဖြစ်နေလေသည်။

ဆရာတော် စဉ်းစားသကဲ့သို့ ဤတောကျောင်းတွင်နေသမျှတော့ အကြားအမြင် နည်းပါး၍ ပဋိပတ်ကျင့်သော ရဟန်းပြုမှသာ သင့်လျော်ပေမည်။

ယခုတော့ သူသည် လူ့ဘဝကို မစွန့်နိုင်သေး။ ဆရာတော်ကလည်း မောင်ပြေသာ၏ ဉာဏ်ပညာကြောင့် သူ့ဘဝတွင် တိုးတက်ကြီးပွားနိုင်သည်ဟု ယူဆပုံရသည်။

နောက်တစ်နေ့တွင် မောင်ပြေသာသည် ဂူထဲမှ အနေ ဦးအောင်ကို [illegible] နှုတ်ဆက်သည်။ သူသည် ကျောက်ပွဲစားကြီး ဦးသာမောင်နှင့် [illegible] ဆရာတော့်အမိန့်အရ လိုက်ပါသွားရမည်ဖြစ်ကြောင်း ပြောလိုက်လေသည်။

နှင်းသော်တာသည် စိတ်မကောင်းဖြစ်သော [illegible] သနှင့် ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

“ငါ သိပြီးပါပြီ မောင်ပြေသာရ၊ ဦးသာမောင်က ဒီကို လာသွားတယ် လေ။ မင်းအတွက်တောင် လက်ဆွဲတစ်ကွင်း အပ်သွားတယ်”

“ဗျာ”

“ဟုတ်တယ် ကိုပြေသာ။ ရှင်ကတော့ မိုးကုတ်ရောက်ရင် ကျွန်မတို့ ကို မေ့သွားမှာပဲနော်”

“ဒါပေါ့ သမီးရယ်။ တို့က တောစွန်တောင်ကြားမှာဆိုတော့ မြို့ကြီးသား ဖြစ်သွားတဲ့ မောင်ပြေသာက ဘယ်လာလည်တော့မလဲ”

“ဒီလိုလဲ မဟုတ်ပါဘူး ဦးလေးရာ။ ရွာကိုတော့ ကျွန်တော် လာလည် မှာပါ”

ပန်းတိမ်အိမ်ထဲမှ သူ ထွက်လာသည်။ နှင်းသော်တာက ခြံဝအထိ လိုက်လာကာ မျက်ရည်ဝဲဝဲလေးဖြင့်…

“နင် ဘယ်နေ့သွားမှာလဲ”

ဟု မေးသည်။

“ဘယ်ပြောတတ်မလဲဟာ။ သူတို့ မိုးကုတ်ပြန်တဲ့နေ့ကို ငါ လိုက်သွား ရမှာပေါ့။ ကဲ…သွားမယ်နော်”

“အေး…အေး”

မောင်ပြေသာ ဆရာတော်ဦးဝိရိယကျောင်းသို့ ပြန်လာခဲ့သည်။ သူသည် သူ တစ်ကြိမ်မျှမရောက်ဘူးသော အရပ်ဒေသတစ်ခုသို့ သွားရမည်ဖြစ်၍ ဝမ်းသာ ခြင်း၊ စိုးရိမ်ခြင်းများ တစ်လှည့်စီ ခံစားနေရသည်။

“နောက်တော့လဲ ဒါတွေဟာ ရိုးသွားမှာပါ”

ဟု သူ့ကိုယ်သူ တိတ်တဆိတ် အားပေးလိုက်သည်။

×××

မြင့်မိုရ်ကျောင်းဆရာတော်ဦးဝိရိယသည် မှာကြားစရာများကို မောင်ပြေ သာအား မှာကြားလျက် လမ်းတွင် ယူဆောင်သွားရန်လိုသော အဝတ်အစား



အသုံးအဆောင်များမှအစ စေ့စေ့အောင် ထည့်သွင်းခြင်း ရှိမရှိ စစ်ဆေးနေလေ တော့သည်။

ဦးသာမောင်သည် ဆရာတော်က တပည့်အပေါ် ဂရုတစိုက်ပြုမူနေ သည်ကို ကြည့်ရင်း…

“အရှင်ဘုရား ဒီလိုစောင့်ရှောက်ခဲ့လို့လည်း မောင်ပြေသာဟာ စည်း ကမ်းစနစ်ကျနနေတာပါပဲ”

ဟု ပြောလိုက်သည်။

အဝတ်အစားများ ဝတ်ဆင်ကာ ကျောင်းပေါက်ဝတွင် ရပ်စောင့်နေသော သူဌေးကတော် ဒေါ်မြတင်၊ မောင်မျိုးတင်နှင့် မျက်ဖွင့်ခင်တို့သည်…

“ဆရာတော်ကလည်း သိပ်စနစ်ကျတာပဲနော်”

မျက်ဖွင့်ခင်က ပြောသည်ကို နားထောင်ရင်း ငေးကြည့်နေကြလေသည်။

“သမီးတို့ဖေဖေက ဘာရည်ရွယ်ချက်နဲ့များ ဘုန်းကြီးကျောင်းသားလေး အိမ်ခေါ်လာတယ် မသိပါဘူး”

ဒေါ်မြတင်က မိန်းမသားပီပီ မကျေမနပ်ဖြင့် ပြောလိုက်လေသည်။ မောင်မျိုးတင်ကတော့…

“အိမ်မှာ အလုပ်တွေက အများကြီး မဟုတ်လား။ ကျောက်တွင်းတူး တဲ့နေရာတွေမှာလည်း လူလိုတာပဲ။ ဒီလို သွက်သွက်လက်လက် ကောင်မျိုးကို တော့ ခိုင်းလို့ ကောင်းတာပေါ့ မေမေရဲ့”

ဟု ပြောလိုက်သည်။

“အေး…အနေအထိုင်တတ်ရင်တော့ အကြောင်းမဟုတ်ပါဘူး။ အနေ အထိုင် မတတ်ရင် မော်ထဲကလူတွေက သူ့ရှင်းပင်လိုက်လို့ ဆရာတော်ကို အားနာစရာဖြစ်နေမယ်”

မိသားစုသုံးယောက်မှာ တီးတိုး တီးတိုးစကားပြောနေကြလေသည်။

ဆရာတော် ဦးဝိရိယက…

“ကဲ…သွားပေတော့ ပြေသာရေ။ ရောက်တဲ့အရပ်မှာ သမာရိုးရှိ ညာ ကောင်းကောင်းနဲ့ နေထိုင်ပေတော့”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

မောင်ပြေသာက ဆရာတော်အား ဦးသုံးကြိမ်ချ၍ ကန်တော့ကာ ...

"ကျန်းမာရေးလည်း ဂရုစိုက်ပါဘုရား။ ရေအကြာကြီး ချိုးတော်မမူပါနဲ့"

ဟု မှာကြားလေသည်။

"တော်တော် သိတတ်တဲ့ကလေး။ သူ့ဆရာတော်အတွက် ပူပန်နေရှာတယ်"

ဒေါ်မြတင်က ဆရာတော် ကြားအောင် မောင်ပြေသာကို ချီးကျူးလိုက်သည်။ မောင်ပြေသာသည် သူ့ခရီးဆောင်အိတ်ကို လွယ်၍လာသည်။ ဒေါ်မြတင်နှင့် မျက်ပွင့်ခင်တို့သည် ရှေ့မှသွားနှင့်၏။ သူနှင့်အတူ မောင်မျိုးတင်က လျှောက်လှမ်းလာသည်။

မောင်မျိုးတင်သည် သူတို့အိမ်တွင် နေထိုင်ရန် မောင်ပြေသာ လိုက်ပါလာခြင်းကို သိပ်နှစ်သက်ဟန် မတူပေ။

"မင်းကတော့ကွာ ဘုန်းကြီးကျောင်းမှာနေတာက ဟန်ကျလိမ့်ဦးမယ်"

"ဘာဖြစ်လို့လဲဗျ"

ဒေါ်မြတင်တို့က အဝေးတစ်ဆေးရောက်သည်နှင့် မောင်မျိုးတင်က စကားစလိုက်သည်။

"ဟာ...မိုးကုတ်မှာက အလုပ်ရှုပ်တယ်။ မင်းလည်း နားရမှာ မဟုတ်ဘူး"

"မနားရတာက ကောင်းပါတယ်ဗျာ။ ကျုပ်ကလည်း အလုပ်မလုပ်ဘဲ ထိုင်မနေတတ်ဘူး"

မောင်ပြေသာက စိတ်ရင်းအတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

"ဘယ်...မင်း မော်ထဲမှာဆို ဖြုန်းတွေ ဆေးရ၊ ကျောက်ကြမ်းတွေ သယ်ရနဲ့ သိပ်ပင်ပန်းတာ"

"ဘုန်းကြီးကျောင်း ရေခပ်ရတာလောက်တော့ ဆိုးမယ်မထင်ပါဘူး"

"စောင့်ကြည့်ဦးပေါ့ကွ။ တော်ကြာ မင်း မခံနိုင်မှ ဆရာတော်ဦးဝိရိယဆီ ပြန်ပြေးရမှာ ငါ မြင်ယောင်သေးတယ်"



မောင်မျိုးတင်က ဆန့်ကျင်ဖက်စကားများခဲ့သည်း ဆိုနေ၍ မောင်ပြေသာက စကားတုံ့ပြန်မနေတော့ပေ။ မောင်မျိုးတင်သည် မိုးကုတ်သို့ သူလိုက်လာခြင်းအတွက် သိပ်မနှစ်သက်ဟုသာ သဘောထားရပေတော့မည်။

မကြာမီ နောက်မှ လိုက်လာသော ကျောက်ပွဲစားဦးသာမောင်သည် သူတို့နားသို့ ရောက်လာသောကြောင့် မောင်မျိုးတင်လည်း စကားရပ်သွားလေသည်။

"သားတို့ ကား ရေရှာထိပ်မှာ စောင့်နေတယ်။ အဲဒီကိုရောက်အောင် သွားကြ"

ရွာလမ်းကြားကို ဖြတ်လာရင်း မောင်ပြေသာသည် အမှတ်မထင် "ဦးသော် ရွှေပန်းတိမ်" ဆိုသော နှစ်ထပ်အိမ်သို့ လှမ်းကြည့်လိုက်သည်။ ကျောက်ပွဲစား ဦးသာမောင်က...

"မောင်မျိုးတင်ရေ သွားနှင့်ပေါ့။ လာ...မောင်ပြေသာ မင်းအတွက် ဦးက အမှတ်ရ ပေးစရာရှိတယ်"

ဟု ပြောကာ မောင်ပြေသာကို ခေါ်သွား၏။

မောင်ပြေသာမှာ နှင်းသော်တာနှင့်တွေ့လျှင် နှုတ်ဆက်ချင်သည်နှင့် အတော်ဖြစ်သွား၏။ ဦးသာမောင်က အိမ်ထဲသို့ ဝင်လာသည်နှင့်...

"ဟာ...ဆရာဦးသာမောင်။ မောင်ပြေသာ လွှတ်ယူခိုင်းမယ်ဆို"

ဟု လှမ်း၍ ပြောလိုက်သည်။

"သူ့လက်နဲ့ တော်မတော်လည်း သိရအောင် တစ်ခါတည်း ပြင်စရာရှိ ပြင်ဖို့"

"ရော့...ဒီမှာ အဆင်သင့်ပါပဲ"

ပန်းတိမ်ဆရာဦးသော်က ကတ္တီပါဘူးလေးကို ဖွင့်လိုက်ကာ လက်စွပ်ကို ပြသည်။

"ကဲ...မင်း ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ကြည့်စမ်း"

ပတ္တမြားလက်စွပ် ဖြစ်သည်။ ပတ္တမြားမှာ အရည်အသွေးကောင်းသော ကြောင့် ရွှေနှင့် ကွပ်ထားသော စွန်ကုတ်ကြားမှ ရဲရဲနီနေသည်ကို တွေ့ရသည်။ မောင်ပြေသာသည် ဘယ်လက်သူကြွယ်တွင် ဝတ်လိုက်ရာ လက်အားလျော်စွာဝင်

www.burmeseclassic.com



တိတိကျကျ တော်နေသည်ကို တွေ့ရလေသည်။

"အင်း . . . ဒီကလေးက ကံကောင်းတာပဲ။ သူ့နဲ့မတော်ရင် သမီးကို ပေးမလို့။ ခုတော့ မင်းနဲ့တော်တော့ မင်းပဲ ဝတ်ပေါ့ကွာ"

တစ်သက်နှင့်တစ်ကိုယ် ပတ္တမြားလက်စွပ်ကို တစ်ခါမျှ မဝတ်ဘူးသော မောင်ပြေသာသည် ထိတ်ခနဲ ဝမ်းသာသွားသည်။

"ရော့ . . . ဒီဘူးလေးကိုလည်း မင်းပဲ သိမ်းထား"

မောင်ပြေသာသည် ပတ္တမြားလက်စွပ်ကို ငုံ့ကြည့်ရာမှ အိမ်အပေါ်ထပ်သို့ လှမ်းကြည့်ရာ မျက်ရည်အစဲသားဖြင့် ကြည့်နေသော နှင်းသော်တာကို တွေ့လိုက်ရသည်။ မောင်ပြေသာသည် နှင်းသော်တာကို လက်ပြလိုက်၏။

"နှင်းသော်တာရေ သွားမယ်ဟေ့"

"ကောင်းပါပြီ ကိုပြေသာ"

နှင်းသော်တာက အောက်ထပ်သို့မဆင်းဘဲ အပေါ်ထပ်မှပင် ပြုံးကာ လက်ပြသည်။ နှင်းသော်တာသည် ပြုံးနေသော်လည်း မျက်လုံးအိမ်တွင် မျက်ရည်များဝဲနေလေသည်။

ပန်းတိမ်တွင် အပ်ထားသော လက်စွပ်၊ လက်ကောက်နှင့် ခွဲကြိုးများကို တစ်ခုချင်းကြည့်ကာ ဦးသော်နှင့်ဦးသာမောင်တို့က စကားပြောနေကြသည်။

"ဒီတစ်ပတ် ကျောက်တွေက ပိုပြီးအရည်အသွေး ကောင်းသလိုပဲ ဆရာဦးသာမောင်"

"ဟုတ်တယ် ဦးသော်။ မော်ထဲက ကံအတိုင်းပေါ့ဗျာ။ ကံကောင်းရင် ဘယ်တွင်းကမှ မမီတဲ့ ကျောက်မျိုးတွေရတတ်တယ်။ ဒီနှစ်တော့ ပတ္တမြားက ကံလိုက်တယ်လို့ ပြောရမှာပဲ"

ဦးသာမောင်က သူ့ကျောက်တွင်း၏ သဘာဝကို ပြောပြနေလေသည်။

"ကဲ . . . သွားစို့ မောင်ပြေသာ။ တော်ကြာ ဟိုသားအမိတွေ စောင့်ရတာ ကြာနေမယ်"

ဦးသာမောင်၏ သားရေအိတ်ကြီးကို မောင်ပြေသာက အလိုက်သိစွာ ဆွဲလိုက်သည်။ ပြီးနောက် ဦးသာမောင်နောက်မှ လိုက်လာခဲ့လေသည်။ ဒေါ်မြတင်



က ဦးသာမောင်ကို တွေ့တွေ့ချင်း ကားပေါ်မှ ခေါင်းပြူထွက်ကာ . . .

"ကြာလိုက်ကြတာ ပြန်မှလာပါ့မလား အောက်မေ့နေရတယ်"

ဟု ပြော၏။

"ပစ္စည်းလေး ဘာလေးလဲ စစ်ဆေးရတာပေါ့ကွ။ စကားပြောတော့ နည်းနည်းတော့ ကြာမှာပေါ့"

ဦးသာမောင်က ဂျစ်ကားခေါင်းခန်းတွင် ဝင်ထိုင်လိုက်သည်။ မောင်ပြေသာက ဂျစ်ကားနောက်မှ မောင်မျိုးတင်သော့သို့ စင်ကာ ထိုင်လိုက်သည်။

xxx

ကျောက်မျက်ရတနာများနှင့် ပတ်သက်သော မိုးကုတ်မြို့သို့ မောင်ပြေသာ ရောက်လာသည့်အချိန်မှာ ကျောက်တွင်းတူးသူများတို့၏အဝင် စတင် တွေ့ရလေတော့သည်။

မိုးကုတ်မြို့မှာ တောင်များကာရံထားသည့် ချိုင့်ကြီးအတွင်းတွင် တည်ရှိနေပုံကပင် မောင်ပြေသာအတွက်တော့ ထူးဆန်းနေသည်။ ဦးသာမောင်သည် မိုးကုတ်တွင်တော့ မသိသူရှားသည့် ကျောက်ပွဲစားကြီးပင် ဖြစ်သည်။

မိုးကုတ်မြို့ ဇရပ်တန်းရှိ ဦးသာမောင်၏ နှစ်ထပ်အိမ်ကြီးမှာ လေးပင်သုံးခန်း သစ်သားအိမ်ကြီးကဲ့သို့ပင် ကြီးမားလှသည်။ အပေါ်ထပ်တွင် အိပ်ခန်းသုံးခန်း။ အောက်ထပ်တွင်ကား ကျောက်သွေးအလုပ်သမားများနေရန် ဘေးအပါအထိ ချဲ၍ ဆောက်ပေးထားသည်။ အလုပ်သမားဆယ်ဦးကျော်လောက် ရှိသည်။

ထိုအထဲမှ ဦးခန်းလုံဆိုသူမှာ အိမ်ရှိ အလုပ်သမားများအားလုံးကို အုပ်ချုပ်သည့် ဦးသာမောင်၏ လက်ထောက်ပင်ဖြစ်သည်။ ရောက်သည်နှင့် ဦးသာမောင်က ဦးခန်းလုံလက်ထဲသို့ မောင်ပြေသာကို အပ်လိုက်သည်။

"ခန်းလုံရေ"

"ဗျာ"

"ဒီကောင်လေးကို မင်း ကျောက်နဲ့ပတ်သက်တဲ့ အတတ်ပညာတွေ သင်ပေးလိုက်ပါ။ ဆရာတော်ဦးဝိစိတ္တရဲ့တပည့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဒါဆို လူတော်ပဲ ဖြစ်မှာပေါ့။ လာကွာ"

ဦးသာမောင်၏ ဆရာတော်ကြီး၏ရှေ့တွင်သာ သားသမီးကဲ့သို့ မွေးစားမည်ဟုဆိုကာ ခေါ်လာခဲ့သော်လည်း မိုးကုတ်သို့ရောက်သောအခါတွင် အလုပ်သမားတစ်ဦးအသွင် သဘောထားပုံရသည်။

ဦးသာမောင်တို့သည် အပေါ်ထပ်သို့ တက်၍သွားကြ၏။ မောင်ပြေသာမှာ စက်ဖြင့် ကျောက်ကိုသွေးနေသော ဦးခန်းလုံရှိရာသို့ လာခဲ့သည်။ ဦးခန်းလုံမှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် စိတ်သဘောထား ကောင်းပုံရလေသည်။

"ကောင်လေး"

"ဗျာ"

"မင်းနာမည် ဘယ်သူလဲ"

"မောင်ပြေသာပါ"

"ဟာ…တယ်ကောင်းနဲ့နာမည်ပဲကွ။ ပြေလည်းပြေလည်မယ်။ သာလည်း သာယာမယ်ဆိုတဲ့ သဘောပဲ။ ဟိုက အစွန်ဆုံးအခန်းထဲက သွားစောင့်နေ၊ အဲဒီအခန်းကို မင်းနေဖို့ရှင်းထား။ ငါ ဒီကျောက်တစ်လုံး ပြီးရင် လာခဲ့မယ်"

"အဲဒါ ဘာလုပ်တာလဲ"

"ဒါ ကျောက်သွေးတာလေ"

"ကျောက်ကို ဘာလို့သွေးရတာလဲ"

ဦးခန်းလုံက တဟားဟား ရယ်လိုက်သည်။

"ကောင်းလိုက်တဲ့ မေးခွန်းကွာ။ ကျောက်က သူ့အတိုင်းဆို မညီမညာနဲ့ ဘယ်ကြည့်ကောင်းမလဲ။ လူကြည့်ကောင်းအောင် သွေးရတာပေါ့ကွာ။ ဒီတော့မှ ကျောက်လည်း အရောက်တောက်လာမယ်။ ပြီးတော့ ကြည့်လို့လည်း လှမှာပေါ့ မဟုတ်ဘူးလား"

"ဦးခန်းလုံပြောတာ ဟုတ်သဗျာ။ လူတွေ အကျႌဝတ်သလိုပေါ့"

"ဒါပေါ့ကွာ မင်း ဦးသာမောင်သမီး မျက်ပွင့်ခင်ကို တွေ့တယ် မဟုတ်လား။ ကြည့်ကောင်းတယ် မဟုတ်လား"

"ကြည့်ကောင်းပါတယ်…သူက ရုပ်မဆိုးပါဘူး"



မောင်ပြေသာက စကားရှန်းရှန်းပေသော ဦးခန်းလုံကို ခင်သွားသည်။ ထို့ကြောင့် မေးခွန်းကို သွက်သွက်လက်လက် ဖြေလိုက်သည်။

"အေးပေါ့ကွ…သူ့ အဝတ်အစား မဝတ်ဘဲနေရင် ဘယ်လှနေမလဲ"

"ဟာဗျာ…ဦးလေးကလည်း"

"ပြောစမ်းပါ"

"မပြောတတ်ဘူးဗျာ"

"တခြားမိန်းမတွေလိုပဲ နေမှာပေါ့။ ကြည့်မကောင်းဘူး။ လိုက်ဖက်တဲ့ အဝတ်လေး ပုံစံလေးဝတ်တော့မှ အလှက ပေါ်လာတာ။ ကျောက်တွေသွေးတဲ့ သဘောကလည်း ဒီသဘောပဲ"

×××

ဦးခန်းလုံသည် ကျောက်တူး၊ ကျောက်ရွေး၊ ကျောက်သွေးသမားများကို အုပ်ချုပ်ရသူဖြစ်သည်။ သူသည် အဆင့်လိုက် သင်ပေးရမည်ဖြစ်၍ ကျောက်တူးသောနေရာသို့ မောင်ပြေသာကို ခေါ်လာခဲ့သည်။

မညီမညာတူးထားသော တွင်းများကို မောင်ပြေသာ မြင်နေရသည်။ ကြိုးနှင့်ဆွဲထားသော ကောစိပ်ထဲသို့ တူးကော်လာသော မြေကြီးများကို ထည့်သည်။ တစ်ဦးက ရေပုံးဖြင့် လောင်းကာ မြေကြီးများကို ပွတ်ချေသည်။

ရွေးသည့်သူက ရွေးသည်။ ကျောက်ပွင့်အသေးအကြီး အရွယ်များခွဲကာ နို့ချောတောင်းလေးများထဲတွင် ထည့်နေလေသည်။ ထိုနေ့က ကျောက်တွင်းမှာပင် ထမင်းစား၍ ထိုကျောက်တွင်းတွင် ကျောက်တူးသူများနှင့် တစ်နေကုန် တူးသည်။

ကျောက်တူးဖက်ဖြစ်သော မောင်စိန်၊ ဖိုးကာတုံး၊ ချစ်မောင်နှင့် မေလှတို့က မောင်ပြေသာကို ချင်မင်သွားကြလေသည်။ မောင်ပြေသာသည် ဓားနှင့် ပုဆိုးခါးတောင်းကျိုက်ကာ ပေါက်တူးကို ဓားနှင့်ပေါက်ကာ ကောင်းသလို ထည့်သည်။

သူ၏လက်မောင်းများက တင်းကျစ်နေသည်။ မောင်စိန်က…

www.burmeseclassic.com



"ဟော့ကောင် မင်းလက်မောင်းသားတွေက တယ်လုပါလား။ ဘာလဲ မင်းက သိုင်းသမားလား"

ဟု မေးသည်။

"မဟုတ်ပါဘူးဗျာ။ ကျုပ်က မြင့်မိုရ်ကျောင်းမှာ ရေခပ်လို့ပါ"

"ဟား···ဟား···ဟား···ဟား"

မောင်စိန်က ရှမ်းကြီးသိုင်းနှင့် ဗန်ထိုဗန်ရှည် စာတ်သည်။ မောင်ပြေသာကို တွေ့တွေ့ချင်း ခင်သွားသည်။ ထို့ကြောင့် ရှမ်းကြီးသိုင်း၏ သိုင်းကွက်များကို အားသည့်အချိန်တွင် ကစားကြရာ မောင်ပြေသာက အတုနိုးကာ လိုက်၍ လိုက်လေသည်။ ကျောက်တူးသမားများထဲတွင် မောင်စိန်ကို မောင်ပြေသာသည် အခင်ဆုံးဖြစ်လေသည်။

မောင်ပြေသာ ရောက်သည့်နေ့မှာပင် သူတို့တွင်းမှ ကျောက်တစ်ပွင့် အောင်သောကြောင့် ဦးခန်းလုံက ဦးသာမောင်ကိုပြရာ ညနေအလုပ်ခင်သည့် အချိန်တွင် တွင်းတူးသမားများ တစ်ယောက်လျှင် ငွေ တစ်ထောင်စီ ရကြလေသည်။

ထိုခေတ်က ငွေတစ်ထောင်မှာ မနည်းပေ။ မိုးကုတ်ရှိ အစိန်ခေါက်ဆွဲဆိုင်တွင် ခေါက်ဆွဲဝယ်ကျွေးလေသည်။

မောင်ပြေသာသည် လူချစ်လူခင်အောင် ပေါင်းသင်းတတ်သော သဘောရှိ၍ မောင်စိန်တို့အားလုံးသည် မောင်ပြေသာကို ခင်မင်ကြသည်။ မောင်ပြေသာက စကားကိုလည်း သဘာဝကျကျ ပြောဆိုတတ်ပြီး ပိဋကတ်ကျမ်းဂန် တတ်ကြောင်း သိရသဖြင့် တွင်းတူးသမားများက လေးစားချစ်ခင်ကြသည်။

"ကိုစိန်"

"ဗျာ"

"ဘာလုပ်နေတာတုန်း"

"ထမင်းစားပြီး ထိုင်ငေးနေတာပေါ့"

ကျောက်တွင်းသို့ ဈေးလာရောင်းသော မိန်းကလေးများကို ငေးနေသည့် မောင်စိန်ကို မောင်ပြေသာက လက်တို့ခေါ်လိုက်သည်။



"မိန်းကလေးတွေ ထိုင်ကြည့်လို့ အကုသိုလ်ဖြစ်ပါတယ်ဗျာ။ အားရင် ဗုဒ္ဓါနုဿတိ ပွားနေပေါ့"

"ဟော···ဗုဒ္ဓါနုဿတိ ဟုတ်လား"

"ဟုတ်တယ်···ဘုရားရဲ့ဂုဏ်တော်တွေကို ပွားနေတာက ဗုဒ္ဓါနုဿတိပေါ့။ အဲဒါက ကုသိုလ်ဗျ"

မောင်စိန်ကို ဗုဒ္ဓါနုဿတိနှင့် ကုသိုလ်တရားများအား မောင်ပြေသာက ရှင်းပြသည်။ ချက်အရက်နှင့် မိန်းမချောများကိုသာ စိတ်ဝင်စားသော မောင်စိန်မှာ အံ့အားသင့်သွားလေသည်။

×××

အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ရသကဲ့သို့ ဦးသာမောင်က သူ့ကျောက်တွင်းသမားများကို အစားအသောက်လည်း ကောင်းကောင်းကျွေးသည်။ မိုးကုတ်ရှိ အလွတ်ပညာသင်ကျောင်းတွင် ကျောင်းတက်နေသော ခုနစ်တန်းကျောင်းသူဖြစ်သည့် မျက်ပွင့်ခင်သည် တစ်နေ့တွင် မော်ထဲသို့ ဆင်းလာသည်။

မောင်စိန်သည် တဆေးတမွေးလုပနေသည့် မျက်ပွင့်ခင်ကို ငေးကြည့်နေသည်။ ကျောက်တွင်းထဲတွင် ခါးတောင်းကျိုက်ကာ တူးနေသော မောင်ပြေသာကို···

"ဟေ့···မောင်ပြေသာ ဟိုမှာ မင်းတို့အိမ်က မင်းသမီး လိုက်လာတယ်ကွ"

ဟု ပြောလိုက်၏။

"ဘယ်သူလဲဗျ"

"မင်း ပေါက်တူးကြီးချပြီး လှည့်ကြည့်ပါဦး"

မျက်ပွင့်ခင်က တွင်းတူးနေသော မြေပုံတော်အောက်က ဖြစ်သည် တော်ဘယ်ရီရောင်အင်္ကျီလက်ပြတ်အနီနှင့် ထဘီနီညို ပတ်ဆင်ကို နှစ်ဖက်ခွဲကာ ထုံးထားသောကြောင့် မောင်ပြေသာ အသားအရည်နှင့် လိုက်ဖက်နေသော မျက်ပွင့်ခင်ကို တစ်ချက် ငေးကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တွင်းတူးနေသူများရှိရာသို့ မျက်ပွင့်ခင်က လက်ညှိုးလှမ်းထိုးနေသည်။ ယောက်ျားများချည့်သာ ရှိသောကြောင့် တွင်းတူးနေသည့် ကုန်းပေါ်သို့မတက်။

"ဘယ်သူလဲ ကျုပ်လား"

မောင်စိန်က သူ့ကိုယ်သူ လက်မနှင့်ထောက်ကာပြသည်။ မျက်ပွင့်ခင်က ခေါင်းခါပြလိုက်သည်။

"သူလား"

ခေါင်းခါပြန်သည်။

မောင်ပြေသာကို လက်ညှိုးထိုးကာ "သူလား" မေးသောအခါ မျက်ပွင့်ခင်က ခေါင်းညိတ်ပြသည်။

"ပြေသာ မင်းကို လာခေါ်တာတဲ့။ မြန်မြန်သွား။ ဆင်း…ဆင်း"

"ဟင်…ဟုတ်လား"

မောင်ပြေသာက ကြည့်သောအခါတွင် မျက်ပွင့်ခင်က သူ့ကို လက်ယက်လှမ်းခေါ်၍ ပုဆိုးကိုပြဖြင့်ကာ ရုပ်လက်တိုကို ဝတ်ကာ ဆင်းလာခဲ့သည်။

"ဘာ…ဘာကိစ္စလဲ မမျက်ပွင့်ခင်"

"ဘာကိစ္စကမလဲ ခု ရှင်ဘာလုပ်နေတာလဲ"

"တွင်းတူးနေတာလေ"

မော်ထဲမှ လမ်းလျှောက်ရင်း ထွက်သွားသော မျက်ပွင့်ခင်နောက်သို့ မောင်ပြေသာက လိုက်လာရသည်။ ခြေလှမ်းက တော်တော်မြန်သည်။

"ရှင့်ကို ဘယ်သူက တွင်းတူးခိုင်းသလဲ"

"ကိုစိန်"

"ကိုစိန်က တူးခိုင်းတိုင်း ရှင်က တူးရလား"

"တူးရတာပေါ့ သူကိုယ်တိုင်လည်း တူးနေတာပဲ။ ကျုပ်က မတူးလို့ ဖြစ်မလား"

ရိုးသားလှသော မောင်ပြေသာကို ကြည့်ကာ မျက်ပွင့်ခင်သည် ငိုရခက် ရယ်ရခက် ဖြစ်သွားသည်။

"ရှင်က နွားလား"



"နွားတော့ မဟုတ်ပါဘူး လူပါ။ လူပေမယ့် ဦးခန်းလုံက ကျောက်သမားတွေနဲ့ အောက်ခြေအလုပ် နားလည်အောင် ဝင်လုပ်ပြောလို့ လုပ်ရတာပါ"

မျက်ပွင့်ခင်မှာ ကျောက်တွင်းတူးနေသော ဖိုးကတုံးက…

"မမလေးတို့အိမ်က နေ့ခက်ဆုံးရောက်လာတဲ့ အလုပ်သမားလေးက တော်တယ်"

ဟု ပြောသောကြောင့် မျက်ပွင့်ခင်က လာကြည့်ခြင်းဖြစ်သည်။

"လုပ်တော့လည်း သူများတွေလုပ်တာကို နည်းသိအောင်ကြည့်ပြီး ဖြည်းဖြည်းနည်းနည်းလုပ်ပေါ့"

ဈေးဆိုင်များဘက်သို့ ရောက်လာသည်။

"ရှင် မနက်က စားပြီးပြီလား"

"ဘာမှ မစားရသေးဘူး"

"ဖြစ်လေရှင် အစာမစားဘဲ အလုပ်လုပ်နေတာ"

×××

မျက်ပွင့်ခင်မှာ ဦးသာမောင် ခရီးသွားနေသောကြောင့် သူပြောပါပြောနှင့် မောင်ပြေသာတစ်ယောက် မော်ထဲမှာ အလုပ်တွေ နှင်းကန်လုပ်နေသည်ကို သတင်းကြား၍ ရောက်လာခြင်းဖြစ်သည်။ မျက်ပွင့်ခင်သည် ဘုန်းတော်ကြီး ဦးဝိရိယစကားကြောင့် မောင်ပြေသာ စာပေပညာတော်သည်ကို သိသည်။

ကျောက်တွင်းတူးသမားများမှာ ပိဋကတ်အခြေခံရှိကြသူများမဟုတ်။ အလုပ်ကြမ်းကို ထမင်းစားဖို့ ငွေရရန် လုပ်နေသူများဖြစ်ကြောင်း သိသည်။ ကျောက်တွင်းများအနီးမှ ရှမ်းထမင်းချဉ်ဆိုင်တွင် ဝင်ထိုင်ကာ မောင်ပြေသာကို ရှမ်းထမင်းချဉ် ကျွေးသည်။

"ရှင် မနက်ဖြန် ဒီကျောက်တွင်းကို လာစရာမလိုတော့ဘူး။ ကျွန်မ ဦးခန်းလုံကို ပြောလိုက်မယ်"

"မမျက်ပွင့်ခင် ကျုပ် လုပ်နိုင်ပါတယ်"

"အို…ရှင်လုပ်နိုင်ပေမယ့် ဖေဖေ့ကို ဘုန်းတော်ကြီးက ဒီသို့အပ်ထားရာယ်

www.burmeseclassic.com

www.burmeseclassic.com



မှားတဲ့အလုပ်မျိုးတွေ မနိုင်းဖို့ ပြောထားတယ်"

"ဗျာ"

"ဟုတ်တယ်…ဒီမှော်ထဲမှာ ရှင် ငှက်ဖျားရောဂါဖြစ်ရင် ဘယ်လိုလုပ်မလဲ။ တွင်းတူးသမားတွေနဲ့ ရန်ဖြစ်လို့ တစ်ခုခုဖြစ်တော့ရော ဘယ်တတ်နိုင်မလဲ။ မဖြစ်ပါဘူး…မဖြစ်ပါဘူး"

မျက်ပွင့်ခင်သည် ရှမ်းခေါက်ဆွဲကိုစားရင်း ခေါင်းခါလိုက်သည်။

"ရှင့်ပစ္စည်းတွေ ဘာကျန်သေးလဲ"

"ဘာမှ မကျန်ပါဘူး"

"မကျန်ရင် ကျွန်မနဲ့တစ်ခါတည်းလိုက်ခဲ့။ နောက်ကို လာကြည့်ရင်ကြည့်၊ တွင်းတူးတဲ့အလုပ်ကို လာလုပ်စရာ မလိုဘူး"

မောင်ပြေသာက မျက်ပွင့်ခင်၏ စေတနာကို နားလည်သဘောပေါက်သွားသည်။ ဦးသာမောင်ကဲ့သို့ပင် သူ၏အပေါ်တွင် စေတနာရှိသော မိန်းကလေးဟု နားလည်လိုက်သည်။

"နောက်ပြီး ပြောထားရဦးမယ်"

"ပြောပါ"

"ကျွန်မကို ခင် လို့ ခေါ်ချင်ခေါ်၊ မျက်ပွင့် ခေါ်ချင်ခေါ်၊ မမျက်ပွင့်ခင်လို့ မခေါ်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"ဘယ်သူမှ ဒီလိုမခေါ်ဘူး။ နားထဲမှာ ကြားရတာ ထိုးထိုးထောက်ထောက်နဲ့"

"ဟုတ်ကဲ့"

မောင်ပြေသာက ကျောင်းသားတစ်ဦးလို "ဟုတ်ကဲ့"ဟု ပြောလိုက်၍ မျက်ပွင့်ခင် ပြုံးလိုက်မိသည်။

"ရှင်ဟာ ပြောလိုက်ရင် ဟုတ်ကဲ့ဆိုပြီး နောက်တော့ လုပ်ချင်တာလုပ်မယ့်လူမျိုး ထင်ပါရဲ့"

"မဟုတ်ပါဘူး 'မျက်' အဲ 'ခင်' "



"တော်ပါရင် ကျွန်မနာမည်က မျက်အဲခင် မဟုတ်ပါဘူး။ ခင်လို့ပဲခေါ်ပါ"

"ဟုတ်ကဲ့ ခင်"

နောက်ပြောင်ပြောခြင်းမဟုတ်ဘဲ အရိုးခံပြောနေရှာသော မောင်ပြေသာ၏ အမူအရာ မျက်ပွင့်ခင်၏မျက်လုံးထဲတွင် ရယ်စရာကောင်းနေသည်။ သူမကို နောက်ပြောင်နေခြင်းမဟုတ်ဟု နားလည်ထားသောကြောင့်သာ ရိုင်းမည်စိုး၍ မရယ်ဘဲနေခြင်းဖြစ်လေသည်။

"ဟိုတလောက ဒီတွင်းက ကျောက်အောင်တယ်ဆိုတာ ကျွန်မ ကြားတယ်"

"ဟုတ်တယ်…ကျွန်တော်လည်း စေ့ရပါတယ်"

မောင်ပြေသာက ဝမ်းသာအားရ ပြောလိုက်သည်။

"ဘယ်လောက်ရသလဲ"

"ငွေတစ်ထောင်"

"ပြော်…ရှင်က ငွေမက်တာကိုး"

"ဒီလိုတော့ မဟုတ်ပါဘူး ခင်၊ ကျုပ်က ဦးခန်းလုံ့ပို့တဲ့နေရာမှာ နေရတာပါ"

×××

"အေးကွာ…အမိန့်က မပြည့်မစုံဆိုတော့ ငါလည်း မင်းအဲတွေအကြံရအောင်ဆိုပြီး ကျောက်တွင်းတူးတဲ့အလုပ် သွားလုပ်ခိုင်းမိတယ်ပေါ့။ မနက်ဖြန်ကနေစပြီးတော့ မသွားနဲ့တော့"

"ခင်က ပြောပြီလား"

ခင်ဟု ပြောလိုက်သောကြောင့် ဦးခန်းလုံက မျက်လုံးပြူးသွားသည်။

"မင်းက ခင်တွေဘာတွေ ဖြစ်နေပြီလား"

"သူက ခေါ်ခိုင်းတာပါ"

"ပြော်…သူက ဒီလိုခေါ်ခိုင်းနေပြီလား"

"ဦးခန်းလုံကလည်းဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ပြေသာက ရှက်ရွံ့စွာ ခေါင်းငုံ့လိုက်သည်။

"ဩော်...မင်းက ရှက်ရပြန်ပြီ။ ဟုတ်ပါတယ် ငါ ထင်တာတွေ မှန်နေပြီ"

"ဘာမှန်နေတာလဲ"

"ချာတိတ်မက မင်းကို သဘောကျနေတာ အမှန်ပဲ"

"မဟုတ်တာကွာ"

"ဟုတ်တယ်...ဘာလို့ဆို ဒီအိမ်ရောက်လာတဲ့လူကို ဦးသာမောင်က ငါ ဘယ်နေရာမှာထားထား ဘယ်လိုနိုင်းနိုင်း ဘာမှပြောပိုင်ခွင့်မရှိဘူးကွ။ ငါ့ သဘောပဲ။ ခုတော့ ထူးထူးခြားခြား သမီးတော်မျက်ပွင့်ခင်က ငါ့ကို လာပြီး ကွပ်ကဲတယ်ဆိုတော့ ပြေသာ"

"ဗျာ"

"မင်းတော့ ဟန်ကျတော့မယ် ထင်တယ်"

"ဘာဟန်ကျရမှာလဲဗျ"

"မင်းစောစောကခေါ်တဲ့ခင်က မင်းကို သံယောဇဉ်ရှိနေတာ သေချာပြီ"

"တော်ပါတော့ဗျာ...ကျုပ် အခု ဘာလုပ်ရမှာလဲပြော"

"မင်း ကျောက်တွင်းမဆင်းရတော့ဘူးဆိုတော့ မင်းကို ကျောက်မျက်ပညာ သင်ပေးရမှာပေါ့ကွာ။ ကျောက်သမားဆိုတာ ကျောက်လောကထဲ ဝင်ဝင်ချင်း အလိမ်ခံရတာပဲကွ။ ကိုယ်အလိမ်ခံလိုက်ရတဲ့ မှော်စစ်စီတွေ ပလွန်တွေ ရှုံးကျောက်တွေကို ကိုင်ပြီး ဝယ်လက်လိုက်ရှာနေရတာက ပထမအဆင့်ပဲ။ ဒီမှာကြည့်"

"မင်းက မှော်ထဲရောက်ပြီးပြီဆိုတော့ ဒီကျောက်တွေဟာ တွင်းက မအောင်လို့ ပယ်တဲ့ မှော်စစ်စီလို့ခေါ်တယ်ကွ။ ဒါတွေကတော့ အရည်မကောင်းတဲ့ ကျောက်တွေပဲကွာ"

လက်တွေ့သင်တန်းပေးသည့်ပမာနှင့်ဖြင့် ကျောက်စိမ်းများ။ ပတ္တမြားများ။ ကျောက်နီများကို အခန်းထဲတွင် ထုတ်ပြကာ မောင်ပြေသာကို သင်ပေးသည်။

"ကျောက်တစ်ပွင့် အောင်ပြီဆိုရင် ကျောက်သမားတွေ ဘယ်လိုနေ



တယ်ဆိုတာ မင်း ကိုယ်တွေ့ပဲမဟုတ်လား"

"ဟုတ်ပါတယ် ဦးခန်းလုံ"

"အေး...ဒီလိုပဲပေါ့ကွာ။ တွင်းပိုင်လော်ပန်ရော တွင်းစားတွေရော ဝမ်းသာရတဲ့ ကျောက်ဆိုတာက ဒါမျိုးပဲ"

အိတ်တစ်ခုထဲမှ သူ သွေးလက်စ ကျောက်ကို ထုတ်ပြလိုက်သည်။

"ဒါ...ဟိုနေ့က ကျုပ်တို့ရတဲ့ကျောက်မျိုးပဲ မဟုတ်လား"

"မဟုတ်ဘူးကွ...ဟိုဟာက ပတ္တမြားဆန်ကျို၊ အဖိုးပြည်တန်ဆိုတာ ထို အင်မတန်အရည်ကောင်းတဲ့ ပတ္တမြားမျိုး။ အရည်ကောင်းတဲ့ ပတ္တမြားက ဂွမ်းထဲမှာ ထည့်ထားရင် အဲဒီဂွမ်းထဲက ဂွမ်းတွေပါသွေးတွေစိုစွတ်နေသလား ထင်ရလောက်အောင် အရောင်တောက်တာ။ ဆရာကြီးဦးသက်မောင်က အဲဒီ ပတ္တမြားကို မန္တလေးဈေးကွက်မှာ သွားရောင်းနေတာပဲ"

ကျောက်များကို တစ်မျိုးပြီးတစ်မျိုး ထုတ်ပြကာ ခန္တီးကျောက်၊ မိုးထုတ်ကျောက်၊ ဖားကန့်ကျောက်များကို ခွဲခြားပြနေသည်။

"နောက်တော့ မင်းကြည့်လိုက်တာနဲ့ ဘာကျောက်လဲဆိုတာ သိလာမှာပါကွာ"

ဦးခန်းလုံက စေတနာနှင့် ပြသည်ကို မောင်ပြေသာက ရှုစိုက်စွာ မှတ်သားနေ၏။

***

ဦးသာမောင် ပြန်လာသောအခါတွင် မျက်ပွင့်ခင်က မည်သို့ပြောလိုက်သည်မသိ၊ မိုးကုတ်ရှိ ကျောက်ပွဲစားများရှိရာသို့ မောင်ပြေသာကို ခေါ်သွားလေသည်။ မောင်ပြေသာ ဦးသာမောင်၏ ပြောပုံဆိုပုံ၊ လုပ်ပုံကိုင်ပုံများကို မှတ်သားနားထောင်နေသည်။

ထိုနေ့က မိုးကုတ်မြို့ရှိ စားသောက်ဆိုင်တွင် ဦးသာမောင်သည် ကျောက်နှစ်ပွင့် အရောင်းအဝယ်ဖြစ်သွားသည်။ ဝယ်လက်များနှစ်ဦးသည်မှ ပြောင်းပြီးမှ ရောင်းရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားနစ်ပွင့် ဈေးကောင်းရသည်။ ဦးသာမောင်သည် လက်တွေ့ရောင်းကွက်၌ ပြောပုံဆိုပုံ ဈေးဝယ်ကို ငြိအောင်ဆွယ်ပုံများကို မောင်ပြေသာကို လက်တွေ့ပြနေခြင်းပင် ဖြစ်သည်။

မောင်ပြေသာသည် ဦးသာမောင် ပြောပုံဆိုပုံများကို ကြည့်လျက် အပြန်လမ်းတွင်...

"ကိုယ့်ပစ္စည်းက ကောင်းနေပြီပဲ ဦးရယ်။ မုသာဝါဒ သိပ်များများမပါအောင် ပြောတာ မကောင်းဘူးလား"

ဟု မေးလိုက်သည်။

"အေးကွာ...ဦးလေးလည်း ပစ္စည်းဝယ်အောင်ပြောရတာ ဘယ်ဟာမုသာဝါဒ ဘယ်ဟာက သစ္စာစကားမှန်းတောင် မခွဲမိတော့ပါဘူး"

ဦးသာမောင်က ဝန်ခံသည်။ မောင်ပြေသာသည် ကျောက်မျက်ရတနာရောင်းဝယ်လျှင် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ဖြစ်မှ ပိုကောင်းမည်ဟု ထင်မြင်မိပေသည်။ တစ်လခန့်ကြာသောအခါတွင် မောင်ပြေသာသည် ကျောက်သမားတို့သဘောကို တော်တော်နားလည်လာ၏။

ထို့ကြောင့် ဦးသာမောင်က ကျောက်နစ်ပွင့်သုံးပွင့်ကို မောင်ပြေသာနှင့် အရောင်းအဝယ်သမားများရှိရာသို့ အစမ်းလွှတ်ကြည့်သည်။ မောင်ပြေသာသည် စကားကို တည်တည်ကြည်ကြည် ပြော၍ ရောင်းနိုင်သည့်ဈေးကို ပြောရာ ကျောက်တစ်ပွင့် ရောင်းစွန့်ခဲ့လေသည်။

ထိုအထဲမှ မောင်ပြေသာအတွက် ပွဲစားခရသည်။ မောင်ပြေသာသည် အရှင်မွေးချက်ချင်းကြီးပျူသကဲ့သို့ မိုးကုတ်ကျောက်လောကတွင် ပါးနပ်လျင်မြန်သော ကျောက်ပွဲစားတစ်ဦး ဖြစ်လာသည်။

သူသည် လောဘဖြင့် အရောင်းအဝယ်မလုပ်ဘဲ ဉာဏ်ဖြင့် ချိန်ဆကာ စကားကို တည်တည်ကြည်ကြည် ပြောသောကြောင့် မောင်ပြေသာနှင့် ဆက်ဆံဖူးသူတို့က သဘောကျကာ ဖောက်သည်ဖြစ်သွားသည်။

မိုးကုတ်မှ ကျောက်သမားများသည် အမြတ်များများမယူဘဲ ပစ္စည်းမှန်သော မောင်ပြေသာကို ရှာဖွေ၍သာ ဝယ်ကြသည်။



"ခင်ဗျားတို့ ကိုစိန်ထွန်းဆီက ကျောက်တွေယူရင်တော့ ဆင်ခြင်ပြီးယူပေါ့ဗျာ။ ကိုစိန်ထွန်းက စကားကို ရှုန်းရှုန်းဝေအောင် ပြောသသောက် ဈေးကြီးတာတွေရော ပစ္စည်းမမှန်တာတွေပါ ပါတတ်တယ်"

မောင်ပြေသာ ပြောသောစကားမှာ အမှန်အတိုင်းပင် ဖြစ်သည်။ သို့သော် မောင်ပြေသာ အရောင်းအဝယ် တွင်ကျယ်လာသလောက် စိန်ထွန်းတို့မှာ ဝယ်သူဝယ်လက်ရှားလာသည်။

ကျောက်ရှာသည့် နေရာတွင်လည်း ထိုသို့ပင်။ မည်သည့်လောကတွင်မဆို ထက်မြက်၍ လုပ်ရည်ကိုင်ရည်ရှိသော လူတစ်ယောက် ရောက်ရှိလာပြီဆိုလျှင် လိမ်ညာသောသူ၊ အမြတ်ကြီးယူကာ ပစ္စည်းမမှန်သောသူတို့သည် နောက်သို့ တဖြည်းဖြည်း ရောက်ရှိသွားရလေသည်။

ဤသို့သော နည်းလမ်းမျိုးဖြင့်ပင် စိန်ထွန်းသည်လည်း ဈေးကွက်တွင် လူသုံးနည်းလာသည်။

သူသည် စားသောက်ဆိုင်တွင် ထိုင်ရင်း ယခင်ကလို သူ့ထံတွင် မတန်တဆ ဝယ်ယူသည့် ငနွလေးမှ ကျောက်ပွဲစားများ ရောက်မလာသော၍ ဒေါသထွက်နေလေသည်။

"တောက်...ငါ အရောင်းအဝယ်လုပ်လာတာ နဂါးစိန်ထွန်းဆိုတဲ့ နာမည်နဲ့ကွ။ ခုမှ ဟိုကောင် ပြေသာ လာပြီးနှောင့်ယှက်သို့ ငါ့ဝယ်လက်တွေ သူ့ဆီ ပြောင်းသွားတာ အခံရခက်တယ်ကွာ"

စိန်ထွန်းက စားပွဲကို လက်သီးနှင့်ထုကာ ပြောလိုက်၏။

×××

ကျောက်သမားများနှင့် အရောင်းအဝယ်လုပ်ငန်း ပညာ အခြေခံရလာသော မောင်ပြေသာသည် ကျောက်မျက်လောကတွင် ပညာရပ်အမျိုးမျိုးရှိကြောင်း ခွဲခြားသိမြင်လာသည်။

ကျောက်မျက်လောက၌ အချို့က အဝယ်တော်သည်။ အဝယ်တော်သည်ဆိုရာ၌ ကျောက်ကောင်းရှိသည့်နေရာကို သိသည်။ ကျောက် အကောင်းအကိုင်

www.burmeseclassic.com



တတ်သူနောက်သို့ လိုက်ကာ ကျောက်ကို မရရအောင်ဝယ်သည်။

ဤနေရာတွင်လည်း နည်းပညာက အမျိုးမျိုးရှိသည်။ ကျောက်ရထားသော ကျောက်သမား၏စာတ်ကြောကိုလည်း သိရသည်။ သူရောင်းချင်အောင် စကားခေါ်တတ်ရသည်။ သူ ကျေနပ်အောင် ညှိတတ်ရသည်။ သို့မှသာ ကိုယ်လိုချင်သောကျောက် ကိုယ့်လက်ထဲသို့ ရောက်လာမည် ဖြစ်လေသည်။

မောင်ပြေသာသည် ထိုပညာရပ်ကို ကျောက်လောကမှ စကားတောင်တားဟုခေါ်သူ ဦးကျော်တင့်ထံမှ ရသည်။ ဦးကျော်တင့်သည် လုံးဝမရောင်းပါဘူး။ အိမ်မှာ အမှတ်တရထားသည့်ကျောက်ပါ ဆိုသည့်မျိုးကိုပင် ကျအောင်ဝယ်တတ်သည်။

ဆွေနီးမျိုးစပ်နှင့် သွား၍ လည်ပတ်ခြင်း၊ ညှိခံပွဲလုပ်ကာ ဖိတ်ကြားခြင်းတို့ဖြင့် မရရအောင် နှူသည်။ နောက်တော့ ဦးကျော်တင့်လက်ထဲ ထိုကျောက်ပါလာတော့သည်။

သူ စကားခံထားသည့် ဝယ်လက်ကို အလွယ်တကူပင် ရောင်းကာ အမြတ်ယူ၍ အချိုကြီးရသွားလေတော့၏။ ထို့ကြောင့် မိုးကုတ်ကျောက်လောကတွင် ရေးကာစာဆိုတစ်ရပ် ရှိသည်။

"မိုးကုတ်ကိုလည်း မမေ့နှင့်၊

ကျော်တင့်ကိုလည်း မမေ့နှင့်"

ဟူသောစကားပင် ဖြစ်လေသည်။ နောက်ထပ်ဆင့်ပွားဖြစ်ပေါ်လာသည့် ကျောက်သမား လူငယ်တို့သည် ဦးကျော်တင့်လက်ထွက် တပည့်များ ဖြစ်ကြသည်က များသည်။

နဂါးစိန်ထွန်းသည်ပင် ဦးကျော်တင့်၏ တပည့်ဖြစ်ဖူးသည်။ ဦးကျော်တင့်ကလည်း ကျောက်လောကတွင် အပ်ကျသည်ကအစ သိသည်။ မောင်ပြေသာသည် ဦးကျော်တင့်က ခေါ်သည်ဆို၍ ဈေးကြီးနားမှ စားသောက်ဆိုင်သို့ ရောက်လာသည်။

ယခုအခါ မောင်ပြေသာမှာ အနောက်တိုင်း ဝတ်စုံနှင့် ပိုက်ဆံအိတ်နှင့် တကယ့် ကျောက်သမားတစ်ဦး ဖြစ်နေလေပြီ။



"ဆရာခေါ်တယ်ဆိုလို့"

"အေး···ဟုတ်တယ်။ မင်းကို ငါတွေ့ချင်လို့ ငါ့ ကျွင်ဟုတ်ကို မှာလိုက်တာ"

ဦးကျော်တင့်မှာ အသားဖြူဖြူ လူပုံချောချောနှင့် ကပ်ဦးထုပ်အစိုကို ဆောင်းကာ ကပ္ပိတန်စီးကရက်ကို ကြိုက်တတ်သည်။

"ရော့···စီးကရက်သောက်"

မောင်ပြေသာသည် စီးကရက်တစ်လိပ်ကို ယူကာ မီးညှိလိုက်သည်။ ဦးကျော်တင့်က ဗီစကီတစ်ပြား ရေခဲနှင့် ဆော်ဒါမှာလိုက်သည်။

"မင်းလည်း နည်းနည်းသောက်"

"မသောက်တော့ပါဘူး ဆရာရယ်။ ဘုန်းကြီးကျောင်းဘားကို အရက်တိုက်နေတယ်"

"အံမာ ခုတော့ သူဌေးဖြစ်နေပြီလား"

"မဖြစ်သေးပါဘူးဗျာ"

"မကြာခင် ဖြစ်မှာပါ။ ငါ မင်းကို သတိပေးစရာရှိလို့ မောင်ပြေသာ"

"ပြောပါ ဆရာ"

"မင်းကို နဂါးစိန်ထွန်းတို့ မကျေနပ်ကြဘူး။ သူ့ဂယ်လတ်ခွေက မင်းဆီ ရောက်ရောက်သွားလို့"

"ကျွန်တော် သိပါတယ် ဆရာ"

"အေး··သိမနေနဲ့ နဂါးစိန်ထွန်းဆိုတာက ရေသူ့ရဲလိုကောင်မျိုး။ သူက စားသောက်ဆိုင်မှာ ထိုင်ပြီး ဗီစကီသောက်ရင်း မင်း ဒုနှိပ်သအောင်နဲ့ ကိစ္စချောအောင် လုပ်တတ်တယ်"

"ဗျာ"

"မဗျာနဲ့ ငါက စကားပြောဖို့အချိန်သိပ်မရဘူး။ ဒီကောင့်နောက်မှာ အရိုက်သမားတွေလည်း ရှိတယ်။ ဒီတော့ မင်း အံစစအရာရာ သတိထားနေပါ"

×××

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်မုန်းလသို့ ရောက်ပြီဆိုလျှင် ကျောက်သမားများသည် တောင်ကြီးတို့ ပင်းတယသို့ ထွက်တတ်ကြလေသည်။ စိန်ထွန်းသည် သူ၏ သူငယ်ချင်း မျိုးတင်ကို လိုက်ရှာလေသည်။ မျိုးတင်က ထုံးစံအတိုင်း စိန်ပွင့် စားသောက်ဆိုင်ရောက်နေသည်။

"ဟေ့ . . . မျိုးတင်"

"ဟာ . . စိန်ထွန်းလားကွ။ အရောင်းအဝယ် ဖြစ်ရဲ့လား"

"အရင်လောက်တော့ မဖြစ်ဘူးကွ။ မင်းတို့အိမ်က ဟိုဘုန်းကြီးကျောင်း သားကြောင့်"

"ဖြေသာလား"

"ဟုတ်တယ်"

"ဖြေသာက အကင်းပဲကွ။ မင်းက ဝါရင့်ကြီးပဲဟာ။ အရောင်းအဝယ် လောကမှာ မင်းက သူ့ကို ဖြုံနေရသလား"

"ဖြုံတာမဟုတ်ဘူး ကိုယ့်လူရဲ့၊ ဒီကောင်က ကျောက်လောကကို နောက်မှရောက်လာပေမယ့် သိပ်အကင်းပါးတဲ့ကောင်။ မင်းညီလား"

"မဟုတ်ပါဘူးကွာ။ ဘာမှ မတော်ပါဘူး"

"အေး . . . ဒါဆိုပြီးရော ဖြစ်လာရင် ငါက မညှာဘူးနော်"

"မညှာနဲ့ကွာ . . . ဖေဖေကလည်း ဒီကောင့်ကို ချီးကျူးလွန်းလို့ ငါ နားကြားပြင်းကပ်တယ်၊ ငါ့ကိုတော့ ကျောက်ပညာ ဘာမှမတတ်ဘူး သုံးမရဘူးလို့ ပြောတယ်"

"အဲဒါ ဒီကောင့်ကြောင့်"

မျိုးတင့်၏ ပခုံးကို စိန်ထွန်းက ပုတ်ကာ ပြောလိုက်သည်။

"မျိုးတင်"

"ဟင်"

"ငါ့နာမည်က နဂါးစိန်ထွန်းနော်။ ငါ့ဇကို မင်း သိပါတယ်"

"သိပါတယ်ကွာ။ မင်းကို ငါ မီအောင် နည်းနည်းသောက်လိုက်ဦးမယ်"

"သောက်ကွာ များများသောက်"



ဝီစကီပုလင်းထဲမှ အရက်များကို ထည့်ကာ မျိုးတင်က ပြောလိုက်သည်။

"မင်းဟာ နဂါးဆိုတဲ့နာမည်ကို လွယ်လွယ်ရလာတာမှ မဟုတ်ဘဲကွာ။ အသာထောင်ထဲက ယူလာရတဲ့ အမည်ပဲ"

နဂါးစိန်ထွန်းက သွေးကြွလာသည်ကို မျိုးတင်က မြှောက်ထိုးပင့်ကော် ပေးလိုက်သည်။

"ဟုတ်တယ် မျိုးတင်။ ငါက မင်းတို့မိသားစုကို အားနာလို့ ဒီကောင့်ကြည့်နေတာ။ ဒီကောင့်ကို ငါက မျက်စိနောက်နေပြီ"

"မျက်စိနောက်ရင် ရှင်းပစ်လိုက်ပေါ့ကွာ"

"အေးပါ . . . မင်း ဒီလိုမီးစိမ်းပြရင်တော့ ငါ ရှင်းလိုက်မှာပေါ့။ မင်းကောင် တန်ဆောင်မုန်းလပြည့်နေ့ ဘယ်သွားမှာလဲ"

"အင်း . . . ဒီကောင် ပင်းတယဘုရားပွဲ သွားလိမ့်မယ် ထင်တယ်"

"သေချာလား"

"ငါ ထင်တာ ပြောတာ။ နီးတော့ ထပ်စွေ့သေးတာပေါ့"

"အေး . . . အေး။ မင်းညီမလေး ခင်ရော နေကောင်းရဲ့လား"

"ကောင်းပါတယ်ကွာ။ မင်းက စကားကောင်းပြောရင်း ဖောက်လာပြီ"

"ငါ တကယ်ပြောတာကွ။ ငါ့မျက်လုံးထဲမှာ ခင်က ပိုပြီးလှလာတယ် ထင်တယ်"

"လှလာတယ်ထင်လည်း ကြိုးစားကွာ။ သူက ကြိုက်ရင် မင်း လာတောင်းပြီးယူ"

မျိုးတင်နှင့် စိန်ထွန်းတို့မှာ ပြောမနာဆိုမနာဖြစ်သောကြောင့် စကား ပြောရင်း တဟားဟား ရယ်မောနေကြသည်။ သူတို့နှင့် မနီးမဝေးတွင် ဦးကျော်တင့် ထိုင်နေသည်ကိုပင် သူတို့ မမြင်နိုင်ကြတော့ပေ။

×××

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီး မီးပုံးပျံပွဲမှာ နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပလေ့ရှိသည်။ မိမိတို့အုပ်စုနှင့်မိမိ ထူးဆန်းသော မီးပုံပွဲများကို လုပ်ကာ လွှင့်တတ်ကြသည်။ တောင်ကြီးမီးပုံးပျံပွဲသို့ မိသားစုနှင့်အတူ မျက်ပွင့်ခင်က ထွက်လာသည်။

"ဟာ…ခင်…လာလည်တာလား"

"ဟုတ်တယ်…ကိုစိန်ထွန်းရော။ ကိုမျိုးတင်နဲ့အတူ လာလည်တာမဟုတ်ဘူးလား"

"ဟုတ်တယ် ခင်ရဲ့"

မီးပုံများမှာ ယုန်ရုပ်၊ ဆင်ရုပ်၊ ဝက်ဝံရုပ် စသဖြင့် လေများပြည့်ကာ အပေါ်သို့ တက်နေကြသည်။ ကြည့်ရှုသူများလည်း ပျော်၍ လက်ခုပ်တီးကာ အားပေးကြသည်။

ပွဲစားကြီး ဦးသာမောင်နှင့် ဒေါ်မြတင်တို့မှာ အနားယူကာ ဆိုင်တစ်ဆိုင်မှာ ထိုင်ကြည့်ချင်သည်။

"ကဲ…သမီး…မောင်စိန်ထွန်းနဲ့ကြည့်ချင် ကြည့်နေချေဦး။ မေမေတို့ဟိုနားက ရှမ်းခေါက်ဆွဲဆိုင်ထဲ ဝင်လိုက်ဦးမယ်"

စိန်ထွန်းသည် မီးပုံးပျံပွဲသို့ စမတ်ကျကျ ဝတ်ဆင်လာရာ မျက်ပွင့်ခင်နှင့် လျှောက်လည်ရန် အနေတော်ဖြစ်သွားသည်။ ဘောင်းဘီအနက်၊ အင်္ကျီအဖြူနက်ကတိုင်နှင့် စိန်ထွန်းက…

"လာ…ခင်။ ဟိုဘက်ကို လျှောက်ကြည့်ရအောင်"

ဟု ခေါ်လိုက်သည်။

"ကျွန်မ ဟိုဘက်မသွားချင်ဘူး ကိုစိန်ထွန်း။ ဒီနားက ကြည့်လို့ကောင်းတယ်"

မျက်ပွင့်ခင်က စိန်ထွန်းကို စိတ်ပျက်စွာကြည့်ရင်း ပြောလိုက်သည်။

"လာပါ ခင်ရဲ့။ ဟိုဘက်မှာ ရောဝဏ်ဆင်ကြီးလုပ်နေတယ်။ ဒီနှစ်ပထမရမယ့်ဆင်လို့ ပြောတယ်။ လူတွေ အံ့သြအောင် တိတ်တိတ်လုပ်နေတာ"

စိန်ထွန်းသည် မျက်ပွင့်ခင် စိတ်ဝင်စားအောင် ပြောလိုက်သည်။ မျက်



ပွင့်ခင်က နှစ်စဉ်ဆင်ရုပ်သည် ပထမရတတ်သည်ကို သိ၍ လိုက်ကြည့်ချင်စိတ်ပေါက်လာသည်။

"တော်တော်ဝေးသလား"

"သိပ်တော့ မဝေးပါဘူး။ ဒီတောင်ကုန်းအကွေ့နဲ့ရင် သူတို့လုပ်စုရှိတာပါပဲ"

စိန်ထွန်းသည် သူဆင်ထားသော အကွက်ထဲသို့ ဝင်လာပြီဖြစ်၍ ဆက်ကာပြောလိုက်သည်။ လကထိန်ထိန်သာနေသောကြောင့် မီးပုံးရောင်များဖြင့် လမ်းများသည် ထိန်လင်းနေ၏။ တောင်ကွေ့လမ်းကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ မျက်ပွင့်ခင်သည်…

"ဒါဆိုလဲ ခဏ သွားကြည့်ကြတာပေါ့"

ဟုဆိုကာ နောက်မှ လိုက်လာလေသည်။ စိန်ထွန်းက ရှေ့မှသွားသည်။ တောင်ကုန်းကွေ့ကို ကျော်သောအခါ မီးပုံးပျံပွဲမှ လူရိပ်တစ်ရိပ်သည် သူတို့ကို ချောင်းကြည့်နေသည်ကို မျက်ပွင့်ခင်က တွေ့လိုက်ရသည်။

ထိုလူရိပ်သည် မျက်ပွင့်ခင်ကို တွေ့သည်နှင့် နောက်မှ မသိမသာလိုက်ပါလာသည်။

"ချော်လဲမယ် ခင်"

တောင်စောင်းအဆင်းတွင် အမှတ်မထင် စိန်ထွန်းက မျက်ပွင့်ခင်ကို သိမ်းကိုင်လိုက်သည်။

"အို…ရပါတယ်။ ကျွန်မ လက်ကို မကိုင်ပါနဲ့"

မျက်ပွင့်ခင်က ပြန်ရုန်းသော်လည်း စိန်ထွန်းက သန်မာသော လက်ကြီးများဖြင့် မိမိရရ ဆုပ်ကိုင်ထားလိုက်သည်။

"ဟင်…ရှင် ဘာလုပ်တာလဲ"

"ခင့်ကို ဒီနေရာ တမင်ခေါ်လာခဲ့တာပဲ။ လာ…ခင် ဒီနေရာမှာ ခင်အော်လို့လည်း မရဘူး။ အော်လို့လည်း လူမကြားတော့ပါဘူး"

စိန်ထွန်းသည် ရှေ့တွင်စောင့်နေသော သူ့လူများရှိရာသို့ မျက်ပွင့်ခင်ကို အကြမ်းဆွဲခေါ်သွားသည်။ ထိုအချိန်မှာပင် နောက်မှလိုက်လာသော လူရိပ်သည်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပါးစွာ ပြေးလာကာ ရေမှလမ်းပိတ်လိုက်သည်။

"စိန်ထွန်း မင်း တော်တော်ယုတ်မာတဲ့ကောင်ပါလား"

"ဟင်"

စိန်ထွန်းမှာ မမျှော်လင့်ဘဲ မောင်ပြေသာကို တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွားသည်။ မျက်ပွင့်ခင်ကို လက်ထဲမှ လွှတ်ပေးလိုက်သော သူ့ခါးထဲမှ ဓားဖြင့် မောင်ပြေသာ၏ရင်ဝကို တစ်ချက်တည်း ထိုးချလိုက်တော့၏။

"အမယ်လေး"

မျက်ပွင့်ခင်က အထိတ်တလန့် အော်လိုက်သည်။

×××

နဂါးစိန်ထွန်းတို့တွင် လက်နက်ပါလာမည်ဟု ယူဆပြီးသား ဖြစ်သည်။ မောင်ပြေသာသည် ကျောက်တူးသမားများဖြစ်သော မောင်စိန်၊ ဖိုးကတုံး၊ မင်းဆက်တို့နှင့် မီးပုံးပျံပွဲသို့ လာခဲ့ခြင်းဖြစ်သည်။

မောင်ပြေသာက မီးပုံးပျံပွဲထက် မိသားစုနှင့် လာမည်ဟုပြောခဲ့သော မျက်ပွင့်ခင်ကိုသာ လူကြားထဲတွင် ရှာနေမိသည်။

မျက်ပွင့်ခင်ကို တွေ့မည့်တွေ့တော့ စိန်ထွန်းက ခေါ်လာသည်ကို လိုက်လာခြင်းအဖြစ် တွေ့ရသည်။ မောင်ပြေသာသည် မျက်ပွင့်ခင်ကို သွေးရိုးသားရိုး ခေါ်လာခြင်း ဟုတ်,မဟုတ် တစေ့တစောင်း လိုက်ကြည့်ခြင်းဖြစ်၏။

သူက ရေမှတားဆီးလိုက်သည်နှင့် ကျောက်ပွဲစားကိစ္စဖြင့် ရန်ညိုးရှိသော မောင်ပြေသာကို တွေ့ရသောကြောင့် ဓားနှင့်ထိုးလိုက်ခြင်း ဖြစ်၏။ မောင်ပြေသာက မောင်စိန် သင်ပေးခဲ့သည့်အတိုင်း ညာဘက်သို့ ခြေတစ်လှမ်း ဘေးတိုက်ဆုတ်ပေးလိုက်ရာ ဓားက ချော်ထွက်သွားကာ နဂါးစိန်ထွန်း အားလွန်သွားသည်။

မောင်ပြေသာက ညွှတ်ထားသော ညာဒူးကိုမကာ အားလွန်လာသည့် နဂါးစိန်ထွန်း၏ နံကြားသို့ပင့်ကာ တိုက်ချလိုက်သည်။

"ဒုတ်"



"အွန့်"

နဂါးစိန်ထွန်းမှာ မချိမဆန့် အော်ဟစ်ကာ လဲကျသွားသည်။ ထိုစဉ်မှာပင် တောင်ကွေ့သစ်ပင်များနောက်မှ ပြေးလာသော ခြေသံများများကို ကြားရသည်။ နဂါးစိန်ထွန်း၏ တပည့်များဖြစ်သော ဝံပုလွေနိုင်းတင်၊ ဓားစဝ်မိုင်နှင့် စိုးအောင်တို့ ဖြစ်သည်။

"ကိုပြေသာ သတိထား"

"ရတယ် ခင်၊ ခင်သာ လွတ်ရာကို ဆုတ်နေပါ"

သတိမေ့သွားသော နဂါးစိန်ထွန်း၏လက်ထဲမှ ဓားကို မောင်ပြေသာက ကောက်ယူလိုက်သည်။

"သတ္တိရှိတဲ့ကောင် လာခဲ့။ အကုန်လုံး အူတွေပွင့်ကုန်မယ်"

ဓားချက်ဖြင့်ဝှေ့ကာ အော်လိုက်၍ ပြေးလာသော စိုင်းတင်တို့မှာ ရှေ့ဆက် မတိုးရဲဘဲ ရပ်တန့်သွားသည်။

"သတ္တိရှိရင် လိုက်ခဲ့ကြ"

မောင်ပြေသာက စိန်ခေါ်လိုက်သည်။ ထိုအချိန်မှာပင် မောင်စိန်၊ ဖိုးကတုံးနှင့် မင်းဆက်တို့သည် တောင်ကုန်းပေါ်သို့ ဆင်းလာကြလေသည်။ သူတို့သည် တောင်ကုန်းအောက်မှ လရောင်ဖြင့် မောင်ပြေသာတို့တိုက်ပွဲကို တွေ့ရသောကြောင့် . . .

"ဘာဖြစ်သွားလဲ မောင်ပြေသာ"

ဟု မေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူး ကိုစိန်။ ဒီမှာ ခင့်ကို လူရမ်းကားတွေက စော်ကားလို့ပါ"

"ဟင် . . . ဘယ်မှာလဲ"

နဂါးစိန်ထွန်းနားသို့ ရောက်လာသူများ ပြန်ထွက်ပြေးသွားကြသည်။

"ဟိုမှာ ခင်ဗျားတို့ လာတာ မြင်လို့ ပြေးသွားကြပြီ"

"ကောင်းတယ် မောင်ပြေသာ။ မင်းလော်ပန်သ ဲကဲ ခေါ်ခဲ့ ဒီကောင်ကို ငါ ပုလိပ်လက်အပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်မှာ တောင်ကြီးသားဖြစ်သည်။ တောင်ကြီးရှိ စော်ဘွားများနှင့် ပုလိပ်ရာဇဝတ်အုပ်များကို မောင်စိန်က အကုန်သိသည်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးလည်း ကျွမ်းကျင်သည်။ မည်သည့်နေရာကနေသွားလျှင် မည်သည့်လမ်းရောက်သည်ကအစ ကျွမ်းကျင်သည်။

"အဲဒါ ကျောက်တွင်းက တွင်းတူးသမားကိုစိန် မဟုတ်လား ကိုပြေသာ"

"ဟုတ်တယ် ကိုယ်က သူတို့နဲ့ ဒီပွဲကို လာခဲ့တာပဲ ခင်။ ခင့်မိဘတွေ ခေါက်ဆွဲဆိုင်မှာ ထားခဲ့လား"

"မဟုတ်ဘူး ကိုစိန်ထွန်းကို မေမေက အထင်ကြီးတယ်လေ။ သိပ်ယောင်းကျွမ်းပေါင်းတွေ မဟုတ်လား။ ခု ကျွန်မကို အဲဒီလူကလည်း ဖျက်ဆီးဖို့ ကြံတာ ကျွန်မ သိပ်ရှက်တာပဲ"

မျက်ပွင့်ခင်သည် အန္တရာယ်မှ လွတ်မြောက်ပြီကို သိပါမှ ရှက်ရွံ့ဝမ်းနည်းလာကာ ငိုလိုက်တော့၏။

"မငိုပါနဲ့ ခင်"

"ရှင် ရောက်လာလို့ပေါ့။ ရှင် မရောက်ရင် ကျွန်မဘဝဟာ မတွေးရဲဘူး။ မေမေတို့သာ သိရင်တော့ အရှမ်းဒေါပွကြမှာပဲ။ ဖေဖေကတော့ ခင့်ကို သတ်ချင်မှာ"

ငိုရင်းဖြင့် မျက်ပွင့်ခင်က ပြောနေသည်။ လက်တစ်ဖက်ကလည်း မောင်ပြေသာကို အားရှိုးတကြီး ဆုပ်ကိုင်ထားသည်။

"ခင်"

"ဘာလဲ ကိုပြေသာ"

"ခင့်မျက်ရည်တွေကို သုတ်ပစ်လိုက်။ ပေါင်ဒါဘူးပါသလား"

"ပါတယ်"

"ဒါဆို ဒီနားမှာ မြန်မြန်လုပ်။ ဒါမှ ခင့်အဖေနဲ့အမေ မရိပ်မိမှာ။ ခင်လည်း အရှက်မကွဲတော့ဘူး။ ကိုစိန်တို့ကိုတော့ ကိုယ်ကပဲ ဘယ်သူမှ မပြောဖို့ ပိတ်လိုက်မယ်။ နို့မို့ဆိုရင် ခင် လူသိခံရပြီး အရှက်ရနေမယ်"



မျက်ပွင့်ခင်သည် မျက်လုံးလေးပြူးကာ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်...ဟုတ်တယ်... ကိုပြေသာ ပြောတာ ကောင်းတယ်။ ဖေဖေသိရင် လူကြားထဲမှာ အဆူခံနေရမယ်"

မျက်ပွင့်ခင်သည် မှန်လေးကို ထုတ်ကာ မျက်ရည်များကြောင့် ပျက်သွားသည့်သနပ်ခါးကို ပေါင်ဒါဖြင့် ဖို့နေသည်။

×××

မီးပုံးပျံပွဲနားရှိ ခေါက်ဆွဲဆိုင်သို့ မျက်ပွင့်ခင်ကို လိုက်ပို့လိုက်သည်။ ဦးသာမောင်နှင့် ဒေါ်မြတင်တို့က မျက်ပွင့်ခင်ကို သူတို့ထံ လိုက်ပို့သော မောင်ပြေသာကို ကြည့်နေသည်။

"မောင်ပြေသာ"

"ဗျာ"

"ဘယ်သူတွေနဲ့ လာတာလဲ"

"ကိုစိန်တို့နဲ့ပါ။ သူနဲ့တွေ့တာနဲ့ ဦးလေးတို့ဆိုင်မှာရှိတယ်ခိုလို့ လာနှုတ်ဆက်တာ"

"အေး...အေး...မောင်စိန်တို့က သဘောကောင်းပါတယ်၊ အသောက်အစားလေးပဲ၊ သူတို့ရော"

"ပရိဘက် ထွက်သွားပါတယ် ဦးလေး"

"ဘာစားမလဲ စားလေကွာ"

"မစားတော့ပါဘူး...ကိုစိန်တို့ စောင့်နေတယ်...ခွင့်ပြုပါဦး"

"သွားပါတော် သွားပါ"

ဒေါ်မြတင်က ခပ်ငေါ့ငေါ့ပြောသည်။ ဦးသာမောင်က ဒေါ်မြတင်ကို လှမ်းကြည့်သည်။

"မင်းကလည်းကွာ ကောင်လေးတွေ့တာနဲ့"

"ဟုတ်တယ်...ကျွန်မ သူ့ကို တစ်စက်မှကြည်မရဘူး။ [illegible] ဖြစ်ရုံရှိသေးတယ်။ မြောက်ကြွမြောက်ကြွနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုပြေသာက မပြောက်ကြွပါဘူး မေမေရဲ့ အရင်လို ရှိုးရိုးအေးအေးပါပဲ"

"ဟုတ်ပါတယ် သမီးရယ်၊ သမီးအမေကတော့ အလကားနေရင်း မျက်စိစပါးမွေးစူးနေတယ်"

"ရှင်တို့သားအဖပဲ ဘုန်းကြီးကျောင်းသားကို ခေါင်းပေါ်တင်ထား။ ဒြော် ဟဲ့ . . . သမီး ကိုစိန်ထွန်းရော"

"သူ့အဖော်တွေနဲ့ တွေ့လို့ လိုက်သွားတယ် မေမေရဲ့"

"ဒြော် . . . သူ့အမေ ရွှေလီမယ်နဲ့တောင် မတွေ့တာကြာပြီ။ သားကြောင်း မာကြောင်း မပြောလိုက်ရဘူး။ ဒီနားရှိသေးလား"

မျက်ပွင့်ခင်သည် ရင်ထဲတွင် ဒိန်းခနဲ မြည်သွား၏။ စိန်ထွန်းက မောင်ပြေသာ၏ နှုးပျံ့ကြောင့် သတိမေ့သွားသည်ကို သူတွေ့ရသည် မဟုတ်ပါလော။

"မရှိလောက်တော့ပါဘူး မေမေရယ်။ သူတို့ယောက်ျားတွေက စားသောက်ဆိုင်သွားကြမှာပေါ့"

"ဟုတ်သားပဲကွာ မင်းကလည်း ရွှေလီမယ်နဲ့တွေ့ချင်လည်း အိမ်သွားလည်ပေါ့"

"ကောင်းတယ် သမီးတို့ကိစ္စလည်း စကားပြောရအောင် ကျွန်မ ရွှေလီမယ်ဆီ သွားရဦးမယ်"

"ဘာကိစ္စလဲ အမေ"

မျက်ပွင့်ခင်က စိုးရိမ်သံဖြင့် မေးသည်။

"ခု သိဖို့မလိုပါဘူးအေ၊ နောက်တော့ သိလာရမှာပေါ့"

"မြတင် မင်း မဟုတ်တာတွေ မလုပ်နဲ့နော်"

ဦးသာမောင်က လှမ်း၍ ဟန့်တားလိုက်လေသည်။

×××

ထိုကိစ္စမှာ မောင်ပြေသာနှင့် မျက်ပွင့်ခင်တို့အတွက် ပိုမိုရင်းနှီးမှုရစေသောအကြောင်းပင် ဖြစ်သည်။ မောင်ပြေသာသည် တောင်ကြီးမြို့ရှိ ပုလိပ်များက



မောင်စိန်၏ တိုင်ကြားမှုကြောင့် နဂါးစိန်ထွန်းတို့ကို ဖမ်းဆီးထားကြ၍ ထိုကိစ္စကို ပို၍ ကျယ်ပြန့်လာလျှင် မျက်ပွင့်ခင်သည် တရားခံကို ဖော်ထုတ်နိုင်သည့် အဓိကသက်သေဖြစ်နေ၍ အမှုကို အမြန်ဆုံးပြီးပြတ်အောင် စီစဉ်ရလေသည်။

ပုလိပ်ရာဇဝတ်အုပ်အား နားလည်အောင် ပြောဆိုပြီးလျှင် သတင်းစာနှင့် စာနယ်ဇင်းများသို့ အသိမပေးရန် ပြောကာ အမှုကို ပိတ်လိုက်လေသည်။ မောင်စိန်နှင့် ရင်းနှီးသော ရာဇဝတ်အုပ်က . . .

"ဒီလိုကောင်မျိုး မထားရဘူးကွ၊ ဒါဟာ မုဒိမ်းကျင့်စည်မှု၊ တရားစွဲပြီး ထောင်ချပစ်ရမှာ"

ဟု ပြောသည်။

မောင်ပြေသာမှာလည်း ထိုကဲ့သို့ ပြုလုပ်သင့်သည်ကို သိ၏၊ သို့သော် အရှက်ကြီးသော မျက်ပွင့်ခင်နှင့် မိုးကုတ်တွင် ဂုဏ်သိက္ခာကြီးမားသော ဦးသာမောင်တို့ မိသားစုကို ထိခိုက်မည်စိုး၍ ဤသို့ အမှုရင်သိမ်းလိုက်ခြင်း ဖြစ်လေသည်။

တောင်ကြီးသို့ မောင်စိန်နှင့် သွားကာ အမှုကိစ္စ ဆောင်ရွက်နေသော မောင်ပြေသာကို မျက်ပွင့်ခင်သည် အိမ်မှ ကြိတ်မျှော်နေ၏၊ အိမ်ထဲတွင်လည်း အလုပ်သမားများရှိသောကြောင့် စကားပြော၍မဖြစ်၊ မောင်ပြေသာ ပြန်လာလျှင်လည်း တစ်နေရာသို့သွားကာ စကားပြောရမည် ဖြစ်သည်။

တိုက်ကြီးအပေါ်ထပ် ပြတင်းတံခါးမှ စောင့်ကြည့်နေသော မျက်ပွင့်ခင်သည် မောင်ပြေသာ ခြံထဲသို့ ဝင်လာသည်ကို တွေ့သည်နှင့် ထိတ်ခနဲ ဝမ်းသာသွားသည်။ သူမသည် အပေါ်ထပ်မှ လှမ်းကာ လက်ပြလိုက်သည်။

သဘောမှာ အိမ်ခြံထဲမဝင်နဲ့ဦးဟု အချက်ပြခြင်းဖြစ်လေသည်။ မောင်ပြေသာကလည်း ခြံတွင်းသို့ မဝင်သေးဘဲ လမ်းမပေါ်ရှိ ဂ ကွိုပင်ရိပ်မှ စောင့်နေလိုက်သည်။ ခဏကြာသောအခါ ခြံထဲမှ "မော့စဘတ်" ကားအနီရောင်လေးဖြင့် မျက်ပွင့်ခင်က ကိုယ်တိုင်မောင်း၍ ထွက်လာသည်။

"တက် . . . ကားပေါ် မြန်မြန်တက်"

ကားရှေ့တံခါးဖွင့်ကာ တက်ခိုင်းသည်၊ မောင်ပြေသာက ကားခေါင်း

www.burmeseclassic.com

www.burmeseclassic.com



သော မျက်ပွင့်ခင်၏ဘေးတွင် ထိုင်ကာ ကားတံခါးကို ဆွဲပိတ်လိုက်လေသည်။

"ကိုပြေသာ ခင် မျှော်နေတာ ကြာလှပြီ"

"အိမ်ထဲမှာပြောလည်း ရတာပဲ"

"အိမ်ထဲမှာဆိုတော့ စကားပြောရတာ မလွတ်လပ်ဘူးလေ။ ဦးခန်းလုံ ရဲ့လူတွေ သိသွားရင်လည်း မကောင်းဘူး မဟုတ်လား။ စားသောက်ဆိုင်တစ်ခုခု မှာ အေးအေးဆေးဆေး စကားပြောရတာ ပိုကောင်းတာပေါ့"

"ဟုတ်တယ် ခင်။ ကိုယ်လည်း ဘာမှမစားရသေးဘူး"

"ဒါဆို အတော်ပဲပေါ့။ ဘယ်ဖိုလဲ ဟိုလူတွေကိစ္စ အဆင်ပြေရဲ့လား"

"ပြေပါတယ်။ ကိုယ်တို့ဘက်ကသာ မပြေဖို့ရှိတာပဲ။ ကိုယ်တို့ မကျေ နပ်လို့ တရားစွဲရင် ဒီကောင်တွေက ထောင်ကျမှာ မဟုတ်လား"

"ဟုတ်တယ်...ခင် တစ်ခါတစ်ခါ တရားစွဲပြီး ထောင်ချပစ်လိုက်ချင် တယ်။ သူတို့ရန်က နို့မို့မအေးဘူး။ ထောင်သုံးလေးနှစ်ကျသွားရင် အေးရော"

မျက်ပွင့်ခင်က မိန်းကလေးပီပီ ဒေါသသံဖြင့် ပြောသည်။

"ခင်ပြောတာ ဟုတ်တာပေါ့။ ခင်က တိုင်ချက်ဖွင့် တရားစွဲရင် ဦးလေး တို့ ဒေါ်ဒေါ်တို့လဲ သက်သေအဖြစ် လိုက်ရမှာပေါ့။ သတင်းစာထဲပါတော့ အားလုံး အရှက်ကွဲရော"

တောင်ကုန်းပေါ်ရှိ ထင်းရှူးပင်ရိပ်များရှိရာ ရှမ်းတို့ဟူးဆိုင်လေးဘေးတွင် မျက်ပွင့်ခင်က ကားကို ရပ်လိုက်လေသည်။

×××

"အဲဒါကြောင့် ခင်အောင့်နေရတာပေါ့ ကိုပြေသာ၊ သူတို့က ကိုပြေသာ ကို ကျေနပ်မှာ မဟုတ်ဘူး။ ပြီးတော့ ပြောစရာတွေ ရှိသေးတယ်"

"ဘာများလဲ ခင်"

"အဲဒီစိန်ထွန်းဆိုတဲ့ကောင်ရဲ့ အမေနဲ့ ခင့်အမေက ငယ်ငယ်က ကျောင်း နေဖက် သူငယ်ချင်းတွေ"

"ဟုတ်လား"



"ဟုတ်တယ်...အဲဒီစိန်ထွန်းရဲ့အမေက ရွှေငွေပိုမှာလှစ်တဲ့ မယ်အွဲ့ရှလို့ ရွှေလီမယ်လို့ နာမည်ကြီးနေတာ၊ မာနကြီးလိုက်တာလဲ လွန်ရော ကိုပြေသာ"

"တော်တော် ရင်းနှီးကြသလား"

"ရင်းနှီးတာပေါ့။ ရွှေလီမယ် နန်းမြမြက သူ့သားစိန်ထွန်းနဲ့ ခင့်ကို သိပ် သဘောတူတာ၊ ရွှေချင်းထပ်မြတ်တယ်ဆိုပြီး ပေးစားချင်နေတာ၊ သူတို့ကလည်း ရှေးက တွင်းရိုးစားတွေလေ"

"ဩော်...ဒါဆို ကိုယ်တောင် အပြစ်ဖြစ်နေပြီလား မသိဘူး"

မောင်ပြေသာက စားသောက်ဆိုင်ထောင့်ရှိ ထိုင်ခုံလေးတွင် ခင်နဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်ရင်း ထိုသို့ပြောဆိုလိုက်၏။

"အို...ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ မိဘချင်း သဘောတူတာပဲ၊ ကိုယ်က ကြားထဲက ဝင်ရှုပ် သလို ဖြစ်နေမှာပေါ့ ခင်ရဲ့"

မျက်ပွင့်ခင်က ခေါင်းခါလိုက်သည်။

"ဒီလိုလဲ မဟုတ်သေးဘူး ကိုပြေသာရဲ့ ဖေဖေက နန်းမြမြတို့နဲ့ သူ့ သားသမီးတွေကို နဂိုထဲက သိပ်ကြည့်မရတာ"

"ဘာဖြစ်လို့လဲ"

"ခေတ်ဆန်လို့လေ သူတို့က မန္တလေးက မြို့အုပ်တို့ အရေးပိုင်တို့နဲ့ သွားတွေ့ပြီး ပါတီပွဲတွေတက်တာကို ဖေဖေက မကြိုက်ဘူး ဖေဖေက အင်္ဂလိပ် အစိုးရကို သိပ်မုန်းတာ"

ထိုနေရာ၌ မျက်ပွင့်ခင်သည် အသံကိုနှိမ့်ကာ ခပ်တိုးတိုးပြောသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရက အုပ်ချုပ်နေစဉ်ကာလဖြစ်ရာ လွတ်လပ်ရေး မရသေးချေ။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေး အတွက် ပြည်နယ်နှင့်ပြည်မ ပူးပေါင်းရန် လှည့်လည်တရားဟောနေချိန်လည်း ဖြစ်သည်။

ပွဲစားကြီး ဦးသာမောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့လွတ်လပ် ရေး တိုက်ပွဲဝင်သူများကို အထူးလေးစား၍ ထောက်ခံပြောကြားလည်း လှူဒါန်းသူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ဖြစ်သည်။

"ဟာ…ဒါဆို ဦးလေးနဲ့ ဒေါ်လေးနဲ့က ဒီကိစ္စမှာ သဘောထားကွဲလွဲနေတာပဲပေါ့"

"ဟုတ်တယ် ကိုပြေသာ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဖေဖေဟာ နောက်ဆုံးတော့ မေမေ့ဆန္ဒကို လိုက်လျောမှာပဲ"

"ဘာဖြစ်လို့ လိုက်လျောရမှာလဲ ခင်ရဲ့"

"သားရေးသမီးရေးကို မေမေက ငယ်ငယ်ကတည်းက စီစဉ်ဆောင်ရွက်နေတာပဲလေ။ ဖေဖေက အပြင်မှာ အလုပ်လုပ်နေတာက များတာကိုး။ အလုပ်သမားတွေကိစ္စ၊ အိမ်ပြင်ကိစ္စက များတာကိုး။ အလုပ်သမားတွေကိစ္စ၊ အိမ်ပြင်ကိစ္စက ဖေဖေ့တာဝန်"

သူတို့မှာထားသော ရှမ်းတို့ဟူးနှင့် တို့စရာ ဝက်ခေါက်ပွကြော်များ၊ ရှမ်းချဉ်များ ရောက်လာသည်။

"ကဲ…စားပါဦး ကိုပြေသာ၊ ကျွန်မက စကားတွေ ပြောနေတာနဲ့ ရှင်လည်း ဆာလှရောပေါ့"

"ရပါတယ်"

မောင်ပြေသာသည် ရှမ်းတို့ဟူး၊ ရှမ်းခေါက်ဆွဲတို့ကို မူလက မကြိုက်။ ယခုတော့ သူသည် ကောက်ညှင်းနှင့်တူသော ဆန်နှင့်ရှမ်းထမင်းချဉ်ကိုပါ ကြိုက်နှစ်သက်နေပြီ ဖြစ်သည်။

စားကောင်းသောကြောင့် နောက်ထပ် ရှမ်းခေါက်ဆွဲတစ်ပွဲကိုပါ မှာစားလိုက်လေတော့သည်။ မျက်ပွင့်ခင်ကြောင့် သူ့စိတ်မှာ လေးလံနေသည်။

×××

"ဒါဆိုရင် ကိုယ်တို့မှားသွားပြီ ခင်"

"ဘာမှားတာလဲ"

"စိန်ထွန်းကို တရားစွဲလိုက်ရမှာပေါ့။ ဒါမှ ခင့်မေမေက လူရမ်းကားမှန်း



သိမှာ"

မျက်ပွင့်ခင်ထံမှ တိုးတိုးတိတ်တိတ် ရယ်သံ ထွက်လာသည်။

"ကိုပြေသာက မေမေ့အကြောင်းမှ မသိသေးဘဲနော်။ မေမေက လူတစ်ယောက်ကို လွယ်လွယ်နဲ့များ သူ့စိတ်ထဲက ထုတ်ပယ်မယ်ထင်လို့လား။ ဒီလိုလုပ်လိုက်လို့ အောင်မြင်သွားရင် မေမေက မြန်မြန်ပေးစားလိုက်မှာ။ ဒါကို သိလို့ စိန်ထွန်းက ကြံစည်တာပဲပေါ့"

"ဦးလေးက သိရင်တော့ ဒီလို စော်ကားတာ ခံမှာမဟုတ်ဘူး"

"ဟုတ်တယ် ဖေဖေကတော့ တရားစွဲတာကို အားပေးမှာပဲ။ ဒါပေမယ့် အရှက်ကွဲရတာကိုတော့ ဖေဖေက ကျေနပ်မှာ မဟုတ်ဘူး"

သူ့ပခင်ပြောသကဲ့သို့ပင် အရှက်ကွဲခံရသည်ကိုတော့ မည်သို့မျှ ကျေနပ်နှစ်သက်မည် မဟုတ်ချေ။

"အဲဒါ ခက်တာပဲ။ သူတို့ကလည်း စော်ကားသေးတယ်။ ပြီးတော့ တရားကလည်း ပြန်စွဲချင်ရသေးတယ်"

"ဟုတ်ပ"

မကျေမနပ်ဖြင့် ပြောဆိုရင်း ရှမ်းခေါက်ဆွဲများ တစ်ပွဲပြီးတစ်ပွဲ စားနေခဲ့၏။ အမှန်တော့ မောင်ပြေသာမှာ မျက်တောင်စင်းနေသောကြောင့် ဒေါကြည့်နေရာမှ…

"ကိုပြေသာ"

ဟု ခေါ်လိုက်သည်။

"ဟင်"

"ကိုပြေသာ ဘာတွေပြောပြီး ဘာတွေစားနေဘာလဲ"

"ဘာတွေပြောမိမှန်းလဲ မသိပါဘူး။ ပြီးတော့လဲ ဘာတွေစားနေမိမှန်းသေိပါဘူး"

"အို…ကြည့်ပါလား"

"ဘာလဲ မျက်ပွင့်ခင်ရဲ့"

"ဟော…လုပ်ပြီ။ လူလည်းခေါ်ချင်သလို ခေါ်နေတော့ဘာပဲ။ ကိုပြေ

www.burmeseclassic.com

www.burmeseclassic.com



သာ တော်တော်အိပ်ချင်နေသလား"

"အင်း...အိပ်ချင်တယ်ထင်တယ်"

စကားအဆုံးမှာပင် မောင်မြေသာသည် စားပွဲပေါ်သို့ ခေါင်းလှဲချကာ အိပ်ပျော်သွားလေတော့၏။ မောင်မြေသာကို ကြည့်ကာ မျက်ပွင့်ခင်မှာ ရယ်ရခက် ငိုရခက် ဖြစ်သွားသည်။

"ဟွန်း...သူပဲ အမျိုးမျိုးပြောပြီး အိပ်ချင်တော့လည်း ချက်ချင်းပဲ။ ဘာမှတောင် စကားပြောလို့ မရတော့ဘူး"

အလွန်အိပ်ချင်နေသည့် မောင်မြေသာ အိပ်ပျော်သွားသောကြောင့် မျက်ပွင့်ခင်မှာ ထိုင်စောင့်နေရသည်။ မောင်မြေသာသည် အလွန်အိပ်ချင်၍ အိပ်ပျော်သွားသောကြောင့် ဟန်ပင်မဆောင်နိုင်တော့ချေ။

"အင်း...အိပ်ပျော်တော့လည်း ဘာမှပြောလို့မရတော့ပါလား"

မောင်မြေသာက ဟောက်လျက် ကောင်းကောင်း အိပ်မောကျနေလေတော့သည်။ သူသည် လူတစ်မျိုးဖြစ်၏။ အိပ်ချင်လာလျှင် ဟန်ဆောင်၍မရ။

အတော်ကြီးကြာတော့မှပင် မောင်မြေသာသည် အိပ်ရာမှ နိုးလာသည်။ သူသည် မျက်နှာကိုသစ်ကာ ဘာမှမဖြစ်သကဲ့သို့ပင်။

"ဟာ...ဘယ်လိုလဲ စောင့်နေတုန်းပဲလား"

မောင်မြေသာက အံ့သြ၍ မေးလိုက်သည်။

"စောင့်နေရတာပေါ့ရှင်...ရှင်က ကာလနဂါးဖြစ်နေတာကိုး"

"အိုး...စိတ်မရှိပါနဲ့ဗျာ။ သိပ်အိပ်ချင်လို့ပါ"

မောင်မြေသာက ကလေးငယ်တစ်ဦးလို ခပ်အေးအေးပင် ပြောသည်။

"ရပါတယ်ရှင်"

"ကဲ...ဘယ်နှစ်နာရီရှိနေပြီလဲ"

"သုံးနာရီကျော်နေပြီရှင့်"

"ဟာ"

မောင်မြေသာ အံ့အားသင့်သွားလေတော့၏။

×××



မောင်မြေသာမှာ ရိုးသားသော စိတ်ရှိသည်။ သူသည် အလွန်ရိုးရိုးသားသားပင် ပြုမူတတ်ပါသည်။ မညီသည့်အခါမျှ လှည့်စားခြင်း၊ လိမ်ညာခြင်းကို မပြုတတ်ပါ။

ထိုသို့မပြုတတ်ခြင်းသည်ပင် ရိုးသားခြင်းဖြစ်ရာ မောင်မြေသာကို အစစအရာရာ အားနာနေရလေတော့သည်။ မောင်မြေသာက...

"ကျွန်တော် ပြုလုပ်ခဲ့တဲ့ အလုပ်တွေထဲမှာ ဘာများပြောစရာရှိလဲ"

ဟု မေးတတ်သည်။ မောင်မြေသာက မရှိပါ၊ အေးအေးဆေးဆေး နေတတ် ပြောတတ်သော မောင်မြေသာသည် ပြဿနာဟူ၍လည်း ဘာမျှမရှိပါ။

သို့သော် မောင်မြေသာ့စိတ်ထဲ၌ စွဲမြဲနေသည်မှာ စိန်ထွန်းသည် ရိုးရိုးသားသားဖြင့် ပြဿနာကို ပြုလေ့ရှိသူ မဟုတ်။

မရိုးမသား ပြုမူလေ့ရှိရာတွင် စိန်ထွန်းမှာ ညည်းညူ ရပ်တွင်မဆို မမှန်မကန်လုပ်တတ်ကြောင်း သိရှိတော့ခြင်းပင် ဖြစ်တော့၏။

"ဒီမှာ ဒေါ်နန်းမြမြ။ ကျွန်တော်တို့က မကျေနပ်ရင် ပြောင်ပြောင်ပဲ ပြောတတ်တယ်။ သိပ်လှည့်လှည့်ပတ်ပတ်တော့ မလုပ်တတ်ဘူး"

"အို...ကျွန်မတို့ကရော ဘာတွေများ လှည့်ပတ်နေမိလို့လဲ"

ဦးသာမောင်မှာ စကားပြောရင်း ဒေါပွလာလေတော့သည်။

"ဘာကို မကျေနပ်ရမှာလဲ ဒေါ်နန်းမြမြရဲ့။ ခင်ဗျားတို့က မဟုတ်ရင် မဟုတ်ဘူး ပြောတာမဟုတ်ဘူး။ မဟုတ်တာကို အဟုတ်လုပ်ပြီးတော့ ပြောတယ်၊ ဒါကို ကျုပ် လုံးလုံးမကြိုက်ဘူး"

ဒေါ်နန်းမြမြ၏အသံမှာ တစ်စထက်တစ်စ မာကျောလာသည်၊ အကယ်လည်း မကျေမနပ်ဖြစ်ကာ ဒေါပွနေသည့် သဘောပင် ဖြစ်တော့၏။

"ကဲ...ခုဖြစ်တဲ့ကိစ္စကိုပဲကြည့်။ ဒါဟာ ဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလားဆိုတာ အရှင်းကြီးပဲ"

"ဒီမှာ ကိုသာမောင်။ ကျွန်မ ပြောပါရစေဟော့ ရှင့်လ...ချိန် တန်းက ရပ်ရင်ကောင်းပြီ။ ရွှေလီမယ်က သိပ်ပြီးတော့ ... မပြောချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရွှေလီမယ်"

"ရှင်"

"မင်းစကားပြောရင်း လွန်လာပြီနော်။ သိပ်အလွန်အကျွံမပြောရင် ကောင်းမယ်"

ထိုအသံမှာ ဦးသာမောင်၏အသံပင်ဖြစ်သည်။ ဦးသာမောင်သည် မည်သည့်ကိစ္စဟု ရေရေရာရာ မသိသော်လည်း မဟုတ်မမှန်သည့် ကိစ္စတစ်ရပ်ကို ပြုမူနေကြောင်းကား သိသာထင်ရှားနေ၏။

"ဒီမှာ ကိုသာမောင် ရှင်က ဘာသိလို့လဲ"

ရင်းနှီးသူချင်း ဖြစ်သောကြောင့် ရွှေလီမယ်က အနုစ်နာမခံပေ။

"ဘာသိရမှာလဲ။ ငါက မသိချင်ယောင်ဆောင်နေတာ။ မင်းတို့သားက အလိုက်မသိဘဲ စော်ကားနေတာ။ ငါ ဘာမှမပြောချင်လို့ ကြည့်နေတာ။ နားလည်ပြီလား"

"ဟင်"

"အို"

ထိုအခါတွင်မှ အားလုံး အံ့အားသင့်သွားသည်။ မည်သူမျှ အသံမထွက်တော့။ ဒေါ်မြတင်ကမူ ခင်မင်သူဖြစ်၍ လုံးလုံးလျားလျား ကျေနပ်ပုံကား မပေါ်။

"ငါ မပြောချင်ဘူး။ မပြောချင်လို့ ကြည့်နေတာ။ စိန်ထွန်းဆိုတာ ဘာကောင်လဲ။ အလကားဘိန်းစား။ ဘာမှရေရာတာ မဟုတ်ဘူး။ ဒါတောင်မှ သူက စကားကြီး စကားကျယ်ပြောချင်သေးတယ်"

"အမယ်လေး စိန်ထွန်းရဲ့ နင့်ကို ပြောရက်လိုက်တာ။ တစ်ခုမှ ရစရာ မရှိတော့ပါလား"

"ငို…ငို…သေအောင်ငို။ ကျုပ်ကလည်း အရှက်ကွဲမခံချင်လို့ ကြည့်နေခဲ့တာပဲ။ ဒါမျိုးတော့ ဘယ်ကြိုက်မလဲ"

"ကဲ…တော်ကြပါတော့ ဖေဖေရယ်"

ရန်ပွဲမှာ တိုတိုနှင့်ပင် ပြီးပြတ်သွားသည်။

×××



သို့သော် ကျေတော့မကျေနပ်ကြပါ။ အဘယ်မှာ ကျေနပ်ပါမည်နည်း။ မတရားကျူးကျော်စော်ကားသည်ဟု ရိုပ်ဖမ်းသံဖမ်း သိသွားသော ဒေါ်မြတင်မှာ ဟက်ဟက်ပက်ပက် မပြောရဲသော်လည်း စိတ်ထဲတွင်တော့ တစ်ခုခု ခိုးလုခုလု ဖြစ်သွားသည်ကား အမှန်ပင်။

ဦးသာမောင်ကတော့ အကင်းလည်း ပါးသည်။ လူရည်လည်း လည်သည်။ သူ့ကို တော်ရုံလှည့်၍ပတ်၍ ရမည့်သူ မဟုတ်ပေ။ ထို့ကြောင့် သူသည် စကားပြတ်သည်နှင့် ခပ်တည်တည်ပင် နေလိုက်လေတော့သည်။

"ကဲ…နေကြပါဦး။ နေကြပါဦး"

မျက်စိပျက် မျက်နှာပျက်နှင့် ဦးသာမောင်ကို လက်နှစ်ဖက်ကာကာ ဒေါ်မြတင်က ပြောသည်။

"ဘာနေရမှာလဲ။ ဒီကောင် လူကောင်းမှ မဟုတ်ဘဲ။ သမီးကို စော်ကားဖို့ ကြံစည်တယ်လေ။ ငါက ဒါမျိုးသည်းခံရမှာလား"

"ရှင်"

"ရှင်မနေနဲ့ အဲဒါအမှန်ပဲ။ ငါ ဒေးနဲ့မထိုးလိုက်ရကာများကွာ ဟင်း"

ဦးသာမောင်မှာ သမီးကိစ္စနှင့်ပတ်သက်၍ အလွန်ပင် ဒေါသထွက်နေလေသည်။

"တော်ပြီ…တော်ပြီ…ကျွန်မ နားလည်ပြီ။ ဘာမှမပြောတော့ဘူး"

"အေး…မပြောတာပဲ ကောင်းတယ်။ ပြောရင်လည်း လူသတ်မှုဆက်ဖြစ်ရုံပဲ ရှိတယ်။ ဒါပဲ"

ဦးသာမောင်က ပါးစပ်ပိတ်သွားသည်။ မျက်ပွဲ့ခင်က ရှက်လွန်းသောကြောင့် တဟင့်ဟင့်နှင့် ငိုယိုနေလေသည်။

သူမသည် ဖခင်က ထိုကိစ္စ သိသွားပြီဆိုသောကြောင့် ရှက်လွန်း၍ မျက်နှာကိုပင် အုပ်ကာ ငိုချလိုက်လေသည်။

မောင်ပြေသာသည် မရဲတရဲဖြင့် အိမ်ပေါ်တက်လာလေသည်။

"လာကွာ မောင်ပြေသာ"

"ဟုတ်ကဲ့"

www.burmeseclassic.com



"မင်း ဘာမှမပြောပေမယ့် ငါတို့ အကုန်သိပါတယ်။ ဒီတော့ ဒီနေ့က စပြီး စိန်ထွန်းဆိုတဲ့ကောင် ခွေးမျိုးကို အိမ်ပေါ်အဆင်းအတက် မလုပ်စေနဲ့တော့။ ငါ့စိတ်ကိုလည်း ငါ ထိန်းနိုင်မှာ မဟုတ်ဘူး"

ဦးသာမောင်၏ ပေါက်ကွဲမှုမှာ ပြင်းထန်လွန်းလှသည်။ မည်သူမျှ တားဆီးပိတ်ပင်၍ရမည်မဟုတ်ကြောင်းကို မောင်ပြေသာ သိ၏။

"ကျွန်တော် တစ်ခုပြောပါရစေ"

"ပြောကွာ"

"ဒီလိုအချိန်မှာ ဘာသံမှ မထွက်တာကောင်းပါတယ် ခင်ဗျာ။ အသံထွက်ရင် ကိုယ့်ဘက်ကပဲ အရှက်ရဖို့ရှိပါတယ်"

"ဒါကြောင့်ပေါ့ကွာ"

အသံများက တိုးသွားသည်။ ဆက်၍ပြောခြင်းဖြင့်လည်း မသင့်တော့။

ဦးသာမောင်သည်လည်း ဘာစကားမျှ မပြောချင်တော့ပေ။

"ခင်"

"ရှင်"

"အိပ်လိုက်ပါ ခင်။ သွားအိပ်တော့။ ဦးလေး သိပ်ဒေါသထွက်လာရင် မကောင်းဘူး"

မောင်ပြေသာက စကားနည်းရန်စဲသဘောဖြင့် မျက်ပွင့်ခင်ကို ချော့မော့ကာ အိပ်ရာဝင်နိုင်းလိုက်သည်။ ဒေါ်မြတင်ကတော့ ထိုစကားကို မကျေနပ်ချေ။

"အောင်မာ. .သူက လူတွင်ကျယ်လုပ်လို့ အိမ်ချင်မှ အိပ်မှာပေါ့တော်"

ဒေါ်သပ္ပာသည်က ခက်သည်။ အကောင်းပြောသော်လည်း အကောင်းမထင်တတ်။ ထို့ကြောင့် ဒေါ်မြတင်သည် မောင်ပြေသာအား မည်သည့်စကားမျှ မပြောတော့ပါချေ။

×××



ထိုရက်ပိုင်းအတွင်း၌ ဝမ်းနည်းစရာအကောင်းဆုံးကိစ္စမှာ မျက်ပွင့်ခင်နှင့် ပတ်သက်သောကိစ္စပင် ဖြစ်တော့သည်။ မျက်ပွင့်ခင်၊ ဒေါ်မြတင်နှင့် ဦးသာမောင်တို့က စိတ်မကောင်းဖြစ်နေသလောက် စိန်ထွန်းကတော့ ဟဟားဟား ရယ်နေလေသည်။

"ဟား. . .ဟား. . .ဟား. . .ကောင်းတယ်။ မင်းက ကိုယ့်အပြစ်ကိုယ်ခံရတာပဲ စိန်ထွန်း"

မျက်ပွင့်ခင်အား မီးပုံးပျံပွဲတွင် ထိုကဲ့သို့ ကြုံရသည်ကို စိန်ထွန်းက ရွှင်ပြောလိုက်၏။

"မျိုးတင် ငါက သပ်သပ်အလည်သွားတာပါကွာ။ ခင့်ကို တွေ့တော့မှ စိတ် အဲဒီလိုပြောင်းသွားတာ"

"ဘယ်လိုလဲ ငါ့ညီ။ မောင်ပြေသာရဲ့ လက်သီးက တော်တော်လက်သံပြောင်ရဲ့လား"

"လက်သီး မဟုတ်ဘူးကွ။ ဖူး. . .ဖူး"

စိန်ထွန်း၏ မျက်နှာက တည်သွားသည်။ သူတို့နှင့်အတူ ထိုင်နေသော [illegible]အောင်က. . .

"ဟာ. . .ဒူးပျံ့ကတော့ ဘယ်လောက်ပြင်းသလဲ မပြောနဲ့။ သုံးရက် [illegible]ဘက် ဒီကောင် အိပ်ရာထဲက မထနိုင်ဘူး"

ဟု ပြောသည်။

"ငါကတော့ ကြားနေပဲကွာ။ မင်းတို့ဖြစ်တဲ့ ပြဿနာကြားထဲ သိပ်မပါ[illegible]ဘူး။ ခုတောင် ငွေဖြုန်းလို့ဆိုပြီး အိမ်က သိပ်မကြည်ဘူးကွ"

မျိုးတင်ကလည်း သူ့အခြေအနေနှင့်သူ ဖြစ်သည်။ အိမ်န[illegible]ပြဿနာ[illegible]ရန် ကြည့်နေရသည်။ ဦးသာမောင်က သူနှင့်မျက်နှာချင်းဆိုင်မရ။

"အလုပ်မရှိ အလုပ်ရှာ ကျောက်ခဲလေးဘာလေးတော့ နားလည်[illegible] [illegible]သင်ဘူး။ လမ်းတကာလျှောက် အရက်သောက်ဖို့လောက်သိတဲ့ [illegible]"

ဦးသာမောင်က မျိုးတင်ကို ထိုသို့ သတ်မှတ်ထားသည်။ [illegible]တင်က [illegible]သုံးစရာမရှိလျှင် ဒေါ်မြတင်ဆီသို့ ခေါင်းငုံ့ကာ တောင်းသည်။ ဒေါ်မြတင်

www.burmeseclassic.com



ဆီက ငွေရလျှင် တော်ရုံအိမ်မပြန်တော့။

"မျိုးတင်"

"ဟေ"

"ခု မင်းအိမ်မှာ မနေရတာလည်း အဲဒီကောင် ပြေသာကြောင့်ပဲကွ"

စိန်ထွန်းက သူ့ဘက်လှည့်လာသောမြားကို မျိုးတင်ဘက်သို့ လွှဲပေးလိုက်သည်။

"ဟေ...ဘာဖြစ်လို့လဲကွ"

"ဟာ...ဒီကောင်က သူ့ကိုယ်သူ ကျောက်သမားဆိုပြီး အရောင်းအဝယ်ဖြစ်လာတော့ မင်းကို အိမ်က ပိုပြီးကြည့်မရဘူးပေါ့။ ဒီကောင်ဟာ မင်းဘဝမှာလည်း အနှောင့်အယှက်ပဲ မျိုးတင်"

မျိုးတင်သည် သူ့နဖူးကို လက်ညှိုးနှင့်ထောက်ပြီး စဉ်းစားသည်။ မျိုးတင်သည် မျက်ပွင့်ခင်လောက်ပင် (၇) တန်းပညာမရှိ။ သူသည် သုံးလေးတန်းနှင့် ကျောင်းထွက်ကာ ပေစောနေသူ ဖြစ်လေသည်။

"ဖြစ်နိုင်တယ်...စိန်ထွန်း မင်းပြောတာ အများကြီးဖြစ်နိုင်တယ်"

အရက်မူးမူးဖြင့် မျိုးတင်က လက်ခံလိုက်လေသည်။

"ဒီလိုပဲ ကိုမျိုးတင်ရ။ လူဆိုတာ အတူတူနေရင်း တစ်ယောက်က သိပ်ကောင်းနေရင် တစ်ယောက်က နေရင်းထိုင်ရင်း လူဆိုးဖြစ်သွားတာပဲ"

ဝံပုလွေစိုင်းတင်က မီးလောင်ရာလေပင့်လိုက်လေသည်။

မျိုးတင်မှာ သိပ်စဉ်းစားဉာဏ်ရှိသူ မဟုတ်။ သူငယ်ချင်းများပြောသောစကားကို နားယောင်တတ်သူ ဖြစ်သည်။

"ဒီကောင့်ကို မင်းတို့ ဘာလုပ်ချင်လဲ"

မျိုးတင်က လက်ညှိုးလေးကွေးကာ ဆန့်ကာ မေးလိုက်သည်။

×××

"မင်းအဖေရဲ့ အချစ်တော်လေးပဲ မျိုးတင်။ တို့က ဘာလုပ်လို့ရမှာလဲ"

စိန်ထွန်းက လူပါးလူနပ်ဖြစ်၍ စကားကို လှျိုကာ ပြောလိုက်သည်။



"ဒီမှာ ပြေသာက ငါ့ကို မကျော်ရဲပါဘူးကွာ။ ဒီကောင်က သူဟာသူ ဘာကြီးဖြစ်နေနေ အိမ်မှာဆိုရင် ငါက သေဆိုသေ ရှင်ဆိုရှင်ပဲ"

အရက်သမားတို့သဘာဝ မျိုးတင်က သူ့ကိုယ်သူ သူငယ်ချင်းများရှေ့တွင် ဂုဏ်ယောင်ကာ ပြောလိုက်သည်။

"ငါတို့က မင်းရဲ့ကောင် ပြေသာကို နည်းနည်းတော့ ဆုံးမချင်တယ်ကွာ။ ဒါမှ ကျောက်လောကမှာ ငါတို့ကို ရိုသေခန့်ညားမှာ"

"တကယ်ပြောတာလား"

"တကယ်ပြောတာ"

"ကောင်းပြီ...ပြေသာကို ငါ ခေါ်လာခဲ့မယ်။ ဒီကောင့်ကို မင်း ယဉ်ကျေးသွားအောင် ဆုံးမလိုက် ဟုတ်ပြီလား"

"ကောင်းတာ ...နောက်ကို ငါ့ဝယ်လက်တွေကို သူ မမြှုဆွယ်ရဲအောင်ပေါ့ကွာ"

နဂါးစိန်ထွန်းက စိတ်ဓာတ်တက်ကြွလာသံဖြင့် ပြောသည်။

"နေဦးကွ"

"ဘာလဲ"

"ပြေသာက ဒီလိုနေရာတွေကို လာလေ့ရှိတာမဟုတ်ဘူး။ သူက ကိုမျိုးတင် ကျွန်တော် မလိုက်ဘူးဗျာ။ ဒီလိုပြောရင် ဘယ်လိုလုပ်မလဲ"

မျိုးတင်က အရက်သမားပီပီ စကားကို ဝေ့လည်ချာပတ်လုပ်နေသည်။

"ဟေ့ကောင် ခေါ်သာခေါ်ခဲ့ပါကွာ။ မိုးကုတ်ဆိုတာက ရဟ နာမြေကွ။ ဒါဟာ ခွာချင်တိုင်းလာခွာလို့ရတဲ့ နယ်မြေမဟုတ်ဘူး"

နဂါးစိန်ထွန်းက စိတ်မရှည်သံဖြင့် ပြောလိုက်လေသည်။ ဝံပုလွေ စိုင်းအောင်က...

"အပိုတွေ မပြောနဲ့ကွာ။ တို့ ဒီရွှေပေါက်ဆိန်ဆိုင်က ဘယ်နေ့ခေါ်လာမလဲ ပြော"

"ဟ သံပက်တင်းပေးလိုက်သည်။ မျိုးတင်က ဒ ရ [illegible]

"ဟော့ကောင်တွေ မင်းတို့က ချက်ချင်းကြီးပဲလား ဘ

www.burmeseclassic.com



ဟု ပြန်ပြောနေသည်။

"ကဲပါကွာ...တနင်္ဂနွေနေ့မှ လုပ်ပါ။ အဲဒီနေ့ဆို ဒီကောင် အားတယ် မဟုတ်လား"

"အင်း...အားတယ်ဆိုပါတော့။ အဲဒီနေ့ဆိုရင် သူ ခင်နဲ့တင်းနစ်ရိုက် တတ်တယ်ကွ။ အိမ်ဘေးက ကစားကွင်းမှာ"

"အေး...ဒါဆို ဒီလိုလုပ်"

မျိုးတင်၏ နားနားသို့ကပ်ကာ စိန်ထွန်းက အကြံပေးစကား ဆိုလိုက်သည်။ မျိုးတင်က ခေါင်းတညိတ်ညိတ်လုပ်နေ၏။

ကျောက်ရောင်းဝယ်သူများနှင့် ချိန်းဆိုထားမှုမရှိလျှင် တင်းနစ်ကွင်းထဲတွင် မျက်ပွင့်ခင်နှင့် မောင်ပြေသာတို့သည် တင်းနစ်ရိုက်လေ့ရှိကြသည်။

ဒေါ်မြတင်သည် တင်းနစ်ရိုက်နေသည်ကို မြင်သော်လည်း ကွင်းဘေးတွင် နေပူစာလှုံရင်း သတင်းစာဖတ်နေသော ဦးသာမောင်ကို တွေ့၍ မျက်စောင်းထိုးကာ ထွက်သွားသည်။

တင်းနစ်ကွင်းရှိရာသို့ မျိုးတင်သည် လမ်းလျှောက်လာ၏။ မျိုးတင်ကို ဦးသာမောင်က မျက်မှောင်ကုတ်ကာ ကြည့်နေသည်။ မျိုးတင် အိမ်ပြန်လာလျှင် သူ့အမေထံမှ ငွေညှစ်လို၍ဟု ဦးသာမောင်က နားလည်သည်။

"မျိုးတင် လာပါဦး"

"ဗျာ"

"မဗျာနဲ့ လာစမ်း။ မင်းအိတ်က ဘာတွေဖောင်းနေတာလဲ"

ဦးသာမောင်က မျိုးတင်ကို စစ်ဆေးရန် ခေါ်လိုက်သည်။

×××

ဦးသာမောင်သည် တင်းနစ်ကွင်းဘေးရှိ ကုလားထိုင်မှ ထကာ မျိုးတင်ရှိရာသို့ လှမ်းလာ၍ မျိုးတင့် ရင်ထိုးတွားသွားသည်။ သူ့အိတ်ထဲသို့ စမ်းလိုက်လျှင် ဖောင်းနေသော ငွေစက္ကူများကို စမ်းမိကာ ဦးသာမောင်က သူ့ကို ပြဿနာလုပ်ပေတော့မည်။ ထို့ကြောင့်...



"ခဏလေး ဖေဖေ။ ကျွန်တော့်ဆိုင်မှာ ရှမ်းထမင်းချဉ်သုပ်ဖိုး မပေးခဲ့လို့ သွားပေးလိုက်ဦးမယ်နော်"

ဟု ပြောကာ နောက်ကို ချာခနဲလှည့်ထွက်သွားသည်။

"ဟေ့...နောက်မှပေး မင်းအခု လာခဲ့။ ငါခေါ်တာ မလာရင် မင်း ဘာဖြစ်မယ်ဆိုတာ သိတယ်မဟုတ်လား"

ဦးသာမောင်က ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာသည်ကို တွေ့၍ ခြံဝမှ လှစ်ခနဲ ထွက်ပြေးသွားလေတော့သည်။

"ဟေ့ကောင်...ဟေ့ကောင်...ဒီကောင်...ခြေသို..."

ဦးသာမောင်သည် ခြံဝမှ မြင်းလှည်းတစ်စီး ဘားကာ ထွက်သွားသော မျိုးတင်ကြောင့် စိတ်ထဲတွင် စနိုးစနောင့် ဖြစ်သွားသည်။ သူသည် အိမ်ထဲသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်သွားသည်။

"မမြတင်"

"ရှင်"

"နင့်သား ဘာလုပ်သွားသလဲ"

"ဘာမှမလုပ်ပါဘူး"

"သေချာကြည့်ပါဦး"

ဦးသာမောင် မသင်္ကာသကဲ့သို့ပင် မျိုးတင်၏လုပ်ရပ်များကို သိနေသော ဒေါ်မြတင်သည် အိပ်ခန်းထဲမှ မီးခံသေတ္တာကို သတိရသွားသည်။

သူမသည် ဟင်းအိုးများပြင်နေသော မီးဖိုခန်းထဲသို့ လာရင်ကြည့်သည်။ ထိုအချိန်တွင် မျိုးတင်သည် အိပ်ခန်းထဲသို့ ဝင်လာ၏။ သူမထံမှ နန့်ဖိုးငွေ ငါး ထောင်တောင်း၍ မသိချင်ယောင်ဆောင်ကာ ထွက်လာသည်။

ဒေါ်မြတင်သည် အိပ်ခန်းထဲသို့ ပြန်ဝင်ကာ သူမ၏ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်၏။

"ဟင်...မရှိတော့ဘူး"

"ဘာမရှိတာလဲ"

"ပိုက်ဆံအိတ်ထဲမှာ ကျွန်မထားတဲ့ ပိုက်ဆံငွေ ၃ ရှိတော့ဘူး ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



မောင်"

"ဘယ်လောက်ပါသွားသလဲ"

"တစ်သောင်းကျော်ကျော် ပါသွားတယ်"

"အင်း...ဒါကြောင့် ဒီကောင် ငါ့ဆီကို မလာတာကိုး။ သူ့အကျႌ ရင်ဘတ်ထဲမှာ ထည့်သွားတာကွ။ ငါ အချိန်မီလိုက်သေးတယ်။ ဒါပေမယ့် ဒီ ကောင် ခြံဝက မြင်းလှည်းငှားပြီး လစ်ပြေးတယ်"

ဒေါ်မြတင်က မည်သို့မျှမပြောတော့ပါ။ သူမ စုဆောင်းထားသော ငွေလေးကို သားဖြစ်သူ ခိုးယူသွားပြီဖြစ်ကြောင်း သိလိုက်ရလေသည်။

"ငွေတွေကို စည်းမဲ့ကမ်းမဲ့ မထားနဲ့ မမြတင်။ လိုတော့မှ ယူသုံး။ အပြင်မှာဆိုရင် ဒီကောင့်လက်ချက်မိနေမယ်"

"အင်း..သားတစ်ယောက်ရှိတာ လိမ္မာမလား အောက်မေ့တယ်၊ မိဘ ပစ္စည်းချည်း ခိုးနေတော့တာကိုး"

အိမ်ထဲတွင် ပြဿနာတစ်ခုခုဖြစ်နေကြောင်းသိ၍ တင်းနစ်ကွင်းထဲတွင် ကစားနေသော မောင်ပြေသာနှင့် မျက်ပွင့်ခင်တို့လည်း ရပ်လိုက်ကြသည်။

ထိုအချိန်မှာပင် အိမ်ထဲမှ မျက်နှာထားတင်းတင်းဖြင့် ဦးသာမောင် ထွက်လာသည်။

"မောင်ပြေသာ"

"ဗျာ"

"မျိုးတင် သွားနိုင်တဲ့နေရာကို မင်းသိသလား"

"မိုးကုတ်ဈေးဘက်က တောင်ကြားမှာရှိတဲ့ အရက်ဆိုင်များသွားမလား မသိဘူး"

မောင်ပြေသာက ထိုနေရာများတွင် စိန်ထွန်းတို့နှင့် အမှတ်မထင် တွေ့ မိသောကြောင့် ပြောလိုက်ခြင်း ဖြစ်သည်။

"အေး...ဒါဆို မင်းလိုက်ရှာသွားစမ်း။ ဒီကောင့်ကို ငွေတွေပြန်ယူမလာ ရင် အိမ်မလာနဲ့တော့လို့ ပြောလိုက်"

ဦးသာမောင် ပြောနေသည်ကို မျက်ပွင့်ခင်က မျက်လုံးလေးဝိုင်းလျက်



"ကိုပြေသာကို ကိုကိုက ရန်ရှာနေပါဦးမယ် ဖေဖေရယ်"

ဟု ပြောလိုက်သည်။

xxx

"ငါမှာတာကို ပြောပြီးပြန်လာရုံပဲ။ သူ့ကို ဘာမှကြောက်နေစရာ မလို ဘူး"

ဒေါပွနေချိန်ဖြစ်သောကြောင့် ဦးသာမောင်က သူ့သမီးကို အော်လိုက် သည်။ အမှန်တော့ မောင်ပြေသာသည် ထိုအလုပ်မျိုး မလုပ်ချင်ပေ၊ သူက သား အဖနှစ်ယောက်ကြားဝင်ကာ ဆောင်ရွက်ရမည် ဖြစ်၏။

ဦးသာမောင်၏ စကားကို နားမထောင်၍ မဖြစ်၊ ထို့ကြောင့် အိမ် ပေါက်ဝသို့ ထွက်လာသည်။

"ကိုပြေသာ"

မျက်ပွင့်ခင်က နောက်မှ လိုက်လာသည်။

"ဟင်"

"သူတို့ ဘယ်နေရာမှာရှိမယ်ထင်လဲ"

"ဈေးနားက တောင်ကုန်းပေါ်မှာ ရှိဖို့သေချာတယ် ခင်၊ အဲဒါ သူတို့ အုပ်စု အရပ်ပဲ"

"ဒါဆို တစ်ချက်ကြည့်ပြီး ရှိရင် ဖေဖေ့ကို ပြန်လာပြောလိုက်ပေါ့။ သူ တို့ချင်း တွေ့ပေးလိုက်တာ ကောင်းမယ် ကိုပြေသာ"

"အင်း..ခင်ပြောတာ မဆိုးဘူး။ ဒါပေမယ့် တတ်နိုင်ရင်တော့ သူ့ကို ပြေပြေလည်လည်ပြောပြီး ခေါ်ခဲ့လာတာ ကောင်းမယ်"

"ကျွန်မတော့ အဲဒီလိုရမယ် မထင်ဘူး"

"ခဏလေး ခင်၊ တော်ကြာ သူတို့လစ်ထွက်သွားရင် မလွယ်ဘူး လိုက်သွားလိုက်ဦးမယ်"

ဦးသာမောင်အိမ်တွင်နေလျှင် ဤကိစ္စမျိုးမှာ မလွဲမသွေ ဆောင်ရွက်ရ မည့်ကိစ္စမျိုးဖြစ်သည်။ မလုပ်ချင်ပါဟူ၍ ငြင်း၍လည်း မဖြစ်၊

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျောက်မျက်ရတနာများကို နားလည်၍ ကျောက်ပွဲစားဖြစ်လာရခြင်းသည်ပင် ဦးသာမောင်၏ကျေးဇူးဖြစ်နေလေသည်။

သူတို့ခြံဝမှ ဖြတ်သွားသော မြင်းလှည်းတစ်စီးကို လှမ်း၍တားလိုက်သည်။ ထို့နောက် ထိုမြင်းလှည်းကိုစီးကာ လိုက်ပါလာခဲ့လေသည်။ ဈေးထိပ်အထိတော့ မြင်းလှည်းစီးရမည်။

ထိုဆိုင်ကလေးကို ဝင်၍ မစားသောက်ဘူးသော်လည်း မောင်ပြေသာသည် မြင်းလှည်းပေါ်မှဖြတ်ကာ ကြည့်ရှုသွားဖူးသည်။

မြင်းလှည်းသည် တောင်ကြားရှိရာသို့ လမ်းမပေါ်မှ ဖြတ်သွားသည်။ တောင်ကုန်းကို အဝေးမှပင် မြင်နေရသည်။ စားသောက်ဆိုင်ထဲတွင် လူ လေးငါးယောက် ထိုင်နေသည်ကို တွေ့ရသည်။

အနက်ရောင်ဂျာကင်ကို တွေ့ရခြင်းအားဖြင့် ထိုဆိုင်တွင် မျိုးတင်ရောက်ရှိနေသည်ဟု ထင်ရသည်။ ချုံ့ထဲရှိ တိုက်များဖြင့်ကွယ်နေသော လမ်းကြားမှ မောင်ပြေသာသည် တက်သွား၏။

ဆိုင်လေးထဲတွင် စားပွဲလွတ်များ များသေးသည်။ စားပွဲတစ်လုံးတွင်သာ မျိုးတင်တို့လူစု ထိုင်နေသည်။ နဂါးစိန်ထွန်း၊ ဝံပုလွေစိုးတင်၊ ဓားစင်မိုင်တို့လည်း ရှိနေကြသည်။

"ဟင်"

နဂါးစိန်ထွန်းက မောင်ပြေသာကို မျက်နှာချင်းဆိုင် တွေ့လိုက်ရ၍ အံ့အားသင့်သွားသည်။

မောင်ပြေသာ ရောက်လာသည့်အချိန်တွင် မျိုးတင်မှာ စားပွဲတွင် ဝင်ကာထိုင်လိုက်ရုံသာ ရှိသေးသည်။ ဤအချိန်မျိုးတွင် မောင်ပြေသာသည် မျိုးတင်၏ နောက်မှကပ်ပါလာလိမ့်မည်ဟု မထင်ပေ။

ဟိုတစ်နေ့က စိန်ထွန်းက အရက်မူး၍ မောင်ပြေသာကို ချော့မော့ခေါ်ခဲ့ရန်ပြောသည်ကို မျိုးတင်က သတိမေ့နေခဲ့သည်။

"ဟော့ . . .ဟော့ . . .ဒီနေ့တော့ ငါ မင်းတို့ကို ဒကာခံမယ်ကွ။ ငါ ထောလာပြီ"



မျိုးတင်က သူ့ရင်ဘတ်ကြားထဲမှ ငွေစက္ကူများထုတ်ကာ စားပွဲပေါ်သို့ တင်ရင်း ပြောလိုက်သည်။

စိန်ထွန်းက မောင်ပြေသာ နောက်မှရောက်နေသည်ကို စားပွဲအောက်မှ ဖိနှပ်နင့်နင်း၍ အချက်ပေးလိုက်သည်။

"နောက်မှာ"

"ဘာလဲ"

စိန်ထွန်း မေးငေါ့ပြ၍ မျိုးတင့်က လှည့်ကြည့်သည်။ သူ့နောက်တွင် ရောက်နေသော မောင်ပြေသာကို တွေ့သည်နှင့် မျိုးတင်၏မျက်နှာမှာ တင်းမာသွားသည်။

"ပြေသာ"

"ဗျာ"

"မင်း ငါ့နောက်ကို ဘာလိုက်လုပ်တာလဲ ပြောစမ်း"

"ကိုမျိုးတင် စဉ်းစားကြည့်ပေါ့ဗျာ။ ဦးလေးက ခင်ဗျားလုပ်ရပ်ကို သိပ်ဓိသွားပြီဆိုမှတော့ အိမ်ထဲပြန်ဝင်ပြီးထားဖို့ ကောင်းတာပေါ့"

မောင်ပြေသာမှာ သူ့ထက်ငယ်သည်။ ပြီးတော့ ဘုန်းကြီးကျောင်းမှ ခေါ်လာသည့် ကောင်လေးအဖြစ် မျိုးတင်က အထင်သေးသည်။

"ဒီမှာ ပြေသာ။ မင်း ငါ့ကို ဘာမှ ဆရာလုပ်စရာမလိုဘူး။ မင်းကို အဖေက လွှတ်လိုက်တာလား"

"ဟုတ်တယ်"

"ဒါဆို ငါမလိုက်နိုင်ဘူးလို့ ပြောလိုက်"

"ဦးလေးက တော်တော်စိတ်ဆိုးတယ်။ ဒီငွေတွေ ပြန်လာမပို့ရင် ကိုမျိုးတင်လည်း . . ."

"ငါလည်း အိမ်ပြန်မလာနဲ့လို့ ပြောတာပေါ့ ဟုတ်လား။ ဟား . . .ဟားဟား . . .ငါက ရယ်တောင်ရယ်ချင်သေးတယ်။ မှတ်ထား ငါလည်း ဘယ်တော့မှ အိမ်ကိုပြန်မဝင်ဘူး။ ဟော့ကောင်တွေ လာ သွားကြမယ်"

ငွေများကို သူ့အင်္ကျီထဲသို့ ပြန်ထည့်ရင်း မျိုးတင်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးတင်မှာ မောင်ပြေသာကို အရောဝင်သူလည်း မဟုတ်။ အဖက်လုပ်ကာ စကားပင် ပြောသူမဟုတ်။

စိန်ထွန်းကတော့ မင်း လိုက်ရဲရင် လိုက်ခဲ့ဟူသောသဘောဖြင့် မောင်ပြေသာကို ကြည့်သည်။ မောင်ပြေသာကလည်း သူ့အကြည့်ကို သိ၏။

ငွေများကို တွေ့မြင်သွားသော နဂါးစိန်ထွန်း၊ ဝပုလွေစိုင်းတင်၊ မားဝင်မိုင်နှင့် စိုးအောင်တို့က မျိုးတင်နောက်မှ ထကာ လိုက်သွားကြသည်။

"ကိုမျိုးတင် ဒီလိုမလုပ်ပါနဲ့ဗျာ"

"ကိုမျိုးတင်"

မောင်ပြေသာမှာ မျိုးတင်ကို ဆွဲလည်း မဆွဲရဲ၊ ရှေ့မှလည်း ပိတ်ကာ မတားရဲသောကြောင့် သူတို့နောက်သို့ လိုက်လာခဲ့သည်။ စိန်ထွန်းမှာ မောင်ပြေသာ ထိုသို့လိုက်လာခြင်းကို သဘောကျသွားသည်။

"ဒီကောင် လျှောက်လိုက်လာပြန်ပြီ။ ခက်တာပဲကွာ"

"ဒီကောင့်တာဝန်ကို တို့တာဝန်ထားပါကွာ။ စိုးအောင်တို့တိုက်ကိုသာ ရောက်အောင်သွားစမ်းပါ"

မိုးကုတ်မြို့၏ အရှေ့ဘက်တောင်နားတွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ကြီးရှိရာသို့ ဦးတည်သွားသည်။

xxx

မောင်ပြေသာကတော့ ဦးသာမောင်ပြောသလို မျိုးတင်ကို နားဝင်အောင် ပြော၍ ချော့ဖို့ကြိုးစားခြင်းပင် ဖြစ်သည်။ နှစ်ထပ်အိမ်ကြီးတစ်လုံးထဲသို့ ဝင်သွားကြသည်။ သူတို့ဝင်သွားသော တံခါးကို ပြန်ပိတ်လိုက်ကြ၏။ မောင်ပြေသာက ပြေးကာ တံခါးနားသို့ ကပ်လိုက်သည်။

"ကိုမျိုးတင်"

"ကိုမျိုးတင် တံခါးဖွင့်ပါ"

"မဖွင့်ဘူးကွာ။ မင်းဟာမင်း ပြန်စမ်းပါ ပြေသာရာ"

မျိုးတင်၏အသံ ကြားရပြီးနောက် စကားသံများ တိတ်ဆိတ်သွားသည်။



မတတ်သာသည့်အဆုံးတွင်တော့ မောင်ပြေသာသည် ရင်ဆိုင်တွေ့ကြုံခဲ့ရသည့်ကိစ္စအားလုံးကို ဦးသာမောင်ကို ပြောပြလိုက်ရုံသာ ရှိလေသည်။ သူ လှည့်ပြန်ဖို့ ပြင်လိုက်စဉ်မှာပင် အိမ်ထဲမှ တံခါးချက်ဖွင့်သံ ကြားလိုက်ရသည်။

"ချောက်"

"ဟင်"

တံခါးတစ်ချပ် ပွင့်ဟသွားသည်။

"ကိုမျိုးတင် ခင်ဗျားလိုချင်သလောက် ယူပြီး ကျန်တာကို ဒေါ်ဒေါ့ကို ချော့ပြီး ပြန်ပေးရင် ရပါတယ်။ ကျွန်တော်က ကြားထဲက ညပ်နေရဦးပါဗျာ"

သူကြည့်လိုက်သောအခါ အိမ်ထဲတွင် မျိုးတင်က ထိုင်နေသည်။ မျိုးတင်သည် မောင်ပြေသာကို မျက်နှာထားတစ်မျိုးနှင့် ကြည့်ရင်း...

"မင်း တော်တော်ကိုကျတဲ့ကောင်ကွာ။ လာ... ငါတို့စားဖို့သောက်ဖို့ ခဏ စောင့်ဦး"

ဟု ပြောသည်။

အရက်ပုလင်းကို စားပွဲပေါ်တွင် ထောင်ထားသည်။ အိမ်ထဲမှ ကြက်ကြော်ပန်းကန်ကို စိုင်းတင်ကယူလာကာ မျိုးတင်ထိုင်နေသည့် စားပွဲရှေ့ ချလိုက်သည်။ မောင်ပြေသာက တံခါးဝမှ လှမ်း၍ဝင်လိုက်လေသည်။

"ခွပ်"

ကျယ်လောင်သောမြည်သံတစ်ချက် ပေါ်လာသည်။ မောင်ပြေသာသည် တံခါးမှ အိမ်ထဲသို့ လှမ်းအဝင်တွင် သူ၏ခေါင်းကို လေးလံသော တုတ်ချောင်းဖြင့် အရိုက်ခံလိုက်ရသည်။

တံခါးဘေးအကွယ်တွင် စောင့်နေသော စိန်ထွန်းက ရိုက်ချလိုက်ခြင်းပင် ဖြစ်လေသည်။ မောင်ပြေသာသည် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။ စိန်ထွန်းသည် တုတ်ကို ပစ်ချလိုက်၏။

"အဲဒါ အေးရောကွာ။ တကျိကျိနဲ့"

စိန်ထွန်းက ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေသည်။ မောင်ပြေသာကို ကြည့်ရင်း မျိုးတင်က...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လုပ်လိုက်ပုံက ငါ အိမ်ပြန်လို့ မရတော့ဘူး"

ဟု ပြောလိုက်သည်။

"မရတော့တာတင် မဟုတ်ဘူး မျိုးတင်ရ။ ငါတို့ ဒီမိုးကုတ်မြို့မှာကို နေလို့မဖြစ်တော့ဘူး။ မင်းမှာ ငွေ ဘယ်လောက်ပါသလဲ"

"တစ်သောင်းကျော်လောက် ပါတယ်"

"ဒါဆို တို့မိုးကုတ်ကနေ မန္တလေးဆင်းနေကြရရင် ကောင်းမယ်"

"ဘာလုပ်ဖို့လဲ"

"ခုဖြစ်တဲ့ ပြဿနာ အေးတဲ့အထိ မန္တလေးမှာ သွားအောင်းနေကြတာပေါ့"

စိန်ထွန်းကပြောသည်။

"မဖြစ်ပါဘူးကွာ။ မန္တလေးမှာက ပုလိပ်တွေ၊ စုံထောက်တွေနဲ့ တို့ ဒီဝန်းကျင်မှာပဲ ပုန်းနေတာ ကောင်းမယ်"

ဝံပုလွေစိုင်းတင်က အကြံပေးလိုက်ခြင်းဖြစ်လေသည်။

"ကဲ…လောလောဆယ်တော့ ဒီကောင့်ကိစ္စကို မေ့ထားလိုက်။ ဝီစကီကို စိမ်ခံပြီး သောက်ကြရအောင်"

"သူ့ကို ဘယ်လိုလုပ်မလဲ"

စိုးအောင်က…

"မိုးညှင်းသွားမယ့် ငါ့ယောက်ဖကို မှာလိုက်ပါ့မယ်ကွာ။ အပြတ်ရှင်းလိုက်ဖို့"

ဟု ပြောသည်။

"ကောင်းတယ်…ကောင်းတယ်"

xxx

မောင်ပြေသာက ခေါင်းကို မာကျောသောဘုတ်ဖြင့် ပြင်းပြင်းထန်ထန် အရိုက်ခံရသောကြောင့် လောကကြီးနှင့် အဆက်ပြတ်နေလေသည်။ သူ့ခေါင်းမှ ဒဏ်ရာက သွေးများတစီမ့်စိမ့် ယိုစီးကျနေသည်။ မောင်ပြေသာကိုကြည့်ကာ



မျိုးတင်သည် အဝတ်တစ်ခုဖြင့် ထစည်းပေးသည်။

"ဘာလုပ်တာလဲ မျိုးတင်"

"သွေးတွေ သိပ်ထွက်ရင် ဒီကောင် သေသွားမှာစိုးလို့"

"အောင်မာ မျိုးတင်က သူ့ယောက်ဖကို သံယောဇဉ်တွယ်နေတယ်။ ငါက ဒီကောင့်ကို အပြတ်ရှင်းဖို့ စိတ်ဖြစ်နေပြီ"

နဂါးစိန်ထွန်းက သူ့နှုတ်ခမ်းမွေးကို သပ်ကာ ပြောလိုက်လေသည်။

"သူ့မှာ ဘာအပြစ်မှရှိတာမှမဟုတ်ဘူး။ စိန်ထွန်း မင်း ဒီလိုတော့ မလုပ်ပါနဲ့"

"ဟား…ဟား…ဟား…ငါ့နာမည် နဂါးစိန်ထွန်းကွ။ သနားတတ်တဲ့စိတ်ရှိရင် နဂါးဘွဲ့ကို မခံဘူး။ ဝံပုလွေ"

"ဗျာ"

"မျိုးတင်က ငါ့အကြောင်းကို သိပ်မသိသေးဘူးထင်တယ်။ စိုးအောင်"

စိုးအောင်နှင့် ဝံပုလွေစိုင်းတင်တို့က မျိုးတင်၏လက်ကို ဆွဲမလိုက်သည်။

"ဟေ့ကောင်တွေ ဒါ ဘာလုပ်တာလဲ"

"မင်းဆီက ငွေတွေ ငါ ယူမလို့ပေါ့ကွာ"

မျိုးတင်မှာ ဝံပုလွေနှင့်စိုးအောင်တို့ တစ်ဖက်တစ်ချက်စီ ချုပ်နှောင်ထားသောကြောင့် မရုန်းနိုင်မတင်နိုင် ဖြစ်နေသည်။

"စိန်ထွန်း…မင်းနဲ့ငါနဲ့ သူငယ်ချင်းအရင်းကြီးပါကွာ။ ဒီလိုမလုပ်ပါနဲ့"

"မလုပ်လို့ မဖြစ်ဘူးကွ။ ဒီရက်မှာ ငါက မင်းကြောင့် ကျောက်မျက်အရောင်းအဝယ်လုပ်လို့ မရဘူး။ ငါ ငွေပြတ်တယ်၊ ဒီတော့ မင်းငွေဟာ ငါ့ငွေဖြစ်ရမယ်"

"ဟာ…မလုပ်ပါနဲ့ကွာ"

"ကဲ…မလုပ်ပါနဲ့လို့ ပြောဦးကွာ"

"ခွပ်"

"အား"

စိန်ထွန်းက မျိုးတင်ကို သူ့လက်သီးဖြင့် ထိုး လိုက်သည် သူ့နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းဖက်ပေါင်းလာသော စိန်ထွန်းကို မျိုးတင်က နာကြည်းစွာ ကြည့်လိုက်သည်။

"စိန်ထွန်း ဒါမင်းရဲ့နောက်ဆုံးလုပ်ရပ်ပဲလား"

"ဟုတ်တယ် မျိုးတင်။ ငါ့မှာ ဆွေမျိုးမရှိဘူး။ သူငယ်ချင်း မရှိဘူး။ ရန်သူပဲရှိတယ်ကွ"

"ဒုတ်"

"အား"

မျိုးတင်ကို စောစောက မောင်ပြေသာအား ရိုက်ခဲ့သည့်တုတ်ကို ကောက်ယူကာ ရိုက်ချလိုက်ရာ မျိုးတင်မှာလည်း အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

"စိတ်တော့ မကောင်းဘူးကွာ။ မျိုးတင်က ငါ့ရဲ့သူငယ်ချင်းပဲ"

ထိုစဉ်မှာပင် တံခါးခေါက်သံ ကြားရလေသည်။ မုတ်ဆိတ်ပါးမြိုင်းနှင့် လူတစ်ယောက် ရောက်ရှိလာသည်။

"မဘာ…ကိစ္စက တော်တော်ကြီးနေပြီကိုး"

"ဟုတ်ပါတယ် ဦးမှိုင်းနောင်။ ငွေတွေတော့ ရပြီ"

ဦးမှိုင်းနောင်ဆိုသူက လဲကျနေသူများကို ကြည့်ရင်း…

"ဒီကောင်တွေကို ဘယ်လိုလုပ်မလဲ"

ဟု မေးသည်။

"ဒီကောင်တွေက ကျုပ်တာဝန်ထားပါ"

×××

စိန်ထွန်းသည် ကျောက်မျက်လောကထဲတွင် ဦးမှိုင်းနောင်ကြောင့် ရောက်ရှိလာသူ ဖြစ်သည်။ သူသည် ရာဇဝတ်မှုကြောင့် မိုးကုတ်မြို့ပေါ်တွင် ဘည်တည်တံ့တံ့နေ၍ မရ။

စိုးအောင်သည် အခန်းထဲတွင်ရှိသော သတိမေ့နေသည့် မောင်ပြေသာနှင့်မျိုးတင်ကို ဆွဲယူကာ အခန်းတစ်ခန်းထဲသို့ ပို့ထားလိုက်သည်။



ခဏကြာသောအခါတွင် သူတို့နှစ်ထပ်တိုက်လေးရှေ့မှ ကားဟွန်းသံ ကြားရသည်။ ချက်ဗလက်အမျိုးအစားကားကြီးတစ်စီး လာရပ်နေသည်။ ကားပေါ်မှ သာမန်လူများထက် ဝသော လူကြီးတစ်ဦး ဆင်းလာသည်။

စိုးအောင်က ထိုလူဝကြီးနားသို့ စကားတိုးတိုးပြောကာ အခန်းထဲသို့ ခေါ်သွားသည်။ ခဏကြာသောအခါ ကတုံးနှင့် လူဝကြီးသည် သတိမေ့နေသော မောင်ပြေသာ၏ကိုယ်ကို ထမ်းကာ ကားနောက်ခန်းထဲသို့ ထည့်လိုက်လေသည်။

မကြာမီ မောင်ပြေသာ၏ သတိမေ့နေသောခန္ဓာကိုယ်ကို ထည့်ထားသည့် ကားသည် နှစ်ထပ်တိုက်လေးရှေ့မှ ထွက်သွားတော့သည်။

"ဗီတာ" ဟုခေါ်သည့် လူဝကြီးသည် ပေါင်ဘေးရှိ သောင်းဘီအိတ်ကို ပုတ်ကြည့်သည်။ ငွေစက္ကူများက သူ့ကိုရှိနေကြောင်း အသိပေးလိုက်သည်။ ငွေ ငါးရာဆိုသည်မှာ မနည်းပါချေ။

ဗီတာသည် ကားကို မိုးကုတ်မြို့ပြင်သို့ မောင်းထွက်လာခဲ့လေတော့သည်။ ကားနောက်ဘက်ရှိ ပစ္စည်းတင်သော နေရာတွင်ထည့်ကာ ပိတ်ထားသောကြောင့် လမ်းပေါ်မှ လူများက ကားနောက်ဖုံးထဲတွင် သတိမေ့နေသော လူတစ်ယောက်ရှိနေသည်ဟု မည်သို့မျှ မသိနိုင်ပေ။

ဗီတာ မောင်းသွားသည့်ကား တိုက်ရှေ့မှ ထွက်သွားသည်နှင့် ဦးမှိုင်းနောင်က သူ့ရှေ့သို့ရောက်လာသော ငွေများကို ရေတွက်ကြည့်လိုက်သည်။

"ငါးထောင် ဟုတ်လား"

"ဟုတ်ပါတယ် ငါးထောင်ပါ ဦးမှိုင်းနောင်"

စိန်ထွန်းက ဗီစကီခွက်ထဲသို့ ဗီစကီများကို ထည့်ပေးရင်း ပြောလိုက်သည်။

"ကဲ…မင်းတို့ခရီးထွက်ဖို့ အသင့်ပြင်ထား ဘယ်နှစ်ယောက် ပိတ်မှာလဲ"

"ကျုပ်ရယ်၊ ဝံပုလွေရယ်၊ ဓားစစ်မိုင်ရယ် သုံးယောက်"

ဦးမှိုင်းနောင်က စိုးအောင်ကို လက်ညှိုးထိုးကာ…

"သူကရော"

www.burmeseclassic.com



ဟု မေးလိုက်သည်။

"သူက မိုးကုတ်မြို့မှာပဲ နေမှာပါ။ ဒါပေမယ့် ကျုပ်တို့နဲ့တော့ အဆက်အသွယ်လုပ်ပါလိမ့်မယ်။ ဒါမှ မိုးကုတ်မြို့က သတင်းရမှာပေါ့"

ဦးမိုင်းနောင်က မျက်မှောင်ကျုံ့ကာ နားထောင်နေသည်။

"မင်းကို နောက်မှ တို့ကဆက်သွယ်မယ်။ စောစောက သတိမေ့နေတဲ့ကောင်တွေရော"

"တစ်ကောင်ကိုတော့ လက်စပျောက်ရှင်းလိုက်ပြီ။ တစ်ကောင်ကတော့ မိုးကုတ်ဈေးထဲက အမှိုက်ပုံမှာ ချထားလိုက်မယ်"

"ကောင်းတယ်"

ဦးမိုင်းနောင်က ထိုလုပ်ရပ်ကို ထောက်ခံလိုက်လေသည်။ မကြာမီ တိုက်ပုလေးထဲမှ လူလေးယောက်ထွက်လာသည်။ သူတို့သည် မိုးကုတ်မြို့အရှေ့ဘက် ထွက်ပေါက်မှ ထွက်ခွာသွားကြပြီ ဖြစ်လေသည်။

စိုးအောင်သည် ပီတာ၏ကားမြန်အလာကို စောင့်နေသည်။ ပီတာ၏ကားလာမှ မျိုးတင်၏သတိမေ့နေသောကိုယ်ခန္ဓာကြီးကို တင်ကာ မိုးကုတ်ဈေးသို့ သွားပစ်ရပေလိမ့်မည်။ စိုးအောင်သည် ဝီစကီပုလင်းထဲမှ လက်ကျန်ကို မော့သောက်လိုက်သည်။

xxx

မြစ်ကမ်းစပ်၌ ငါးဖမ်းလှေတစ်စီးသည် သူတို့ချထားသော ပိုက်ကို မကြာခဏ ကြည့်ကာ ကမ်းနှင့်မနီးမဝေးတွင် ကင်းစောင့်နေသည်။

ထိုအချိန်မှာပင် လူထွားကြီးတစ်ဦးသည် လရောင်အောက်တွင် အဖြူရောင်အိတ်ကြီးတစ်လုံးကို ထမ်းလာသည်။ သစ်ပင်ရိပ်ဖြင့် ကွယ်နေသောကြောင့် ကမ်းစပ်တွင် ကျောက်ချနေသည့် ငါးဖမ်းလှေကို ပီတာသည် မမြင်ပေ။

သူသည် လူသူကင်းရှင်းရာ ကမ်းနဖူးကို ရွေးချယ်ကာ ကားပေါ်မှ မောင်ပြေသာ၏ကိုယ်ကြီးကို ဂုံနီအိတ်စွပ်လျက် ယူလာခဲ့ခြင်းပင်ဖြစ်သည်။ မြစ်ကမ်းနား၌ ကြာကြာမနေလိုသော ပီတာသည် မြစ်ထဲသို့ ဂုံနီအိတ်ထုပ်ကြီးကို



ပစ်ချလိုက်လေတော့သည်။

"ဝုန်း"

ကျယ်လောင်သော မြည်သံနှင့်အတူ ဂုံနီအိတ်ထုပ်ကြီးသည် ရေထဲသို့ တဖြည်းဖြည်း နစ်၍သွားလေတော့သည်။ ဂုံနီအိတ်၏အပျားတွင် စုကာ ကျောက်ခဲကြီးတစ်လုံးချီထားသောကြောင့် ကျောက်ခဲက ဂုံနီအိတ်ကို ဆွဲချသွားခြင်း ဖြစ်ပေသည်။

ဝုန်းခနဲ မြည်သံကြောင့် လှေပေါ်တွင် အိပ်စက်နေသည့် ကျော်ထွန်းသည် နိုးလာ၏။ ပစ်ချလိုက်သောနေရာမှာ သူတို့ငါးဖမ်းလှေနှင့် မနီးမဝေးပင် ဖြစ်လေသည်။ ဝင်းမောင်က ပေါင်းမိုးထဲတွင် ချောင်းကြည့်နေရာမှ...

"ကျော်ထွန်း"

ဟု ခေါ်လိုက်သည်။

"ဗျာ"

"သိကြားတွေ နတ်ဝေ့ကများ တို့ကို လာမသလား မသိဘူး"

ဝင်းမောင်က ရုတ်တရက် ပြောလိုက်၍ ကျော်ထွန်းက မျက်လုံးပွတ်ကာ ပြောလိုက်သည်။

"ဘာဖြစ်လို့လဲကွ မင်း ဘာတွေလိုက်ရှိလဲ"

"ဟာ...ဝုန်းခနဲမြည်တဲ့အသံကို မင်းမကြားမိဘူးလား"

"ကြားမိပါတယ်ကွာ။ ဘာကျလာတာလဲ"

"ဘာမှန်းတော့ မသိဘူးကွ။ လူတစ်ယောက်က ခဲလုံးတစ်လုံးချည်ထား အထုပ်ကြီးကို ဟိုကုန်းပြင်ရင်းကနေ ပစ်ချတာ ငါတွေ့တယ်"

"ဟုတ်လား...ငါ ခုရေချိုးမှာပဲ။ ဘာလဲဆိုတာ မင်းသိရမှာပေါ့"

ကျော်ထွန်းက အကျႌကို ချွတ်ကာ ရေထဲသို့ ခုန်ဆင်းလိုက်သည်။ မြစ် လရောင်ကြောင့် သဲသောင်ပြင်တွင် ခဲလုံးကြီးနှင့်အတူ နစ်နေသော အထုပ် တွေ့ရသည်။

သူသည် စမ်းသပ်ကြည့်သောအခါ လူတစ်ဦးဖြစ်နေသည်ကို သွားရှ ကြောင့် ခဲကို သူ့ခါးမှ ဓားနှင့် ဖြတ်ကာ ဂုံနီအိတ်ကို ဆွဲကာ ရေပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



ကူးတက်လာသည်။ သူသည် ရေကူးကျွမ်းကျင်သူဖြစ်၍ လှေနံရံကို ကိုင်လိုက်၏။

"ဒီမှာ ကြည့်စမ်း…လူတစ်ယောက်ကွ။ ကိုယ်လုံးကတော့ နွေးနေသေးတယ်။ ဖွင့်ကြည့်စမ်း"

"ကဲကွာ…မင်းက ဒီလောက်ဖြစ်နေမှတော့ ငါပဲ ဖွင့်ရတော့မှာပေါ့"

ကျော်ထွန်းက လှေပေါ်သို့ တက်လာကာ ဂုန်နီစကြိုးများကို ဓားနှင့်ဖြတ်ကာ ဖွင့်လိုက်သည်။

"ဟင်"

ယောက်ျားပီသ၍ ခံ့ညားသော မောင်ပြေသာ၏ မျက်နှာကို မြင်ရ၏။ ထို့ကြောင့် ဂုန်နီအိတ်ကို ချွတ်ခွာကာ ပက်လက်လှန်၍ ရင်ဘတ်ကို စမ်းသပ်ကြည့်သည်။

နလုံးမှာ ခုန်နေဆဲပင် ဖြစ်သည်။ ထို့ကြောင့် လှေပေါ်တွင် မောင်ပြေသာကို မှောက်ကာ ဖိလိုက်၏။

×××

ဝေါခနဲ မောင်ပြေသာ၏ ပါးစပ်ထဲမှ ရေများအန်ကျကုန်သည်။ မောင်ပြေသာ ရေထဲသို့ ကျကျချင်းအချိန်နှင့်ကပ်လျက် ကျော်ထွန်းက ရေငုပ်ကာ ဆယ်လိုက်သောကြောင့် သေကံမရောက် သက်မပျောက်ဖြစ်ရလေသည်။

ရေများကို အန်ချကာ မောင်ပြေသာမှာ သတိမေ့နေဆဲရှိရာ ဝင်းမောင်က…

"တို့ကလည်းကွာ ဒီနေ့မှပဲ ပိုက်သိမ်းပြီး ရွာကိုပြန်မယ် လုပ်ကာမှ"

ဟု ပြောလိုက်သည်။ ကျော်ထွန်းက…

"ဘယ်တတ်နိုင်မလဲကွာ…လူ့အသက်တစ်ချောင်းဆိုတာ ကယ်ကောင်းပါတယ်။ ဒီလူဟာ တို့နဲ့ထိုက်လို့ ကယ်ရတာကွ"

သူတို့လှေအတွင်းရှိ ပေါင်းမိုးထဲတွင် အဝတ်အစားအခြောက်များ ရှိ၍ မောင်ပြေသာ၏ အကျီနှင့်လုံချည်များကို လဲကာ ပေးလိုက်ကြလေသည်။ မောင်ပြေသာကိုလည်း ပေါင်းမိုးထဲသို့ ကျကျနနသွင်းကာ ခေါင်းအုံးဖြင့် ခံကာ



သိပ်ထားလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် ထမင်းစားကြသည်။

"ထမင်းစားပြီးရင်တော့ ပိုက်သိမ်းတာပေါ့ကွာ"

သူတို့ ထမင်းစားပြီးချိန်တွင် ချထားသော ပိုက်ကိုဆွဲသိမ်းရာ လှေဝမ်းထဲသို့ ငါးများကို ဖြုတ်၍ထည့်နေလေသည်။

"ကျော်ထွန်းရေ"

"ဟေ"

"ဒါဆိုရင်တော့ တို့တစ်လမ်းလုံး စားဖို့လုံလောက်ပါတယ်ကွ"

"လုံလောက်တာက အရေးမကြီးဘူး။ ညသိပ်ရင် အနံ့ထွက်လာမယ်ကွ။ အခုပြောရင်းနဲ့ ငါးဝယ်ချင်တဲ့သူတွေ့ရင် ရောင်းကွာ"

"ရှိပါတယ်ကွာ တချို့ကူးတို့ဆိပ်ကပ်လိုက်ရင် မင်းငါးတွေ တစ်ခါတည်းတောင် ကုန်သွားဦးမယ်"

"ဒါဆိုရင် ဈေးရှိတဲ့ဆိပ်ကို ကပ်ပါကွာ။ ဒ်မှ ဟင်းစားလေးဘာလေး ဝယ်ရတာပေါ့"

ပိုက်သိမ်းနေသောကြောင့် လှေကြီးပေါင်းမိုးထဲမှ မောင်ပြေသာကို သူတို့ မေ့နေကြသည်။

"ဟာ…မင်းလူလည်း ကြည့်ပါဦး။ တော်ကြာ သေနေရင် ကိုယ့်အမှုပတ်နေဦးမယ်။ လူမသိ သူမသိ မြစ်ထဲပြန်ထားခဲ့ရအောင်"

ကျော်ထွန်းသည် ပေါင်းမိုးထဲသို့ ဝင်ကာ မောင်ပြေသာကို စမ်းကြည့်၏။ ကိုယ်ငွေ့မှာ နွေးနေကြောင်း သိလိုက်ရသည်။

"ကိုယ်ငွေ့ကတော့ နွေးနေတယ်ကွ။ ဟာ…အသက်လည်း မှန်မှန်ပြန်ရှုနေပြီ။ ဒီလူ မသေနိုင်တော့ဘူး ဝင်းမောင်ရေ"

ပေါင်းမိုးထဲမှ ကျော်ထွန်းက အော်ပြောသည်။ သူတို့နှစ်[illegible] ငါးရှာသော တံငါသည်များပင်ဖြစ်သော်လည်း လူတစ်ဖက်သား အား [illegible] ပင် ဖြစ်လေသည်။

ဝင်းမောင်ကပါ ပေါင်းမိုးထဲဝင်ကာ ကြည့်သော [illegible] မောင်ပြေသာ

www.burmeseclassic.com

www.burmeseclassic.com



မှာ အသက်မှန်မှန်ရှုနေကြောင်း သိရလေတော့သည်။

"အင်း…သူကသိုလ်ကံပဲ ကျော်ထွန်း။ မင်းကံသာ ရေငုပ်ပြီး မကြည့်ရင် ဒီလူဒီလောက်ဆို ရေထဲမှာ အသက်ဘယ်ရှိတော့မလဲ"

"ဟုတ်တယ်ကွ…ဒီတော့ သူ့ကို တို့ ကိုသက်ပြင်းလို့ နာမည်ပေးရင် ကောင်းမယ်"

"သူ့မှာ နာမည်ရှိပြီးသားဖြစ်မှာပေါ့"

"ရှိရှိကွာ…ငါတို့ကတော့ သူ့ကို သက်ပြင်းလို့ပဲ ခေါ်မယ်။ အသက်မပြင်းရင် သူသေမှာပေါ့ မဟုတ်ဘူးလား"

"ဟုတ်တယ် မင်းခေါ်ချင်သလို ခေါ်။ မှောင်စပျိုးလာပြီ။ ငါ့ကို အရက်ပုလင်းပေးစမ်းပါ"

ဝင်းမောင်က လှေဝမ်းထဲမှ အရက်ပုလင်းကို လှမ်းတောင်းလိုက်သည်။

×××

ညနေစောင်းတွင် သူတို့သည် လှုစည်ကားနေသော လှေဆိပ်လေး တစ်ခုကို တွေ့ရသည်။ မြစ်ထဲမှ ကြည့်သည်နှင့်ပင် လူသွားလူလာများ ကမ်းစပ်တွင် ကျောပေးထိုင်နေသူများကို တွေ့ရခြင်းကြောင့် ကူးတို့ဆိပ်တွင် ဈေးလေး ရှိသည်ကို သိလိုက်ရသည်။

"တို့ တက်လာတုန်းက ဒီဈေးကို မတွေ့ရဘူးကွ"

"ဘယ်တွေ့မလဲ ဈေးရက်မဟုတ်လို့ ဖြစ်မှာပေါ့။ မင်း ကမ်းပေါ်တက်ပြီး ဈေးဝယ်ချင်နေပြီ မဟုတ်လား"

"ဟုတ်တယ်…အမြည်းကောင်းကောင်း မပါဘဲ ငါ အရက်မသောက်တတ်တာလည်း မင်းသိပါတယ်"

"အေးပါကွာ…လှေကပ်ချင်ရင် ကပ်ချင်တယ်ပဲ ပြောပါ"

လှော်တက်ကို ယူကာ ဝင်းမောင်က လှေကို ကမ်းဘက်သို့ လှော်ပေးသည်။ ကူးတို့လှေများနှင့်ဝေးရာ ရေစပ်တွင် သူတို့လှေကို ကပ်လိုက်သည်။

ခပ်ဝေးဝေးသို့ လှော်ကာ ဆိုက်ကပ်၍ ငါးတောင်းကို ယူကာ ကျော်



ထွန်းသည် ကမ်းပေါ်သို့ တက်လာခဲ့သည်။

"လာနော် လတ်လတ်ဆတ်ဆတ် ငါးတွေ ရမယ်"

သူတို့သည် ရောက်ရာအရပ်တွင် ငါးဖမ်းငါးရောင်းလုပ်ကာ ငွေစုနေသူ နှစ်ဦးဖြစ်၍ ကျော်ထွန်း ငါးရောင်းနေသည့်အချိန်တွင် လှေထဲတွင် ဝင်းမောင်က မီးမွှေးကာ ငါးကြီးကြီးတစ်ကောင်ကို ကင်ရင်း စောင့်နေသည်။

ဆီနှင့်သုတ်ကာ ကင်ထားသောကြောင့် ငါးကင်နံ့က မွှေးနေသည်။ ငါး ကင်ကို ဝါးညှပ်နှင့်ညှပ်ကာ လှည့်ကင်နေသော ဝင်းမောင်သည် ကမ်းပေါ်သို့ မျှော်ကြည့်နေသည်။

ခဏကြာသောအခါ ငါးထည့်သည့်တောင်းထဲတွင် ဟင်းချက်စရာ၊ ဆီ နှင့် အရက်ပုလင်းများဝယ်ကာ ကျော်ထွန်းက ဆင်းလာသည်။

"လှေထဲမှာတော့ ငါးနည်းနည်းပဲ ကျန်တော့တယ်ကွ"

"အေး…အဲဒီထဲက ငါးတစ်ကောင် ငါ ခုပဲ မြည်းထားတယ်"

"အရက်ကို ဖြည်းဖြည်းသောက်ပေါ့ကွာ။ ဘယ်သူမှ မင်းအရက်ကို လု သောက်မှာ မဟုတ်ဘူး"

"ဘာတွေဝယ်လာလဲ"

ဝင်းမောင်က ကျက်သွားသောငါးကင်ကို လှေဘောင်သို့ ချကာ ပြော လိုက်သည်။

"ဝက်သား ငါးဆယ်သားတစ်တွဲ ဝယ်လာတယ်။ ငါးပိတို့စရာ၊ သုပ်စား ဖို့ရှောက်သီး၊ ခရမ်းချဉ်သီး၊ ပြီးတော့ တောင်ပို့မှိုလေးတွေလည်း ရလာတယ်ကွ"

"ဟာ…ကောင်းတာပေါ့။ မှိုက ငါ့အကြိုက်ပဲ။ ငါးရောင်းတာ မြန်လှ ချည့်လား"

"မြန်တာပေါ့ကွ ဒီနားမှာ တံငါလှေက သိပ်မရှိဘူး။ တို့ ဒီမှာ ငါးဖမ်းပြီး ရောင်းနေရင်တောင် ကောင်းမယ်။ ငါးတွေက ဈေးရတယ်ကွ"

မြစ်ကမ်းစပ်တွင် ငါးကို ကိုယ့်ပါးစပ်ထဲကျွေးသည့်ဈေးကို ပြောကာ ရောင်းချနေကြခြင်းပင် ဖြစ်လေသည်။ ပေါင်းမိုးထဲမှ ကိုကြီးကို သုတ်ထားသော ဝက်သားများကို ကျော်ထွန်းက တုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ငရုတ်သီး၊ ကြက်သွန်ဖြူနီကို အသင့်ထောင်းထားသော ရွှတ်ခံုထဲမှယူကာ ကျော်ထွန်းက နယ်လိုက်သည်။

"ကျော်ထွန်း"

"ဟေ"

"သေချာနယ်နော်...ဟင်းဆိုတာ ဆားနယ်တာကောင်းမှကွ။ ငါတို့ ဝက်သား မစားရတာတောင် ကြာပြီ။ အေးလေကွာ...မိုးညှင်းမှာက ဝက်မှ မပေါ်တာကိုးကွ"

သူတို့သည် လှေကလေးကို ကမ်းမှခွာကာ မြစ်ဘက်သို့ ပြန်လှော်ကာ မျော၍ချလာသည်။ ရေထဲတွင် အပင်ပန်းခံလှော်စရာမလို။ တက်မထိန်းကာ တရင်းသောက်ရင်း လိုက်သွားလို့ရသည်။

xxx

ထိုညက တစ်ယောက်တစ်လှည့် အိပ်ကြရာ စောစောမအိပ်တတ်သော ကျော်ထွန်းက လရောင်အောက်တွင် ထိုင်၍ ကျန်ခဲ့လေသည်။

ထိုအချိန်မှာပင် တဂျစ်ဂျစ် အသံကြားရလေသည်။ ညဘက်ကို စိတ်ချ လက်ချအိပ်လိုလျှင် ကမ်းကပ်ကာ အိပ်ခြင်းက ကောင်းသည်။

မြစ်ထဲတွင် ဖောင်များ၊ လှေများနှင့် တိုက်မိမည်စိုးရသည်။ ထို့ကြောင့် လရောင်ရှိသည့်အခါသာ လှေကိုထိန်းကာ တဖြည်းဖြည်း မျောရသည်က ကောင်းသည်။

"ဂျစ်...ဂျစ်"

ထိုအခိုက်မှာပင် တိတ်ဆိတ်နေသော ညဥ့် လှေဝမ်းထဲမှ တဂျစ်ဂျစ် ကြားရသည်။ ပေါင်းမိုးထဲသို့ လှမ်း၍ကြည့်လိုက်သည်။

ပုံမှ မီးရောင်ဖြင့် ပေါင်းမိုးထဲသို့ မြင်နေရသည်။ အရက်ကို စောစောက တည်းက သောက်နေသော ဝင်းမောင်မှာ အားရပါးရ တရှူးရှူးဖြင့် အိပ်လျက်ရှိ သည်

သို့ဆိုလျှင် စောစောက တဂျစ်ဂျစ်မြည်သံမှာ မည်သည့်နေရာက မြည်



နေသနည်း။ ကျော်ထွန်း မီးရောင်ဖြင့် ကြည့်နေစဥ်မှာပင် လှေနံရံကို ကုတ်ခြစ် နေသော မောင်ပြေသာကို မြင်လိုက်ရသည်။

"အင်း...အင်း"

ပါးစပ်မှလည်း အသံမြည်လာသည်။

"မင်း...မင်း သတိရပြီလား"

ကျော်ထွန်းက သူ့လက်နှင့် ဖိနေသော ခြေထောက်ကို ကိုင်ကာ မေးလိုက်သည်။

"အား...အား...နာတယ်"

ခြေထောက်ကို ဆွဲလှုပ်လိုက်သောကြောင့် နာကျင်သွားသော မောင် ပြေသာမှာ ညည်းညူလိုက်လေသည်။

"ကျွန်တော် ဘယ်ရောက်နေတာလဲ"

မောင်ပြေသာက မေးသည်။

"မင်း ဘေးကင်းတဲ့နေရာကို ရောက်ပါပြီ"

ကျော်ထွန်းက ပြန်ဖြေလိုက်သည်။ မောင်ပြေသာသည် ရေသံများကို နားထောင်ကာ သူ့ဘုန်းကြီးကျောင်းတွင် ရေခပ်ခဲ့သည်ကို သတိရသည်။ နာကျင် မှုဝေဒနာနှင့်အတူ သူ၏ဆရာတော်ကို သတိရမိသည်။

"အရှင်ဘုရား...ဆရာတော်"

"ဆရာတော်ဦးဗီရိယ"

သူသည် နှုတ်မှ တတွတ်တွတ်ခေါ်နေသည်။ သူ့ခေါင်းမှလည်း တစစ် စစ် ကိုက်ခဲနေရာ...

"ကျုပ်ခေါင်းမှာ ဒဏ်ရာရှိတယ်"

ဟု ပြောလိုက်ပြန်သည်။

ကျော်ထွန်းမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ရာ...

"ကျုပ်တို့ရှိပါတယ်။ လိုချင်တာ ပြောပါ"

ဟု ပြောလိုက်ပြန်လေသည်။

"ကျုပ် ရင်ပူတယ်။ ရေ...ရေသောက်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရော့…ဒီမှာရေ"

ကျော်ထွန်းက ရေအိုးထဲမှ ရေကို ခပ်ကာ ပေးသည်။ သို့သော် နာကျင်သော ဝေဒနာနှင့် ခြေကုန်လက်ပမ်းကျမှု၊ မောပန်းမှုတို့ကြောင့် မောင်ပြေသာ၏ လက်များမှာ လှုပ်၍မရပေ။

"ကျုပ်လက်တွေ လှုပ်လို့မရဘူး"

"အို…ဖြစ်ရလေ၊ မင်းကို ငါ ပါးစပ်ထဲရေစက်ချပြီး တိုက်ပါ့မယ်"

ကျော်ထွန်းသည် မောင်ပြေသာကို ပါးစပ်ထဲသို့ ရေစက်ချကာ တိုက်သည်။ သူသည် သတိကောင်းသူပီပီ မြစ်လယ်တွင် လှေကို ကျောက်ချပြီးမှ ထိုသို့ ပြုလုပ်နေခြင်းဖြစ်သည်။

"ကျုပ်မျက်လုံးတွေ ဘာမှ မမြင်ရဘူး"

"ဟုတ်တယ်…ညလေ၊ လကာ တိမ်ထဲမှာ ဝင်နေတယ်။ ပြီးတော့ ပေါင်းမိုးထဲမှာ"

"ပေါင်းမိုးဆိုတာ ဘာလဲ တဲလား"

"တဲမဟုတ်ပါဘူး မြစ်ထဲက လှေပေါ်မှာပါ"

"ဟင်"

မောင်ပြေသာ အံ့သတိတ်သွားသည်။ သူ ဘာကြောင့် သတိမေ့သွားသည်ကို သတိရမိသောကြောင့် ဖြစ်၏။

သူ မိုးတောင်၏နောက်သို့ လိုက်ရာမှ တိုက်အိမ်ထဲသို့ လှမ်းအဝင်တွင် ခေါင်းကို အရိုက်ခံလိုက်ရသောကြောင့် ဖြစ်သည်။

ရေစက်များကို မျိုချကာ အသက်ကို မှန်မှန်ရှူနေရလေသည်။ သူ့ လက်ချောင်းလေးများကို ဆုပ်ချည်ဖြချည် လုပ်ကြည့်သည်။ စိတ်ထဲကတော့ ရှုသည်ထင်သည်။

"ခင်ဗျား ဘယ်သူလဲ"

"ကျော်ထွန်းပါ"

"ကျုပ်ရဲ့ရန်သူ မဟုတ်ပါ့ဘူးနော် ကိုကျော်ထွန်း"

"မဟုတ်ပါဘူး"



"ခင်ဗျား နဂါးကိုသိလား"

သူက နဂါးစိန်ထွန်းကို ရည်ရွယ်ကာ မေးလိုက်သည်။

"ဟာ…နဂါးကို ရုပ်ပုံတွေထဲ တွေ့ဖူးတာပေါ့"

"ဒါကို ပြောတာမဟုတ်ဘူး…လူနဂါး"

"ကယောင်ကတမ်းတွေ ပြောမနေပါနဲ့ဗျာ"

ကျော်ထွန်းကလည်း အရက်မူးနေ၍ မောင်ပြေသာကို ထိုသို့ပြောလိုက်သည်။ အရက်နံ့ရ၍ မောင်ပြေသာ ရိပ်မိသည်။

xxx

ကျောက်ချ၍ စကားပြောနေကြရာ လမြိမ်းလေးပင် အနောက်ဘက်တောင်ကုန်းသို့ နိမ့်ဆင်းသွားခဲ့ပြီ ဖြစ်လေသည်။ ကျော်ထွန်းက ခြေလက်များ လှုပ်၍ မရဟုသော မောင်ပြေသာကို ရေစက်ချ၍ တိုက်ကာ လက်မောင်းများ နှိပ်ပေးသည်။

မောင်ပြေသာမှာ ယခုမှပင် အအေးဒဏ်ကြောင့် သူ့တစ်ကိုယ်လုံး ချမ်းနေသည်ကို သတိရလာသည်။

"ကျွန်တော် သိပ်ချမ်းတယ်"

မောင်ပြေသာ တစ်လုံးချင်း ပြောလိုက်သည့်အသံကို အိပ်ပျော်နေရာမှ ဆတ်ခနဲ နိုးလာသော ဝင်းမောင်က ကြားသွားသည်။

"မင်း မချမ်းဘဲနေမလား…လေတိုက်ထဲမှာ အအေးခံပြီး အရက်သောက်နေတာကိုး"

အိပ်ချင်မူးတူးလည်း ဖြစ်နေသော၊ အရက်မူးရှိန်လည်း မပြေသေးသော ဝင်းမောင်က မှတ်ချက်ချလိုက်သည်။ လှေဝမ်း၏ထောင့်တွင် မောင်ပြေသာ ရှိနေပြီး မောင်ပြေသာအနီးတွင် ကျော်ထွန်းက ထိုင်နေ၏။

ဝင်းမောင်က တစ်ဘက်လှေနံရံကို ကျောပေးအိပ်နေသည်။ လှေဝမ်းထဲတွင် ပျဉ်ပြားခင်းထားပြီး ပျဉ်ပြားပေါ်တွင် ဖျာခင်း၍ အိပ်နေကြခြင်းဖြစ်သည်။

"ကျွန်တော် အရက်မသောက်တတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မောင်ပြေသာက ဝင်းမောင် ပြောသည်ကို ပြန်ဖြေရှင်းလိုက်၏။

"မင်းလား အရက်မသောက်တတ်တာ။ ပုလင်းလိုက် မှုချတဲ့ကောင်။ ခုမှ အချင်းချင်းလာပြီး နောက်နေသေးတယ်"

ဝင်းမောင် လှည့်မကြည့်ဘဲ ပြောသည်။

"ဝင်းမောင်"

"ဘာလဲ"

"မင်းကို ငါ ပြောနေတာ မဟုတ်ဘူး"

"မင်း လှေပေါ်မှာ မင်းနဲ့ငါနဲ့ပဲရှိတဲ့ဟာ၊ မင်းမပြောရင် ဘယ်တစ္ဆေက လာပြောနေလဲ"

BURMESE CLASSIC

"သတိရလာတဲ့ ကောင်လေးက စကားပြောတာ"

ထိုအခါတွင်မှ ဝင်းမောင်သည် ခေါင်းထောင်လာ၏။

"ဟေ . . . တကယ်လား။ ရေထဲက မင်းဆယ်လာတဲ့ကောင်လေး သတိရလာပြီလား"

"ဟုတ်တယ် . . . ထစမ်းပါဦးကွာ။ သူ့ကို ဘာကျွေးရရင် ကောင်းမလဲ မသိဘူး"

"ဝက်ပြုတ်ရည် တိုက်ကွာ။ ဝက်သားဟင်းအိုး မကျက်သေးဘူး မဟုတ်လား"

ဝင်းမောင်က လှူးလဲထလိုက်ရင်း ပြောသည်။ ကျော်ထွန်းက ဝင်းမောင် ထလာ၍ ဒဏ်ရာရထားသော မောင်ပြေသာကို မည်သို့ပြုစုရမည်ကို တိုင်ပင်၍ ရလာသည်။

ဝင်းမောင်က မောင်ပြေသာ၏ခေါင်းကိုမကာ ထူလိုက်သည်။

"အား . . . အား . . . နာတယ်ဗျ။ အဲဒီနေရာက အကိုင်မခံနိုင်ဘူး"

"ဟင်"

ဝင်းမောင်သည် သူ့လက်တွင် စေးကပ်ကပ်ပေလာသော အရာများကို မီးခွက်အရောင်ဖြင့် ထောင်ကြည့်လိုက်သည်။

"ဟာ . . . သွေးတွေ . . . မင်းခေါင်းက သွေးတွေထွက်နေတယ်။ ကောင်



မင်းဦးခေါင်းရိုးပေါက်ပြီး သွေးတွေအဆိုလိုစိမ့်ထွက်လာပြီ ထင်တယ်။ ဒါဆို မင်း အသက်ရှင်မှာ မဟုတ်တော့ဘူး"

ဝင်းမောင်က သူထင်ရာ စွတ်ပြောလိုက်သည်။

"မဖြစ်နိုင်တာတွေ မပြောပါနဲ့ ဝင်းမောင်ရာ၊ သူ တစ်ခုခုနဲ့ ထိခိုက်မိ လို့ဖြစ်မှာပေါ့"

ကျော်ထွန်းက အနီးကပ်စမ်းကြည့်ရင်း ပြောလိုက်လေသည်။

"ကျွန်တော် အရိုက်ခံရတာပါ"

"ဟင် . . . ငါအိပ်ပျော်နေတာ ကျော်ထွန်းကလည်း မင်းကို ရေအောက်က ဆယ်လာတာ လူတွေမရှိခင် ကျော်ထွန်းက မင်းကို ရိုက်သတ်တာတော့ မဖြစ်နိုင်ဘူးကွာ"

"ဟာ . . . ကျွန်တော် ဒီလိုပြောတာ မဟုတ်ပါဘူး"

"ဝင်းမောင် မင်းစကားတွေ ဝင်မပြောရင် ကောင်းမယ်ကွာ။ မင်း အမူးမပြေသေးဘူး"

ကျော်ထွန်းက မူးမူးဖြင့် စကားများနေသော ဝင်းမောင်ကို ဟောက် လိုက်မှ ဝင်းမောင်က ငြိမ်သွားလေသည်။

×××

ပီတာက ဂုံနီအိတ်ထဲသို့ စွပ်သည့်အချိန်တွင် ခေါင်းမှပတ်ထားသော ပိတ်စက ပြုတ်ထွက်သွားခြင်း ဖြစ်သည်။ နောက်ထပ် ရေအောက်တွင် ငါးမိနစ် လောက်သာ ဆက်နေရလျှင်လည်း အသက်ရှုရပ်ကာ သေသွားတော့မည်ဖြစ်၏။

ကျော်ထွန်းကြောင့် ထိုဘေးအန္တရာယ်နှစ်မျိုးမှ လွတ်ကာ လှေပေါ်သို့ ရောက်လာရခြင်း ဖြစ်၏။

"အား . . . စပ်လိုက်တာဗျာ"

ထိုအခါတွင်မှ သွေးပူလာသော လက်များက လှုပ်ရှားနိုင်လာသော ကျော်ထွန်း၏ လက်ကို ကိုင်လိုက်သည်။

"တော်တော်စပ်သလား။ အေး . . . အဲဒီဆေးမှုန့်က ပါတယ်။ သူက

www.burmeseclassic.com

www.burmeseclassic.com



အပျောက်လည်း မြန်တယ်"

လေ့ထဲတွင်ရှိသော အဝတ်သန့်သန့်တစ်ခုကို ယူကာ ခေါင်းကို ပတ်ပေးထားသည်။

"အား..."

"အား...ခေါင်းက လှုပ်လိုက်တိုင်း နာတယ်"

"နာမှာပေါ့...ဒဏ်ရာက နည်းနည်းများတာကိုး"

ကျော်ထွန်းသည် ခေါင်းအုံးပေါ်သို့ မောင်ပြေသာ၏ ခေါင်းကို အသာအယာချကာ လှေပဲ့ပိုင်းသို့ ထလာခဲ့သည်။ ဝင်းမောင်က မြစ်ထဲမှရေဖြင့် မျက်နှာသစ်ကာ ကျောက်ဆူးကြိုးကို ဆွဲတင်နေသည်။

"ဘာလုပ်တာလဲကွ"

"ငါ နိုးလာပြီလေကွာ။ ပွဲကိုင်ပြီး ပြန်ဆက်မျှောမှာပေါ့"

"ဖြစ်ရဲ့လားကွာ"

"ဖြစ်ပါတယ်ကွာ...လူနာကို မင်းပဲ ဂရုစိုက်ပါ။ ဝက်ပြုတ်ရည်လေး တိုက်လိုက်"

ဝက်သားအိုးမှာ ရေများထည့်ထား၍ မီးဖိုပေါ်တွင် ဆူနေသည်။ ဟင်းခပ်ကောင်းသောကြောင့် ဝက်ပြုတ်ရည်မှာ ချိုနေ၏။ ကလီဇာများပါ ပါနေ၍ ဝက်သားစွတ်ပြုတ်လို ဖြစ်နေသည်။

သူတို့၏ မြေပန်းကန်လုံးကို ယူကာ ဇွန်းဖြင့် ဝက်ပြုတ်ရည်ကို ခပ်ထည့်သည်။ ပြီးနောက် ပေါင်းမိုးထဲသို့ ပြန်ဝင်လာသည်။

"မင်း ဗိုက်မဆာဘူးလား"

ကျော်ထွန်းက မေးသည်။

"စောစောက ဟင်းအိုးနံ့ရတာ ဗိုက်ပြီးဆာတယ်။ ကျွန်တော် မြစ်ထဲမှာ ရောက်နေတာကိုး"

"ဟုတ်တယ်...ငါတို့လှေပေါ်ကို မင်း ရောက်နေတာ"

"ဘယ်လိုဖြစ်လို့လဲဗျာ"

"မင်းကို သတိမေ့နေတုန်း ကျောက်ခဲနဲ့ဆွဲပြီးတော့ ရေအောက်ကို



မြှုပ်တာကွ။ မင်းကို ပစ်ချတာ ငါတို့ မြင်လိုက်လို့"

"ဟာ...ကျေးဇူးပါပဲဗျာ။ ခင်ဗျားတို့ကျေးဇူးကို မမေ့ပါဘူး"

"ငါတို့ ကျေးဇူးချည်း မဟုတ်ပါဘူးကွာ။ မင်းက ကုသိုလ်ကံကောင်းတာလည်း ပါပါတယ်"

"အား...ကျွတ်...ကျွတ်"

မောင်ပြေသာက လက်ထောက်ကာ ထသည်။

"ရလား...နေဦး ငါ ကူမယ်"

မောင်ပြေသာ၏ဖက်မှ မ,ကာ ကျော်ထွန်းက ထူပေးသည်။ ဤသို့ မောင်ပြေသာသည် ခေါင်းထောင်ကာ ထိုင်နိုင်၍ လှေ၏ပေါင်းမိုးတိ မှီကာ ထိုင်လိုက်သည်။ ပေါင်းမိုးမှာ စောက်နက်သောလှေနံရံနှင့်ကပ်ကာ လုပ်ထား၍ ကျောမှီ၍ ကောင်းသည်။

ဘေးတွင် ချထားသော စွတ်ပြုတ်ပန်းကို ယူကာ...

"ရော့...မင်းစွတ်ပြုတ်ရည် သောက်။ အခဟာပြေပေါ့"

ဟု ပြောလိုက်သည်။

"ဟင်းကျက်ရင်တော့ ထမင်းစားချင်တယ်ဗျာ"

တအောယ်ပင် ထမင်းတစ်နပ်လွတ်သွားသော မောင်ပြေသာက ထမင်းဆာနေသည်။ သူ့လက်မှ ပတ္တမြားလက်စွပ်ကို စမ်းကြည့်သောအခါ မရှိတော့။

ကြည့်ရသည်မှာ သူ့အားရိုက်သော တိုက်အိမ်ထဲတွင် သတိမေ့နေစဉ် စိန်ထွန်းတို့လူစုက ချွတ်ယူသွားကြပြီ ထင်သည်။ မောင်ပြေသာသည် စွတ်ပြုတ်သောက်ရင်း တွေးနေလေသည်။

×××

မောင်ပြေသာသည် ပတ်တီးဖြူလေးဖြင့် ကောင်းကောင်း သည်းခံရလာ၏။ ဝက်စွတ်ပြုတ် သောက်လိုက်ရသောကြောင့် ခေါင်းမှာ နာကျင်ခြင်း၊ ခြေလက်တို့ လေးလံနေခြင်းများ ဖြစ်နေသော်လည်း သူ့ဟာသူ ထိုင်ရှာ၍ ရလာသည်။

www.burmeseclassic.com



"ကဲ…မောင်ပြေသာ မင်း ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ပြောပါဦး"

"ကျွန်တော့်ကို ဒုက္ခပေးတာ စီးပွားပြိုင်ဘက်ပေါ့ဗျာ။ ခင်ဗျား ရေထဲက ဆယ်ယူရတယ်ဆိုတော့ သူက ကျွန်တော့်ကို အသေလုပ်တာပဲ။ သူတို့ကလည်း ကျွန်တော့်ကို သေပြီလို့ထင်ကြမှာပဲ"

မောင်ပြေသာသည် သူ့ မိုးကုတ်တွင် ဖြစ်ပျက်လှုပ်ရှားခဲ့သည့်အကြောင်းများကို ပြောပြလိုက်လေတော့သည်။

ကျော်ထွန်းက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း…

"စေတနာက ဝေဒနာဖြစ်တယ်ဆိုတာ အဲဒါပဲ။ မင်းက မင်းရဲ့အိမ်ကလူကို ဒုက္ခမရောက်အောင် လိုက်ပြီး ခေါ်တယ်။ ရန်ညိုးရှိတဲ့ သူ့မိတ်ဆွေက မင်းကို အပြတ်ရှင်းဖို့ ကြံစည်တယ်။ တကယ်လို့သာ မင်းနဲ့မျိုးတင်ဆိုတဲ့လူတို့ စိတ်တူကိုယ်တူရှိရင် ဒီလူတွေ ဘယ်ခံနိုင်မှာလဲ"

"ဟုတ်ပါတယ်…ကိုမျိုးတင်ကလည်း သူ့ညီမနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို သိပ်မလိုလားဘူးထင်တယ်"

"မထင်နဲ့ကွ…တကယ်ကို မလိုလားတာပဲ ဖြစ်မယ်။ ဒါကြောင့် သူက စိန်ထွန်းတို့စီစဉ်တာကို လက်ခံတာပေါ့"

"အေးဗျာ…ကျွန်တော့်ကို မလိုလားတဲ့လူတွေရဲ့အိမ်မှာလည်း ဆက်မနေချင်တော့ပါဘူး။ ကျွန်တော် ခင်ဗျားတို့နဲ့လိုက်ခဲ့မယ်"

"အေး…မလိုက်လို့လဲ မဖြစ်ဘူး။ မင်း ဒဏ်ရာပျောက်အောင် တို့ရွာရောက်မှပဲ ဆေးဆရာနဲ့ ကုရမှာပဲ"

ကျော်ထွန်းမှာ မြန်မာလူမျိုးဆင်းရဲသားတို့ သဘာဝအတိုင်း သူတစ်ပါးကို ကူညီစောင့်ရှောက်လိုသောစိတ် ရှိသည်။ ဝင်းမောင်သည်လည်း လှေပေါ်တွင် မောင်ပြေသာ ရောက်ရှိလာခြင်းအတွက် ပို၍ပျော်သွားသည်။

သူတို့နှစ်ဦးမှာ တံငါသည်အလုပ်ပင် လုပ်ကြသော်လည်း စိတ်ကောင်းနှလုံးကောင်း ရှိကြ၏။

"ငါတို့က ရွှေဘိုနားက ဝက်လက်မှာနေတာ။ မြို့ပေါ်မှာတော့ မဟုတ်ဘူး။ ရွာထဲမှာဆိုပါတော့"



"ဟာ… တိုက်ဆိုင်လိုက်တာဗျာ။ ကျွန်တော်ကလည်း အဲဒီနားက ညောင်စာရေးရွာကပဲ"

ဝင်းမောင်က ဝမ်းသာသွားသည်။

"ညောင်စာရေး ဟုတ်လား…ညောင်စာရေးဆိုရင် ဆရာတော်ဦးဝိရိယကို သိမှာပေါ့"

ဝင်းမောင်က အားရပါးရ အော်ပြော၍ သူ၏ဆရာတော်နာမည်ကြားရသော မောင်ပြေသာမှာ ငိုင်သွားသည်။ သူ့ဘဝသည် ဆရာတော်ဦးဝိရိယ၏ ကျောင်းတွင် နေစဉ်က အလုပ်များသော်လည်း ငြိမ်းချမ်းပျော်ရွှင်ရသည်။ စာပေပညာလည်း သင်ကြားရသည်။

"ဦးဝိရိယကို ခင်ဗျားက သိလို့လား ကိုဝင်းမောင်"

"မသိတဲ့ နေမလား။ အဲဒီကျောင်းဆရာတော်က ငါတို့အဖေ ကိုးကွယ်တဲ့ ဆရာတော်ပဲ"

"ခင်ဗျားအဖေက ဘယ်သူလဲ"

"ငါတို့အဖေက လက်သမားဆရာဦးမောင်လေ"

"ဟာ…ဦးမောင်ဆိုတာ ညာဘက်နဖူးမှာ အမှတ်ကြီးရှိတဲ့ ဦးလေးကြီးလား"

"ဟုတ်တာပေါ့…အဲဒါ ငါ့အဖေပဲ"

ဦးမောင်ကို မောင်ပြေသာ ကောင်းကောင်းသိလေသည်။ ဦးမောင်က ကျောင်းကိုပြုပြင်လျှင် မောင်ပြေသာက စောင့်ကြည့်ကာ လိုသမျှကို ပြောရ၏။

"အဲဒီ ဆရာတော်ဦးဝိရိယဆိုတာ ကျွန်တော့်ကို ကျောင်းမှာ ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ အမိအဖ ဆရာတော်ပဲ"

×××

"ညောင်စာရေး"ရွာသည် "ဝိတောက်ကုန်း"ရွာနှင့် နှစ်မိုင်မျှသာ ဝေးသည်။ ညောင်စာရေးရွာက ရောဝတီမြစ်နှင့် ပို၍နီး၏။ အလက်ကျ၍ ဝိတောက်ကုန်းရွာက ဝက်လက်မြို့နားအထိ သွားရလေသည်။ ဝိတောက်ကု[illegible] မြို့နှင့်နီး

www.burmeseclassic.com

www.burmeseclassic.com



၍ ညောင်စားရေးက မြစ်နှင့်နီးသည်ဟု ဆိုရမည်ဖြစ်သည်။

"အေးကွာ . . တို့ရွာစ်နယ်တည်းသားချင်း ခုလို ကူညီခွင့်ရတာကို ဝမ်းသာပါတယ်"

ကျော်ထွန်းက ဟင်းအိုးမွှေရင်း ပြောသည်။ ဟင်းအိုးက ဆီပြန်သံကြားနေရသည်။ ကမ်းပေါ်မှာလည်း ကြက်တွန်သံများကို ကြားရ၏။

ဝက်သားဟင်းကို အီနေအောင်နှပ်ပြီး သူတို့ထမင်းစားကြသည်။ မောင်ပြေသာမှာလည်း ထမင်းဆာဆာနှင့် စားလိုက်ရာ ဗိုက်တင်းပြီး အိပ်ပျော်သွားတော့သည်။

မောင်ပြေသာ ဒုတိယအကြိမ် နိုးလာသောအခါတွင်ကား နေရောင်ခြည်က လှေဦးမှထိုးနေ၍ မျက်လုံးကို ချက်ချင်း ဖွင့်၍မရ။

ကိုယ်လက်များက နာကျင်ကိုက်ခဲနေသည်။ အနာရှိန်ကြောင့်ပင် ဖြစ်မည်။ ဝင်းမောင်က ပဲ့ကိုင်ကာ ကျော်ထွန်းကတော့ လှေဦးတွင် ထိုင်၍ နေပူစာလှုံနေသည်။

"နေတောင် တော်တော်မြင့်နေပြီထင်တယ်"

မောင်ပြေသာက လက်ထောက်ကာ ထရင်း ပြောလိုက်သည်။ သူ့ကိုယ်ပေါ်တွင် ကျော်ထွန်းက စောင်များ ထပ်ခြုံပေးထားသည်။

"ဒီကိုလာချင်လာ မောင်ပြေသာရေ။ ဒီက နည်းနည်းအကာရှိတယ်။ တားစရာလည်း ရှိတယ်"

ဝင်းမောင်က လှေပဲ့မှ လှမ်းခေါ်လိုက်သည်။ မောင်ပြေသာက လှေပဲ့ပိုင်းသို့ ခေါင်းငုံ့သွားကာ ရေထဲသို့ ခေါင်းငုံ့ကာ မျက်နှာသစ်လိုက်၏။

လှေဦးမှ ကျော်ထွန်းလည်း ပေါင်းမိုးထဲမှ ငုံ့လာကာ မျက်နှာသုတ်ပဝါကိုဖြုတ်၍ မောင်ပြေသာကို ပေးလိုက်သည်။

မောင်ပြေသာက မျက်နှာသုတ်လိုက်ပြီး စောင်တစ်ထည်ကို ခြုံကာ ပေါင်းမိုးစပ်တွင် ထိုင်လိုက်လေသည်။

"ညပိုင်းက ဒီလောက်မဟုတ်ဘူး။ မနက်ခင်း အတော်အေးသကွာ"

"ဟုတ်တယ်ဗျာ။ ချမ်းလည်း ချမ်းတယ်။ ဟိုးအထက်မှာလည်း ဒီလို



ပါပဲ"

ကျော်ထွန်း၊ မောင်ပြေသာနှင့် ဝင်းမောင်တို့သည် သုံးယောက်သားထိုင်ကာ နံနက်စာ ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ထောင်းကို စားကြသည်။ စားရင်းဖြင့် မနက်ဖြန်မနက် ညောင်စာရေးရွာနှင့်နီးသော မြစ်ဆိပ်တွင် ကပ်၍ရသည်။ ဆင်းမည်လားဟု မောင်ပြေသာကို ကျော်ထွန်းက မေးသည်။

"မဆင်းချင်သေးပါဘူးဗျာ။ အနာကလည်း မသက်သာ၊ ပတ်တီးကြီးနဲ့ ရွာပြန်ရတာ မကောင်းပါဘူး"

မောင်ပြေသာ မကွယ်မဝှက် သူ့ရင်ထဲမှ ခံစားချက်အတိုင်း ပြောပြလိုက်သည်။

"အေးကွာ . . . ဟုတ်တာပေါ့။ ရွာကထွက်သွားတဲ့လူ ရွာပြန်လာရင် ကြီးပွားတာပဲ ရွာကလူတွေက သဘောကျမှာပေါ့"

"ဟုတ်တယ်ဗျ . . ရွာကလူတွေက ဒီလောက်မဟုတ်ဘူး၊ ဆရာတော်က ဆူတာ ပူတာ မခံချင်ဘူး။ ပြီးတော့ ဆရာတော်က ကျွန်တော့်ကို ကြီးပွားချမ်းသာပြီး ပြန်ရောက်လာမယ်လို့ ထင်မှာပေါ့"

ဝင်းမောင်က . . .

"ဟုတ်တယ် ဆရာတော်ဦးဝီရိယက သူ့ကိုယ်တိုင်ကလည်း တရားအားထုတ်သလို ကျောင်းသားတွေ ကိုရင်တွေဆိုလည်း အအားမထားဘူးဆို"

ဟု ပြောသည်။

"ဟုတ်တာပေါ့ဗျာ . . . ကျွန်တော့်ကို လက်ရင်းတပည့်ဆို အရာရာသေသေသပ်သပ် တိတိကျကျ လုပ်တတ်အောင် သင်ထားတာ"

×××

မောင်ပြေသာသည် ကျောက်မျက်ရတနာများ အကဲဖြတ်၍ အရောင်းအဝယ်ကျွမ်းကျင်စေရန်ဟု ကျောက်သူဌေးကျောက်ပွဲစား ဦးသာမောင်သို့ မောင်ပြေသာကို ထည့်လိုက်ခြင်းဖြစ်သည်။

သို့သော် လောကဓံတရားက လှည့်စားလိုက် သဖြင့် မောင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



သာသည် ရှေ့ဘိုနယ်သို့ မမျှော်လင့်ဘဲ ပြန်ရောက်လာရခြင်း ဖြစ်သည်။

သူသည် မိုးကုတ်သို့ပြန်၍ သွားရမည်လား ညောင်စာရေးပြန်ရမည်လား ဟု ဆုံးဖြတ်၍ မရသေးချေ။ အဘယ်ကြောင့်ဆိုသော် ရွာထဲမှ မိတ်ဆွေသူငယ်ချင်းများနှင့် မြင့်မိုရ်ကျောင်းဆရာတော်တို့ကို မောင်ပြေသာသည် မျက်နှာချင်း မဆိုင်လိုသေးသောကြောင့်ပင် ဖြစ်လေသည်။

သူ့ခေါင်းမှ ဒဏ်ရာမှာလည်း လှေပေါ်တွင် ညှော်မိခြင်း၊ သက်တောင့်သက်သာ မနေခြင်းတို့ကြောင့် ေလာင်၍နေရာ ပတ်တီးစည်းနှောင်ထားသည့် ကြားမှပင် ချိုးစောင်းတွင် ဘုကြီးတစ်လုံး တပ်ထားသကဲ့သို့ပင် ဖြစ်လေသည်။

ထိုအတွင်းမှာပင် မောင်ပြေသာသည် အဖျားတက်ကာ ငမ်းဖမ်းသလို ဖြစ်လာပြန်လေသည်။

သူတို့သည် ပိတောက်ကုန်းရွာသို့ သွားရန် ဈေးဆိပ်တွင် ကပ်သောအခါ မောင်ပြေသာမှာ အစားမဝင်သည့်အပြင် အနာကြောင့် ကယောင်ကတမ်းများပင် ပြောစပြုလာလေသည်။

လှေပေါ်တွင် မသေဘဲ ရွာရောက်မှများ မောင်ပြေသာ ရေတိမ်နစ်တော့မှာလားဟု ကျော်ထွန်းမှာ စိုးရိမ်လာသည်။

ထို့ကြောင့် လှည်းတစ်စီးငှားကာ ကောက်ရိုးခင်း၍ မောင်ပြေသာကို တင်ကာ ဝင်းမောင်နှင့်အတူ သူတို့ရွာသို့ ထွက်လာခဲ့လေသည်။ ကျော်ထွန်း၏ ငနီးမှာ လှည်းပေါ်မှ မ၍ချလာသော မောင်ပြေသာကို တွေ့သည်နှင့် စိတ်ရှုပ်သွားသည်။

"ကိုကျော်ထွန်း"

"ဟေ"

"ရှင် ဘယ်လိုလုပ်တာလဲ"

"ဘာလဲ"

"ဒီလူမမာကြီး ဒိမ်းသယ်လာရသလား။ ကိုဝင်းမောင်အိမ်မှာ ထားလိုက်ပါလား"

"မလုပ်ပါနဲ့ဟာ···တို့အိမ်က ဆေးဆရာအိမ်နဲ့ နီးတာပဲ"



"ဒါဆိုရင် အိမ်ပေါ်တော့ မတင်နဲ့တော်၊ ကျုပ် မကြိုက်ဘူး။ အိမ်သားက အဖီမှာ ထားချင်ထား"

"အေး···အေးပါကွာ"

ဆယ့်ငါးရက်တစ်ခါ၊ တစ်လတစ်ခါ ငါးရှာကာ ရောင်းချ၍ အိမ်ပြန်လာသော ကျော်ထွန်းက သူ့အိတ်ထဲမှ ငွေများကိုနှိုက်ကာ ငနီးဖြစ်သူ မမြင့်အေးကို ပေးလိုက်သည်။ ထိုအခါတွင်မှ မမြင့်အေးမှာ ပါးစပ်ပိတ်သွားလေတော့သည်။

"ကျားတွေ လာပြီ။ ကျားတွေ ကြောက်တယ်။ အမလေး"

မောင်ပြေသာကား ပါးစပ်မှ ပြောချင်ရာများကို ပြောနေသည်။

"ရှင့်လူကြည့်ရတာ အခြေအနေ သိပ်မဟန်ဘူးထင်တယ်နော်။ ကြည့်လုပ်ဦး"

"မလာနဲ့ ငါ့နားကို ဘယ်သူမှမလာနဲ့၊ မင်းတို့ ငါ့နားကို ကပ်ရင် ငါ့အဆိုး မဟုတ်ဘူးနော်"

"ဝုန်း"

အိမ်နံရံကို ခြေထောက်နှင့် ဆန့်ကာ မောင်ပြေသာက ကန်လိုက်သည်။

"ဒုက္ခပါပဲရှင်···ဒီလူမမာနဲ့ဆို ကျွန်မ စိတ်ချမ်းသာမှာ မဟုတ်ဘူး"

မမြင့်အေး ညည်းညူလျှင်လည်း ညည်းညူစရာပင်။ မည်သူသည် စိတ်မချမ်းသာစရာကောင်းသော လူမမာတစ်ဦးနှင့် အတူနေလိုပါမည်နည်း။ ထိုစဉ်မှာပင် ဝင်းမောင်သည် ဆေးဆရာကြီး ဦးထော်ပိုင်၏ ဆေးအိတ်ကိုဆွဲကာ ဝင်လာသည်ကို တွေ့ရလေသည်။

"ကိုဝင်းမောင် ရှင်တို့လူကို ကြည့်လုပ်ဦးနော်၊ ရှင့်အိမ်ကို ခေါ်ချင်ခေါ်သွား"

ခရီးရောက်မဆိုက်ပင် မမြအေးက ဆီးကြိုပြောလိုက်သည်။ မမြအေးအကြောင်းကို သိသော ဝင်းမောင်က မည်သို့မျှ ပြန်၍မပြော။

"လာ···ဆရာ။ ဒီဘက်မှာ ထင်တယ်"

"ဟုတ်တယ်···ဝင်းမောင်ရေ။ ဆရာကို ဒီဘက်ကို ခေါ်ခဲ့ပါ"

တဲထဲသို့ ဆရာဦးထော်ပိုင် ဝင်လိုက်သည်နှင့် ဇာတ်လိုက်ဟုယ်သုံး ချစ်ချစ်

www.burmeseclassic.com

www.burmeseclassic.com



တောက်ပူနေသော မောင်ပြေသာကို သွားရှုံ့ကိုင်ဖိုက်မိသည်။

"ဟာ...ကိုယ်တွေ တော်တော်ပူနေတာပဲ။ ကယောင်ကတမ်း မပြော ဘူးလား"

"ပြောပါတယ် ဆရာ။ စောစောကတင် ကျားတွေလာပြီတို့ ဘာတို့ ပြောနေတယ်"

"အင်း...ခေါင်းက ဒဏ်ရာက တော်တော်ရင်းနေတာကိုး။ ဒါကြောင့် ငန်းဖမ်းနေတာ။ ဒီအတိုင်းဆက်ထားရင် မလွယ်ဘူး"

×××

တောရွာများတွင် လှည့်လည်ဆေးကုနေကျ ဦးထော်ပိုင်သည် ရေးဦးစွာ ဘုရားကို ကန်တော့ကာ သရဏဂုံကို ရွတ်ဆိုကာ ရေခွက်ထဲမှရေဖြင့် မောင်ပြေသာကို တောက်လိုက်သည်။ ခေါင်းနှင့်မျက်နှာကို ထိုသို့တောက်ပြီးသောအခါမှ ဆေးမှုန့်ဖြင့် နှာဝကို ရှူပေးကာ တစ်ကိုယ်လုံးကို သပ်ချလေသည်။

ပြီးနောက် ပတ်တီးကိုဖြေမိုင်းကာ အနာထဲတွင် အောင်းနေသော သွေးပုပ်ပြည်ပုပ်များ ညှစ်၍ ထုတ်လေတော့သည်။

"အား"

"ကြောက်ပါပြီ"

"အမယ်လေး"

မချိမဆန့် အော်ဟစ်ကာ ရုန်းကန်နေသော မောင်ပြေသာကို ဝင်းမောင်နှင့် ကျော်ထွန်းတို့က လက်ဖြင့် ဖိထားရသည်။ သွေးပုပ်၊ ပြည်ပုပ်များ ကုန်သောအခါမှ ခပ်ပျစ်ပျစ်ရေနှံ့ချေးနှင့်ရောထားသော ဆေးမှုန့်များကို အနာပေါက်ထဲသို့ ထည့်ပေးသည်။

ပြီးတော့မှ အနာပေါ်သို့ အနာကျက်စေရန် ဂုံဂမ်ရွက်လို အရွက်မျိုး ကပ်ကာ အပေါ်မှ ပတ်တီးစည်းနှောင်ပေးလိုက်လေသည်။ ပါးစပ်ထဲသို့ စက္ကူလိပ်ဖြင့် ဆေးမှုန့်များထည့်ကာ မှုတ်ပေးလိုက်သည်။ ခေါင်းနှင့် ခန္ဓာကိုယ်ကိုလည်း ဆီမန်းသဘောမျိုး လူးပေးလိုက်၏။



"မင်းတို့ နာရီပိုင်းလောက်ပဲ လိုတော့တယ်"

"ခင်ဗျာ"

ဆေးဆရာကြီး၏စကားကြောင့် သူတို့နှစ်ဦးလုံး ထိတ်လန့်သွားသည်။

"ငန်းဖမ်းနေတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်နာရီလောက် ရှိရောပေါ့။ ပါးစပ်က ထင်ရာတွေ ပြောနေတာပါပဲ"

"အေး...နောက်တစ်နာရီလောက်ဆို ဦးနှောက်ထဲ သွေးရောက်ပြီး နှလုံးခုန်ရပ်သွားလိမ့်မယ်"

"ဟုတ်လားခင်ဗျ"

"ဟုတ်တယ်...ဒီလူနားနားမှာ တစ်ယောက်စောင့်နေဖို့ကောင်းတယ်"

"ကျွန်တော် စောင့်နေပါ့မယ်"

ဝင်းမောင်က ပြောလိုက်သည်။ ဝင်းမောင်၏ မိဘများမှာ လယ်လုပ်သောကြောင့် နောက်တစ်နေ့မှာပင် ဝင်းမောင်တို့၏လယ်ထဲမှတဲလေးသို့ မောင်ပြေသာကို မှဆိုးကွင်းထဲတွင် ထည့်ကာ ဝါးလျှို၍ ထမ်းယူသွားကြသည်။

ကျော်ထွန်း၏မိန်းမသည်လည်း တဗျစ်တောက်တောက် ပြောနေရာမှ ထိုသို့ခေါ်ယူသွားခြင်းကို သဘောကျသွား၏။

"ခေါ်သွား...ဘယ်ကမှန်းမသိတဲ့လူ သူ့ဟာသူ ဘာဖြစ်ဖြစ်ပေါ့"

ကျော်ထွန်း၏မိန်းမ မမြင့်အေးက တဲပေါက်ဝမှ တောပနာပြုလိုက်သေး၏။

×××

မောင်ပြေသာကတော့ နေ့မှန်းညမှန်းမသိ အဖျားတက်နေရာမှ ထိုနေ့ညတွင် အဖျားကျကာ ချွေးများ တစ်ကိုယ်လုံး ရွှဲနေလေတော့သည်။ သူသည် အဖျားကျသွားသောကြောင့် ငန်းဖမ်းခြင်းမရှိတော့ဘဲ မျက်လုံးများဖွင့်ကာ နိုးလာသည်။

သူ့အခြေအနေကို လယ်တဲထဲတွင် ဝင်းမောင်က အရက်သောက်ရင်း စောင့်ကြည့်နေခြင်းဖြစ်သည်။ လယ်တဲသို့ ယူလာသည်မှာ ရည်ရွယ်ချက်တစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ လယ်ထဲမှာ ရွာနှင့်အလှမ်းကွာသည်။

မတော်လို့ မောင်ပြေသာ အသက်ကုန်သွားလျှင်လည်း ကွင်းစပ်ရှိ သင်္ချိုင်းသို့ ယူဆောင်သွားကာ သုဘရာဇာကြီးဦးထွေးကို တိုးတိုးတိတ်တိတ် ပြောဆိုကာ ကိစ္စပြီးလိုက်၍ရသောကြောင့် ဖြစ်လေသည်။

ချွေးများပျံကာ သတိရလာသော မောင်ပြေသာသည် မျက်နှာမှ ချွေးများကို လက်နှင့်သပ်လိုက်ကာ...

"ဟူး...ချွေးတွေကလည်း များလိုက်တာ"

ဟု အော်လိုက်သည်။

"ဟင်...မောင်ပြေသာ သတိရလာပြီလား"

"ဟုတ်ကဲ့...ကိုဝင်းမောင်။ ကျွန်တော် ဘာဖြစ်သွားလို့လဲ"

"ဟာ...မင်းလေ့ပေါ်မှာကတည်းက ကယောင်ကတမ်းတွေ ပြောနေတာ။ မင်းရဲ့စကားတွေထဲမှာ သော်တာဆိုလည်း ပါတယ်။ ငါ မင်းကို လာတွေ့ ဦးမယ်ဆိုတာလည်း ပါတယ်"

"ဟုတ်လား"

မောင်ပြေသာသည် နှင်းသော်တာကို သူ့အတွင်းစိတ်ထဲမှ စွဲနေသည်ကို သတိရမိလိုက်လေသည်။

"အဝတ်အစားလဲစရာရှိလား"

မောင်ပြေသာက ထပ်မေးသည်။

"ရှိပါတယ်...ငါ့အဝတ်တစ်စုံရှိတယ်။ သိပ်တော့ မကောင်းဘူး။ လျှော်ထားတဲ့ အဟောင်းပဲ"

"ရပါတယ်ဗျာ...ကျွန်တော် အဝတ်လဲချင်တယ်"

"နေဦး ငါ လာလုပ်ပေးမယ်"

ဝင်းမောင်က အကျီများကို ချွတ်၍ ချွေးသုတ်ကာ အဝတ်များလဲပေးသည်။

"ဟာ...မင်း အဖျားကျသွားပြီကွ"

"ဟုတ်လား"



"ဟုတ်တယ်...လှေပေါ်ကဆင်းတော့ မီးခဲကျနေတာပဲ ပူလိုက်တာ"

"အခု ကျွန်တော် ဘယ်ရောက်နေတာလဲ"

"လယ်ကွင်းထဲက တဲလေးမှာပါ။ ငါ့အဖေရဲ့တဲမှာပါ"

"ဟုတ်လား...ကျွန်တော် ပါလာတာ ကိုဝင်းမောင်အဖေ သိသွားပြီလား"

"မသိသေးပါဘူးကွာ။ အဖေက အုန်းနဲ့ရွာမှာ ဇရပ်ဆောက်နေတယ်တဲ့"

ဝင်းမောင်၏အဖေမှာ ဆရာတော်ဦးဝီရိယနှင့် ရင်းနှီးသောကြောင့် ဆရာတော်၏နေရာသို့ သူ့သတင်းကြားသွားမည် စိုးလေသည်။ မောင်ပြေသာသည် ဝင်းမောင် ထူပေးသောကြောင့် ဝင်းမောင်၏လက်ကို အားပြုကာ ထလိုက်သည်။

"ကိုဝင်းမောင်"

"ဘာလဲ"

"ကျွန်တော့်ခေါင်းကြီးက ပေါ့သွားသလိုပဲ။ အရင်က အနာကြီးက တင်းပြီး တအားနာနေတာလေ"

"ပေါ့မှာပေါ့ ဆရာဦးတော်ပိုင်က မင်းရဲ့အနာထဲက သွေးတွေ ပြည်တွေကို ဓားနဲ့ခွဲပြီး ညှစ်ထုတ်လိုက်တာကိုး"

"ဪ..."

အနာ၀ပြည်ညှစ်စဉ်က နာ၍အော်သော်လည်း ဘာဖြစ်မှန်းကို မောင်ပြေသာ မသိခဲ့ပေ။ မောင်ပြေသာကို ကိုဝင်းမောင်က ဆန်ပြုတ်တိုက်လေသည်။

x x x

နောက်တစ်နေ့တွင် ဝင်းမောင်က အိမ်တွင် ထမင်းဟင်းမှာသွားယူသကဲ့သို့ ကျော်ထွန်းသည်လည်း သူ့အိမ်မှ မန်ကျည်းရွက်နှင့် ငါးချဉ်ဟင်းနှင့် ငါးခြောက်ကြော်များ ယူလာသည်။

ဝင်းမောင်ကတော့ ကြက်သားကာလသားဟင်းကို ယူလာခဲ့သည်။ ဝင်းမောင်၏မိန်းမ မခင်အေးမှာ ဟင်းချက်ကောင်းသူဖြစ်လေသည်။

"ကျော်ထွန်းရေ မင်း ကြိုက်တဲ့ကာလသားဟင်း ...တယ်ကွ"

www.burmeseclassic.com



ကျော်ထွန်း တဲထဲတွင် ရောက်နေသည်ကို တွေ့သည်နှင့် ဝင်းမောင်က အော်ပြောလိုက်သည်။ ကျော်ထွန်းက စောင်ခြုံကာ ရေနွေးပူပူသောက်နေသော မောင်ပြေသာနှင့် ထိုင်စကားပြောသည်။

"ညနေကျရင် ဆေးဆရာကြီးက တစ်ခေါက်လာမယ် ပြောတယ် မဟုတ်လား။ ငါ့ အိမ်က စောင့်ပြီးခေါ်လာခဲ့မယ်"

"အေး・・・ဆရာကြီးက လူနာကို လယ်တဲပြောင်းထားတာ သိမှာ မဟုတ်ဘူး ကျော်ထွန်း"

"ဟုတ်တယ်"

မောင်ပြေသာက သူ့ကို လယ်ကွက်ထဲသို့ ပြောင်းထားသည့်ကိစ္စကို စဉ်းစားနေသည်။ သူသည် ကျမ်းဂန်စာပေ လေ့လာဖူးသူဖြစ်သောကြောင့် ကျော်ထွန်း၏မိန်းမကြောင့် သူ့အား လယ်တဲသို့ ပို့ထားခြင်းဖြစ်မည်ဟု သဘောပေါက်နားလည်မိသည်။

ဆရာကြီးက ပြောသောစကားများကိုလည်း မောင်ပြေသာကို ပြန်ပြောပြလေသည်။ ထိုနေ့ညနေတွင် ဆေးဆရာကြီးက လာရောက်ကာ ရှုဆေးနှင့် သောက်ဆေးတို့ကို ပေးသွားသည်။

"နေပါဦး・・・မင်းကို ငါ တွေ့ဖူးသလိုပဲ။ ဘယ်မှာတွေ့ဖူးပါလိမ့်"

ဆေးဆရာကြီးဦးထော်ပိုင်က စဉ်းစားကာ ပြောလိုက်သည်။

"ဟုတ်တယ်・・・ကျွန်တော်လည်း ဆရာကြီးကို တွေ့ဖူးသလိုပဲ"

ခဏကြာသောအခါ ဆေးဆရာကြီးဦးထော်ပိုင်က သတိရသွား၏။

"ဪ・・・သိပြီ・・・သိပြီ။ မင်းကို ငါ တွေ့ဖူးတာက ညောင်စာရေးရွာက ဘုန်းကြီးကျောင်းမှာပဲ။ ဘုန်းတော်ကြီး နေမကောင်းလို့ ငါ ဆေးလာတိုက်တာ။ မင်း အဲဒီကျောင်းမှာနေဖူးတယ် မဟုတ်လား"

မောင်ပြေသာမှာ ငြင်းဆိုရှုမရတော့ပေ။

"ဟုတ်ကဲ့・・・ကျွန်တော် နေဖူးပါတယ်"

"ဘုန်းတော်ကြီးက မင်းကို တော်တော်ချစ်တာပဲ။ မင်း သောက်ရေသွားခပ်တုန်းမှာ မင်းရှိလို့ အစစအရာရာ အားကိုးရတယ်လို့ ငါ့ကို ပြောတယ်။



ဆရာတော်ဦးဝိရိယကျောင်းမှာဆို မင်း ဒီလယ်တဲလို ဘယ်နေရမလဲ။ အဲဒီ ဆရာတော် မသိသေးဘူးလား"

"မသိသေးပါဘူး ခင်ဗျာ။ သိလည်း မသိစေချင်ပါဘူး။ ဆရာတော် စိတ်ထိခိုက်မှာစိုးလို့ပါ"

ဆေးဆရာကြီးဦးထော်ပိုင်ကို မောင်ပြေသာက သူ့အကြောင်းအချို့ ပြောပြလိုက်သည်။

"မဟုတ်တာ မောင်ပြေသာရယ်၊ နေကောင်းရင်တော့ ဆရာတော်ကို သွားကန်တော့ပြီး လျှောက်လိုက်ပါ။ ဆရာတော်က ဆူလည်း ဆူမှာပေါ့။ သူ့အကြောင်းစုံသိရတော့ စိတ်အေးရတာပေါ့။ နို့မို့ မင်းကို မိုးကုတ်မှာပဲ ရှိတယ်လို့ ထင်နေတာ"

ဆေးဆရာကြီးဦးထော်ပိုင်က လူကြီးပီပီ ဖွေးဖွေးဆဆ ပြောသည်။ ဦးထော်ပိုင်၏ စကားက မှန်သင့်သလောက် မှန်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဆရာတော်ဦးဝိရိယကို တစ်သက်လုံး ဖုံးဖိထား၍ဖြစ်နိုင်မည် မဟုတ်သောကြောင့်ပင်။ လော‌လောဆယ်တော့ မောင်ပြေသာသည် အသိမပေးချင်သေးပေ။

×××

လောကကြီး၏ သဘောကား ဆန်းကြယ်သောသဘာဝရှိရာ တရားဇရပ်ကြီးတစ်ဆောင်ကို ဆောက်လုပ်နေသော ဝင်းမောင်၏အဖေမှာ တစ်ညနေတွင် ရွာသို့ပြန်လာခဲ့လေသည်။

ထိုအခါ ဝင်းမောင်၏ဇနီးဖြစ်သူ ခင်အေးနှင့် တွေ့ခဲ့၏။ ခင်အေးကလည်း ညောင်စာရေးရွာမှ လူတစ်ယောက် လမ်းမှာ ထူးဆန်းစွာ ကိုယ်တင်ခဲ့ပြီး ယခုတိုင် ညောင်စာရေးရွာကလူကို ဆေးကုသနေရကြောင်း ပြောသည်။

ကျောင်းအမိုးမိုးနေစဉ် တိုင်ကပ်ပန်းများ ပြုလုပ်နေချိန်ဖြစ်သည်။ ညနေစာ ထမင်းယူဖို့ ပြန်လာသောအခါတွင် ဝင်းမောင်နှင့်တွေ့သည်။

"ဟေ့・・・ညောင်စာရေးရွာက လူတစ်ယောက်ကို မင်းနဲ့ကျော်ထွန်းတို့

www.burmeseclassic.com

www.burmeseclassic.com



က ငါ့လယ်တဲမှာ ဆေးကုပေးနေတာကိုး"

"ဟုတ်တယ် အဖေ။ အဖေ့ကိုတောင် သူက သိတယ်"

"ဘယ်သူလဲကွ"

"မောင်ပြေသာ အဖေ"

"ဪ…ပြေသာက မိုးကုတ်ပါသွားတယ်လို့ ဆရာတော်က မိန့်တယ်"

"ဟုတ်တယ် အဖေ။ ဖြစ်ပုံက ဒီလို"

ဝင်းမောင်က ပြေသာဖြစ်ခဲ့ပုံကို အတိုချုံးကာ ပြောပြလိုက်လေသည်။

"အေး…ဖြစ်ရလေကွာ။ ဒီသူငယ်က လူတော်လေးပါ။ ဘာလို့ ဒီလို ဖြစ်ရတာလဲ။ ဆရာတော်ကို ငါ လျှောက်ပေးပါ့မယ်"

"မောင်ပြေသာက လောလောဆယ်တော့ မလျှောက်စေချင်ဘူး အဖေ"

"ဘာဖြစ်လို့လဲကွ"

"ဆရာတော် စိတ်ထိခိုက်မှာစိုးလို့တဲ့။ နေကောင်းမှ အခြေအနေကြည့်ပြီး လျှောက်မယ်လို့ ပြောတယ်"

"အေး…အေး။ ငါလည်း ကျင်တွယ်ကျိုးသွားလို့ လာပယူတာကွ။ မနက်စောစောပြန်မယ်"

"ခွမ်းစားဇရပ်က မပြီးသေးဘူးလား"

"မပြီးသေးပါဘူးကွာ။ ပြီးဖို့ တစ်လလောက်နေရဦးမှာ။ အလှူရှင်က ပန်းတိမ်ဆရာသော်လေ၊ ညောင်စာရေးရွာကပဲပေါ့"

"မောင်ပြေသာတို့ရွာကပဲ ဆိုပါတော့"

"အေး…ပြောပြလိုက်။ မောင်ပြေသာတောင် သိချင်သိလိမ့်မယ်"

"ဟုတ်ကဲ့ ကျွန်တော် ပြောလိုက်ပါ့မယ်"

ထမင်းနှင့်ဟင်းများ ကြွေရည်သုတ်ချိုင့်ထဲတွင် ထည့်ပြီးဖြစ်၍ သူ့အဖေကို နှုတ်ဆက်ကာ ဝင်းမောင် ပြန်လာသည်။

×××



တိုင်ကပ်ပန်းများဖြီး မဖြီး ကြည့်ရှုရန်အတွက် အလှူရှင်ပန်းတိမ်ဆရာကြီး ဦးသော်သည် သမီးဖြစ်သူ နင်းသော်တာနှင့်အတူ ရောက်ရှိလာခဲ့သည်။ ဝါရင့်လက်သမားဆရာကြီး ဦးမောင်သည် ဇရပ်ပတ်ပတ်လည်၌ရှိသော ပြတင်းတံခါးများနှင့် တံခါးမကြီးများကို ပြသလျက်ရှိနေလေသည်။

"အင်း…ဒီလိုတံခါးတွေကို ကြည့်ရတော့ ဆရာတော်ဦးဝိရိယကို သွားပြီး သတိရတယ်။ ဦးဝိရိယကတော့ စိတ်မထင်ရင် ပေတံဆွဲပြီး ပေ-လက်မ ပြည့်မပြည့် သေချာတိုင်းတာ"

ညောင်စာရေးရွာမှ ဘုန်းတော်ကြီးအကြောင်း ကြားသည်နှင့် ဦးမောင်က သူ့လယ်ထဲတွင် လာ၍ဆေးကုနေသော ဘုန်းတော်ကြီး၏ကျောင်းသား မောင်ပြေသာကို သတိရသွားသည်။

"ဒါနဲ့ ကျုပ်လယ်တဲမှာ ညောင်စာရေးရွားဟိုးတစ်ယောက် လာပြီး ဆေးကုနေတယ်"

"ဘယ်သူပါလိမ့်"

ဦးသော်က အမှတ်မထင် မေးလိုက်သည်။ ဝင်းမောင်က ဘုန်းတော်ကြီးကိုသာ မသိစေလို၍ ရွာသားအတွက်တော့ ကိစ္စမရှိဟု မှတ်ယူကာ…

"မောင်ပြေသာဆိုတဲ့ ကောင်လေးဗျာ"

"ဟင်"

"ဟုတ်လား"

ဦးသော်ရော နင်းသော်တာပါ အံ့အားသင့်သွားကြသည်။

"သူ့ကို မိုးကုတ်က ပွဲစားကြီးဦးသာမောင်ကိုယ်တိုင် လာခေါ်တာပဲ။ ကျုပ်ဆီမှာတောင် လက်စွပ်တစ်ကွင်း အပ်သေးတယ်"

"ဟုတ်ပါတယ် သူပါပဲ။ အခု လမ်းတောင်ကောင်းကောင်း မလျှောက်နိုင်သေးဘူး"

"ပြောပါဦးဗျာ"

မောင်ပြေသာက ဆရာတော်ကြီးဦးဝိရိယအား အသိမ[illegible] နေကောင်းမှ ညောင်စာရေးရွာသို့ လာကာ လျှောက်ထား[illegible]ကြောင်း ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ကြည့်ရှုစရာများကို ကြည့်ပြီးသည်နှင့် ပီတောက်ကုန်းရွာသို့ သွားရန် နှင်းသော်တာက စလေတော့သည်။

"မေမေ ကိုပြေသာ ဒီလိုဖြစ်နေတာ ပစ်ထားလို့ ဘယ်ကောင်းမလဲ"

လှည်းပါလာရာ နှစ်မိုင်မျှသာဝေးသော ပီတောက်ကုန်းရွာသို့ ဦးသော်နှင့်သမီးဖြစ်သူ နှင်းသော်တာတို့ ထွက်ခွာလာလေတော့သည်။ ရွာအပြင် ရိုးစပ်တွင် ယာလုပ်ရန် မီးတိုက်နေသော မမြင့်အေးသည် ပန်းတိမ်ဆရာကြီးဦးသော်ကို သိလေသည်။

သူမသည် လက်ကောက်အပ်ရန် သွားဖူးသောကြောင့် ဖြစ်၏။ ထို့ကြောင့် လယ်ကွင်းထဲမှ ဖြတ်ကာ သူတို့အိမ်ရှိရာသို့ ပြေးလာသည်။

"ကိုကျော်ထွန်း"

"ကိုကျော်ထွန်း"

"ဟေ"

"ရှင်တို့ မောင်ပြေသာနဲ့ တွေ့ဖူးတယ်၊ ရင်းနှီးတယ်ဆိုတဲ့ ပန်းတိမ်ဆရာကြီးဦးသော်ရယ် လှည်းနဲ့လာနေတယ်။ လှည်းပေါ်မှာလည်း သူ့သမီးလား မသိဘူး မိန်းကလေးချောချောလေး ပါလာတယ်"

"ဟုတ်လား"

"ဟုတ်တယ်"

"ဟာ···ဒါဆိုရင် ပီတောက်ကုန်းရွာမှာ အရှေ့ရှိတာလည်း မဟုတ်တော့၊ မောင်ပြေသာဆီ သွားပြောဦးမှပဲ။ သူက ပန်းတိမ်ဆရာကြီးဦးသော်နဲ့ ရင်းနှီးတာ"

ကျော်ထွန်းက ထမိန်အပြုတွင် မမြင့်အေးက ဆွဲထားသည်။

"ဟဲ့···ဘာလုပ်တာတုန်း"

"ရှင် သွားမပြောနဲ့။ သူတို့မေးရင်လည်း မှန်တဲ့အတိုင်းပြော"

"မောင်ပြေသာကမှ အသိမခံချင်နေတဲ့ဟာ"

မမြင့်အေးက ကျော်ထွန်း၏ပေါင်ကို လိမ်လိုက်လေသည်။



"ရှင်နော် ဒီလောက်အရလား။ မိန်းကလေးတစ်ယောက်က တစ်ရွာထိ လိုက်လာတာဟာ ရှင့်လူကို သံယောဇဉ်ရှိလို့ပေါ့"

ကျော်ထွန်း၏မျက်နှာကြီး ပြုံးသွားသည်။

"အေး···ဟုတ်သားပဲ"

ကျော်ထွန်းနှင့် ဝင်းမောင်တို့မှာ အလုပ်များနေသည်က တစ်ကြောင်း၊ အိမ်အလုပ်များ ဖြောင့်ဖြောင့်တန်းတန်း လုပ်နိုင်ရန် နေမကောင်းသော မောင်ပြေသာကို သူ့ရွာသူ ရောက်စေချင်သဖြင့် ထိုသို့အကြံပေးခြင်းပင် ဖြစ်လေသည်။

ပန်းတိမ်ဆရာကြီး ဦးသော်နှင့် နှင်းသော်တာတို့မှာ ဝင်းမောင်တို့အိမ်ရှေ့တွင် လှည်းရပ်လိုက်လေသည်။

"လက်သမားဆရာကြီး ဦးမောင်ရဲ့အိမ်က ဒီအိမ်လား"

"ဟုတ်ပါတယ်ရှင်"

ဝင်းမောင်၏မိန်းမက ထွက်ကာ ကြိုဆိုရင်း နှုတ်ဆက်စကား ပြောလိုက်သည်။

"ဘာကိစ္စရှိလို့လဲ"

"ကိစ္စကတော့ မောင်ပြေသာနဲ့ တွေ့ချင်လို့ပဲ"

×××

မျက်ပွင့်ခင်သည် သူ့အားဆွဲခေါ်ရန် ကြံစည်ခဲ့ခြင်းကို မောင်ပြေသာက ရုတ်တရက် ဝင်ရောက်ကယ်တင်ပြီးနောက် မောင်ပြေသာနှင့် ပိုမိုရင်းနှီးခဲ့သည်။

မောင်ပြေသာသည် အပြောအဆို ယဉ်ကျေးခြင်း၊ တစ်စုံတစ်ရာကို ပြောဆိုသည့်အတိုင်း မြှုလုပ်တတ်ခြင်းဟူသော ယောကျ်ားပီသသူဖြစ်ကြောင်း သိရ၍ စိတ်ထဲမှ နှစ်သက်သဘောကျသွားလေသည်။

မောင်ပြေသာမှာ ရွှေဘိုဘက် ဝက်လက်အနီးမှ ရွာသားလေးပင် ဖြစ်သော်လည်း "တင်းနစ်"ရိုက်သည့်အကြောင်းကို မေးမြန်းရာ မျက်ပွင့်ခင်က တင်းနစ်လက်တံကိုင်ပုံအကြောင်း၊ ပိုက်ကိုကျော်ကာ ရိုက်၍ တားဆီးလိုက်က မကာကွယ်နိုင်လျှင် အမှတ်ရရှိကြောင်းများ ရှင်းပြကာ မျက်ပွင့်ခင်၏ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ယွန်းသူတာနှင့် လက်တွေ့တင်းနစ်ရိုက်ပြသည်။

တစ်ခါနှစ်ခါ ရိုက်ပြသည်ကို ကြည့်ရှုပြီးနောက် တင်းနစ်ဝင်ရိုက်ကြည့်ရာ အတော်အတန် ရိုက်တတ်နေသည်ကို တွေ့ရသည်။ မျက်ပွင့်ခင်နှင့်လည်း ရင်းရင်းနှီးနှီး စကားပြောကာ ခင်မင်နေပြီဖြစ်သောကြောင့် တင်းနစ်ရိုက်သည့် အကြောင်းကိုပြောရင်း အိမ်တွင် တင်းနစ်ရိုက်ရန် အဖော်ဖြစ်သွားလေတော့သည်။

"ဘယ်လိုလဲ သမီး။ မောင်ပြေသာနဲ့ တင်းနစ်ရိုက်လို့ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ဖေဖေ။ ကိုပြေသာက မှတ်ဉာဏ်သိပ်ကောင်းတာပဲ။ တစ်ခုခုကို မြင်ရင် သူက အမြင်ကောင်းတော့ ကျကျနနလုပ်တတ်တယ်"

"ဟုတ်တယ် သမီး။ မောင်ပြေသာက အင်္ဂလိပ်စာသာ မတတ်တာ ပိဋကတ်ပညာလည်း တတ်တော့ ဘာမဆို သဘာဝကျကျ လေ့လာတတ်တယ်။ သဘာဝကျကျ တွေးတတ်တယ်။ သမီးကိုကိုနဲ့တော့ တခြားစီပဲ"

ဦးသာမောင်က မောင်ပြေသာကို ချီးမွမ်းခန်းဖွင့်ကာ ပြောဆိုနေသည်ကို ဒေါ်မြတင်က နှာခေါင်းရှုံ့လိုက်သည်။

"ရှင်တို့ဟာ ရှင်တို့ ပြောချင်တာပြောပါ။ ကျွန်မသားကိုတော့ မတန်မရာ ထည့်မပြောပါနဲ့"

ဒေါ်မြတင်မှာ သူ့သားကို တကယ့်သူဌေးသားဟူ၍ သုံးချင်သလောက် သုံး၊ ဖြုန်းချင်သလောက် ဖြုန်းနေသည်ကိုပင် အလိုလိုက်ကာထားလေသည်။

"ကဲပါ...ရှင့်ရဲ့မွေးစားသား ချီးမွမ်းခန်းကို ရပ်တန်းက ရပ်ပါတော့"

ဒေါ်မြတင်က ကြည့်မရသော မောင်ပြေသာအကြောင်း ပြောနေသည်ကို ရပ်နိုင်းလိုက်၏။

"မင်းသာ မင်းရဲ့သားကို ဘုရားတစ်ဆူ ဂူတစ်လုံး လုပ်နေ၊ တစ်နေ့ မင်းသားက ဒုက္ခကောင်းကောင်းပေးပါလိမ့်မယ်"

"အို...မပြောကောင်း မဆိုကောင်းရှင်"

မိခင်နှင့်ဖခင်တို့ စကားအွှာပြောအဆို မတည့်လျှင် ညှေ့ခန်းထဲမှ မျက်ပွင့်ခင် ထွက်သွားတတ်သည်။ မျက်ပွင့်ခင်တို့ ခြံဝင်းထဲတွင် သစ်သားအိမ်လေး တစ်လုံးရှိသည်။



မောင်ပြေသာသည် ထိုသစ်သားအိမ်လေးတွင် နေထိုင်ရာ မျက်ပွင့်ခင် ဝရန်တာမှ လှမ်းကြည့်လျှင် စာဖတ်နေခြင်းနှင့် စာများ ပါးစပ်မှရွတ်ဆိုကာ လမ်းလျှောက်နေခြင်းတို့ကို တွေ့ရသည်က များလေသည်။

"အင်း...ကိုပြေသာဟာ သိပ်အေးချမ်းတဲ့သူပဲ၊ ထမင်းနဲ့ဟင်းကလွဲပြီး မုန့်ပဲသွားရေစာလည်း မစားဘူး"

တစ်နေ့ မျက်ပွင့်ခင်တို့အိမ်တွင် ကော်ပြန့်စိမ်းလုပ်စားကြသည်။ မျက်ပွင့်ခင်ကိုယ်တိုင် ဆပ်ရွက်ဂျုံပြားအကျယ်တို့ဖြင့် အသီးအနှံများထည့်ကာ လိပ်ပြီး နှစ်လိပ်ခန့် ပန်းကန်ပြားထဲတွင် ထည့်ကာ အသင့်စားရုံနှင့် ခါးနှင့်လိုး၍ အချဉ်ရေဆမ်းလာခဲ့သည်။ ဖွန်းပါ ယူလာခဲ့၏။

သူတို့တိုက်၏ ခြေရင်းရှိ ပျဉ်ထောင်အိမ်လေးထဲတွင် မောင်ပြေသာသည် စာအုပ်ထူကြီးတစ်အုပ် ဖတ်နေရာ မျက်ပွင့်ခင် ဝင်လာသည်ကိုပင် သတိမမူမိဘဲ ရှိလေသည်။

"ကိုပြေသာ"

"ဟင်"

"တကတဲ စာအုပ်ကို ဝါးစားမယ့်အတိုင်းပဲ၊ ကိုပြေသာ ဖတ်နေတာ ဘာစာအုပ်လဲ"

"ပဏ္ဍိတဝေဒနီယပါ ခင်"

"အဲဒါ ဘာစာအုပ်လဲ"

"တရားစာအုပ်ပေါ့ ခင်ရဲ့"

"ကိုပြေသာကလည်း ငယ်ငယ်လေးနဲ့ တရားစာအုပ် ဖတ်နေရသလား"

"လူဆိုတာ ငယ်တယ်ကြီးတယ် ဘယ်ရှိမလဲ။ ဟင်...ခင် ဘာတွေ ယူလာတာလဲ"

"ကော်ပြန့်စိမ်းလေ"

"ပြန်ယူသွားပါခင်...ကိုပြေသာ မစားတတ်ပါဘူး"

xxx

www.burmeseclassic.com

www.burmeseclassic.com



မျက်ပွင့်ခင်သည် မောင်ပြေသာ၏အကြောင်းကို တွေးနေရာမှ မိုးချုပ်လာသည်ကို သတိရလာသည်။

သူမသည် မောင်ပြေသာ ပြန်လာက တင်းနစ်ဆက်ရိုက်ရန် စောင့်နေခြင်းဖြစ်ရာ မိုးချုပ်လာသောအခါ ဆက်မစောင့်နိုင်တော့ဘဲ စိတ်ပူလာမိသည်။ ညနေခင်းတွင်ထိုင်ကာ ဒေါ်မြတင်နှင့်စကားပြောနေသော ဖခင်ထံသို့ ပြေးလာသည်။

"ဖေဖေ"

"ဟေ"

"ကိုပြေသာရော ကိုကိုရော ပြန်မလာဘူး။ ကြည့်ရတာ ကိုကိုကမလိုက်လို့ အခက်တွေ့ပြီ ထင်တယ်"

မျက်ပွင့်ခင်က စဉ်းစားကာ ပြောလိုက်သည်။

"အေး. . .ဟိုကောင်ကတော့ လိုက်မှာမဟုတ်ဘူး။ မလိုက်ရင်လည်း မောင်ပြေသာ ပြန်လာရမှာပေါ့"

ဒေါ်မြတင်ကား သူစုဆောင်းထားသော ငွေလေးကို သားဖြစ်သူ မျိုးတင် ယူဆောင်သွားပြီဖြစ်၍ စိတ်ညစ်ကာ ထိုင်နေ၏။ သားအဖနှစ်ယောက် ပြောနေသည်ကို မည်သို့မျှဝင်၍မပြော။ မောင်ပြေသာက မျိုးတင်ကို ပြန်ခေါ်လာနိုင်ပါစေဟု ကြိတ်ကာ ဆုတောင်းနေလေသည်။

"ဖေဖေ"

"ဟေ"

"ကိုကိုက အပေါင်းအသင်းများတယ်"

"အေး. . .ဟုတ်တယ်"

"လိုက်များရှာနေကြလား မသိဘူး"

"ဒါတော့ မပြောတတ်ဘူး။ မျိုးတင်မပါတော့ အိမ်ကို ပြန်ဝင်ရခက်နေတယ်ထင်တယ် သမီး"

"မဖြစ်ဘူး ဖေဖေ။ ကိုကို့သူငယ်ချင်းတွေက စိန်ထွန်းလိုလူဆိုးတွေ လူပေတွေ များတယ်။ ကိုပြေသာကို ဝိုင်းပြီးရိုက်နှက်ကြရင် အခက်ပဲ"

"အေး. . .ဘယ်လိုလုပ်မလဲ"



"သမီးတို့ လိုက်သွားမယ် ဖေဖေ"

မောင်ပြေသာနှင့် မျိုးတင်တို့နောက်သို့ လိုက်ရန်အတွက် အိမ်နောက်တန်းလျားတွင်နေသော ဒရိုင်ဘာကိုချက်ကြီးကိုခေါ်ကာ ကားနှင့်ထွက်လာခဲ့သည်။

"ချက်ကြီး မျိုးတင် ဘယ်နေရာသွားတတ်လဲ သိလား"

"တောင်ကြားလက်ဖက်ရည်နဲ့ စားသောက်ဆိုင်တွေ သွားတတ်တယ် ဦးလေး"

"ဈေးဘက်ကိုရော"

"ဈေးဘက်မှာတော့ သိပ်မတွေ့ရဘူး"

"အေး. . .ဒါဆိုလဲ အဲဒီစားသောက်ဆိုင်တွေ အရင်သွားပြီးရှာစွာ"

ချက်ကြီးသည် သွားရင်းလာရင်း မျိုးတင်ကို အမြဲခတ်နေသူဖြစ်၍ မျိုးတင်သွားတတ်သော နေရာအချို့ကို သိရှိနေသည်။ တောင်ကြားစားသောက်ဆိုင်တွင် လူစည်ကားနေသည်။

ချက်ကြီးသည် ဆင်းကာ စားသောက်ဆိုင်မှ စားပွဲထိုးလေးများကို မျိုးတင်တို့အုပ်စုလိုက် ထွက်သွားကြောင်း၊ စိုးအောင်နှင့်စိန်ထွန်းတို့လည်း ပါ၍ ကိုမျိုးတင်အိမ်မှ လူတစ်ယောက်က လိုက်သွားကြောင်း ပြောပြလေသည်။

ချက်ကြီးသည်လည်း ထိုအခြေအနေကို ဦးသာမောင်နှင့် မျက်ပွင့်ခင်တို့အား ပြောပြသည်။ စိန်ထွန်းဟူသော အသံကြားရ၍ မျက်ပွင့်ခင်သည် မျက်လုံးပြူးသွားသည်။ စိန်ထွန်းသည် သူမကိုစွနှင့်မတော်သက်၍ အငြိုးထားမှုကို သိရှိနေသောကြောင့် ဖြစ်၏။

"စိန်ထွန်းတို့အိမ်ကို မောင်းကွာ"

စိန်ထွန်း၏အိမ်သို့ ရောက်သောအခါ ရွှေလီမယ်က သူသားပြန်မလာသည်မှာ ကြာပြီဖြစ်ကြောင်း ပြောပြလေသည်။ နောက်ထပ်ရှာစရာအိမ်ဖြစ်သော စိုးအောင်တို့အိမ်သို့ ချက်ကြီးသည် ကားမောင်းကာ ထွက်လာခဲ့သည်။

ချက်ကြီးသည် စိုးအောင်တို့တိုက်လေးထံသို့ တစ်ကြိမ် နှစ်ကြိမ် သိုက်၍ပို့ခဲ့ဖူးသည်။ ဂိတ်ဝမှ ကားမီးထိုးသည်ကို တွေ့ရသည်နှင့် အင်္ကျီမှာ ဖိတ်သွားပြီး လူများ ထွက်ပြေးသွားသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ချက်ကြီး အဲ့ဒီကောင်တွေနောက်ကို လိုက်စမ်း"

နောက်ဘက်လမ်းထဲသို့ ကားကို ကွေ့ဝင်ကာ လိုက်သော်လည်း လမ်းကြို့လမ်းကြားသို့ ပြေးဝင်သွားသော စိုးအောင်တို့လူစုကို မတွေ့ကြတော့ပေ။

ပတ်ဝန်းကျင်ကို စုံစမ်းကြည့်သောအခါ မိဘများ ခရီးသွားနေ၍ စိုးအောင် ထင်သလိုနေထိုင်ကြောင်းကို သိရလေတော့သည်။

×××

မျိုးတင် သတိရလာသောအချိန်တွင် နံစော်သော အနံ့အသက်များကို ဦးစွာ ရှူလိုက်ရသည်။ အလွန်အနံ့အသက်မကောင်းသော နေရာတစ်ခုသို့ သူ ရောက်ရှိနေကြောင်း သိရ၍ ဆတ်ခနဲထလိုက်ရာ ခေါင်းမှ ဒဏ်ရာကြောင့် အားခနဲ အော်လိုက်လေသည်။

"အား...ကျွတ်...ကျွတ်"

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေသည်။ သူသည် မိုးကုတ်စျေးရှိ အမှိုက်ပုံတွင် လဲကျနေခဲ့ခြင်း ဖြစ်၏။

အမှိုက်ပုံထဲမှ ပေကျံနေသော ပါပင်ပေါက်တောင်းခွံများပေါ်တွင် သူ မည်မျှကြာအောင် သတိမေ့နေသည် မသိ။ သူ သတိရလာသည့်အချိန်တွင် မိုးလင်းလုနီး၍ စျေးသို့ရောင်းရန်လာကြသော စျေးသည်များကို တွေ့ရလေသည်။

သူသည် ပထမရိုက်၍လဲကာစတွင် သတိမေ့ချင်ယောင်ဆောင်နေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် စိုးအောင်တို့နှင့် တိုင်ပင်နေသော အသံကို ကြားရသည်။

"တို့ လုံးဝ ဒီနေရာပတ်ဝန်းကျင်မှာ ခိုအောင်းနေလို့ မဖြစ်ဘူး။ ငါ့ မိတ်ဆွေတစ်ယောက်က ထားဝယ်နဲ့ သူ့ဌေးကျွန်းကို မောင်းတဲ့စက်လှေမှာ ရှိတယ်။ တို့ပါလာတဲ့ငွေနဲ့ အဲ့ဒီမှာရှောင်ပုန်းပြီး ကြုံရာလုပ်စားကြတာပေါ့"

စိန်ထွန်းက သူ့အကြံကို ပြောလိုက်သည်။ သူနှင့်အတူ ပေါင်းသင်းနေသော ဝံပုလွေစိုင်းတင်၊ မားစဝ်မိုင်နှင့် စိုးအောင်တို့သည် သဘောတူကြ၏။

"ကောင်းတယ်...ဝံပုလွေကလည်း တို့ကို မျက်လုံးဒေါက်ထောက်



ကြည့်နေတယ်။ ဟိုမှာ လူခံရှိရင်တော့ ကောင်းတာပေါ့ စိန်ထွန်း"

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့် နောက်ဆုံးရောက်လာသူက ပြောလိုက်သည်။

"ရှိပါတယ်...ပင်လယ်ကျားဆိုတဲ့လှေကြီးဟာ ဦးသူရိန်ပိုင်တဲ့လှေပေါ့။ သူက ကျွန်တော့်ကို သူ့လှေမှာ လိုက်ဖို့ခေါ်နေတာ ကြာပြီ"

"ဟုတ်မယ် စိန်ထွန်း...မင်းတို့ ငါတို့လို လက်ရဲဇက်ရဲကို သူတပည့်မွေးချင်မှာပေါ့။ မင်းပြောလို့ ငါလည်း လမ်းကြောင်းလုပ်ထားပြီးပြီ။ ပီတော့ကားပြန်လာရင် တို့လုပ်စရာလုပ်ပြီး လစ်ကြတာ ကောင်းမယ်"

"ခရီးစဉ်က ဘယ်လိုသွားမလဲ"

စိန်ထွန်းက ဗီစကီတစ်ခွက်ကို ကော့ကော့ရင်းမှ မေးလိုက်သည်။ ဒဏ်ရာကြောင့် သွေးများထွက်လာ၍ မူးဝေဝေဖြစ်လာသော မျိုးတင်မှာ အာရုံစိုက်ကာ နားထောင်နေသည်။

"ဒီကနေ မန္တလေးကို ကားနဲ့ဆင်းမယ် စိန်ထွန်း။ မန္တလေးကနေ မော်လမြိုင်ကို မီးရထားနဲ့ဆက်မယ်။ မင်းရထားတဲ့ငွေနဲ့ဆိုရင် တို့အာပ်စု ခရီးစရိတ်လောက်ပြီကွာ။ ထားဝယ်ရောက်ရင် ဦးသူရိန်ကို တို့ စုံစမ်းရမှာပေါ့။ ပင်လယ်ကျားဆိုတဲ့လှေ ဆိပ်ကမ်းမှာ ရှိ,မရှိ အရင်ကြည့်ရုံပါပဲ"

စိန်ထွန်းက သူ့မိတ်ဆွေ၏အစီအစဉ်ကို သဘောတူလိုက်သည်။ စိန်ထွန်းသည် လွတ်လပ်သော ပင်လယ်ပြင်မှာ လှေတစ်စီးကို ဦးဆောင်ကာ တပည့်များဖြင့် နေလိုသော စိတ်ကူးယဉ်မှာ ကြာခဲ့ပြီဖြစ်သည်။ သူကိုယ်သူလည်း တစ်နေ့တွင် ဦးသူရိန်၏ပင်လယ်ကျားလှေကို ပိုင်သူဖြစ်ရမည်ဟု တွေးတောထားလေသည်။

မကြာမီ ကားဟွန်းသံကြားရသည်။ မျိုးတင်မှာ ကားဟွန်းသံကို နောက်ဆုံးကြားရပြီး သွေးအားနည်းကာ လုံခနဲ သတိမေ့သွားလေတော့သည်။

ယခု သူ ပြန်သတိရလာသောအခါတွင် သူ့အဖြစ်ကို သူ မှတ်မိသည်။ သူ့ကြောင့် မောင်ပြေသာ အပျောက်ဖျက်ခံရပြီထင်သည်။ သူ အိမ်ပြန်ရဲတော့။ စျေးနားရှိ သူ့သူငယ်ချင်း ညွန့်မောင်အိမ်သို့ဝင်ကာ ဆေးဆရာခေါ်ပေးဖို့ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ညွန့်မောင်မှာ လူရိုးလူကောင်းဖြစ်၍ မျိုးတင်ကို ခင်မင်ကာ ဆေးပေ တောတောမနေဖို့လည်း ပြောတတ်သည်။ ကျောက်မျက်ပညာကို လေ့လာဖို့လည်း တိုက်တွန်းတတ်၏။ ဆေးဆရာခေါ်၍ သုံးရက်ခန့်ကုသသောအခါတွင် မျိုးတင်၏ ဒဏ်ရာမှာ သက်သာသွားလေသည်။

သူသည် ထားဝယ်ရှိ ပင်လယ်ကျွန်းရေးသို့ သွားမည်ဖြစ်ကြောင်း ညွန့်မောင်ကို ပြောကြားခဲ့လေသည်။

×××

မျိုးတင်တွင် အစဉ်အမြဲ ခြေသလုံးတွင် သားရေပြားပတ်ကာ သိမ်းဆည်းထားသော ရွှေဒင်္ဂါးငါးပြားရှိသည်။ ထိုရွှေဒင်္ဂါးငါးပြားမှာ သူ အလိုရှိသည့်အခါ သုံး၍ရအောင် မည်သူ့ကိုမျှ အသိမပေးဘဲ အပေါ်မှ ဖုံးစွပ်ကဲ့သို့ သားရေပြားထူထူနှင့် အပြင်ထွက်လျှင် ပတ်ယူလာခဲ့သည်။

ရွှေဒင်္ဂါးတစ်ပြားလျှင် တစ်ကျပ်သားတိတိရှိ၍ ခြေသလုံးတစ်ဝက်ခန့်ပတ်နေသော ရွှေဒင်္ဂါးငါးပြားမှာ ရွှေငါးကျပ်သားရှိနေခြင်းပင် ဖြစ်သည်။

သူသည် ဤရွှေဒင်္ဂါးများ၏ ကာလတန်ဖိုးကြောင့် ငွေနှစ်ထောင်နီးပါးခန့်တော့ ရရှိမည်ဖြစ်သည်။ ထိုခေတ်က ငွေနှစ်ထောင်ဆိုလျှင် ခရီးစရိတ်ကောင်းကောင်း လုံလောက်ပေသည်။

"မင်း ထားဝယ်သွားမလို့ဆို ဘာကိစ္စလဲ"

"ငါ့ကိစ္စနဲ့ငါပါ ညွန့်မောင်ရာ၊ ငါမသေရင် မင်းဆီ ပြန်ရောက်မှာပေါ့"

"လမ်းစရိတ်ကရော"

"ငါ့နည်းငါ့ဟန်နဲ့ ရှိပါတယ်ကွာ"

"ငါတော့ မသွားစေချင်ဘူး"

"ဘာလို့လဲကွာ"

"စိန်ထွန်းတို့ စိုးအောင်တို့ဆိုတာ မင်းအပေါ်မှာ ဘယ်တုန်းက ကောင်းခဲ့လို့လဲ၊ အတူတူ သောက်စားတာတောင် မူးရင် ပစ်ထားတဲ့ ကောင်တွေပဲ"

စိန်ထွန်းကိုတော့ မျိုးတင်သည် မကျေနပ်ပေ။ သူသည် ခရီးစဉ်ကို



ကြားသိပြီးဖြစ်သောကြောင့် လက်စားချေရန် စိတ်ထက်သန်နေလေသည်။

"ငါ အိမ်ပြန်လို့ မဖြစ်ဘူး၊ ပြောသာ သေပြီ"

"ဟော"

"စိန်ထွန်းတို့အုပ်စုက သူ့ကို အပျောက်ရှင်းလိုက်ပြီ၊ အဲဒါ ငါ့ကြောင့်ပဲ"

ညွန့်မောင် ထိတ်လန့်သွား၏။

"ဟင်. . .ဒါဆိုရင် မင်းရာဇဝတ်မှုနဲ့ မကင်းတော့ဘူးပေါ့"

"ဟုတ်တယ် သူငယ်ချင်း၊ မင်းကျေးဇူးကို မမေ့ပါဘူးကွာ"

"ရာဇဝတ်မှု ဖြစ်လာရင်တော့ ဘယ်သူမှ မကယ်နိုင်ဘူး မျိုးတင်ရေ ကြည့်သာ ရှောင်ပေတော့"

"စိတ်ချပါကွာ"

မျိုးတင်သည် သူ လှို့ဝှက်ထား၍ အမြဲလိုလို ခြေနှင့်၍ ပတ်ထားသည်မှာ စိန်ထွန်းတို့ထင်သောကြောင့် ခြေသလုံးမှ သားရေပတ်ကို ခွာကြည့်ခဲ့၊ ထိုသားရေပတ်အောက်မှ ရော်ဘုရင်ခေါင်းမှုပါသော ရွှေဒင်္ဂါး(၅)ပြားကို ထုတ်ယူလိုက်သည်။

ထို့နောက် မိုးကုတ်မြို့ရှိ ဦးပွားရွှေပန်းတိမ်ဟုသော ဆိုင်ဘုတ်ရှိရာ အိမ်ထဲသို့ ဝင်သွားလေသည်။ ပြန်ထွက်လာသောအခါ သူတွင် ငွေစက္ကူတစ်ထပ်ပါလာသည်။ သူသည် များများစဉ်းစားမနေတော့ပါ။ မိုးကုတ်ရှိ ကားဂိတ်သို့ ဦးတည်ကာ လာခဲ့လေတော့သည်။

မိုးကုတ်မှ မန္တလေးသို့ ပြေးဆွဲသော သနပ်ဖက်ကားကြီးတစ်စီးပေါ်တွင် သူသည် မကြာမီ ရောက်ရှိသွားတော့၏။ ထိုကားပေါ်မှ ထိုင်ရင်း မျိုးတင်သည် သူ့ဘဝသို့ ပြန်၍သုံးသပ်ဆင်ခြင်လာမိသည်။

သူသည် ငယ်စဉ်ကတည်းက မိခင်ဒေါ်မြတင်အပေါ်တွင် ဆိုးခဲ့သည်။ ငယ်စဉ်အခါကစ၍ အရုပ်တစားစရာတို့ကို ဝယ်မပေးမချင်း ပူဆာခဲ့၏။ ထိုသို့ပေးသောအခါတွင်မှ အငိုတိတ်သည်။

ဒေါ်မြတင်သည် သူမ၏လင်မသိအောင် ဘားကိုပေးခဲ့သော ရွှေငွေ

www.burmeseclassic.com

www.burmeseclassic.com



ရတာနာတာန်ဖိုးမှာ နည်းလှသည်တော့ မဟုတ်။ မျိုးတင်သည် သနပ်ဖက်ကအား ခေါင်းမှလိုက်လာရင်း မျက်ရည်များ ဝဲလာသည်။

"ငါ့သက်တမ်းတစ်လျှောက်မှာ အမေ စိတ်ချမ်းသာအောင် တစ်ခါမှ မလုပ်ခဲ့မိဘူး။ ခုလည်း အမေ့ကို စိတ်မချမ်းသာအောင် လုပ်မိပြန်ပြီ။ အခုဆိုရင်တော့ အမေ စိတ်ပူနေတော့မှာပဲ"

မျိုးတင်သည် အိမ်မှ သူ ငွေခိုးလာကာ ထိုငွေသည် စိန်ထွန်းတို့က လုယူသွား၍ လိုက်နေရသောကြောင့် သူ့ဒုက္ခကို သူတွေးကာ နောင်တအကြိမ်ကြိမ်ရနေမိလေတော့၏။

×××

စိန်ထွန်းတို့မှာ သုံးရက်လောက်ကြိုကာ သွားကြသောကြောင့် ကွမ်းခြံဘူတာကြီးမှ မော်လမြိုင်ရထားပေါ်သို့ သုံးရက်စောရောက်ကာ ပါသွားခဲ့လေသည်။ မော်လမြိုင်ရထားလက်မှတ် ဝယ်သည့်နေရာတွင် မျိုးတင်သည် တန်းစီကာ စောင့်နေလိုက်၏။

ထိုအခါ ဆံပင်စုတ်ဖွားနှင့် လူငယ်တစ်ဦးသည် သူ့ရှိရာသို့ လျှောက်လာသည်။ ကြည့်ရသည်မှာ လူပေလူတေလေးတစ်ဦးနှင့် တူပေသည်။

"အစ်ကို"

သူနှင့်ရွယ်တူမရှိတရှိလောက်ပင် ဖြစ်သော်လည်း ထိုလူငယ်လေးက သူ့ကို အစ်ကိုဟု ခေါ်လိုက်သည်။ ရန်ကုန်မြို့တွင် ခါးပိုက်နှိုက်နှင့် လူရှုပ်လူပွေများလှကြောင်း သိရှိနေခဲ့သော မျိုးတင်သည် အရောမဝင်လိုသောကြောင့် "ဘာလဲ" ဟု ခပ်မာမာ ပြန်မေးလိုက်၏။

"ကျွန်တော် ဗိုက်ဆာလို့ တစ်ခုခုသွားစားချင်လို့ အစ်ကို။ ကျွန်တော့် မှတ်ပုံတင်နဲ့ ငွေကို ယူထားပါ။ တစ်ဦးကို လက်မှတ်နှစ်စောင် ဝယ်လို့ရပါတယ်"

ငွေစက္ကူတစ်ရာတန် တစ်ရွက်နှင့် မှတ်ပုံတင်ကို ထုတ်လာသည်။

"မြန်မြန်လာနော်"

"စိတ်ချပါ"



မှတ်ပုံတင်နှင့် ပိုက်ဆံကို ပေးကာ ဆံပင်စုတ်ဖွားနှင့်လူငယ်ပေါက်စ ထွက်သွားသည်။ ငွေရော၊ မှတ်ပုံတင်ပါ ပေးခဲ့၍ ရထားလက်မှတ်တန်းစီရာမှ သူ အလှည့်ရောက်သည်နှင့် မော်လမြိုင်လက်မှတ်နှစ်စောင်ကို ဝယ်လိုက်သည်။

တစ်စောင်လျှင် ခြောက်ဆယ်ကျပ်ရာ စုတ်ဖွားအတွက် ငွေ (၄၀) ပိုနေလေသည်။ လက်မှတ်ဝယ်သည့်နားမှပင် စုတ်ဖွားကိုစောင့်သည်။ သူ့မှတ်ပုံတင်ကို ဖွင့်ကြည့်သောအခါ နာမည်က "တိုးလုံ" ဟုခေါ်သည်။ ဆံပင်စုတ်ဖွားနှင့် တိုးလုံသည် ရထားချိန်နီးသည့်တိုင် ပေါ်မလာခဲ့ပေ။

သူသည် အစားအသောက်ကို မည်သည့်နေရာအထိ သွားရောက် စားသောက်နေသည် မသိ။ မော်လမြိုင်ရထားနှင့် လိုက်ပါမည့်လူများကို ကွမ်းခြံဘူတာမှ အသံချဲ့စက်က အော်နေသည်။ မျိုးတင်သည် ရထားထွက်လုနီးပြီဖြစ်သောကြောင့် ဆက်၍ စောင့်မနေနိုင်တော့ပေ။

"ဟယ်···မတတ်နိုင်ဘူး။ သူ့လက်မှတ်နဲ့ ငွေနဲ့ လိုက်ချင်ရင်တော့ ငါ့ကို လာရှာမှာပေါ့"

ကွမ်းခြံဘူတာ၏ ရထားပလက်ဖောင်းပေါ်သို့ မျိုးတင် ထွက်ခွာလာခဲ့သည်။ ထိုအခါတွင် သူ့နောက်မှ ပြေးလိုက်လာသော ဆံပင်စုတ်ဖွားနှင့်တိုးလုံကို တွေ့ရလေသည်။

"အစ်ကို···အစ်ကို"

"ဟော···ကြာလိုက်တာကွာ။ ရထားက ဟိုမှာထွက်တော့မယ်"

ဟုဆိုကာ ပိုငွေနှင့်လက်မှတ်ကို ထုတ်ပေးလိုက်သည်။

သူ ရထားလက်မှတ်ဝယ်ပေးခဲ့သော တိုးလုံမှာ အတော်ပင် အိပ်ရေးပျက်ခဲ့ပုံရသည်။ သူ့ခုံနှင့်ဘေးချင်းကပ်ဖြစ်သောကြောင့် ပြတင်းပေါက်ဘက်တွင် နေရာရသော တိုးလုံကို···

"မင်း···ဒီဘက်ကထိုင်ပါလား။ ငါက အထဲမှာဆို လေမရရင် အသက်ရှူရခက်လို့"

ဟု ပြောသည်။

"ရပါတယ်ဗျာ···အစ်ကို ဝယ်တဲ့လက်မှတ်ပဲ။ အစ်ကို ထိုင်ချင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာထိုင်ပေါ့"

ဟု တိုးလုံက ပြောသည်။

တိုးလုံသည် ခရီးဆောင်အိတ်လည်း မပါ။ အဝတ်တစ်ထည် ကိုယ်တစ်ခု။ မော်လမြိုင်ရထားက မနက်စောစောမှာပင် ထွက်သည်။ တိုးလုံသည် သူ့နေရာလေးမှာပင် ဒူးခေါင်းကို လက်နှင့်ပိုက်ကာ နောက်ကိုမှီ၍ အိပ်သွားလေသည်။

သူ့ကို ကြည့်ရသည်မှာ တော်တော် အိပ်ရေးပျက်နေပုံပင် ရလေသည်။ ငွေကြေးချို့တဲ့ကသည်ကို အဝတ်အစားကို ကြည့်သည်နှင့်ပင် သိနိုင်သည်။ ရှပ်အင်္ကျီလက်တို ခပ်ဟောင်းဟောင်းနှင့် ပုဆိုးခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားသည်။

မျိုးတင်သည် ဆံပင်က စုတ်ဖွားဖွားနှင့် ကလေးကချေပုံပေါက်နေသော တိုးလုံကို တစ်ချက်ကြည့်လိုက်ကာ နှာခေါင်းရှုံ့လျက် ရထားလမ်းဘေးမှ ရှုခင်းများကို ကြည့်ကာ လာခဲ့သည်။

ငမိုးရိပ်တံတားကို ကျော်သည်နှင့် လယ်ကွင်းများကိုသာ တမျှော်တခေါ် မြင်လာရသည်။ လယ်ကွင်းထဲမှ စပါးပင်လေးများမှာ စိမ်းလန်းစိုပြေနေလေသည်။ လေမှာ လယ်ကွင်းကိုဖြတ်၍ တိုက်လာသောကြောင့် အေးမြနေသည်။

လေတိုက်၍ တစ်ဘက်သို့ စောင်းသွားသော စပါးခင်းလေးများကို ကြည့်ရသည်မှာ ကြည့်နူးစရာကောင်းသည်။ ရှုခင်းများကို ကြည့်ရှုနေရာမှ ရှေ့ခုံတွင် ထိုင်နေသော လူတစ်ဦး၏စကားသံကို စောင်ကြားလာရသည်။

"အမှန်တော့ ဒီလယ်တွေကိုစိုက်တဲ့ လယ်သမားတွေဟာ နိုင်ငံမှာရှိတဲ့ သတ္တဝါတွေရဲ့ အသက်သခင် ကျေးဇူးရှင်တွေပဲဗျ"

စကားပြောသူမှာ အသက်လေးဆယ်ကျော်ကျော် မုတ်ဆိတ်မွေးနှင့် လူဖြစ်သည်။ သူသည် မျက်နှာထားတည်ကြည်ပြီး စကားသံကို ခပ်အေးအေး ပြောဆိုလေ့ရှိသူ ဖြစ်လေသည်။

"ဟုတ်တယ် ဦးကြည်ရှိန် လယ်သမားတွေဟာ နွားနဲ့ယှဉ်ပြီး ဖက်ရှန်းရတဲ့သူတွေပါ။ နွားနဲ့အတူ နေပူမိုးရွာမရှောင် အလုပ်ယှဉ်ပြီးလုပ်မှ ကျုပ်တို့ နေ့စဉ် ထမင်းစားလို့ရနေတာ"



ဦးကြည်ရှိန်ဆိုသူ ခေါင်းတုံးဆံတောက်နှင့်လူက မျိုးတင်ကို တစ်ချက်လှမ်းကြည့်ပြီး . . .

"ထမင်းစားတဲ့သူတိုင်းတော့ လယ်သမားတွေရဲ့ကျေးဇူးကို သိကြတာ မဟုတ်ဘူး ဦးတင်။ တချို့ကြ ကိုယ့်ငွေရှိရင် ဆန်ဝယ်စားလို့ရတယ်ပဲ ထင်ကြတာ"

ဟု ပြောလိုက်ပြန်သည်။

မျိုးတင်သည် ထိုအကြောင်းအရာများကို တစ်ကြိမ်မျှ မစဉ်းစားဘူးချေ။ ဦးကြည်ရှိန် အလေးအနက်ပြောနေသည့် စကားများကို ဆက်လက်နားထောင်နေမိသည်။

"ဆန်ကုန်မြေလေးဆိုတဲ့ စကား ဦးတင်လည်း ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ်"

"အဲဒီစကားရဲ့ အဓိပ္ပာယ်ကို သေသေချာချာ သိသလားဗျ"

"အင်း . . . ထမင်းစားပြီး အသုံးမကျဘူးလို့ ပြောတာပဲ"

"ဟုတ်ပါတယ် ဦးတင်။ ဒီထက်ပိုပြီးပြောရရင်တော့ ကျေးဇူးခံကျေးဇူးစားသာရှိပြီး ကျေးဇူးမတုံ့ပြန်တတ်ဘူးလို့ ပြောရမှာ။ မိဘတွေရဲ့ ထမင်းစားပြီး မိဘတွေရဲ့ ထမင်းဖိုးဟင်းဖိုး မသိတတ်တဲ့သူကို ဆန်ကုန်မြေလေးလို့ ခေါ်တာပါပဲ"

"လယ်သမားတွေရဲ့ ကျေးဇူးသိဖို့တော့ ဒီလိုလူမျိုး မိုဝေးမှာပေါ့ဗျ"

"ဟုတ်တာပေါ့ ဦးတင်ရယ်"

×××

ဦးကြည်ရှိန်နှင့် ဦးတင်တို့မှာ သူတို့အချင်းချင်း စကားပြောနေသော်လည်း စကားလုံးများက မျိုးတင်၏ရင်ကို နာကျင်အောင် ထိုးဆွနေသကဲ့သို့ ရှိသည်။

မျိုးတင်သည် ရထားပြတင်းပေါက်မှ ငေးကာ အဝေးသို့ကြည့်နေသည်။ ပဲခူးနားသို့ရောက်လာပြီဖြစ်သောကြောင့် စေတီဘုရားများကို မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရင်ကတော့ ဟံသာဝတီပြည်ကြီးပေါ့ဗျာ။ ပဲခူးက ဘုရားတွေဟာ မွန်မင်းတွေ တည်ထားတာ များတယ်"

ဦးတင်က ဘုရားစေတီတို့ကို လက်ညှိုးထိုးပြရင်း ပြောသည်။ ရထားနယ်မှ ပဲခူးဘက်ရှိ စေတီကဲ့သို့ ထီးမတင်ဘဲ လက်ဝါးကပ်တိုင်လို ကြက်ခြေခတ်တင်ထားသော ဘုရားလို ခုံးခုံးကြီးကို မြင်နေရ၏။

"အဲဒါ ဘာဘုရားလဲ"

"အဲဒါ ဘုရားမဟုတ်ဘူးဗျ။ ခုမြင်နေရတာက ဟံသာဝတီမင်းရဲ့ အုတ်ဂူဗျ။ ဒါကြောင့် ထီးမတင်ခဲ့တာပေါ့"

"ဒါ ပဲခူးအဝင်ဘုရားသုံးဆူနားကပဲ ဦးတင်ရဲ့"

"ဟုတ်တယ်…နတ်ရှင်နောင်က ဟံသာဝတီပါမင်းကို ညဘက် မီးမှုရားအဆောင်ကျူးတုန်းမှာ လုပ်ကြံလိုက်တယ်လို့ ပြောတာပဲ"

"အင်း…ဦးတင်ကတော့ ပေါက်ပေါက်ရှာရှာ မှတ်သားမိသားပဲ"

"သမိုင်းတို့ ပိဋကတ်ကျမ်းဂန်တို့ဆိုတာ အတော်ကျက်မှတ်နိုင်မှ ရတာဗျ။ တော်ရုံသောက်စားပျော်ပါးနေတဲ့သူတွေ ဘယ်အနားသီနိုင်မှတုန်း"

ဦးတင်က မာန်ပါပါ ပြောလိုက်ရာ ပါဠိပိဋကတ်များကို တတ်ကျွမ်းသော မောင်ပြေသာကို မျိုးတင် သတိရမိသည်။

"အင်း…မောင်ပြေသာတော့ ငါ့ကြောင့် သေရှာပြီထင်ရဲ့။ စိန်ထွန်းဟာ ငါ့ကိုသာ သူငယ်ချင်းမို့ အသေမလုပ်တာ။ သူက မောင်ပြေသာကို အပြတ်ရှင်းမယ်လို့ ငါ့ကို မကြာခဏ ပြောခဲ့တာပဲ။ ဒီဦးလေးတွေပြောသလိုဆို ငါ့လို တန်ဖိုးမရှိတဲ့သူက အသက်ရှင်နေပြီး မောင်ပြေသာလိုလူ သေသွားတာ နမြောစရာပါလား"

မျိုးတင် တွေးကောင်းနေစဉ်မှာပင် ဒူးနှစ်လုံးကို ဖက်ကာ ခုံကို မှီအိပ်နေသော တိုးလုံ အိပ်ရာမှ နိုးလာသည်။

"ဘယ်ရောက်လာပြီလဲ အစ်ကို"

"ပဲခူးနားလို့ ပြောတယ်"

မျိုးတင်က ပြန်ဖြေလိုက်သည်။ ဦးကြည်ရှိန်က လှမ်းကြည့်ရင်း…



"ဟုတ်တယ်ကွ…မကြာခင် ပဲခူးဘူတာကို ဆိုက်လိမ့်မယ်။ အဲဒီမှာ ထမင်းစားဖို့ကောင်းတယ်။ ရွှေဘူတာတွေက ထမင်းဟင်း သိပ်မကောင်းဘူး"

×××

ပဲခူးဘူတာတွင် မော်လမြိုင်ရထားဆိုက်သောအခါ ဈေးသည်များသည် အော်ဟစ်ကာ ဝိုင်းရုံလာကြသည်။ မျိုးတင်သည် အောက်သို့မဆင်းဘဲ ရထားပေါ်မှ ထမင်းထုပ် လှမ်းမှာလိုက်သည်။

"ဘာဟင်းနဲ့လဲ"

"ကြက်သားဟင်းနဲ့ တစ်ထုပ်။ လိုက်ပွဲပါ ထည့်ကွာ"

မျိုးတင်ကို တိုးလုံက ငေးကြည့်နေသည်။

"နေတောင် အတော်မြင့်နေပြီ။ မင်း ထမင်းမစားဘူးလား"

တိုးလုံက ခေါင်းခါလိုက်သည်။

"ကျွန်တော် ထမင်းစားလို့ မဖြစ်ပါဘူးဗျာ။ ဝေစ်နဲ့ခုဝယ်စားမှ ဆီထမင်းတို့၊ ကောက်ညှင်းပေါင်းတို့စားရင် အဆာပြေပါတယ်"

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော့်မှာ ငွေလေးဆယ်ပဲ ကျန်တော့တာ။ ဒီငွေနဲ့ ထားဝယ်အထိ သွားရမှာ"

တိုးလုံစကားကြောင့် မျိုးတင်သည် ပထမနေ့အကြိမ် သနားစိတ်ဝင်သွားသည်။ သူ့တွင် ခရီးစရိတ်အပြင် ငွေပိုငွေလျှံပါလာသည်။

"ဘာလို့ ထမင်းမစားရမှာလဲ၊ ငွေမလောက်လည်း ငါကျွေးပါ့မယ်ကွာ"

"ဟာ…အစ်ကိုလည်း ခရီးစရိတ်မလောက်ဘဲ နေပါ့မယ်ဗျာ"

"ရပါတယ်ကွာ…ငါက ပိုပိုလိုလို ပါပါတယ်"

မျိုးတင်သည် စိန်ထွန်းတို့နှင့်ပေါင်းကာ ပေဖောနေသော်လည်း စိတ်ရင်းသဘောထားက ဆိုးလှသူမဟုတ်ပေ။ ထို့ကြောင့် တိုးလုံလို ငွေနည်းပါးတဲ့သူကို ကူညီရန် သူသည် စိတ်ပိုင်းဖြတ်လိုက်၏။

တိုးလုံက…

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ် အစ်ကို"

ဟုဆိုကာ အလွန်သာလောင်သောအသွင်ဖြင့် ထမင်းကို အားရပါးရ စားလေသည်။

စိတ်စေတနာကောင်းသော မျိုးတင်ကို တိုးလုံသည် ခင်မင်လေးစားသွားမိရသည်။

"အစ်ကိုက ဘာအလုပ်လုပ်တာလဲ"

တိုးလုံက စ၍မေးသည်။

"ငါ ခုထိ ဘာအလုပ်မှ မည်မည်ရရမလုပ်သေးပါဘူးကွာ။ ငါ့အမေက နည်းနည်းပြေလည်တယ်ဆိုပါတော့"

"ကောင်းလိုက်တာ အစ်ကိုရယ်။ အဲဒီလိုအမေရှိရင် ဘာပူစရာလိုလဲ"

တိုးလုံက အားကျသောလေသံဖြင့် ပြောလိုက်သည်။

"လူမှန်ရင်တော့ အမေတော့ ရှိကြတာချည်းပေါ့ကွာ။ မင်းမှာလည်း အမေ ရှိတယ် မဟုတ်လား"

တိုးလုံက ခေါင်းခါလိုက်သည်။

"မရှိဘူး"

"ဟင်…ဒါဖြင့် မင်းကို ဘယ်လိုလုပ်မွေးလာသလဲကွ"

တိုးလုံက တည်ကြည်သော မျက်နှာဖြင့်…

"ကျွန်တော့်အမေက ဆင်းရဲတယ်။ ကျွန်တော့်မွေးပြီး မကြာခင်ပဲ မီးတွင်းကပါလာတဲ့ ရောဂါနဲ့ ဆုံးသွားတယ်"

ဟု ပြောသည်။

"ဒါဖြင့် မင်းအဖေနဲ့နေတာပေါ့"

"ဟင့်အင်း…အဖေကလည်း အမေဆုံးပြီး မကြာခင်မှာပဲ နောက်အိမ်ထောင်ပြုသွားတယ်။ ကျွန်တော့်ကို အမေ့ညီမဆီမှာထားခဲ့ပြီး နောက်မိန်းမနဲ့ ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး"

"ဪ…ဖြစ်မှဖြစ်ရလေကွာ။ မင်းအဖေက မင်းကို ခေါ်မသွားဘူးလား"



"အဖေက ခေါ်ချင်ပါတယ်။ ဒါပေမယ့် နောက်မိန်းမက သဘောမတူဘူးလို့ပြောတယ်။ အခုလဲ အဖေ့ကို ထားဝယ်မှာ သွားရှာမလို့"

×××

တိုးလုံ၏စကားကို ကြားရသော မျိုးတင်သာမက ရှေ့ထိုင်ခုံတွင် ထိုင်နေကြသော ဦးကြည်ရှိန်နှင့်ဦးတင်စိုးကပါ ကရုဏာသက်သောမျက်လုံးများဖြင့် လှမ်းကြည့်နေကြလေသည်။ ဦးတင်သည် နားထောင်နေရာမှ တိုးလုံကို လှမ်းမေးလိုက်သည်။

"ထားဝယ်က လိပ်စာကိုရော ငါတူက သေချာသိလို့လား"

"သေချာတော့ မသိပါဘူး။ ဒါပေမယ့် အဖေက ထားဝယ်မှာချမ်းသာနေတယ် ပြောတယ်။ ကျွန်းတွေမှာ ငါးဖမ်းတဲ့လှေတွေ တစ်စီးနှစ်စီး ထောင်ထားတယ် ပြောတယ်"

တိုးလုံက သူ့မျှော်လင့်ချက်ကို ပြောပြသည်။

"အဲဒါပဲ ဦးကြည်ရှိန်။ ယောက်ျားနဲ့ မိန်းမမတူဘူးဗျ။ ကျွန်တော်တို့ အမေ အသက်သုံးဆယ်ကျော်မှာ အဖေဆုံးတော့ အမေက ဈေးရောင်းပြီး ကျွန်တော်တို့ကို ကျောင်းထားတယ်။ အိမ်ထောင်ပြုရင် ရသင့်တဲ့အရွယ်ပဲ"

"ခင်ဗျားတို့ကို ပထွေးက အနိုင်ကျင့်မှာစိုးလို့နေမှာပေါ့"

"ဟုတ်တယ်။ အမေက ပြောင်ပြောင်တင်းတင်း ပြောတယ်။ ငါ့သားယာမှုနဲ့ ငါ့သားတွေ အနိုင်ကျင့်တာ မခံနိုင်ဘူးတဲ့"

"ခင်ဗျားအမေက မိန်းမမြတ်ပဲ"

တိုးလုံက လမ်းဘေးရှုခင်းကို ငေးကြည့်ကာ တွေးနေသည်။ သူ့စိတ်ကူးထဲတွင် သူ့အဖေနှင့်တွေ့ချင်တွေ့နေပေမည်။ တိုးလုံ တွေးနေသကဲ့သို့ မျိုးတင်ကလည်း တွေးတောနေသည်။

လောကတွင်ရှိနေသော လူတို့သည် ဘဝအမျိုးမျိုးပါပဲလားဟု သူ နားလည်လိုက်သည်။ သူသည် ပြည့်စုံသော ကျောက်ပွဲစားဘဝမှာ စားပြီးတိုးဖို့ မဟုတ်၊ သည်ကြားထဲတွင် လိုချင်တာရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်မျှတန်ဖိုးရှိသည့် ပစ္စည်းပင်ဖြစ်စေ သူ့အမေက သူ့ကို ဝယ်ပေးသည်။ သူ့အဖေသည်လည်း မျိုးတင် စားသောက်သုံးစွဲနေသည်ကို ပါးစပ်ကသာ ပြောသော်လည်း စိတ်မဆိုး။

ကောင်းကောင်းမွန်မွန် ကျောင်းနေစဉ်က ဦးသာမောင်သည် မျိုးတင်ကို ညစဉ်လို ပေါင်မုန့်ထောပတ်သုတ်၊ ပန်းသီးနှင့် နွားနို့များခေါ်တိုက်သည်ကို အမှတ်ရမိသည်။

မိဘကျေးဇူးကို သူ အိမ်မှထွက်လာသောအခါမှ သိမြင်လာသည်။ သူ့ကိစ္စက မပြီးသေး။ စိန်ထွန်းတို့ကို တွေ့အောင်လိုက်ရှာရပေဦးမည်။

"ထားဝယ်ကိုဆိုတော့ မင်းက ငါနဲ့လမ်းကြုံတာပဲ တိုးလုံ။ ငါနဲ့ပဲ အတူသွားတာပေါ့"

"ဟုတ်လား···ကျွန်တော် ဝမ်းသာလိုက်တာဗျာ။ အစ်ကို ကျွန်တော့်ကျေးဇူးရှင်ပဲ။ ကျွန်တော့်ကို ခိုင်းချင်တာ ခိုင်းပါ"

တိုးလုံက ရိုးသားစွာပင် ပြောလိုက်လေသည်။ ရထားစီးခရီးကြုံများ ဖြစ်၍ ကိုယ့်အတွေးနှင့်ကိုယ် ရထားပြတင်းပေါက်မှ ငေးကာ လာကြသည်။

"ထားဝယ်ကို မင်းက ရောက်ဖူးလို့လား"

"ရောက်ဖူးတာပေါ့ အစ်ကိုရ။ ကျွန်တော်က ထားဝယ်သားပဲ။ နောက်တော့ အဖေက ဒေါ်လေးနီနီတို့နဲ့ ထားခဲ့တော့၊ ဒေါ်လေးနီနီယောက်ျား ရန်ကုန်ပြောင်းလို့ ရန်ကုန်ပါလာတာ"

"ဒါဆို မင်းအဖေ ကြီးပွားနေတဲ့သတင်း မင်းကို ဘယ်သူပြောလဲ"

"ဒေါ်လေးဆီကို ထားဝယ်ကလာတဲ့က သူတွေပြောတာပေါ့။ နှင့်အစ်မယောက်ျားတော့ နောက်မိန်းမနဲ့ ကံစပ်တယ်ဆိုပြီး ငါးဖမ်းလှေတွေ ဝယ်ထားတဲ့အကြောင်းပြောတာကိုး"

×××

"ငါကတော့ ထားဝယ်ကို တစ်ခါမှ မရောက်ဖူးဘူးကွ။ ဒါပေမယ့် ငါ့ငွေတွေ ယူသွားတဲ့ ငါ့သူငယ်ချင်းတွေ လိုက်ရှာမလို့"



"ဘာ···ဘယ်လိုဖြစ်တာလဲ"

"မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းကျမှ ဒေ့ဒေါဆေးဆေး ပြောပြမယ်ကွာ"

မုတ္တမဘူတာသို့ ရောက်သောအခါ သူငါ့ဆင်းကြသည်။ မော်လမြိုင်ဘက်သို့ကူးရာ ကူးတို့မော်တော်စောင့်ရင်း နေ့လယ်စာကို မြစ်ကမ်းနားရှိ ဆိုင်လေးမှာ အကြော်နှင့်ရေနွေးသောက်ကြသည်။

ဦးကြည်ရှိန်နှင့် ဦးတင်တို့ မရှိတော့ပြီဖြစ်သောကြောင်း မျိုးတင်က သူ့အကြောင်း ပြောပြသည်။

သူ့တွင် ပါလာသော ငွေများကို သူငယ်ချင်းစိန်ထွန်းက ရိုက်၍လုသွားကြောင်းသိရသောအခါ တိုးလုံမှာ ဒေါသထွက်သွားသည်၊

"အဲဒါ အစ်ကိုအပြစ်ပဲလို့ ကျွန်တော်ကတော့ ပြောချင်တယ်"

"ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်ရမလဲ···စိန်ထွန်းတို့လို အကျင့်မကောင်းတဲ့သူတွေကို အစ်ကိုက ပေါင်းတာကိုး။ အစ်ကို့ငွေတွေ ပြန်ရအောင် ကျွန်တော်ကူညီပါ့မယ်။ ထားဝယ်မှာ ကျွန်တော်က နေခဲ့ဖူးတယ်"

"ကျေးဇူးပဲကွာ···မင်းနဲ့တွေ့ရတာ ငါလည်း အားရှိပါတယ်။ မင်းကလည်း မိဘရှာတဲ့သူ။ ငါကလည်း အိမ်ကစွန့်ထွက်လာရတဲ့သူဆိုတော့ ငါတို့သေအတူ ရှင်မကွာ ပေါင်းကြတာပေါ့"

တိုးလုံသည် မျိုးတင်၏လက်ကို သူ့လက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

"အစ်ကို"

"ပြောပါ တိုးလုံ"

"အစ်ကို့ကို ကျွန်တော် ဘယ်တော့မှ မေ့မှာမဟောက်ဘူး။ အစ်ကို့အတွက် ကျွန်တော့်ရေတွန်းက အသေခံမယ်။ ဒါ ကျွန်တော့်ရင်ထဲက စကားပါ"

မျိုးတင်သည်လည်း တစ်ရပ်တစ်ကျေးတွင် တွေ့ရသော တိုးလုံကို အားကိုးခင်တွယ်သွားလေတော့သည်။ မော်လမြိုင်ဘက်ကူးသော မော်တော်လာသောအခါ သူတို့နှစ်ယောက် အတူတက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်သို့ ရောက်ရှိပြီးနောက် ထိုမှတစ်ဆင့် တိုးလုံအစီအစဉ်အတိုင်း ထားဝယ်သို့ မော်တော်လေးဖြင့်ပင် သွားရောက်ခဲ့သည်။

ထားဝယ်ဆိပ်ကမ်းသို့ ရောက်ရှိသောအခါတွင် သူတို့သည် လှေများကို သတင်းစုံစမ်းမေးမြန်းကြလေသည်။ သို့သော် သူတို့နှစ်ဦးလုံးနှင့် ပတ်သက်သော သတင်းအစအနမရပေ။

ငါးဖမ်းလှေများလည်း ထွက်နေကြပြီး "ဦးကျော်ထင်" ဆိုသူကို သိရှိသူ မရှိပေ။ ထို့အတူ "ပင်လယ်ကျား" ဆိုသောလှေမှာ သတိမထားမိကြောင်း ပြောဆိုကြလေသည်။

"ဘယ်လိုလုပ်မလဲ တိုးလုံ"

"ကျွန်တော်ကတော့ မြို့ထဲမှာ သွားပြီး အမေ့ကိုစုံစမ်းမယ်။ အစ်ကို့ကို တည်းခိုခန်းတစ်ခန်း ပို့ထားခဲ့မယ်လေ"

"ကောင်းတယ် တိုးလုံ။ မင်းနဲ့ငါ မြို့ထဲလိုက်ခဲ့ရင်ရော"

"မလိုက်နဲ့ အစ်ကိုရာ။ ကျွန်တော်က သွားရမယ့်နေရာတွေ များတယ်။ အစ်ကိုလည်း အနားယူချင်မှာပေါ့။ ပင်ပန်းနေမယ်"

တိုးလုံ၏အစီအစဉ်က အကောင်းဆုံးဖြစ်နေသောကြောင့် မျိုးတင်သည် မည်သို့မျှ ထပ်တွန့်မတက်တော့ဘဲ တည်းခိုခန်းရှိရာသို့ သွားကြသည်။

"ရွှေကမ်းသာ တည်းခိုရိပ်သာ"

ဟူသော တည်းခိုခန်းတွင် လူနှစ်ယောက်စာ အခန်းငှားပြီးနောက် အခန်းထဲအရောက် တိုးလုံကို ခေါ်လာသည်။

"တိုးလုံ"

"ဘာလဲ အစ်ကို"

"မင်းက ထားဝယ်သားဆိုတော့ စူဠလိပ်ရေထဲလွှတ်သလို ပြန်ပေါ်မလာဘဲ နေဦးမယ်"

"ကျွန်တော် ညနေအမီပြန်လာပါ့မယ်"

"အေး‥‥သွားတော့"

လမ်းတွင် အိပ်ရေးပျက်လာသောကြောင့် တံခါးကိုသော့ခတ်ပြီး မျိုး



တင်သည် အောက်ထပ်ရှိ စားသောက်ဆိုင်သို့ဆင်းကာ စားလိုက်သည်။

ထိုစဉ်မှာပင် စားသောက်ဆိုင်ထဲမှ လူတစ်ယောက်ကို သူ တွေ့မြင်လိုက်မိသည်။ ထိုသူမှာ စိုးအောင်ပင် ဖြစ်သည်။ စိုးအောင်သည် သူ့ကို မြင်တွေ့သည်နှင့် စားသောက်ဆိုင်ထဲမှ ဖျတ်ခနဲ လမ်းပေါ်သို့ ထွက်သွားလေသည်။

"စိုးအောင်"

"စိုးအောင် ရပ်လိုက်စမ်း"

စိုးအောင်သည် လှည့်၍ပင် မကြည့်ဘဲ မြင်းလှည်းတစ်စီးပေါ်သို့ တက်ကာ ထွက်ခွာသွားသည်။ သူသည် မြင်းလှည်းတစ်စီးငှားကာ နောက်မှ လိုက်သေးသည်။

သို့သော် လမ်းချိုးတစ်ခုမှာပင် စိုးအောင်၏ မြင်းလှည်းက ပျောက်ကွယ်သွားသည်။

"စိုးအောင်ရှိရင်တော့ စိန်ထွန်းလည်း ရှိနေမှာ အမှန်ပဲ"

မျိုးတင်သည် သူ့တည်းခိုခန်းသို့ ပြန်လာရင်း‥‥

"စိုးအောင်ရှိတယ်ဆိုရင်တော့ စိန်ထွန်းလည်း ရှိမှာ သေချာတယ်။ ဒီကောင်တွေက အရင် ငါ့ကို တွေ့သွားတာ ဆိုးတယ်ကွာ"

ဟု တွေးမိလိုက်သည်။

သူသည် နံနက်စာစားရင်း စိန်ထွန်းတို့ကို ဆိပ်ကမ်းရှိ လှေများတွင် လိုက်ရှာဖို့ တွေးလိုက်သည်။ မဖြစ်နိုင်ပေ။

စိုးအောင်က ကြိုတွေ့၍ စိန်ထွန်းနှင့်သူ့လူများကို သတင်းပို့ကာ ပုန်းနေကြလေမည်။ သူသည်လည်း "ရွှေကမ်းသာ"တွင် ဆက်နေ၍ ဖြစ်,မဖြစ်ကို တိုးလုံနှင့် တိုင်ပင်ရဦးမည်။

သူသည် အတွေးများကြောင့် အခေါက်ကောင်း အသားကောင်းမှာမည်ကြီးလှသော ရွှေကမ်းသာမှ ထမင်းပေါင်းကို အရသာမခံနိုင် ဖြစ်နေလေသည်။

×××

www.burmeseclassic.com

www.burmeseclassic.com



ကမ်းနားရှိ "ရွှေကမ်းသာတည်းခိုရိပ်သာ" သည် တိတ်ဆိတ်ငြိမ်သက်နေသောကြောင့် ကားတစ်စီးဝင်လာသည့်အသံမှာ ကျယ်လောင်သည်ဟု ထင်ရသည်။

မျိုးတင်သည် တည်းခိုခန်းပြတင်းပေါက်မှ ဝင်းတံခါးသို့ ကြည့်နေရာ ဘဲလ်အဲယားကားကြီးတစ်စီး ဝင်လာသည်ကို တွေ့လိုက်ရသည်။ တည်းခိုခန်း၏ စုံစမ်းရေးဌာနရှေ့တွင် ကားသည် ရပ်သွား၏။

အနောက်တိုင်းဝတ်စုံကို ကျကျနနဝတ်ဆင်ထားသော လူကြီးတစ်ယောက်နှင့် တိုးလုံဆင်းလာသည်။ တိုးလုံသည် မည်သူ့ကိုခေါ်လာမှန်း မသိရသေး။ ခံ့ညားသော လူကြီးတစ်ယောက်က တိုးလုံနှင့်အတူ တည်းခိုခန်းသို့ ဝင်လာလေသည်။

မကြာမီ မျိုးတင်၏အခန်းတံခါးခေါက်သံ ကြားရ၏။

"ဖွင့်ထားတယ် တိုးလုံရေ ဝင်လာခဲ့လေ"

တိုးလုံသည် တံခါးကို တွန်းကာဝင်လာသည်။ တိုးလုံက အတွင်းမှ သူ့နာမည်ခေါ်လိုက်၍ အံ့အားသင့်ကာ...

"ကျွန်တော် ပြန်လာမယ်ဆိုတာ အခန်းထဲကနေ ဘယ်လိုလုပ် ကြို သိနေလဲဗျ"

"ပြတင်းပေါက်က ထွက်ကြည့်နေလို့ပေါ့"

မျိုးတင်က ပြောလိုက်၍ ခံ့ညားထည်ဝါသော လူကြီးက ရယ်လိုက်သည်။ ထိုလူကြီးမှာ မျက်နှာပြည့်ဖြိုးနေပြီး သဘောထားကောင်းသူ ဖြစ်ကြောင်း တွေ့ရသည်။

"ဟုတ်သားပဲ သားရေ၊ မင်းက ဒါလေးတောင် မတွေးတတ်ဘူးလား"

တိုးလုံက ညှိခန်းပြတင်းပေါက်မှ ရပ်ကာ...

"ဟုတ်တယ် အဖေ၊ ဒီပြတင်းပေါက်က ကြည့်ရင် ဝင်းတံခါးနဲ့အောက် စုံစမ်းရေးဌာနအထိ မြင်နေရတာကိုး" ။

ဟု ပြောလိုက်သည်။

မျိုးတင်က တိုးလုံ သူ့အဖေကို ရှာတွေ့လာကြောင်း သိလိုက်ရလေ



သည်။

"ထိုင်ပါ ဦးလေး၊ ဦးလေးက တိုးလုံရဲ့အဖေလေလား"

"ဟုတ်ပါတယ်။ သားနဲ့တွေ့ချင်နေတာကြာပါပြီ။ ခုမှပဲ တွေ့ရတော့တယ်။ မောင်မျိုးတင်က လမ်းတစ်လျှောက်လုံး ကူညီစောင့်ရှောက်လာခဲ့တယ်လို့ ပြောတယ်။ ဒီထားဝယ်မှာတော့ ဦးက နေသားကျနေပါပြီ ဟာ...တစ်ခုခုသွားစား ရအောင်"

"ခုလေးတင် ကျွန်တော် ထမင်းစားထားပါတယ် ခင်ဗျာ"

"စကားလေးဘာလေးလည်း အေးအေးဆေးဆေး ပြောရအောင်ပေါ့ကွယ်"

တိုးလုံ၏ဖခင်က ရင်းနှီးခင်မင်စွာခေါ်နေ၍ မျိုးတင်က မလိုက်လျှင် မကောင်းတော့ဟု နားလည်သွားသည်။ တိုးလုံကလည်း...

"လိုက်ခဲ့ပါဗျာ...တစ်နေရာရာ သွားကြတာပေါ့"

ဟု ပြော၏။

"မင်းတို့သားအဖ ဆုံကြတုန်း အေးအေးဆေးဆေး စကားပြောစေချင်လို့ပါ"

"မပူပါနဲ့ မောင်မျိုးတင်၊ တိုးလုံအာ ဦးနဲ့ပဲ နေမြဲနေမှာပါ"

တိုးလုံဘဝအတွက် ဖခင်တစ်ဦးရရှိသွားပြီဖြစ်သောကြောင့် မျိုးတင်မှာ ဝမ်းသာသွားသည်။

ယယ်ယယ်ကာတည်းက မိဘဝတ်ကာ အခန်းထဲက်ဖက် ရည်ဆိုင်တွင် စားပွဲထိုးလုပ်ကာ နေရရှာသော တိုးလုံမှာ ပျော်သင့်ချိန်မှာဖြင့် ဝမ်းသာနေသော အသွင်ကို တွေ့ရသည်။

"ဒီကောင့်ပုံကိုလည်း ပြောင်းပစ်ရမယ် မျိုးတင်ရေ၊ သူက ရန်ကုန်မှာ ဖြစ်သလိုနေ ဖြစ်သလိုစားခဲ့ရရှာတာကိုး။ ဦးရဲ့အပြစ်ပါ။ ဒီမှာ မျက်နှာလွှဲစရာ လူမရှိလို့ တိုးလုံကို သွားခေါ်ဖို့ကို မခေါ်ဖြစ်ခဲ့ဘူး"

တိုးလုံ၏အဖေက စိတ်မကောင်းသံဖြင့် ပြောသည်။ အခန်းတံခါးကို သော့ပိတ်ကာ သူတို့တည်းခိုခန်းအောက်ထပ်သို့ ဆင်းလာကြ၏။

ထို့နောက် ကားပေါ်သို့တက်ကာ ထွက်ခွာခဲ့ကြသည်။ ကမ်းနားလမ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက် ရှခင်းများကိုကြည့်ကာ "တောင်ညှိုရိပ်"စားသောက်ဆိုင်သို့ သူတို့ရောက်လာကြသည်။

တောင်ညှိုရိပ်စားသောက်ဆိုင်မှာ တောင်ကုန်းလေးပေါ်တွင် ရှိသောကြောင့် ရှုခင်းကောင်းလှ၏။

×××

ပင်လယ်မြစ်ရှုခင်းကိုလည်း အဝေးမှ မြင်ရ၍ တောင်လေးများပေါ်မှ ဘုရားမြို့များကို တွေ့မြင်နေရ၍ ရှုခင်းကောင်းသော ဆိုင်များထဲတွင် အကောင်းဆုံးဆိုင်သို့ ခေါ်လာခြင်းဖြစ်ကြောင်း မျိုးတင် သိလိုက်သည်။

"ဦးက ဒီမြို့မှာ ဂေနဂါးစက်လှေကုမ္ပဏီကို စထောင်တာလေ"

"ဪ...စက်တပ်လှေကြီးတွေပေါ့ ဟုတ်လား"

"ဟုတ်တယ်...စက်တပ်လှေတွေက တဖြည်းဖြည်းများလာပါပြီ။ အင်္ဂလိပ်အစိုးရကလည်း အားပေးပါတယ်၊ တချို့ဆို မြစ်ဝကျွန်းပေါ်ကတောင် လာဝယ်ကြတာ။ ဒီတော့ မောင်မျိုးတင်တို့ ဦးဆီမှာအလုပ်ဝင်လုပ်ရင်တောင် ဦးအားကိုးရမှာပဲ"

မျိုးတင်သည် အလုပ်လာရှာခြင်း မဟုတ်ပါ။ သူ့ထံမှ လုယူသွားသော စိန်ထွန်းတို့လူစုကို လာရှာခြင်း ဖြစ်သည်။

"ဦးလေးကို တစ်ခုမေးချင်တယ်"

စားသောက်ဆိုင်ရှိ စားပွဲဝိုင်းလေးတွင် ဝင်ထိုင်ရင်း မျိုးတင်က ပြောလိုက်သည်။

"မေးပါ မောင်မျိုးတင်"

"ဦးလေး ပင်လယ်ကျားဆိုတာ ကြားဖူးလား"

"ဟင်"

မျိုးတင်၏အမေးကြောင့် တိုးလုံး၏အဖေ ဦးထွန်းလုံမှာ အံ့အားသင့်သွား၏။ စိုးရိမ်မကောင်းဖြစ်သွားသည့်အသွင်ကိုလည်း တွေ့ရသည်။

"ဘာဖြစ်လို့လဲ ဦးလေး"



"အဲဒီစက်လှေဟာ ဦးသူရိန်ဆိုတဲ့ အင်္ဂလိပ်ကပြားတစ်ဦးက အရှေ့အိန္ဒိယကုမ္ပဏီကနေ ရလာတဲ့ စက်လှေကြီးပဲ။ ပင်လယ်ကျားဆိုတာ ပင်လယ်ပြင်မှာ ဘယ်သူမှ ဗိုလ်မထားဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ မှည့်ထားတာပဲ"

"ဗျာ...ဟုတ်လား"

"ဟုတ်တယ်"

"သူ့တပည့်တွေကလည်း မြန်မာပြည်အရပ်ရပ်က ပြေးလာရတဲ့ ဓားပြေးနဲ့ အစိုးရဥပဒေမကောင်းတဲ့ သူတွေချည်းပဲ"

တိုးလုံမှာ ထိုစကားကို ကြားရသောကြောင့်...

"ဟုတ်တယ် ဖေဖေ၊ ပင်လယ်ကျားအဖွဲ့က တပည့်တစ်ယောက်က ကိုမျိုးတင်ရဲ့ခေါင်းကို ရိုက်ပြီး ငွေတစ်သောင်းကျော်လုယူသွားတာပေါ့။ ဒါကြောင့် ကိုမျိုးတင် ပင်လယ်ပြင်ကို ထွက်ရှာဖို့ လာခဲ့တာပဲ"

"ဟုတ်လား မောင်မျိုးတင်"

"ဟုတ်တယ် ဦးလေး။ ဦးသူရိန်တော့ မဟုတ်ပါဘူး။ သူ့တပည့် စိန်ထွန်းဆိုတဲ့ကောင်ပေါ့"

"ဪ...ဒါဆို ဟိုတလောက အင်္ဂလိပ်စစ်တပ်က လာဖမ်းလို့ သူ့တပည့်တွေ တော်တော်များများ သေသွားတယ်၊ ဒါကြောင့် သူက ဒီလူငယ်တွေ အင်အားဖြည့်တယ် ထင်တယ်"

"သူတို့က ထားဝယ်ဆိပ်ကမ်းမှာ လှေမဆိုက်ဘူးလား"

"ဘယ်ဆိုက်လို့ရမလဲ၊ ဆိပ်ကမ်းပုလိပ်တွေက အမြဲတမ်း ချောက်ကြည့်နေတာကိုး။ တွေ့တာနဲ့ လိုက်တာပေါ့။ ပထမတော့ ပင်လယ်ပြင်က လှေတွေကို ဓားပြတိုက်တဲ့အဖွဲ့ဟာ ပင်လယ်ဓားပြတွေ နိုင်ငံခြားသားတွေလို့ ထင်နေတာ၊ နောက်တော့ ပုလိပ်အဖွဲ့က ငါးဖမ်းလှေဟန်ဆောင်ထားတဲ့ ဦးသူရိန်ရဲ့လှေကြီးမှန်း ရိပ်မိသွားတယ်။ ဒီတော့ သူလည်း ပင်လယ်ကမ်းစပ်မှာ လှေဆိုက်လို့မရဘူး။ သူ့လှေက ဆေးအနက်ရောင်သုတ်ထားပြီး လှေရဲ့အပေါ်နှုတ်ခမ်းမှာ အဖြူရောင်နဲ့ အနီရောင်လိုင်း နှစ်လိုင်းပါတယ်၊ ဒါကြောင့် ပုလိပ်က အဝေးက မြင်ရင် မှတ်မိတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



စိန်ထွန်းရှိသည့်လှေကို သိရှိသွားသောကြောင့် တိုးလုံ၏အဖေ ဦးထွန်းလုံကို အကူအညီတောင်းရတော့မည်ဟု မျိုးတင် စဉ်းစားမိသည်။

"ဦးလေး ကျွန်တော်လည်း အလုပ်လုပ်ချင်ပါတယ်။ ပင်လယ်ဗဟုသုတ ရအောင် ပင်လယ်ပြင်နဲ့လုပ်ရမယ့် လှေပေါ်မှာ လိုက်ချင်တယ်"

"ခါဆိုလည်း ငါ့ဆီမှာ အခုအသစ်ဆောက်နေတဲ့ "ရွှေမြားချင်" ဆိုတဲ့ စက်လှေပြီးရင်လိုက်ပေါ့။ ဒီလှေကတော့ ကျွန်းတွေက သဘာဝအလှကုန်ရဲ့ ဆေးဝါးတွေ၊ တောထွက်ပစ္စည်းတွေ ဝယ်ဖို့လှေပဲ"

×××

"ကောင်းတယ် ကိုမျိုးတင်၊ ကျွန်တော်လည်း အဲဒီလှေနဲ့ လိုက်မယ်။ အဖေ ကျွန်တော့်ကို လှေတစ်စီးဦးစီးဖို့ ပေးမယ်ဆို"

ဦးထွန်းလုံကို စိတ်ကြီးထည့်ပေးရင်းဖြင့် တိုးလုံက ပြောလိုက်သည်။

"ဟေ့ကောင် တိုးလုံ။ မင်း သိပ်သောက်မနေနဲ့။ ငယ်ငယ်ရွယ်ရွယ်နဲ့ တော်တော်သောက်နေပါလား။ မင်း ဒီအတိုင်းသောက်နေရင် အသက်ရှည်မှာ မဟုတ်ဘူး"

ဦးထွန်းလုံက သူ့သားကို စိုးရိမ်သံဖြင့် ပြောလိုက်သည်။

"ဒီနေ့က မေမေနဲ့ပြန်တွေ့တဲ့နေ့မို့ပါ မေမေ၊ သား စိတ်ကြိုက်သောက်ပါရစေ၊ ပြီးတော့ တည်းခိုခန်းမှာ သား ဒီတစ်ညအိပ်မယ်လေ၊ မနက်ပြန်ကျရင်တော့ ကိုမျိုးတင်ရော ကျွန်တော်ရော မေမေ့အိမ်ကို ပြောင်းလာကြမယ်"

"ဟာ…အားနာစရာကွာ၊ ငါ တည်းခိုခန်းမှာ နေလို့ရပါတယ် တိုးလုံရယ်"

မျိုးတင်က အားနာသံဖြင့် ပြောလိုက်သည်။ ဦးထွန်းလုံကလည်း ဗိုက်နှစ်ခွက်ကို သောက်ပြီးပြီဖြစ်၍…

"မောင်မျိုးတင် လမ်းမှာ သားက ပြောပြလို့ မင်းရဲ့သူတစ်ပါးကို ကူညီတတ်တဲ့ စိတ်ကောင်းစေတနာကို ဦးလေး လေးစားပါတယ်ကွယ်။ ဦးလေးဟာ သူတစ်ပါးတွေနဲ့အလုပ်လုပ်နေရတာ။ သားလို မင်းတို့လို လူမျိုး ဦးလေးဆီမှာရှိရင်



သိပ်အားကိုးရတာပေါ့"

ဟု ပြောလိုက်သည်။

မျိုးတင်သည် သူ့မိခင် ဒေါ်မြတင်၏မျက်နှာကို ပြေးမြင်လာသည်။

"သားက ငွေတွေမရှာတတ်ဘဲ ငွေတွေပဲ သုံးတတ်နေတယ်။ အဲဒါ မကောင်းဘူး။ ငါက အဆင်မပြေရင် သား ဒုက္ခအကြီးအကျယ် တွေ့ရလိမ့်မယ်"

မိခင်ဖြစ်သူက ထိုသို့ဆုံးမသည်။

"ဒီမှာ မြတင်၊ စည်းမရှိ ကမ်းမရှိ ငွေကို ဖြုန်းနေတဲ့ကောင်ဟာ ဒုက္ခ ရောက်ရင်လည်း အကန့်အသတ်မရှိ ဒုက္ခရောက်မှာပဲ"

ဦးသာမောင်က မျိုးတင်ကို ထိုသို့ ဒုက္ခပေးသည်။ သူသည် အကြမ်းအတမ်း မည်သည့်အလုပ်မျိုးကိုမှ မလုပ်ဘူးခဲ့ပါ။ ရွှေပေါ် မြတင် နေကာ ခါဦး ထောပတ်စားလာရသူ ဖြစ်သည်။ ထို့ကြောင့် လက်ကြောသိပ်မတင်းချေ။

"သိပ်တော့လည်း အထင်မကြီးနဲ့ ဦးလေးရဲ့ ကျွန်တော်က ဘာမှ ဟုတ်တိပတ်တိ လုပ်ဖူးတဲ့သူ မဟုတ်ဘူး"

မျိုးတင်က သူ့ကိုယ်သူ မလုံဘဲ ပြောလိုက်သည်။

"အောင်မာ ယောက်ျားဆိုတာ ဒီလိုပါပဲကွ။ တို့လည်း ငယ်ငယ်က အဖေ့ အမေ့ပြီး အပျင်းထူခဲ့တာ၊ ကိုယ့်ဘဝ ကိုယ်လျှောက်တော့ ဘာမဆို ကိုယ့်အားကိုယ်ကိုးတတ်အောင် လုပ်ရတာပါပဲ။ နောက်တော့လည်း လုပ်ရင်းနဲ့ တတ်တာပါပဲ"

"အဖေပြောတာ ဟုတ်တယ် အဖေ၊ အဖေ ဒေါ်လေးတို့နဲ့ ထားခဲ့တာ ခပ်ကောင်းကောင်းပဲ"

"ဟော…ဘာဖြစ်လို့လဲ"

မျိုးတင်က နားမလည်နိုင်ဘဲမေးသည်။

"အခု သားက ဘာအလုပ်မဆို လုပ်ရဲတယ် အဖေ၊ ဘာပစ္စည်းမဆို နားလည်အောင် ကြိုးစားတယ်၊ အခုတော့ အစားလည်း မရွေး အအိပ်လည်း မရွေး ဒုပေဒါပေဖြစ်နေတော့တာပဲ"

"ဟား…ဟား…ဟား…မှန်တယ်၊ အဲဒါ ငါ့သားယောက်ျားပီသ

www.burmeseclassic.com

www.burmeseclassic.com



သွားတာပဲ။ ယောက်ျားဆိုတာ ဒီလိုပဲဖြစ်ရမှာပေါ့ မဟုတ်ဘူးလား မောင်မျိုးတင်"

"ခင်ဗျာ...ဟုတ်...ဟုတ်ပါတယ်။ ကျွန်တော် အဲဒီလိုဖြစ်အောင် ကြိုးစားရဦးမယ် ဦးလေး"

"ကြိုးစားချင်စိတ်ရှိရင် ဖြစ်ရမှာပေါ့။ မင်း စက်လှေဆောက်တဲ့သူတွေဆီ သွားကြည့်။ သူတို့လုပ်ပုံကိုင်ပုံကို တွေ့ရလိမ့်မယ်။ ပြီးတော့က လှေရဲ့အစိတ်အပိုင်းတွေ တစ်ခုနဲ့တစ်ခု ဆက်နွယ်ပုံကိုလည်း မင်း နားလည်လာလိမ့်မယ်"

မျိုးတင်သည် ကျောင်းပညာလည်း ဟုတ်တိပတ်တိ မတတ်ပါ။ သည်တော့ သူ့အဖို့မှာ ထမင်းစားဖို့တော့ ပညာရပ်တစ်ခုခုကို သက်စွန့်ကြိုးပမ်းသင်ကြားရမည်ဖြစ်ကြောင်း တိုးလုံတို့သားအဖက သင်ကြားပေးသကဲ့သို့ ဖြစ်နေပါတော့သည်။

×××

တိုးလုံကား အရွယ်နှင့်မလိုက်အောင် ဖျတ်လတ်သွက်လက်သူ ဖြစ်သည်။ သူသည် မျော်မြင်ဉာဏ်လည်း ရှိလေသည်။ မျိုးတင်က စိုးအောင်ဆိုသည့် စိန်ထွန်းအဖွဲ့မှ လူက ရွှေကမ်းသာ တည်းခိုရိပ်သာသို့ လာသွားကြောင်း ပြောပြသောအခါ...

"ဒီကောင်တွေ လှေကို ပင်လယ်ခပ်ဝေးဝေးမှာ ကျောက်ချပြီး ကူးတို့လှေနဲ့ ကမ်းပေါ်တက်လာကြတာဖြစ်မယ် ကိုမျိုးတင်"

ဟု ပြောသည်။

"ဟင်...ဒါဆို ထားဝယ်မြို့ပေါ်မှာ သူတို့ရှိနေမှာပေါ့"

"ရှိဖို့ သေချာတာပေါ့။ ဒီတော့ သူ့အဖွဲ့က လူတွေကို သူက ကိုမျိုးတင် ရန်ကုန်က လိုက်လာကြောင်း သတင်းပေးလိုက်လိမ့်မယ်။ ဒီအခါမှ စိန်ထွန်းက အစ်ကို့ကို ရှင်းပစ်ဖို့ စိန်ထွန်းက ကြိုးစားချင် ကြိုးစားမှာပေါ့"

"စိန်ထွန်းက ငါ့ရဲ့လည်ပင်းဖက်ပေါင်းတဲ့က ငယ်ပေါင်းပါကွာ။ ဆိုးတူကောင်းဖက် ငါ့ကို ရက်ရက်စက်စက်တော့ လုပ်လိမ့်မယ် မထင်ဘူး"

"ဒီလိုမပြောနဲ့ အစ်ကို"



"ဘာဖြစ်လို့လဲ"

"ဒီကောင်တွေမှာ သစ္စာတရားဆိုတာ မရှိဘူး။ ရှိရင် အစ်ကို့ငွေတွေကို ယူပြီး ထားဝယ်ကို ပြေးလာပါ့မလား"

"မင်းပြောတာ စဉ်းစားစရာပဲ"

"စဉ်းစားစရာ မဟုတ်ဘူး အစ်ကို။ လူမိုက်ကိုဘယ်တော့မှ မယုံကြည်နဲ့။ လူမိုက်ကို ယုံကြည်တဲ့သူဟာ ရေတိမ်နစ်ကြတာချည်းပဲ"

တိုးလုံကား လက်ဖက်ရည်ဆိုင်တွင် လာရောက်၍ လက်ဖက်ရည်သောက်သူများထံမှ အတွေ့အကြုံများ၊ လူ့သဘာဝများကို ရရှိထားသူများ ဖြစ်သည်။

ရန်ကုန်မြို့ကို နေထိုင်ကြသူများ၏ ချစ်ခင်မှုကို အကြောင်းပြုကာ ရက်စက်ခြင်း၊ ယုတ်မာခြင်းတို့လည်း သူ နားလည်သိရှိထားသည်။ တည်းခိုခန်းသို့ ဦးထွန်းလုံက ပို့သွားပြီးမှ သူတို့အမူးပြေကာ စကားထိုင်ပြောခြင်း ဖြစ်သည်။

မျိုးတင်က သူ့ဝါသနာအတိုင်း အိပ်ကာနီးတွင် သွားတိုက်နေ၏။ တိုးလုံမှာတော့ ထိုအကျင့်မျိုးမရှိပေ။ သန့်ရှင်းရေးအရတော့ မျိုးတင်ကို တိုးလုံက အတုယူစရာ ဖြစ်သည်။ သို့သော် ဘဝအခြေခံချင်းမတူသောကြောင့် ကရိကထများသော ထိုအကျင့်ကို မနှစ်သက်ပေ။

"အစ်ကိုမျိုးတင်"

"ဟေ"

"လောကကြီးမှာ ဘာမဆို အကောင်းအဆိုးတွဲနေတယ်ဗျ"

"ဆိုစမ်းပါဦးကွာ"

"ခု အစ်ကို သွားတိုက်တယ်။ သန့်ရှင်းရေးအရ ကောင်းတယ်။ အစ်ကို သွားတိုက်ဆေးနဲ့ သွားပွတ်တံမရှိတဲ့နေရာရောက်ရင် ဘယ်လိုလုပ်မလဲ"

"ဟေ...ဒီလို ငါတစ်ခါမှ မစဉ်းစားမိဘူးကွ"

"ပြီးတော့ အလုပ်များနေလို့ အချိန်မရဘူး။ သွားပွတ်တံထဲကို ဆေးထည့် သွားကို ဇိမ်နဲ့တိုက်သလို မလုပ်နိုင်ဘဲ ပြေးလွှားနေရမယ်။ အဲဒီဆို ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သွားမတိုက်ဖြစ်တော့ဘူးပေါ့ကွာ"

"ဒါကြောင့် အချိန်မရ အမြဲမလုပ်နိုင်တဲ့ အကျင့်မျိုးတွေကို ကျွန်တော် တော့ မစွဲလမ်းစေချင်ဘူး"

သွားပွတ်တံကို ဆေးနေရာမှ မျိုးတင်က လှည့်ကြည့်သည်။

"တိုးလုံရေ"

"ဗျာ"

"ငါတော့ မင်းကို ဆရာတင်မှ ဖြစ်တော့မယ် ထင်တယ်ဟေ့"

"ဘာဖြစ်လို့လဲဗျ"

"မင်းလို ကြံကြံဖန်ဖန် အတွေးအခေါ်မျိုးတွေကို ငါ မတွေ့ဖူးဘူးကွ"

"ဒီလောက်လဲ မဟုတ်ပါဘူး။ အစ်ကိုဘာဝက အဆင်ပြေသေးလို့ပါ။ အဆင်မပြေရင် ဒီအတွေးမျိုးတွေ အလိုလို ဝင်လာပါလိမ့်မယ်"

xxx

ထိုညတွင် မျိုးတင်သည် ထုံးစံအတိုင်း ပေါ့ပေါ့ပါးပါးပင် သူ့ခုတင်ပေါ်၌ အိပ်ပျော်သွားသည်။

တိုးလုံကတော့ အိပ်မပျော်။ သူသည် ပင်ပင်ပန်းပန်းလုပ်ကာ မအိပ်ရသောအခါများလည်း ရှိခဲ့ဖူး၍ ခုတင်ပေါ်တွင် လှဲကာ မျိုးတင်ပြောသည့် မိုးအောင်အကြောင်း စဉ်းစားနေသည်။

"ဒီအတိုင်းဆိုရင် ဒီကောင်တွေ ဒီညလာချင်လာနိုင်တာပေါ့"

စိုးရိမ်စရာကောင်းသော အတွေးကို တွေးမိသည်နှင့် သူ့ခုတင်ပေါ်မှ ထလိုက်သည်။ မျိုးတင်ကတော့ ဟောက်၍ပင် အိပ်မောကျနေပြီ ဖြစ်လေသည်။

သူသည် ညဦးခန်းသို့ထွက်လာကာ အမြင်တံခါးဖွင့်၍ မီးမှောင်ချကာ မှောက်မှောင်းသာတည်းခိုရိပ်သာ၏ အောက်ထပ်သို့ ကြည့်လိုက်လေသည်။

အနောက်တိုင်းဝတ်စုံကို့ ကျကျနန ဝတ်ဆင်လာသော လူနှစ်ဦးသည် ဧည့်ခန်းရှေ့ ဗွာနတွင် စကားရပ်ပြောနေသည်။ သူတို့က မည်သို့ပြောလိုက်သည်မသိ။ ဧည့်ခန်းရှေ့မှ မီးများမှိတ်သွားသည်ကို တွေ့ရလေသည်။



"ဟင်"

ဧည့်ခန်းရှေ့ဗွာနမှာ မီးပိတ်လေ့ မရှိပေ။ သို့သော် ဧည့်ခန်းရှေ့ဗွာနနှင့် တည်းခိုခန်းအခန်းများမှ မီးများကို ပိတ်လိုက်လေသည်။ မီးမှိတ်လျှင် ထွန်းရန်ထားသော ဖယောင်းတိုင်ကို တိုးလုံက ထွန်းညှိလိုက်လေသည်။

"ဟင်…ဒါဆိုရင် သက်သက် ဒီလူနှစ်ယောက်ကြောင့် မီးတွေ ပိတ်သွားတာလား"

တိုးလုံက ထိုသို့စဉ်းစားကာ မျိုးတင်၏ ခုတင်ကိုသွားကာ မျိုးတင်ကို လှုပ်နှိုးလိုက်၏။

"အစ်ကို"

"အစ်ကိုမျိုးတင်"

"ဟေ"

မျိုးတင် နိုးလာသည်။ သူသည် အိပ်ကောင်းနေသည့် အချိန်တွင် အနှိုးခံလိုက်ရသောကြောင့်…

"ဘာဖြစ်တာလဲ တိုးလုံရာ။ မင်း ခုထိ မအိပ်သေးဘူးလား"

ဟု ခပ်တိုးတိုးမေးသည်။

"စကားတိုးတိုးပြော အစ်ကို။ တည်းခိုခန်းကို လူနှစ်ယောက် ရောက်လာပြီး မီးတွေ ငြိမ်းသွားတယ်"

"ဟေ…ဟုတ်လား။ အခု လင်းနေတာက

"ညဦးခန်းမှာ ကျွန်တော် ဖယောင်းတိုင် ထွန်းထားတာ"

မျိုးတင်မှာ မနက်ကကိစ္စကိုစဉ်းစားမိသွားသည်။ ယူးလဲကာ ထလိုက်သည်။

"ဘယ်လိုလုပ်မလဲ"

"ဒီအခန်းထဲမှာ ကျွန်တော်တို့မနေတာ ကောင်းတယ်"

အဝတ်အစားကိုလဲကာ မျိုးတင်သည် သူ အမြဲဆောင်လေ့ရှိသော သံတုတ်နှင့် ဖယောင်းတိုင်ကို ငြိမ်းကာ တံခါးနားရှိ အောက်ခြေတွင် ငြိမ်သက်လိုက်ကာ ကပ်၍ရပ်နေကြသည်။

မကြာမီ တံခါးလက်ကိုင်ဘုကို လှည့်သံ ကြားလိုက်ရသည်။ အမှန်

www.burmeseclassic.com



တော့ တံခါးလက်ကိုင်ဘုထဲရှိ သော့ပေါက်ကို သော့တုနှင့်ဖွင့်နေခြင်းဖြစ်သည်။

တံခါးပတ္တာအက်တွင် မျိုးတင်ကိုထားကာ ဖွင့်လိုက်လျှင် တံခါးက မျိုးတင်ကို ဖုံးသွားမည်ဖြစ်သည်။

တိုးလုံကတော့ နံရံတွင်ကပ်ကာ သစ်သားဓာတ်တစ်ချောင်းကို ကိုင်ထားသည်။ တံခါးပွင့်သည်နှင့် တွန်းဖွင့်ကာ အခန်းထဲသို့ လူနှစ်ယောက်က ပြေးဝင်ကြသည်။

"ဝုန်း"

"ဒုန်း"

အောက်ခြေတွင် တန်းကာ ခေါင်းရင်းနှင့်ခြေရင်း ချည်နှောင်ထားသော ကြိုးကို တိုက်မိကာ နှစ်ယောက်လုံး လဲကျသွားကြသည်။

"ကဲကွာ"

"ဘုတ်"

"သူခိုးဟျို့ . . . သူခိုး"

တိုးလုံက အော်လည်း အော်၊ ရိုက်လည်း ရိုက်လေသည်။ ဘေးခန်းမှ လူများ နိုးလာကာ ဖယောင်းတိုင်မီးများ လင်းလာသည်။

မျိုးတင်ကလည်း ဓာတ်ဖြင့် ရွယ်လျက်၊ မှောက်လျက်လဲကျနေသူကို နင်းထားသည်။ တိုးလုံကတော့ ခွထိုင်ကာ ခေါင်းကို တစ်ချက်ရိုက်ပြီး ဓာတ်နှင့် ရွယ်ထား၏။

"သူခိုးတွေ မိထားပြီ"

"သူခိုးတွေ မလွတ်စေနဲ့"

တစ်ယောက်တစ်ချက် ဝိုင်း၍ရိုက်ရန် ပြင်နေကြ၍ တိုးလုံက . . .

"မလုပ်ပါနဲ့ခင်ဗျာ . . . ဥပဒေအတိုင်း လုံခြုံရေးတွေကို ပုလိပ်ဌာန အပ်နိုင်းတာ ကောင်းပါတယ်"

ဟုဆိုကာ ထခိုင်းလိုက်သည်။

ထလာသောအခါတွင် စိန်ထွန်း၊ စိုးအောင်တို့နှင့် မည်သို့ပတ်သက်မည်ကို မပြောနိုင်သော်လည်း ထားဝယ်ကမ်းနားမှ ဝါးထမ်းသမားများ ဖြစ်နေသည်ကို



တွေ့ရလေတော့သည်။

"မင်းတို့တွေ ဘယ်သူခိုင်းလို့ လုပ်တာလဲ"

မျက်နှာစိမ်းနှစ်ဦးက တိုးလုံ့အမေးကို ဘာမျှဆက်မဖြေပေ။

×××

မျိုးတင်နှင့် တိုးလုံအခန်းကို ခိုးဝင်သော လူနှစ်ယောက်ကို လုံခြုံရေးများက ထားဝယ်ပုလိပ်ဌာနသို့ ခေါ်ဆောင်သွားကြလေသည်။

ပုလိပ်ဌာနသို့ ရောက်၍ စစ်ဆေးကြသောအခါတွင် သူတို့သည် အခန်းနံပါတ်(၇)တွင် တည်းနေသူတို့သည် ငွေကြေးများ ပါလာသည်ဟု သတင်းရ၍ လာရောက်ခိုးကြကြောင်းကိုသာ ထွက်ဆိုလေသည်။

"ပင်လယ်ကျား" နှင့်ပတ်သက်၍သော်လည်းကောင်း၊ စိန်ထွန်း၊ ဝံပုလွေ၊ စိုးတင်တို့နှင့် ပတ်သက်၍သော်လည်းကောင်း၊ တစ်လုံးတစ်ပါဒမျှ မဟကြပေ။

နောက်တစ်နေ့တွင် ရေနဂါးစက်လှေကုမ္ပဏီပိုင်ရှင် ဦးထွန်းလုံရောက်လာမှ ဌာနအုပ်က ပင်လယ်ကျားလှေကို ကမ်းခြေတစ်လျှောက် ရှာကြည့်ပါမည်။ ပင်လယ်ကျားလှေ၏ လက်ချက်ဖြစ်နိုင်ပါသည်ဟု ဌာနအုပ်ကို ပြောပြလေသည်။

မျိုးတင်မှာ "ပင်လယ်ကျား" စက်လှေကို ဖြိုခွဲရန်မှာ သူထင်သလို လွယ်ကူမည်မဟုတ်ကြောင်း သဘောပေါက် နားလည်သွားသည်။

"ဒီအတိုင်းဆိုရင်တော့ မလွယ်ဘူး။ ဒီကောင်တွေဟာ တော်တော်လျှို့ဝှက်ပြီးတော့ တိုက်ခိုက်တတ်တယ်။ တိုးလုံတို့ အများကြီးသတိထားရမယ်"

တိုးလုံနှင့် မျိုးတင်တို့သည် ထားဝယ်မြို့ မဟာမင်းကြီးလမ်းရှိ ဦးထွန်းလုံ၏ တိုက်အိမ်ကြီးသို့ ပြောင်းရွှေ့လာကြသည်။ ခြံဝင်းကျယ်ကြီးထဲတွင် တိုက်အိမ် သုံးလုံးရှိသည်။

အလယ်မှတိုက်အိမ်မှာ ဦးထွန်းလုံတို့ နေထိုင်နေသော အိမ်ဖြစ်ပြီး ခြေရင်းဘက်ရှိ နှစ်ထပ်တိုက်မှာ စက်လှေပြင်သူများ၊ ဆောက်သူများနေထိုင်သည့် တိုက်ဖြစ်သည်။ ခေါင်းရင်းမှ တိုက်မှာလည်း ဘော်ဒါဆောင်ကဲ့သို့ပင် အလုပ်သမားများ နေထိုင်သည့်တိုက်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးတင်သည် ဦးထွန်းလုံ၏ ထင်သည်ထက် ကြီးမားသော တိုက်ကြီးသို့ ရောက်လာပြီးနောက် ဧည့်သည်များ တည်းခိုရန် ပြုလုပ်ထားသည့် အပေါ်ထပ်အခန်းလွတ်နှစ်ခန်းတွင် မိုးတင်နှင့် တိုးလုံတို့ကိုနေရန် နေရာချထားသည်။

ဦးထွန်းလုံ၏ မိန်းမမှာ အသက်အရွယ် ကြီးရင့်သည့်တိုင် လှပဝင်းဖြိုးသော ရုပ်ရှင်မင်းသမီးနှင့် တူလေသည်။ အသားဖြူသကဲ့သို့ ပြင်ဆင်ကာ လှလှပပ နေထိုင်တတ်သူ ဖြစ်သည်။ သူမ၏အမည်မှာလည်း ခင်စံပယ်တင်ဟု နန်းဆန်ဆန်ခေါ်၏။

"တင်ရေ တင့်သားကို လိုတာအားလုံး စီစဉ်ပေးလိုက်နော်"

ဦးထွန်းလုံက ထိုသို့ပြောတော့၍ အိမ်သို့ရောက်ရှိပြီး မကြာမီမှာပင် အဝတ်အစား လှလှပပနှင့် ဆံပင်ပုံလည်း ညီညာသပ်ရပ်သွားသော တိုးလုံကို တွေ့ရလေတော့သည်။ တိုးလုံမှာ အဝတ်အစားကြောင့် ပြေပြစ်တင့်တယ်သော လူငယ်တစ်ဦး၏ ရုပ်သွင်ပေါ်လာသည်။

"တိုးလုံ မင်းက ဒီလိုဝတ်ဆင်နေထိုင်လိုက်တော့ တကယ့်သူဌေးသားလိုပဲ၊ ငါတောင် လူမှားတယ်"

"တော်ပါ ကိုမိုးတင်ရာ၊ ကျွန်တော်က ဒီလိုနေရတာ စိတ်ဒိုက်သလိုပဲ"

ထိုစဉ်မှာပင် ခေါ်ခင်စံပယ်တင်က လှမ်း၍ ခေါ်ကြားရသည်။

"သားရေ ဒီမှာ တစ်ခါဝတ်ပြီးတဲ့အဝတ်တွေကို ဒီ ပလပ်စတစ်ခြင်းထဲ ထည့်နော်။ အိမ်နားက လျှော်ဖို့ ညနေတိုင်း လာယူတယ်"

"ဟုတ်ကဲ့ အဒေါ်"

"မင်းက ဘာအခေါ်လဲ၊ အမေလို့ ခေါ်ပါလား"

"အဲဒီလိုခေါ်ဖို့တော့ ပါးစပ်မရဲဘူးဗျ"

"ကျင့်ခေါ်ပေါ့ကွာ"

မိုးတင်က ခပ်တိုးတိုး ရှာပ်ပြောသည်။

"တော်ပါဗျာ...လာ...ရွှေမြားရှင်လို့ အမည်ပေးထားတဲ့ လှေ ပြီးတော့မယ် ပြောမယ်၊ သွားကြည့်ရအောင်"



သူတို့သည် ဦးထွန်းလုံ၏ ရွှေမြားရှင်လှေကြီး ဆောက်လုပ်နေသည့် ကမ်းနားရှိ သင်္ဘောဒေါက်တင်ရာသို့ ရောက်လာကြသည်။ လှေကြီးမှာ အဝါရောင်ဆေးများ လှလှပပ သုတ်လိမ်းပြီး၊ လှေပေါ်ရှိ အခန်းများကိုပင် ဆောက်လုပ်နေပြီ ဖြစ်လေသည်။

ဆောက်လုပ်ရေးသမားများသည် တိုးလုံနှင့် မိုးတင်တို့ကို ဦးထွန်းလုံ၏ သားများဟု သိရှိထားသည်။

"ဟာ...ဆရာတို့ လာပြီ၊ လာကြည့်ပါ ဆရာ၊ စိတ်ကိုင်းမကျတာ ပြောပါ"

လှေကြီးမှာ အလျားအတောင် ရှစ်ဆယ်၊ အနံအတောင် ငါးဆယ်ခန့်ရှိ၍ စက်လှေများထဲတွင် အတော်ကြီးသည့်အနေအထား ဖြစ်သည်။ ဝက်ကိုလည်း အင်္ဂလန်လုပ်ဝယ်ပြီး လေးလုံးကို တပ်ဆင်ကာ မောင်းနှင်မည့်လှေဖြစ်လေသည်။

လောလောဆယ် စက်များကိုလည်း ထိုင်ပြီး ဖြစ်နေသည်။ ရေထဲသို့ လျှောချရန် ပြုလုပ်ထားသည့် သံလမ်းပေါ်တွင် ရှိနေလေတော့သည်။

အတွင်းဘက်တွင်လည်း ခိုင်ခံ့သော ကျွန်းသားများကို သုံးထားပြီး လှေဦးရွှေရောင်မြားကလေးတစ်စင်းကို တပ်ဆင်ထားသည်။ မည်သည့်အရာမဆို မြားနှင့်ပစ်ကာ ဖြိုခွဲအနိုင်ယူမည့် သဘောဖြစ်၏။

လှေဦးထိပ်တွင် မြားဦးထိပ်ရှိပြီး၊ မြားမြီးက လှေနံရံနှစ်ဖက်ခွဲကာ နှစ်ခုပြုလုပ်ထား၍ ဘယ်ဘက်ကကြည့်ကြည့် မြားတစ်စင်းရှေ့သို့ ပြေးထွက်နေသည့်ပုံကို မြင်ရသည်။ အဝေးမှ မြင်နိုင်အောင် မြားကြီးက ဆယ်ပေးခန့်ရှည်နေလေသည်။

"ဒီအပေါ်က အခန်းတွေကို လက်စသတ်ပြီးတော့ ဘယ်တော့ ရေချနိုင်မလဲ"

တိုးလုံက မေးလိုက်သည်။

ဆောက်လုပ်ရေး အင်ဂျင်နီယာက...

"တစ်လလောက်ဆို ပြီးပါပြီ"

×××

www.burmeseclassic.com

www.burmeseclassic.com



မျိုးတင်နှင့် မောင်ပြေသာတို့၏ သတင်းကို လိုက်လံစုံစမ်းသော်လည်း မိုးကုတ်မြို့တွင် လုံးဝ သတင်းမကြားရတော့ပေ။

နောက်ဆုံး မျိုးတင်၏ သူငယ်ချင်း ညွှန့်မောင်ထံမှသာ မျိုးတင်မှာ ဒဏ်ရာရကာ ဆေးကု၍ ထားဝယ်သို့ လိုက်သွားကြောင်း၊ မောင်ပြေသာကတော့ စိန်ထွန်းတို့က အသေသတ်လိုက်ဟန်တူကြောင်း ထင်မြင်ချက်ကို ကြားရလေသည်။

ထိုသတင်းစကားကြောင့် ဦးသာမောင်ရော မျက်ပွင့်ခင်ပါ အတော်စိတ်မချမ်းမသာ ဖြစ်သွားကြသည်။

"ကိုညွှန့်မောင်ပြောသလို ကိုပြေသာက သေချင်မှ သေမှာပေါ့ အဖေ။ ကိုစိန်ထွန်းတို့က အရင်လည်း အလောင်းကို တစ်နေရာရာမှာ ဖျောက်ဖျက်ရမှာပေါ့"

"ဟုတ်တော့ ဟုတ်တာပေါ့။ ဒါပေမယ့် သူတို့ ဘယ်နေရာမှာ အလောင်းကိုဖျောက်ဖျက်ခဲ့တယ်ဆိုတာ ပြောလို့မှ မရတာ။ လူတွေ မမြင်တဲ့အချိန်၊ လူတွေ မမြင်နိုင်တဲ့နေရာမှာ ဖျောက်ဖျက်လိုက်တာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့"

မျက်ပွင့်ခင်သည် ပုလိပ်ဌာနတွင် တိုင်ချက်ဖွင့်ကာ ရှာဖွေစုံစမ်းသော်လည်း မောင်ပြေသာ၏ သတင်းကို မည်သို့မျှ မကြားရသောကြောင့်…

"အဖေ ဘယ်လိုလုပ်မလဲ"

ဟု သူ့အဖေကို မေးလိုက်သည်။

"အေးလေ…မောင်ပြေသာမရှိတော့ဘူးလို့ ယူဆရင်တော့ ရက်လည်ဆွမ်းသွပ်ရတော့မှာပေါ့ကွယ်။ ဒါပေမယ့် ဟိုကောင်မျိုးတင်ကတော့ သေမသေ မသိရဘူး"

"ကိုကိုက ဘယ်သေမှာလဲ ဖေဖေ။ ကိုကို ထားဝယ်ကို လိုက်သွားတယ်ဆိုတဲ့သတင်း အတိအကျပဲ"

"ကဲ…ဒါဆို သမီး ဘယ်လိုလုပ်မလဲ"

"သမီးတတော့ ဗေဒင်စာရေးရှာက ဆရာတော်ကြီးကို သွားပြီး



အကြောင်းကြားဖို့ ကောင်းတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ဆရာတော်ကြီးဆီမှာ ကိုပြေသာကို ကျောက်မျက်ပညာသင်ပေးမယ်ဆိုပြီး အပ်ခဲ့ခေါ်လာတာ မဟုတ်လား"

ထိုစကားကြောင့် ဦးသာမောင်မှာ ဆရာတော်ဦးဝီရိယကို သတိရသွားသည်။ ဆရာတော် ဦးဝီရိယသည် ဒကာရင်း ဖြစ်သော ဦးသာမောင်ကို တဖွဖွ မှာကာ မောင်ပြေသာကို ထည့်လိုက်ခြင်းဖြစ်သည်။

ယခု မောင်ပြေသာ၏ ခြေရာလက်ရာပျောက်ဖြစ်ခဲ့ပြီဆိုပါက ဆရာတော်ကြီးကို အကြောင်းမကြား၍ မဖြစ်။ ဆရာတော်ကြီးတွင်လည်း နည်းကောင်းလမ်းကောင်းများ ရှိနိုင်သည်။

"ဟုတ်တယ် သမီး။ မောင်ပြေသာကိစ္စက မြင့်မိုရ်ကျောင်းဆရာတော်ကို သွားပြီး လျှောက်ထားမှ ဖြစ်မယ်"

"ဘယ်တော့သွားမလဲ"

"သမီး အမေနဲ့ညှိဦးမှပေါ့။ သူလည်း သူ့သား မောင်မျိုးတင်အတွက် စိတ်သောက ရောက်နေတယ်"

ဦးသာမောင်နှင့် သမီးတို့သည် အိမ်သို့ ပြန်လာကြသည်။ ဒေါ်မြတင်မှာ ယခုနှစ်ရက် သုံးရက်အတွင်း ပိန်သွားသည်။ စကားလည်း သိပ်မပြောတော့။

"မမြတင်"

"ရှင်"

"မင်း နေလို့ကောင်းရဲ့လား"

"လူကတော့ နေကောင်းပါတယ်တော်။ စိတ်ကသာ နေမကောင်းတာ"

"ဘယ်တတ်နိုင်မလဲ မြတင်ရာ။ တို့က သူ့ဘို့ကို ဘာမှလုပ်တာမှ မဟုတ်ဘဲ"

"ကျွန်မသားက ထားဝယ်ရောက်နေတယ်ဆိုတာ အမှန်ပဲလား"

"အမှန်ပဲ…သူ ထားဝယ်မှာရှိ မရှိ ငါ့မိတ်ဆွေဆီကို သံကြိုးရိုက်ထားတယ်။ ပုလိပ်ဘက်က အသိတွေလည်း မှာထားပါတယ်"

"ကိုသာမောင်"

www.burmeseclassic.com



"ဘာလဲ မမြတင်"

"သား ပြန်လာရင် ရှင် မဆူပါနဲ့နော်"

"မဆူပါဘူးကွာ...မင်း ကိုယ်မင်း ကျန်းမာရေး ဂရုစိုက်ပါ။ သမီးလည်း ရှိနေတာပဲ။ မင်း ညောင်စာရေးရွာ လိုက်ဦးမလား"

"မလိုက်တော့ပါဘူးတော်။ ကျွန်မ ဘယ်မှသွားချင်လာချင်စိတ် မရှိဘူး"

×××

ဦးသော်နှင့် နှင်းသော်တာတို့ ခေါ်ဆောင်လာမှုကြောင့် ညောင်စာရေးရွာရှိ ပန်းတိမ်လုပ်ငန်းရှိရာသို့ မောင်ပြေသာ လိုက်ပါလာသည်။

မောင်ပြေသာ ကျန်းမာရေးမကောင်းသည်ကို နှင်းသော်တာသည် အလွန်ဂရုစိုက်နေရလေသည်။ မောင်ပြေသာသည် ထနိုင်ထိုင်နိုင်သော်လည်း လမ်းပန်းကို ဝေးဝေးမလျှောက်နိုင်ချေ။

"အင်း...ကိုပြေသာ ရောက်လာတာ သော်တာတို့ကို ဒုက္ခပေးသလိုဖြစ်နေပြီ"

"မဟုတ်ပါဘူး ကိုပြေသာ။ ကျွန်မတို့ ငယ်သူငယ်ချင်း တစ်ရွာတည်းသားတွေပဲ။ တစ်ယောက်နဲ့တစ်ယောက် ကူညီဖို့ရှိတာပဲ။ ကျွန်မကသာ ကိုပြေသာ ခုလိုဖြစ်လာတာကို စိတ်မကောင်းဖြစ်ရတာပါ"

နှင်းသော်တာက အောက်တွင် ပန်းတိမ်လုပ်ငန်းရှိ၍ အပေါ်ထပ်တွင် မောင်ပြေသာကို ခုတင်နှင့် ကောင်းမွန်စွာ ထားကာ ပြုစုစောင့်ရှောက်ရသည်။

မောင်ပြေသာမှာလည်း ညောင်စာရေးရွာသို့ ရောက်ရှိလာသောကြောင့် အသံမထွက်အောင်ပင် နေသည်က များသည်။ စကားပြောလျှင်လည်း ခပ်တိုးတိုးပင် ပြောလေ့ရှိလေတော့သည်။

ပန်းတိမ်ဆရာကြီး ဦးသော်မှာ ပရိယတ္တိစာပေကျမ်းဂန် တတ်သောမောင်ပြေသာမှာ ရုတ်တရက် ကံမကောင်းအကြောင်းမလှသောကြောင့် ဒေါသဒုက္ခ ဖြစ်ရသည်ဟု သိ၍ မကြာခဏ အားပေးစကား တက်ရောက်ပြောကြားလေသည်။

"ဦးလေးရယ်...ကျွန်တော့်ရောဂါဝေဒနာ ရှင်းရှင်းပျောက်ရင်တောင်မှ



ကျွန်တော့်အမြင်က ရုက်စရာကောင်းလို့ ဆရာတော့်ကို မျက်နှာမပြရဲပါဘူး"

မောင်ပြေသာက သူ့ရင်ထဲမှ ဆန္ဒကို ဦးသော်အား ဖွင့်ဟပြောကြားလေသည်။

"ဘယ်ဟုတ်မလဲ မောင်ပြေသာ။ ခုတော့ မောင်ပြေသာ ပြောသလိုမျက်နှာမမြင်ရအောင် စောင်ခြုံပြီး အိမ်ထဲဝင်လာခဲ့လို့ အိမ်နီးချင်းနဲ့ ရွာသူရွာသားတွေက မောင်ပြေသာ ဦးလေးအိမ်ထဲရောက်နေတာကို မသိပါဘူး။ ဒါပေမယ့် ကြာရင်သိမှာ။ သူများပြောလို့သိပြီး ဆရာတော် ရောက်လာရင် မကောင်းဘူး။ မောင်ပြေသာ စဉ်းစားကြည့်ပေါ့"

ဦးသော်က လူကြီးဝန်စွာ ဖျောင်းဖျပြောဆိုသည်။ မောင်ပြေသာအတွက်လည်း ဆေးဆရာကြီး ဦးထော်ပိုင်ကို ပီတောက်ကုန်းရွာမှ နေ့စဉ်လာကြည့်ပါရန်လည်းကြိုးလည်းဆို ပြုလုပ်ထားသောကြောင့် နှစ်ရက်သုံးရက်တွင် မောင်ပြေသာ၏ ဒဏ်ရာမှာ သိသိသာသာ ပျောက်ကင်း၍ ထနိုင်၊ ထိုင်နိုင်၊ သွားနိုင်၊ လာနိုင် ဖြစ်လာတော့သည်။

တစ်နေ့တွင် ဆေးဆရာကြီးဦးထော်ပိုင်သည် ဆရာတော်က ရေစက်ချတရားနာ အကြွတွင် လမ်း၌ဆုံမိကြသည်။

"ဆေးဆရာကြီးပါလား"

"တင်ပါ့ဘုရား"

"ဘယ်ကြွမလို့လဲ"

"ပန်းတိမ်ဆရာ ဦးသော်အိမ်ကိုပါ ဘုရား"

"ဦးသော်အိမ်မှာ ဘယ်သူများ နေမကောင်းဖြစ်နေပါလိမ့်"

ဆေးဆရာကြီး ဦးထော်ပိုင်မှာ ထိုအခါမှ လိမ်ရခက်၊ အမှန်အတိုင်းပြောရခက် ဖြစ်သွားသည်။ ဆရာတော်ဦးဝီရိယမှာ ရွာထဲကကိစ္စပြစ်၍ [illegible] မေးတော့မည်ဟုဆိုကာ စကားမပြောဘဲ ဆက်ကြွသွားသည်။

မောင်ပြေသာအား အားဆေးနှင့် လိမ်းဆေး [illegible] ထိုအကြောင်း ပြောပြလိုက်လေသည်။

"ဒုက္ခပါပဲ ဆရာကြီးရယ်။ ဒါဆို တပည့် [illegible] ပေါ်

www.burmeseclassic.com



တော့မှာပဲ"

မောင်ပြေသာသည် ထိုည အိပ်မပျော်ဖြစ်လေသည်။ သူသည် ဆရာတော်ကို အတွေးမှခံရဲ၍

သူ့ဘဝကောင်းမွန်သည့် အခြေအနေကျမှ ဆရာတော်ကို လှူဖွယ်ပစ္စည်းများဖြင့် လာရောက်ဖူးမည်ဟု ရည်ရွယ်ထားသောကြောင့် ညောင်စာရေးရွာမှ တိတ်တဆိတ် ထွက်ခွာရန် စိတ်ကူးလိုက်တော့၏။

xxx

ညဆယ်နာရီလောက်တွင် ဆေးဆရာကြီး တိုက်ခိုင်းသော ဆေးကို နှင်းသော်တာသည် လာ၍ ဆေးတိုက်လေသည်။

"သော်တာလည်း ကိုပြေသာအတွက် တော်တော်ပင်ပန်းနေပြီ"

"ကိစ္စမရှိပါဘူး ကိုပြေသာရယ်။ ကျွန်မက ကိုပြေသာကို ဒီလိုပြုစုခွင့်ရတာကို ကျေနပ်နေတာပါ"

တစ်နေ့လုံး အလုပ်ပင်ပန်းသော ဦးသော်မှာ ဘုရားခန်းရှေ့ရှိ သူ၏ အိပ်ခန်းတွင် အိပ်ပျော်လျက်ရှိနေလေပြီ။ အောက်ထပ်မှ ပန်းတိမ်အလုပ်သမားများမှာလည်း ဟောက်သံများပင် ထွက်လျက်ရှိ၏။

"သော်တာ ခု ဆရာတော်က ဆေးဆရာကြီးနဲ့ တွေ့သွားပြီပြောတယ်"

"ဟုတ်တယ် ကိုပြေသာ။ ဆရာတော်က ဆွမ်းချိုင့်လာယူတဲ့ ကျောင်းသားကျော်ဦးကို စုံစမ်းခိုင်းတော့မှာပဲ"

"အဲဒါ ကိုပြေသာ စိတ်ညစ်တာပေါ့"

"တစ်နေ့ သိမှာပဲ ကိုပြေသာရယ်။ ဘာညစ်စရာရှိလဲ"

မီးအိမ်အရောင်ဖြင့် မောင်ပြေသာသည် မျက်လုံးများ တဖျတ်ဖျတ်တောက်ပကာ စဉ်းစားနေသည်ကို နှင်းသော်တာ မြင်တွေ့ရလေသည်။

"ကိုပြေသာ"

"ဘာလဲ သော်တာရဲ့"

"ထွက်ပြေးမယ် မကြံနဲ့နော်။ သော်တာက ဒီညတော့ ကိုပြေသာကို



စိတ်မချဘူး"

"အို…ဘာဖြစ်လို့လဲ"

"သော်တာတို့ စာသင်တုန်းက ဆရာတော်ရိုက်မှာစိုးလို့ ကိုပြေသာ ကျောင်းကနေပြေးပြီး ဝါးရုံတောမှာ ပုန်းနေတာလေ။ သော်တာ ကောင်းကောင်းမှတ်မိတာပေါ့"

နှင်းသော်တာက သူ၏အကြံကို ကြိုတင်ရိပ်မိနေ၍ မောင်ပြေသာ သက်ပြင်းချလိုက်သည်။

"ဆရာတော်ကို ရင်ဆိုင်လို့တော့ မဖြစ်သေးဘူး သော်တာ။ ကိုပြေသာ သိပ်ရှက်တာပဲ သော်တာ။ ကိုပြေသာနေရာက စဉ်းစားကြည့်ပါ"

"အို…ကိုပြေသာကလည်း အမှန်အတိုင်း ပြောဖြစ်ပေါ့။ ဆရာတော် ဦးသီရိယက ကိုပြေသာကို ဆုံးမကလွဲပြီးတော့ ဘာမှလုပ်မှာ မဟုတ်ပါဘူး"

"အို…မဖြစ်ပါဘူး သော်တာရယ်။ ဒီညတော့ သော်တာ ကိုပြေသာ့ကို သွားခွင့်ပြုပါတော့"

"ကိုပြေသာ ဘယ်သွားမှာလဲ"

"ပြောလို့တော့ မရသေးဘူး"

"ပြောလို့မရရင် ဘယ်ဖြစ်မလဲ"

"ပြော…ပြော…မပြောနိုင်ရင် သွားခွင့်မပြုနိုင်ဘူးရှင့်"

အိပ်ရာထဲမှဆင်းကာ ခြေဖွ၍လာသော မောင်ပြေသာ၏လက်ကို နှင်းသော်တာ သူမလက်လေးနှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ထားလိုက်သည်။

"လွှတ်ပါ သော်တာ"

"မလွှတ်ဘူး"

လူခြေတိတ်ချိန်ဖြစ်သောကြောင့် သူတို့နှစ်ဦးသည် လေသံသာသာ ပြောနေကြရာ တံခါးပေါက်ဝတွင် မောင်ပြေသာက ရုန်းလိုက်ရာ အားလွန်၍ ဆွဲထားသော နှင်းသော်တာ၏ ကိုယ်လေး ယိုင်သွားလေသည်။

မောင်ပြေသာက လဲကျလျှင် အသံမြည်မှာစိုးသောကြောင့် နှင်းသော်တာကို လဲမကျရန် ထိန်း၍ ဖက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အို"

နွေးထွေးအိညက်သော နှင်းသော်တာ၏ကိုယ်လေးသည် မောင်ပြေသာ
ကိုယ်နှင့် ထိကပ်သွားသည်။ လဲကျမသွားစေရန် နှင်းသော်တာ မောင်ပြေသာ၏
င်ခွင်တွင် ခေါင်းကပ်ကာ ဖက်ထားလိုက်ပြန်၏။

မောင်ပြေသာမှာ မထင်မှတ်ဘဲ နှင်းသော်တာကို ပွေ့ဖက်မိသွားသည်။
င်းသော်တာကလည်း မောင်ပြေသာ ရင်ခွင်ထဲမှ ရုတ်တရက် ရုန်းမထွက်နိုင်။

"သော်တာ"

"ရှင်"

"ကိုပြေသာ မသွားရဘူးလား"

"မသွားသင့်ဘူး ကိုပြေသာ"

"ဘာဖြစ်လို့လဲ သော်တာရယ်"

"သော်တာ ကိုပြေသာကို မခွဲနိုင်ဘူး"

"ဟင်"

နှင်းသော်တာ၏ ရင်ထဲမှ မျိုသိပ်ထားသော စကားတို့သည် ပွင့်ဟ
ထွက်သွားသည်။ မောင်ပြေသာသည် အံ့အားသင့်သွား၏။ သူသည် သူ့ရင်ခွင်ထဲမှ
နှင်းသော်တာကို ပခုံးနှစ်ဖက်ကို ခွာကာ သူ့ စောစောက ထလာခဲ့သည့် ခုတင်
နေရာသို့ ပြန်လာခဲ့သည်။

နှင်းသော်တာ ရှက်သွား၏။

သူမသည် ရှိုက်သံမထွက်ဘဲ မျက်ရည်များသည် ပါးပြင်ပေါ်သို့ လိမ့်ကျ
လာသည်။ မျက်ရည်များမှာ ငွေစက်ငွေမှုန်များအဖြစ် လက်နေသည်။

"အဟင့်ဟင့်"

"ဘာဖြစ်လို့ ငိုရတာလဲ သော်တာ"

မောင်ပြေသာက နှင်းသော်တာ၏ လက်မောင်းနှစ်ဖက်ကို ကိုင်ကာ
မေးလိုက်သည်။

"ရှက်တာပေါ့"

"မရှက်ပါနဲ့ သော်တာရယ်။ ကိုပြေသာက သော်တာ့ကို ဘာပြောသေး



လို့လဲ"

"အဲဒီလို ဘာမှမပြောတဲ့နေ့လို့ပေါ့"

"သြော်...ကိုပြေသာက ဘဝမနိုင်လုံသေးဘူး မဟုတ်လား။ ကိုပြေ
သာ ဘဝအခြေအနေ ခိုင်လုံတဲ့အခါကျရင် သော်တာနဲ့အတူ လက်တွဲနိုင်ဖို့ ကြိုး
စားပါ့မယ်"

နှင်းသော်တာက ကိုပြေသာ၏ ရင်ဘတ်ကို ခေါင်းနှင့်ပြန်မှီလိုက်သည်။

"ကိုပြေသာ"

"ဟင်"

"ဒီည ဘယ်မှမသွားနဲ့နော်။ မနက်ဖြန် ဆရာတော်ဦးဝိရိယကို သွား
တွေ့ရအောင်"

ကိုပြေသာထံမှ စကားသံ မကြားရတော့။ အသံတိတ်သွားသည်။

"ပြောလေ"

"သော်တာ စိတ်ချမ်းသာအောင် ဒီအစီအစဉ်ကိုပဲ လက်ခံပါတော့မယ်"

"တကယ်"

"အဟုတ်ပြောတာပါ သော်တာ"

နှင်းသော်တာသည် မောင်ပြေသာ၏ရင်ဘတ်ကို လက်သီးဆုပ်လေးဖြင့်
ထုကာ ခြေဖွ၍ အောက်ထပ်ဆင်းသွားလေတော့သည်။

×××

ဆရာတော်ဦးဝီရိယသည် မြင့်မိုရ်ကျောင်းရှေ့ရှိ ဝါးရုံပင်များ အောက်တွင်
စကြံလျှောက်လေ့ရှိသည်မှာ ဆရာတော်ဦးဝီရိယ၏ နေ့စဉ်အလုပ်ပင် ဖြစ်သည်။

ဝါးရုံပင်အောက်တွင် ထိုင်ကာ သူ့အား ဦး...နှံတော့နေသော လူ
သုံးယောက်ကို တွေ့လိုက်ရသည်။ မောင်ပြေသာသည် ...ကိုအုပ်ခံ့ ...ကျ ထိုင်
ကာ ဦးသော်တို့ သားအဖနှစ်ဦးပါ ပါသည်ကို တွေ့ရ၍ ဆရာတော်ဦးဝီရိယ..

"ကျောင်းပေါ်က သွားစောင့်နေကြ။ ငါ အခုလာခဲ့မယ်"

ဟု မိန့်ကြားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် သူ၏တရားကို အပျက်မခံပေ။ လှုပ်ရှားသွားသော "ဗျာပါဒစိတ်" များ ငြိမ်သက်စေရန် စကြံနိဆက်လျှောက်လျက် တရားကို အမှတ်မပျက်နေ၏။

တုံးခေါက်သံကြားတော့မှပင် ဆရာတော်သည် တရားအမှတ်ကို ရပ်ကာ ကျောင်းပေါ်တက်လာသည်။ ကျော်ဦးသည် တုံးခေါက်ပြီးနောက် တင်ဆောင်ကိုပါ ခေါ်ကာ တိုက်ကျောင်းအောက်ထပ်တွင် ရောက်နေသော မောင်ပြေအခဲ ပြေးလာသည်။

"မောင်ပြေသာ ဘယ်လိုဖြစ်တာလဲ ပိန်လည်း တော်တော်ပိန်သွားပါလား။ ကျန်းမာရေးမကောင်းဘူး ထင်တယ်"

မောင်ပြေသာကား မည်သို့မျှ ပြန်မပြောချေ။ ပြုံး၍ ပြလိုက်သည်။

"ဟုတ်တယ် ကိုကျော်ဦးရေ။ ဆေးအချိန်မီ ကုလိုက်ရပေလို့"

"ဟော...ဆရာတော် ကြွလာပြီ"

ကျော်ဦးနှင့် တင်ဆောင်တို့မှာ နောက်မှ အေးအေးဆေးဆေး မေးတော့မည်ဟုဆိုကာ ဆွမ်းချိုင့်ယူကာ ရှာထဲသို့ ဝင်သွားလေသည်။ ဆရာတော် ဦးဝီရိယသည် ကတ္တီပါထိုင်ခုံပေါ်သို့ ဝင်ကာ ထိုင်လိုက်လေသည်။

"မောင်ပြေသာ ဘယ်လိုဖြစ်တာလဲ။ ပိန်လည်း တော်တော်ပိန်လာပါလား။ ကျန်မာရေး မကောင်းလို့လား"

"တင်ပါ့ဘုရား...တပည့်တော် လူ့ရိုက်ခံရလို့ပါ ဘုရား"

မောင်ပြေသာက ဆရာတော်၏အကြောင်းကို သိသည်နှင့် ဖြစ်ခဲ့သည်ကို မကွယ်မဝှက် လျှောက်တင်လိုက်သည်။

"ပြည့်စုံအောင် ပြောလေ။ ဘာလို့ လူရိုက်ခံရတာလဲ။ ကိုယ့်အပြစ်လား ပတ်ဝန်းကျင်ပယောဂလား"

မောင်ပြေသာသည် မိုးကုတ်တွင် ဖြစ်ပျက်ခဲ့သည်တို့ကို ပြည့်ပြည့်စုံစုံ ပြောပြလိုက်လေသည်။ နောက်ဆုံးအချိန်တွင် စိန်ထွန်းတို့က သူ့ကို အသေသတ်သည်အထိပင်ဖြစ်သည်။

"အင်း...သတ္တဝါတစ်ခု ကံတစ်ခုပဲ မောင်ပြေသာ။ မင်း သောက်



မရောက် သက်မပျောက်ဖြစ်တာပဲ။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ကူညီကယ်တင်တဲ့သူတွေ တွေ့လို့ ရှင်ခွင့်ရတာပဲ။ ဒါကြောင့် ငါ ပိတောက်ကုန်းက ဆေးဆရာကြီးဦးထော်ပိုင် ညောင်စာရေးက ပြန်လာတာ တွေ့တော့ ရှာထဲမှာ ဘယ်သူများ ရောဂါဝေဒနာဖြစ်ပါလိမ့်လို့တော့ တွေးမိသေးသား။ မင်း ခုလို ဖြုန်းစားကြီး ရောက်လာမယ်လို့ ငါ မထင်မိဘူး"

"တင်ပါ့ဘုရား...တပည့်တော်လည်း အရှင်ဘုရားတွေ့ရမှာ မျက်နှာ အထားရခက်တာနဲ့"

"မဟုတ်တာဘဲ မောင်ပြေသာ။ အခုဖြစ်ခဲ့တာက မင်း အပြစ်မှမဟုတ်ဘဲ။ သူများအတွက် မင်းက ဝင်ကူညီရင်း ဖြစ်တာပဲ။ အရင်လို အေးအေးလူလူနေ။ ကျန်းမာရေး မကောင်းတဲ့အချိန်အတွင်း ဘာမှ မလုပ်နဲ့။ ကျော်ဦးကို မင်းကို ကူညီဖို့ ငါလွှတ်ထားမယ်"

"ရပါတယ် ဘုရား။ သူ့ကို တပည့်တော်တို့ ကျောင်းမပို့သေးပါဘူး။ တပည့်တော်အိမ်မှာပဲ ဖြုစုပါရစေ။ ကျောင်းမှာဆိုတော့ သူ့ကောင်းကောင်း မကျန်းမာသေးတော့ ကျောင်းဝေယျာဝစ္စနဲ့ သူ့ဝေယျာဝစ္စ နှစ်ခု ကျောင်းသားတွေ အလုပ်ပိုမှာစိုးလို့ပါ ဘုရား"

"အေး...အေး...ဒကာကြီးဦးသော် တာဝန်ယူနိုင်ရင် မဆိုးပါဘူး။ ကျောင်းမှာကတော့ မိန်းမတွေလည်း မရှိပါဘူး။ ခုက်ပြုတ်ဆေးတိုက်ဖို့ကလည်း ရှိတာကိုး"

ဆရာတော်၏ ခွင့်ပြုချက်ရရှိသောကြောင့် နှင်းသော်တာမှာ ဝမ်းသာသွားသည်။ ဆို့သော် ဣန္ဒြေဆည်ကာ ခေါင်းငုံ့၍ နားထောင်နေ၏။

ဆရာတော်ဦးဝီရိယက လိုအပ်သည့်ကိစ္စများရှိက ပြောကြားရန်နှင့် အသက်ဘေးကို မထိခိုက်နိုင်ကြောင်း အားပေးစကားပြောကြားကာ မောင်ပြေသာကို ပြန်ခွင့်ပေးလိုက်လေသည်။

ဆရာတော် အဆူအကြိမ်းခံရမည်ဟု ထင်ခဲ့သော မောင်ပြေသာမှာလည်း ရင်ထဲတွင် ပေါ့ပါးသွားလေတော့သည်။ ဝမ်းအသာဆုံးမှာ နှင်းသော်တာပင်ဖြစ်သည်။

×××

www.burmeseclassic.com

www.burmeseclassic.com



နှင်းသော်တာသည် ဆေးတိုက်ခြင်း၊ ထမင်းပို့ခြင်းတို့ ပြုလုပ်သောအခါ တွင် အပေါ်ထပ်ရှိ မောင်ပြေသာ့အခန်းတွင် ကြာကြာမနေပေ။ မောင်ပြေသာက လည်း နှင်းသော်တာ ရှက်ရွံ့နေမှန်းသိ၍ မည်သို့မျှ အနှောင့်အယှက်ပေးခြင်း မပြုပေ။

နှင်းသော်တာသည် ထမင်းပန်းကန်များ ဆေးရန် ယူသောအခါ တံခါးဝ မှ ရပ်နေသည်။

"ဒီမှာ ထမင်းပန်းကန်တွေ ပေးလေ"

ခပ်တိုးတိုး လှမ်းပြောသည်။

"ခါတိုင်း ဝင်ယူနေတာပဲ လာလေ"

"ဟင့်အင်း"

နှင်းသော်တာက ခေါင်းခါလိုက်သည်။

"ဘာဟင့်အင်းတာလဲ"

"ကြောက်လို့"

နှင်းသော်တာ မပွင့်တပွင့်ပြောပြီး ခေါင်းငုံ့နေသည်။

"သော်တာရယ် ကျုပ်က သော်တာ့ကို ဘယ်တုန်းက စိတ်အနှောင့် အယှက်ဖြစ်အောင် လုပ်ဖူးလို့လဲ။ ရော့…ရော့…ထမင်းပန်းကန်ယူသွား"

စားပွဲပေါ်မှ ဆင့်ထားသော ထမင်းပန်းကန်နှင့် ဟင်းပန်းကန်တို့ကို ယူ ကာ ပေးလိုက်လေသည်။ ခေါင်းကြီးငုံ့လျက်မှ နှင်းသော်တာသည် လှမ်းပေးသော ပန်းကန်များကို ယူကာ တောက်ပသော မျက်လုံးများဖြင့် မောင်ပြေသာကို ဖျတ် ခနဲ လှမ်းကြည့်လိုက်သည်။

မောင်ပြေသာက လှမ်းအကြည့်နှင့် မျက်လုံးချင်းဆုံသွားသည်။ နှင်း သော်တာ၏ရင်ထဲတွင် ဖိုလှိုက်သွားသည်။ တစ်သက်နှင့်တစ်ကိုယ် မခံစားဖူးသော နွေးခနဲရင်ထဲတွင် ဖြစ်ပေါ်လာသော အရသာကြောင့် ခပ်သုတ်သုတ် လှေကားမှ ဆင်းလာခဲ့သည်။

"သမီးရေ…အဖေတို့ ထမင်းစားမယ်လေ"

"ဟုတ်ကဲ့ အဖေ"



နှင်းသော်တာသည် လှုပ်ရှားသောစိတ်ဖြင့် အောက်ထပ် ထမင်းစားပွဲ တွင် ဟင်းများ၊ ထမင်းများကို ပြင်ဆင်ပေးလိုက်သည်။ သူ့စိတ်ကမူ မောင်ပြေ သာဆီသို့သာ ရောက်ရှိနေလေသည်။

မောင်ပြေသာမှာ အားရှိဖို့သာ လိုတော့သည်။ ခန္ဓာကိုယ်မှာ အာဟာရ ပြည့်အောင်စားရလျှင် ပုံမှန်ပြန်၍ ဖြစ်လာနိုင်လေသည်။

"သမီး"

"ရှင်"

"မောင်ပြေသာ ဘယ့်နယ်နေလဲ"

"တစ်နေ့ထက် တစ်နေ့တော့ ကောင်းလာပါတယ် အဖေ"

ဦးသော်သည် သမီးအရိပ်အကဲကို အမြဲကြည့်နေသူဖြစ်၍ မောင်ပြေ သာနှင့် သံယောဇဉ်ငြိတွယ်နေသည်ကို ရိပ်မိလေသည်။

သို့သော် သမီးက အလွန်ရှက်တတ်၍ သမီး ရှက်ကာ ငြင်းဆန်မည် ကိုစိုး၍ မမေးပေ။ သို့သော် ဦးသော်သည် လူရှင်းသောအချိန်တွင် သမီးကို သတိပေးပြောဆိုစရာရှိ၍ မေးမြန်းဦးမည်ဟု စိတ်ကူးထားခဲ့လေသည်။

ပန်းတိမ်လုပ်ငန်းမှာလည်း အလွန်အလုပ်များသောကြောင့် မမေးအား၍ ကြည့်နေရခြင်းသာ ဖြစ်သည်။ ရွှေကိုနန်းခွဲသည့်နေရာ၊ မီးစာသည့်နေရာတို့၌ သူ့တပည့်များသည် အတော်အတန် နားလည်လာပြီဖြစ်သော်လည်း ဆောက်ဖြတ် သည့်နေရာတွင်မူ မကျွမ်းကျင်လှသေးပေ။

ပန်းတိမ်ဖိုမှာ နားမည်နှင့်လုပ်ရသော အလုပ်ဖြစ်သောကြောင့် ဝက်လက် နှင့်ရွှေဘိုမှလူများပင် လာ၍အပ်နှံခြင်းခံရသော ဦးသော်မှာ သူ့လုပ်ငန်းကို နာမည် ပျက်မခံနိုင်ပေ။

ထမင်းစားနေရင်းမှာပင် မှာစရာရှိသည့် စကားကို ဦးသော်က မှာကြား ရသည်။

"သမီးရေ"

"ရှင်"

"မောင်ပြေသာ သွားနိုင်လာနိုင်ရှိရင်လည်း သူ့ဆရာတော်ဆီ သွားနေ

www.burmeseclassic.com

www.burmeseclassic.com



ချင်နေပါစေ။ နို့မို့ သမီးမှာ အပိုတာဝန်ယူနေရတယ်"

မောင်ပြေသာကို ကျောင်းကို ပြန်ပို့မည်ထင်သောကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေသည်။

"ရပါတယ် အဖေရယ်။ ထမင်းကျွေးရတာ ဆေးတိုက်ရတာလောက်ကတော့ သမီး ဝတ္တရားမကြီးပါဘူး။ ကောင်းကောင်းပျောက်မှပဲ ကျောင်းပြန်တာ ကောင်းပါတယ်။ ကျောင်းမှာနေရင်လည်း သူ့အလုပ်က များသားမဟုတ်လား"

ဦးသော်က ပြုံးလိုက်မိလေတော့သည်။

xxx

သူတစ်ပါး၏ ပြုစုယုယမှုကို ခံကာ အခန်းထဲတွင် ငြိမ်နေရခြင်းကို မောင်ပြေသာ မနှစ်သက်ပေ။ ထို့ကြောင့် တော်တော်နေ၍ ထိုင်၍ ကောင်းသည်နှင့် ဦးသော်နှင့်သူတပည့်များရှိရာ အောက်ထပ်ပန်းတိမ်ခန်းထဲသို့ ဆင်းလာခဲ့လေတော့သည်။

"ဟာ··မောင်ပြေသာ ခဲနဲ့တွေ ချော်နဲ့တွေနဲ့ အခန်းထဲမှာ နေပါလား"

ဦးသော်က လှမ်းပြောသည်။

"ရပါပြီ ဦးလေးရာ။ ညော်ကြောက်စရာ မလိုတော့ပါဘူး။ ဘာအနာမှ မရှိပါဘူးဗျ"

မောင်ပြေသာစကားကြောင့် မီးဖေါက်နှင့် ပန်းတိမ်လုပ်နေသော လူငယ်များ ပြုံးကြသည်။

"အေးလေ···ရောဂါမရှိတဲ့သူကတော့ အညော်ခံနိုင်တာပဲ။ ရောဂါရှိတဲ့သူကတော့ ညော်ရှောင်နိုင်လေ ကောင်းလေပဲ"

လူငယ်များက တဝါးဝါးဖြင့် ရယ်လိုက်ကြသည်။ မီးဖိုထဲတွင် ဟင်းချက်နေသော နှင်းသော်တာက အိမ်ရှေ့သို့ ငုံ့ကြည့်လိုက်လေသည်။

မှန်ပုံးလေးထဲတွင် ထည့်ထားသော ကျောက်များကို မောင်ပြေသာက ငုံ့ကြည့်နေသည်။ မောင်ပြေသာသည် အရည်အသွေးကောင်းလှသော ပတ္တမြား တစ်ပွင့်ကို တွေ့သောကြောင့်···



"ဟင်···ဒီပတ္တမြားက ကောင်းလှချည်လား။ ဒါဟာ တောင်ကျောက်ပဲ"

ဟု ပြောလိုက်မိသည်။

"မောင်ပြေသာ မိုးကုတ်မှာ ကျောက်အကြောင်း တော်တော်လေ့လာခဲ့တယ် ထင်တယ်။ ဒါဝက်လက်မြို့အုပ်ကတော်က အပ်တဲ့လက်စွပ်ထဲ ထည့်ဖို့ ကျောက်ပဲ"

"ခဏ ထုတ်ယူကြည့်လို့ရမလား ဦးလေး"

"မင်း စိတ်ဝင်စားရင် ကြည့်လေ"

မောင်ပြေသာသည် ပတ္တမြားလုံးလေးကို လက်ဖဝါးပေါ်တွင် တင်ကြည့်သည်။ အမှန်တကယ်ပင် သူ့လက်စွပ်မှ ပတ္တမြားဟု သိလိုက်ရသည်။ ပတ္တမြားတွင် ထိပ်ကလေးတစ်ဘက်ကို ခပ်ကြီးကြီး သွေးထားသည်။

"သြော်···လက်စသတ်တော့ ဒါဟာ ငါ့လက်စွပ်က ကျောက်ပဲ။ ထုဆန်းလိုက်တာ ဘာဖြစ်လို့ ဒီပတ္တမြားက ဦးသော်ဆီကို ပြန်ရောက်နေရတာလဲ"

ဦးသော်ကတော့ ရွှေစွန်ကုတ်နှင့် သူထည့်လိုက်သော ပတ္တမြားကို မှတ်မိပုံမရချေ။

"ဦးလေး"

"ဟေ"

"ဝက်လက်က မင်းကတော် လာရင် ကျွန်တော် ခဏလောက် စကားပြောချင်တယ်"

"အေး···ငါခေါ်လိုက်မယ်လေ။ ဒီနေ့ညနေလောက်ဆို သူ့လက်စွပ်က ပြီးပါပြီ။ မနက်ဖြန်တော့ လာလိမ့်မယ် ထင်တယ်"

အိမ်နောက်ဖေးတွင် ဝက်သားအိုးကို တည်ရင်း နှင်းသော်တာသည် သူ့အဖေနှင့်မောင်ပြေသာ ပြောသည့်စကားများကို နားထောင်လျက်ရှိနေလေသည်။

နောက်တစ်နေ့တွင် ဝက်လက်မြို့ပိုင်ကတော် ဒေါ်ခင်သိန်းက လက်စွပ်ကို လာ၍ယူလေသည်။ မောင်ပြေသာသည် စကားပြောသံကြားသည်နှင့်ပင် အိမ်အောက်သို့ ဆင်းလာခဲ့လေတော့သည်။

xxx

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲကွယ်···မင်းရဲ့ ပန်းတိမ်က ရက်ချိန်းမှန်သားပဲ"

"ရက်ချိန်းလည်း မှန်ပါတယ် မင်းကတော်။ အလျှော့တွက်ကိုလည်း အသက်သာဆုံး ယူထားပါတယ်"

ငွေစက္ကူများ ရေတွက်ကာ ဦးသော်ကို ပေးနေလေသည်။ လှေကားထိပ်သို့ရောက်လာသော မောင်ပြေသာက···

"ပတ္တမြားက တော်တော်အရည်အသွေးကောင်းသားပဲ မင်းကတော်။ ဘယ်ကများ ဝယ်ပါလိမ့်"

ဟု ပြောလိုက်သည်။

"ဩော်···ဒီပတ္တမြားက ထားဝယ်က ဝယ်လာတာပါ။ ကျွန်မမောင်လေးက ထားဝယ်မှာကျောက်လာရောင်းတာတွေ့လို့ ဝယ်လာတာ။ သူက အဲဒီလို ပင်လယ်ထွက်ဖို့ ငွေလိုတဲ့သူတွေဆီက အဖိုးတန်ပစ္စည်းတွေကို လျှော့ဈေးနဲ့ ဝယ်တာလေ"

မင်းကတော် ဒေါ်ခင်သိန်းက ပွင့်လင်းသည်။ သူမသည် ပတ္တမြားဝယ်ယူရရှိပုံကို ရိုးသားစွာပြောပြသည်။ သူမကိုယ်တိုင် ဝယ်ခြင်းမဟုတ်သောကြောင့် ထားဝယ်အထိ ဤပတ္တမြား မည်ကဲ့သို့ ရောက်ရှိသွားသည်ကို တွေးဆ၍မရပေ။

ရွှေတန်ဖိုးထက် ကျောက်တန်ဖိုးက ကြီးသောကြောင့် သူ့လက်မှ လက်စွပ်ကို ချွတ်ယူသွားသောလူသည် ရွှေတခြား၊ ကျောက်တခြား ရောင်းစားခြင်းပင်ဖြစ်ပေလိမ့်မည်။ စိန်ထွန်းတို့အုပ်စုမှ လူတစ်ယောက်ဖြစ်မည်ဟု မောင်ပြေသာ တွေးဆလျက်ရှိသည်။

"ကျွန်မ ပြန်လိုက်ဦးမယ်"

ဒေါ်ခင်သိန်းက ဦးသော်ကို နှုတ်ဆက်သည်။

"ဩော်···ဟုတ်ကဲ့···ဟုတ်ကဲ့"

ဦးသော်ကလည်း ခေါင်းညိတ်ကာ နှုတ်ဆက်လိုက်သည်။

မောင်ပြေသာက ရေနွေးအိုးချထားသော ဦးသော်ရှေ့ရှိစားပွဲမှ မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေသည်။

"မောင်ပြေသာ"



"ဗျာ"

"ကျောက်ပွဲစား ဦးသာမောင်လည်း မင်းကိုခေါ်ဖို့လာတုန်းက အဲဒီကျောက်မျိုးတစ်လုံးကို လက်စွပ်ထဲထည့်ဖို့ အပ်မှာတယ်နော်"

"အပ်မှာတာ မဟုတ်ဘူး ဦးလေးရဲ့ ကျွန်တော့်လက်စွပ်က ကျောက်က အဲ့ဒီကျောက်ပဲ"

"ဟေ"

ဦးသော် အံ့အားသင့်သွားသည်။

"အေး···ငါက တူပါတယ်လို့ ထင်တာ။ မင်းက ဘာကို မှတ်ထားတာလဲ"

"လက်စွပ်ဝတ်လိုက်ရင် အရေးဖြစ်ရင်ဖြစ်၊ မဖြစ်ရင် ကိုယ့်ဘက်သေချာ နော်၊ အဲ့ဒီလိုအခြမ်းမျိုးမှာ အပွင့်ကို မှတ်မိအောင် အပြားကြီးကြီး ကျွန်တော် သွေးထားတယ်"

"ဩော်···မင်းက ဒါကြောင့် မှတ်မိတာကိုး။ ဘာလို့ ဒေါ်ခင်သိန်းကို မပြောလဲ"

"ပြောလို့ဘယ်ဖြစ်မလဲ ဦးလေးရယ်။ ဒီကျောက်က ကျွန်တော် သတိမေ့ပြီး လဲနေတဲ့အချိန်မှာ ယူသွားတာကိုး။ တရားခံကို ဖော်နိုင်မှ အဆင့်ဆင့် လိုက်ရမှာပဲ"

ဦးသော်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

"အင်း···နို့မို့ မြို့အုပ်ကတော်က အသရေပျက်မှုနဲ့ တရားစွဲမှာပေါ့"

×××

ရွှေမြားရှင်လှေကြီးသည် ရေထဲသို့ တဖြည်းဖြည်း လျှောကျသွားလေသည်။ လှေကြီးပေါ်တွင် တိုးလုံ၊ မျိုးတင်နှင့် လှေလိုက်မည့်သူများက ရောက်ရှိနေသည်။ မျိုးတင်နှင့် တိုးလုံတို့က ငွေဖလားများဖြင့် ပေါက်ပေါက် ကျဲနေကြသည်။

"ဝေးဟေးဟေးဟေး"

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ"

လှေကြီးသည် သစ်လွင်ခဲ့ညားသလောက် ပင်လယ်သယံဇာတခေါ် ကျွန်းများပေါ်မှ ပရဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ ရှာဖွေမည့် ရည်ရွယ်ချက်ဖြင့် ဦးထွန်းလုံက ထိုလှေကို ရင်းနှီးမြှုပ်နှံကာ ထူထောင်ခြင်းပင် ဖြစ်သည်။

လှေကြီးပေါ်မှ စက်ခေါ်လွှင့်ဖွင့်လာသည်နှင့်တစ္စ ရေထဲတွင် လှပညင်သာစွာ မောင်းနှင်သွားသည်။ လှေအသစ်ဖြစ်၍ မျိုးတင်နှင့် တိုးလုံတို့သည် ကျေနပ်နှစ်သက်နေသည်။

ကမ်းပေါ်တွင်ကျန်ခဲ့သော ဦးထွန်းလုံနှင့် မိသားစုများ၊ လှေတည်ဆောက်သူများသည် လက်ဝှေ့ယမ်းကာ ဓေး၍ ဓေး၍ ကျန်ခဲ့လေတော့သည်။

တိုးလုံမှာ လှေကြီးမပြီးမီကတည်းက လှေမောင်းသောပညာကို သင်ထားရာ သူသည် ငယ်စဉ်က ပင်လယ်ပြင်သို့ လိုက်ဖူးသည့်သူဖြစ်သောကြောင့် ကျွမ်းကျင်စွာ မောင်းနိုင်သည်။ ကျောက်ဆောင်များ၊ ရေအောက်တောင်ကုန်းများကို ရှောင်တိမ်းခြင်းများသည် ရေကြောင်းကျွမ်းကျင်မှုများသည်နှင့်အမျှ အန္တရာယ်တို့ကို လွတ်အောင်ရှောင်နိုင်မည် ဖြစ်လေသည်။

"ဘယ်လိုလဲ ကိုမျိုးတင်"

"ကောင်းတာပေါ့ တိုးလုံရာ၊ ငါက ကုန်းပေါ်မှာသာ မော်တော်ဆိုင်ကယ်ကားတွေ ကျွမ်းကျင်တာ၊ ဒီလို ပင်လယ်ပြင်ထွက်ရတော့ တစ်မျိုးအရသာပဲ"

"ကဲ···ကျွန်တော်တို့ ကတန်ကျွန်းအထိ သွားမယ်၊ အဲဒီမှာ မနက်စာစားမယ်၊ ပြီးတော့မှ ထားဝယ်ပြန်မယ်"

မျိုးတင်သည် လှိုင်းဒဏ်ခံနိုင်စေရန် အခြားလှေများဖြင့် ပင်လယ်ပြင်ကို မကြာခဏ ထွက်ကာ လှေကျင့်ထားရာ လှိုင်းမမူးတော့ချေ။ အသက်ငယ်ရွယ်သေးသည့်အလျောက် ပင်လယ်ပြင်စွန့်စားသွားလာမှုကို စိတ်ဝင်စားနေသည်။

ကျွန်းများမှ တိရစ္ဆာန်အဆီနှင့် ပရဆေးဝါးများ စုဆောင်းမှုတွင် လုဆယ့်ငါးဦးကို ဦးဆောင်သူအဖြစ် မျိုးတင်ကို ဦးထွန်းလုံက အလုပ်ပေးအပ်ခဲ့သည်။ မျိုးတင်မှာ ရွှေမြားရှင်လှေကြီးတွင် အကြီးဆုံးဖြစ်၍ စက်လှေမန်နေဂျာတစ်ဦး ဖြစ်လာခဲ့ပြီ။



တိုးလုံက ဒုတိယမန်နေဂျာဖြစ်၍ သူတို့နှစ်ဦးသည် ကိုယ့်အလုပ်ကို ကိုယ်သဘောကျနှစ်သက်လျက် ရှိနေကြလေသည်။ ပင်လယ်ကျားဟုခေါ်သော လှေကြီးကို ရှာဖွေရန်လည်း မျိုးတင်နှင့် တိုးလုံတို့က စိတ်ကူးထားကြသည်။

တိုးလုံသည် သတ္တိကောင်း၍ ဖျတ်လတ်သူဖြစ်သောကြောင့် အစစအရာရာတွင် အားကိုးရသည်ကို မျိုးတင် သဘောပေါက်လာလေသည်။

ကတန်ကျွန်းမှာ ထားဝယ်မှသွားလျှင် က ်းနှင့်နီးလှသော ကျွန်းကြီးဖြစ်၍ ကျွန်းပေါ်တွင်လည်း လူနေအိမ်ခြေများ၊ အလုပ် ုံများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ များပြားကာ စည်ကားသော ကျွန်းကြီးတစ်ကျွ န်း ဖြစ်နေလေသည်။

အင်္ဂလိပ်ရေတပ်နှင့် ပုလိပ်ဌာနများသည် ကတန်ကျွန်းတွင်ရှိသောကြောင့် ပင်လယ်ကျားကဲ့သို့ လုယက်တိုက်ခိုက်သေ ကားမြများသည် ကတန်ကျွန်းသို့ ကပ်ရဲကြသည် မဟုတ်ပေ။

စက်လှေအလုပ်သမားများက ကတန်ကျွန်း ဘ် ကြိုးပစ်ကာ သောတံတားကို ချည်နှောင်လိုက်သည်နှင့် တိုးလုံသည် စက်ကို သပ်လိုက်သည်။ ဆိပ်ကမ်းသည် သဲပြင်လေးများနှင့် သာယာသည်။ သဲပြင်ပေါ်တွင်ပင် ဆိုင်လေးများ တည်ဆောက်ထား၍ ထိုင်နေသော နိုင်ငံခြားသားနှင့် တိုင်းရင်းသားလူမျိုးများကိုလည်း တွေ့ရသည်။

"မနက်ဖြန်ကျရင် ပရဆေးနားလည်တဲ့သူ ကျွန်းမှခုံးသုံးယောက်ရောက်လာမယ်။ သူတို့ရောက်လာရင် ပင်လယ်ထဲ က လူ့အရောက်နည်းတဲ့ကျွန်းတွေကို သွားလို့ရပါပြီ"

တိုးလုံက အမိုးလုလုလေးနှင့်ဆိုင်ထဲသို့ ဝ်လိုက်သည်။ ထိုဆိုင်၏နောက်တွင် အုန်းပင်များထူထပ်သော အုန်းတောရှိသော ကြောင့် အုန်းစိမ်းရေနှင့် ဝီစကီကို မှာကာ သူတို့အမောပြေသောက်ကြသည်။

စက်လှေ အလုပ်သမားများထံသို့လည်း အုန်းသီးနှင့် အရက်ပုလင်းများကို ဝယ်ယူကာ သူတို့လှေမှ လူသုံးယောက်ကို ေးလုံက သယ်ယူသွားစေလေတော့သည်။

×××

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် မောင်ပြေသာမှာ အတော်ကျန်းမာလာပြီဖြစ်သောကြောင့် ဆရာတော်ဦးဝီရိယကျောင်းမှ ဆွမ်းချိုင့်သယ်ယူသော အလုပ်ကို စတင်လုပ်ကိုင်နေပြီ ဖြစ်လေသည်။

မောင်ပြေသာ နေကောင်းလာ၍ ဦးသော်၏အိမ်တွင် ဆက်လက်နေထိုင်ပါက ရွာသူရွာသားများ အမြင်မတင့်တယ်သောကြောင့် ဘုန်းကြီးကျောင်းသို့ မောင်ပြေသာမှာ ပြန်ကာနေရလေသည်။

သို့သော် မောင်ပြေသာသည် ညနေစောင်းတွင်ကား ပန်းတိမ်ဆရာဦးသော်အိမ်သို့ တစ်ခေါက်ဝင်ရ၏။ နှင်းသော်တာကျွေးသော ထမင်းကို အောက်ထပ်ထမင်းစားခန်းတွင် စားရင်း စကားပြောဆိုရသည်။

နှင်းသော်တာမှာ နောက်ကျလျှင်ပင် နှုတ်ခမ်းစူကာ စိတ်ကောက်တတ်လေသည်။ ညောင်စာရေးရွာသို့ မောင်ပြေသာ ရောက်ရှိလာပြီးနောက် တစ်လခန့်ကြာသောအခါတွင်ကား ဆရာတော်ဦးဝီရိယ၏ကျောင်းသို့ ကျောက်ပွဲစား ဦးသာမောင်နှင့် သမီးဖြစ်သူ မျက်ပွင့်ခင်တို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာလေတော့သည်။

ထိုအချိန်တွင် မောင်ပြေသာမှာ နှင်းသော်တာချက်သော မုန်လာဥချဉ်ဟင်း၊ ငါးခြောက်ကြော်နှင့် ရှောက်သီးသုပ်တို့ဖြင့် ထမင်းစား၍ ကောင်းနေချိန်ဖြစ်သည်။

"ကိုပြေသာ"

"ဟင်"

"ဒီတစ်ခါ သီတင်းကျွတ်ရင် ကိုယ့်စကားအတိုင်း တည်ရမယ်နော်"

"ဘာတည်ရမှာလဲ"

"ကြည့်ပါလား…ဆရာတော်နဲ့အဖေ့ကို ဖွင့်ပြောပြီး သော်တာနဲ့ အတူနေမယ်ဆို"

ချဉ်ဟင်းကို ခပ်သောက်ရင်း…

"အင်း…အင်း…ကိုပြေသာ စဉ်းစားပါ့မယ်"

"ကြည့်ပါလား…ဒါ ဘာသဘောလဲ"



မောင်ပြေသာ၏ခါးကို နှင်းသော်တာက လိမ်ဆွဲလိုက်သည်။

"အိုး…စားထားတာတွေ အန်ထွက်ကုန်ပါ့မယ် သော်တာရယ်"

"ဒီမှာ ရွာထဲကလည်း ပြောနေကြပြီ"

"ဘာပြောတာလဲ"

"ကိုပြေသာ ကျွန်မတို့အိမ်မှာ စက်ကျနေတယ်ဆိုတာပေါ့"

"ဒါဆိုရင် မဖြစ်ဘူး။ အဲဒီစက်ကို ကိုပြေသာ ပြန်ကောက်သွားမယ်"

"ကြည့်ပါလား…ကြည့်ပါလား"

နှင်းသော်တာက အသည်းယားလာကာ ဘေးမှယပ်ခတ်နေရာမှ မောင်ပြေသာ၏ ကျောကုန်းကို လက်သီးနှင့်ထုနေလေသည်။

ထိုအချိန်တွင် ဦးသော်သည် ပန်းတိမ်လုပ်နေရာမှ အိမ်နောက်ဘက်သို့ ထွက်ရန် ထမင်းစားခန်းထဲသို့ ဝင်လာသည်။

"ဟဲ့…"

"ဟင်"

ဦးသော် ဝင်လာသောကြောင့် မောင်ပြေသာကို လက်သီးနှင့်ထုနေသော နှင်းသော်တာမှာ အံ့အားသင့်သွားသည်။

"မောင်ပြေသာ ဘာဖြစ်လို့လဲ"

"ထမင်းစားတာ ထမင်းလုပ်ကြီးသွားလို့ နင်ခနေလို့ ဖေဖေ"

"အေး…ရေသောက်လိုက်။ သိပ်မထုနဲ့…ထမင်းတွေ အန်ထွက်မယ်။ နင်တာကို ကျောထုရတယ်လို့"

ဦးသော်မှာ အကြောင်းသိဖြစ်သောကြောင့် ပြုံးတုံးတုံးနှင့် တံခါးမှ နောက်ဘက်သို့ ထွက်သွားတော့၏။

"ကောင်းတယ်…ဝမ်းသာတယ်"

မောင်ပြေသာက လက်ခေါးရင်းနှင့် ရယ်ကာ ပြောလိုက်လေသည်။

"ဟင်း…အဖေအိမ်ရှေ့ ထွက်တော့မှ သိမယ်"

ထိုအချိန်မှာပင် အိမ်ရှေ့မှ ကျော်ဦး၏ခေါ်သံ ပေါ်လာသည်။

"ပြေသာရေ…ပြေသာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

×××

လက်ဆေး လက်သုပ်ကာ မောင်ပြေသာက အိမ်ရှေ့ခန်း ထွက်လာသည်။ ဧည့်ခန်းတွင် ကျော်ဦးက ထိုင်နေသည်။ ကျော်ဦးသည် မျက်နှာထား တည်တည်နှင့်···

"ဆရာတော်က ခေါ်ခိုင်းလို့"

ဟု ပြော၏။

"ဟေ···ဘာအရေးကြီးလို့လဲ"

"မင်းကို စစ်ဆေးစရာတွေရှိလို့တဲ့"

"ဘာ"

"ဟုတ်တယ်···ဆရာတော် မင်းကို မသင်္ကာနေတာ ကြာပြီ။ လာ··ခုလိုက်ခဲ့"

"ဟာ···တကယ်လား"

"တကယ်ပေါ့ကွာ···ကြာရင် ငါပါ အဆူခံရမယ်"

မောင်ပြေသာမှာ ဆရာတော်ဦးဇီရိယကို ပုလိပ်ရာဇဝတ်အုပ်ထက် ကြောက်ရသူဖြစ်ရာ လိုက်ပါလာရင်း ရင်ထဲတွင် စိုးရိမ်နေလေသည်။

"ဘာမှားလဲကွာ···ငါ စိတ်ပူလိုက်တာ"

"မင်း လုပ်စရာနှံ့ကလုပ်ပြီး ဘာ ခုမှ စိတ်ပူနေတာလဲ"

"ဘာလုပ်လို့လဲ"

"ဦးသော်ရဲ့သမီးကိုလေ"

"ဟာ···ဒီကောင် လုပ်ပြီ"

ထိုအခါမှ ကျော်ဦးက နောက်နေမှန်း သိရလေတော့သည်။

"မင်းကလည်းကွာ··ဆရာတော်က ငါ့ကို ဘာလုပ်ဖို့ခေါ်ပါလိမ့်လို့။ မင်းတို့ အုန်းမောင်းမခေါက်ချင်လို့ လာခေါ်တာ မဟုတ်လား"

"အဲဒါတော့ မဟုတ်ဘူးကွ။ ကျောင်းရောက်မှ မင်း အံ့အားသင့်မယ်"



"ဘာလဲ···ကျောင်းမှာ ဘာဖြစ်လို့လဲ"

"မင်းက ဒီမှာ အကြည်ဆိုက်နေတော့ မိုးကုတ်က ကောင်မလေးက လိုက်လာတာပေါ့"

"ဟင်···တကယ်လား"

"ဟုတ်တယ် ပြေသာ။ တခြားစကားတွေ ငါ နောက်တာဖြစ်ပေမယ့် ဒီစကားကတော့ အတည်ပြောတာ။ မိုးကုတ်က ပွဲစားကြီး ဦးသာမောင်နဲ့ မျက်ပွင့် ခင်တို့ ကျောင်းမှာ ရောက်နေပြီ"

"ဟာကွာ···"

"ဘာလဲ မင်းမိုးကုတ်မှာ ရှုပ်ခဲ့တာတွေ ပေါ်မှာစိုးလို့လား။ ဘုန်းကြီးနဲ့ တော့ ဦးသာမောင် စကားတွေ တော်တော်ပြောတယ်"

"ဒါက အရေးမကြီးပါဘူးဗျာ။ ငါက ဘာမှ ဟုတ်တာလုပ်ခဲ့တာ မဟုတ်ဘူး။ ကျောက်လောကမှာလည်း ငါက နာမည်ရှိပါတယ်၊ ခက်တာက ငါ ဒီတစ်ခါ ပြန်လိုက်သွားရဦးမလား မသိဘူး"

"မလိုက်ချင်ရင် မလိုက်ဘူး ပြောလိုက်ပေါ့ကွာ။ ဒါများ ခက်တာမှတ်လို့"

"အဲဒီလို မဖြစ်ဘူးကွ။ တခြားကိစ္စတွေ ရှိသေးတယ်၊ ကိုမျိုးတင်က ရော အိမ်မလာဘဲ ဘယ်လျှောက်သွားနေလဲ မသိဘူး"

မိုးကုတ်မြို့တွင် စိန်တွင်းတို့နှင့် ပေါင်းနေသော မျိုးတင်အကြောင်းများ လည်း သိချင်နေသည်။ သူသည် မျိုးခင်နောက်ကို လိုက်ရင်းဖြင့် မည်သို့ဖြစ် ပျက်သည်ကို မသိသောကြောင့် ဦးသာမောင်တို့ လိုက်လာခြင်းပင် ဖြစ်ပေလိမ့် မည်။

"ဆရာတော်က မင်းကို ကြိုပြောထားတာ မသိစေနဲ့နော်"

"ဘာဖြစ်လို့လဲကွ"

"ဦးသာမောင်က မင်း ဒီကျောင်းမှာ ရှိ၊ မရှိမေးတာကို မပြောသေးဘဲ ဆရာတော်က သူတို့ကို မေးစရာရှိတာတွေ မေးနေတာ။ မင်း ဘာလုပ်လာမှန်း မသိလို့ ဆရာတော်က မေးနေတာ။ မင်း မလိုက်လာမှာစိုးလို့ ဘာမှမပြောခဲ့နဲ့လို့

www.burmeseclassic.com



မှာထားတယ်"

ဆရာတော်ဦးဝီရိယမှာ နေရာတကာ ဝီရိယရှိ၊ သတိရှိလေသည်။ ညည်းသူ့စကားကိုမျှ မယုံဘဲ ဆရာတော်သည် အဖြစ်အပျက်တစ်ခုကို အမှန်အတိုင်း သိအောင် စူးစမ်းလိုသော သဘောရှိသည်။

×××

"ကဲ…ဟိုမှာ မောင်ပြေသာ လာပါပြီဗျာ"

"ဟင်"

"အို"

ဆရာတော်ဦးဝီရိယ၏အသံကို ဦးစွာကြားရပြီး မောင်ပြေသာကို လှည့်ကြည့်ကာ အံ့အားသင့်သွားသော ဦးသာမောင်နှင့် မျက်ပွင့်ခင်ကို တွေ့လိုက်ရလေသည်။ မျက်ပွင့်ခင်မှာ မျက်လုံးများ တောက်လာပြီး မောင်ပြေသာရှိသော နေရာကို ထလာသည်။

အနီးသို့ရောက်မှ မောင်ပြေသာကို ကိုင်လို့လည်း မတင့်တယ်။ မျက်နှာချင်းဆိုင် ခြေတစ်လှမ်းစာအကွာတွင် ရပ်လိုက်ပြီး အလွန့်ဝမ်းသာသော၊ စိုးရိမ်သော မျက်နှာဖြင့် ကြည့်လျက်…

"ကိုပြေသာ"

ဟု ခေါ်လိုက်သည်။

"ခင်တို့ လိုက်လာတာလား"

မောင်ပြေသာမှာလည်း မျက်ပွင့်ခင်၏ ပခုံးနှစ်ဖက်ကို ကိုင်မိမလိုဖြစ်ပြီး ကိုယ်ရှိန်သတ်၍ ပြောလိုက်ရလေသည်။

"ကဲ…မောင်ပြေသာရေ လာ မင်းရဲ့ဦးလေးကို မင်းဖြစ်ခဲ့တာတွေ ရှင်းပြလိုက်ပါဦး။ သူလည်း ညောင်စာရေးရွာရောက်မှ ဇာတ်ရည်လည်တော့တယ်။ ကဲ…စကားပြောကြ…စကားပြောကြ"

ဆရာတော်ဦးဝီရိယမှာ အကြောင်းစုံ သိရှိရပြီဖြစ်၍ ဝတ်ပြုရန် အုန်းမောင်းခေါက်သည်နှင့် ကျောင်းအပေါ်ထပ်သို့ တက်သွားလေတော့သည်။



"မောင်ပြေသာ…မင်းကိုတွေ့လိုက်ရတာ ဦး အရမ်းဝမ်းသာတာပဲ။ တို့က မင်းကို အသက်မှရှင်ပါတော့မလား စိတ်ပူနေရတာ"

"ကျွန်တော်လည်း ကံကြီးလို့ပေါ့ ဦးလေးရယ်။ ဆရာတော်က ဦးလေးကို ပြောပြပြီးရောပေါ့"

"အေး…ပြောတော့ပြီးပါပြီ။ ဒါပေမယ့် မောင်ပြေသာ ပြောတာ ပို နားထောင်ချင်တာပေါ့"

"ဒါဆိုလာ ဦးတို့တည်းခိုဖို့ အခန်းသင့်မလုပ်ရသေးဘူး။ အဲ့ဒီမှာ ရှင်းရင်းနဲ့ စကားပြောကြတာပေါ့"

ဦးသာမောင်လာလျှင် မိသားစုတည်းခိုနေကျ ကျောင်းလေးသို့ လာကြသည်။ ကျော်ဦးနှင့် တင်ဆောင်တို့က ရှင်းထား၍ အဖော်လေးအခင်ပြေနေ၏။ ထုံးစံအတိုင်းပင် မောင်ပြေသာက တံမြက်စည်းယူ၍ အိမ်ရှေ့ခန်းမှာ လှည်းသည်။

"ပေး…ပေး…ကိုပြေသာ၊ ကျွန်မလှည်းပါ့မယ်၊ ကိုပြေသာ အဖေနဲ့ စကားပြောပါ"

မောင်ပြေသာသည် သူတွေ့မြင်ရသော အခြေအနေနှင့် နောက်ဆုံး သူမှတ်မိသည်အထိ ပြောပြလိုက်၏။

"အေး…မျိုးတင်လည်း မင်းလို့ပဲ၊ အရိုက်ခံရပြီး သူ့ငွေဘွေကို စိန်ထွန်းတို့ လုသွားတယ် ပြောတယ်။ သူလည်း ခုထိ ပြန်မလာသေးဘူး"

"ဗျာ"

မောင်ပြေသာ အံ့အားသင့်သွားသည်။

"ဟုတ်တယ်…ကိုပြေသာ၊ သူ့ ထားဝယ်ကို ဆက်လိုက်သွားတယ်လို့ သူ့သူငယ်ချင်း ညွှန့်မောင်က ပြောတယ်"

"ဪ…သိပြီ။ စိန်ထွန်းက အဲဒီဘက်မှာ အဆက်အသွယ်ရှိတယ်။ သူနဲ့ဆက်သွယ်တဲ့ လူတွေဟာ လူကောင်းတွေ မဖြစ်နိုင်ဘူး"

"မပြောတတ်ပါဘူးကွာ…ငါတို့ ဒီညောင်စာရေးကို သိတ်လာတာ မှန်သွားတာပေါ့။ မင်းက ငါတို့ထင်သလို မသေဘူးဆိုတော့ [illegible]ပြန်ခေါ်

www.burmeseclassic.com



သွားရတော့မှာပဲ”

မောင်ပြေသာ ငိုင်သွားသည်။ မိုးကုတ်ကို သူ ပြန်မလိုက်လိုတော့ပေ။ သူသည် ကျောင်းစာရေးရှာမှာပင် အေးအေးဆေးဆေး နေချင်သည်။ ဒေါ်မြတင်သည် သူသွားပြန်မလာဘဲ မောင်ပြေသာ အိမ်ပြန်ရောက်လာလျှင် ကြည်ဖြူမည် မဟုတ်ပေ။

“ကျွန်တော် မိုးကုတ်ကို ပြန်မလိုက်ချင်တော့ဘူး”

“ဟင်”

ဦးသာမောင် အံ့အားသင့်သွားသည်။ မျက်ပွင့်ခင်လည်း မျက်နှာပျက်သွား၏။

“ကိုပြေသာ စဉ်းစားပါဦး။ ဟိုမှာက ကိုပြေသာ ကျောက်ပွဲစားလောကမှာ ဝင်ဆံ့နေပြီလေ။ မကြာခင်မှာ ချမ်းသာကြီးပွားတဲ့သူ ဖြစ်မှာပဲ”

“ကျွန်တော် ဒါတွေ မမက်တော့ပါဘူး”

×××

“အေးလေ မောင်ပြေသာ သဘောပေါ့။ ဦးကတော့ မောင်ပြေသာကို ဘယ်လောက်အားကိုးယုံကြည်တယ်ဆိုတာ မောင်ပြေသာ သိတယ်မဟုတ်လား။ ဆရာတော်ဦးဝိရိယကတော့ ဘာမိန့်ကြားမလဲ မသိဘူး”

မောင်ပြေသာ ငိုင်သွားသည်။ သူ့ဘဝသည် သူမပိုင်။ ဆရာတော်ဦးဝိရိယ၏ အဆုံးအဖြတ်ကို မျက်ကွယ်ပြု၍ မရပေ။

ဦးသာမောင်ကတော့ စိတ်မကောင်း ဖြစ်သွားပုံရသည်။

“အေးလေ...မောင်ပြေသာ မင်း စဉ်းစားဦးပေါ့လေ။ ဦးတို့ကတော့ မောင်ပြေသာ စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာမှ မလုပ်ပါဘူး”

စကားအဆုံးတွင် ဦးသာမောင်သည် အနားယူချင်သဖြင့် သူ့အခန်းထဲသို့ ဝင်သွားလေသည်။ မောင်ပြေသာသည် မျက်ပွင့်ခင်ကို လှမ်းကြည့်လိုက်သည်။ မျက်ပွင့်ခင်က သူ့ထံသို့ လျှောက်လှမ်းလာသည်။

“ဖေဖေ တော်တော်စိတ်မကောင်းဖြစ်သွားတယ် ကိုပြေသာ”



မျက်ပွင့်ခင်က မောင်ပြေသာနားတွင် ထိုင်ရင်း ပြောလိုက်သည်။

“အင်း...ကိုပြေသာလည်း ဘာလုပ်ရမှန်း မသိတော့ဘူး ခင်”

“အို...ကိုပြေသာ မိုးကုတ်ကို ပြန်လိုက်ရမှာပေါ့။ မလိုက်ရင် သား မရှိတော့တဲ့ ဖေဖေဟာ ဘယ်သူ့ကိုအားအားကိုးရတော့မလဲ”

မောင်ပြေသာသည် သက်ပြင်းချလိုက်သည်။ သူသည် မျိုးတင်ကို အိမ်ရောက်အောင် ရှာဖွေပေးနိုင်ဖို့တော့ ကောင်းသည်ဟု တွေးမိသည်။ ထားဝယ်ကဲ့သို့ မြို့မျိုးတွင် သူရှာဖွေနိုင်ပါမည်လား။

“ပြောလေ ကိုပြေသာ”

“ကိုပြေသာ တစ်ခုစဉ်းစားနေတယ် ခင်”

“ဘာစဉ်းစားနေတာလဲ ပွင့်ပွင့်လင်းလင်း ပြောလေ။ ဒီကျောင်းစာရေးမှာ ကိုပြေသာ ဘာသံယောဇဉ်တွယ်စရာရှိနေလဲ”

ထိုစကားမှာ မောင်ပြေသာ၏ရင်ကို နင့်ခနဲ ထိအောင်ပြောသည့် စကားမျိုးပင် ဖြစ်သည်။ အမှန်တော့ ချစ်စခင်စရှိသေးသည့် နင်းသော်တာကို ထားခဲ့ကာ ဦးသာမောင်တို့သားအဖနောက်သို့ တကောက်ကောက်လိုက်၍ သင့်လျော်ပါမည်လောဟု စဉ်းစားသည်။

“ကိုပြေသာမှာ...”

ပြောချင်သည့်စကားက ကိုပြေသာမှာ ချစ်သူရှိနေသည်ဟု ပြောချင်ခြင်းဖြစ်သည်။ သို့သော် သူ့ပေါ်တွင် သံယောဇဉ်တွယ်တာနေသော မျက်ပွင့်ခင်ကို ငဲ့ညှာသောကြောင့် ထိုစကားကို မပြောရက်ပေ။

“ကိုပြေသာမှာ ဘာဖြစ်လဲ ရောဂါတစ်ခုခု ရှိနေပြီလား”

မျက်ပွင့်ခင်က မျက်လုံးလေးဝိုင်းကာ ပြောသည်။ စိန့်တွန်းတို့လူစုက နှိပ်စက်လိုက်သောကြောင့် အကြောရောဂါတစ်ခုခုများ ဖြစ်နေပြီလားဟု စိုးရိမ်၍ မေးလိုက်ခြင်းဖြစ်သည်။

“ကိုပြေသာမှာ ဘာရောဂါမှ မရှိပါဘူး ခင်”

“အို...ဒါဆိုရင် အပိုစကားတွေ ပြောမနေပါနဲ့တော့။ ခင်နဲ့သာ လိုက်ခဲ့ပါ ကိုပြေသာ။ ခင်လေ ကိုပြေသာ သေပြီထင်ပြီး စိတ်ပူလိုက်ရတာ ထမင်း

www.burmeseclassic.com



ဘာလို့လည်း မရဲဘူး အိပ်လို့လည်း မပျော်ဘူး။ ရောဂါဖြစ်ရင်တောင် ခင်က ကိုပြေသာ့နားက မခွာဘဲ ပြုစုပါ့မယ်"

မျက်ပွင့်ခင်၏အသံက တိုးတိတ်စွာ မောင်ပြေသာနားကပ်၍ ပြောနေသည်။

"ကိုမျိုးတင်ကို ကိုပြေသာ့ တွေ့အောင်လိုက်ရှာပြီး အိမ်ကိုခေါ်လာမယ်"

"ကောင်းတယ် ကိုပြေသာ။ အဲဒီခရီးကို ခင်လည်း လိုက်မယ်။ ကိုပြေသာနဲ့ တွေ့တွေ့ မတွေ့တွေ့ ခင်တို့က ထားဝယ်ကို သွားမလို့"

"ဩော်...ဟုတ်လား"

"ဒါဆိုလဲ ဆရာတော်ကို လျှောက်ပြီး သွားကြတာပေါ့"

xxx

ထိုညက မျက်ပွင့်ခင်သည် စောစောနှင့် အိပ်မပျော်ပေ။ သူမသည် ကျောင်းလေးရှေ့ရှိ လွင်ပြင်တွင် ထွက်ကာ လမ်းလျှောက်နေသည်။ နှင်းများက တဖွဲဖွဲကျနေသည်။ တပို့တွဲလ၏ လရောင်က နှင်းမှုန်များကြားတွင် ထွန်းလင်းလျက် ရှိနေလေသည်။

သူ့ အိပ်သည့် ကျောင်းအပေါ်ထပ်အခန်းမှ မောင်ပြေသာသည် ပြတင်းတံခါးကို ဖွင့်ကြည့်ရာ မျက်ပွင့်ခင် ဝါးရုံပင်များအောက်တွင် လမ်းလျှောက်နေသည်ကို တွေ့ရသည်။

ညအချိန်တွင် အေးမြသော နှင်းမှုန်များကြား၌ မြွေများထွက်လေ့ရှိသည်။ ဝါးရွက်ခြောက်ရောင်နှင့်တူသော မြွေပွေးခွေနေသည်ကို နင်းမိလျှင် မျက်ပွင့်ခင် အသက်အန္တရာယ်ရှိနိုင်သည်။ မျက်ပွင့်ခင်က ညောင်စာရေးရွာ လယ်ကွက်များ ဝါးတောများကြားတွင် မြွေဆိုးရှိတတ်သည်ကို သတိမူမိမည် မဟုတ်ပေ။

မောင်ပြေသာမှာ မျက်ပွင့်ခင်အတွက် စိတ်ပူသောကြောင့် အိပ်၍မရဘဲ ဆင်းလာသည်။ သူသည် သစ်ရွက်အမှိုက်ရှင်းသော စကားဝါပင်များအောက်မှ ညှိသည့် သီးသန့်နေရန်ထားသော ကျောင်းလေးထဲသို့ လျှောက်လာခဲ့သည်။

"ခင်"



"ဟင်"

ဝါးရုံပင်များအောက်မှ မျက်ပွင့်ခင်သည် မောင်ပြေသာ၏ အသံကြောင့် အံ့အားသင့်သွားသည်။ ရွာထဲမှ ပြန်လာသော ကျော်ဦးနှင့်တင်ဆောင်တို့သည် ဝါးရုံပင်အောက်ရှိ လရောင်ပျောက်ကျားကျား၌ ရပ်နေသော မောင်ပြေသာနှင့် မျက်ပွင့်ခင်တို့ကို တွေ့လိုက်ရသည်။

မျက်ပွင့်ခင်သည် အဖြူရောင်ဆွယ်တာလက်ရှည်နဲ့ ထဘီအနက်ရောင် ဝတ်ဆင်ထားသောကြောင့် ကျစ်လစ်လှပသော ကိုယ်ခန္ဓာအလှက ပေါ်လွင်နေလေသည်။

မောင်ပြေသာသည် အနားသို့ရောက်မှ...

"ဒီနားမှာ ဟိုအကောင် ဒီအကောင်တွေ ရှိတယ် ခင်ရဲ့ အေးလည်း အေးတယ် သိပ်လမ်းလျှောက်မနေနဲ့"

ဟု ပြောလိုက်သည်။

"ဩော်...ကိုပြေသာက ခင့်ကို စိတ်ပူသေးတာကိုး"

မျက်ပွင့်ခင်၏အသံက ခပ်ငေါ်ငေါ်အသံ ဖြစ်လေသည်။

"ခင်က ကိုပြေသာအပေါ်မှာ ကျေးဇူးတွေရှိတာပဲ။ ကိုပြေသာရဲ့ တင်းနစ်နည်းပြဆရာမလေ မဟုတ်ဘူးလား"

မန်းကျည်းပင်ကြီးအောက် သဲပြင်ပေါ်၌ သူတို့နှစ်ဦး ရပ်လိုက်ကြသည်။

"အဲ့ဒိုတွေ ပြောမနေပါနဲ့ ကိုပြေသာ။ ကိုပြေသာက ခင်တို့ကို သံယောဇဉ်မရှိပါဘူး။ ဟန်ဆောင်ဆက်ဆံနေတာပါ ဟုတ်တယ် မဟုတ်လား"

"ဒီလိုတော့ မဟုတ်ပါဘူးခင်။ ကိုပြေသာ ခင်တို့ကို အမြဲသတိရပါတယ်"

"ခင့်ကိုပေါ့"

ကညင်ပင်ကြီး၏နောက်ကွယ်တွင် ကျော်ဦးက ကပ်ကာ တင်ဆောင်ကို လက်ကုတ်လိုက်သည်။

"တွေ့လား တင်ဆောင်။ ဒီကောင်မလေးနဲ့ မောင်ပြေသာက ငြိပြီကွ"

"အေးကွာ...ဒီကောင် ဘယ်လိုစိန်းပွင့်နေမှန်း မသိဘူး။ ပြန်လိုက်သွားတော့မယ် ထင်တယ်။ ငါတော့ သော်တာလေးကို သနားတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ရွာလုံးကလည်း သော်တာလေးနဲ့ မောင်ပြေသာနဲ့ ယူဖြစ်ကြမယ် ထင်နေကြတာ"

"ဟော . . . တို့ကို တွေ့သွားဦးမယ်"

"ခင့်ကို သတိရတာယ် ဟုတ်လား။ ဒီစကားတစ်ခွန်းနဲ့ ညောင်စာရေး ရွာကို လိုက်လာတဲ့ ခင့်အမောက ပြောပါပြီ ကိုပြေသာရယ်။ ခင့်ကို မရက်စက် ပါနဲ့နော်"

မျက်ပွင့်ခင်သည် မျက်နှာလေးညှိုးကာ တောင်းပန်စကားဆိုလိုက်သည်။

×××

"ဒီမိန်းကလေးကလည်းဟာယ် အရက်မရှိ ဒီလောက်တောင် ရွာအထိ လိုက်လာရလား"

ကျော်ဦး ပြောပြသည့်သတင်းကို ကြားကြားချင်း နှင်းသော်တာက ထို သို့ ပြောလိုက်သည်။

"သူတို့ကလည်း မောင်ပြေသာအတွက် စိတ်ပူလို့ပေါ့။ အခုတော့ သူတို့ ရဲ့သားရာပို့ မောင်ပြေသာကို ထားဝယ်ခေါ်သွားမလို့တဲ့"

"ဟင် . . . တကယ်လား"

နှင်းသော်တာက ဆွမ်းအိုးကို ပေးရင်း ခပ်တိုးတိုးပြောနေသော ကျော် ဦးကို မေးလိုက်သည်။

"ဒါ . . . နောက်စရာမှ မဟုတ်တာဟာ။ တကယ်ပြောတာပေါ့"

"ဒါဆို ကိုပြေသာက ဘာပြောလဲ"

"ကိုပြေသာကတော့ ဘုန်းတော်ကြီးရဲ့အမိန့်ကို ဘယ်လွန်ဆန်နိုင်မလဲ ဟာ"

ကျော်ဦးက စကားဆုံးသည်နှင့် ထွက်ခွာသွားလေတော့သည်။ နှင်း သော်တာသာ သူ့မင်္ဂအောက်နှုတ်ခမ်းကို ကိုက်ကာ ကျန်ခဲ့သည်။

"ကိုပြေသာ . . . ကိုပြေသာ။ ဒီနေ့ညနေ ထမင်းလာစားရင် တွေ့ကြ သေးတာပေါ့"



မောင်ပြေသာသည် ညနေတိုင်း နှင်းသော်တာတို့အိမ်မှာ ထမင်းလာ စားနေကျဖြစ်သည်။ သို့သော် ယခုတော့ ပေါ်မလာတော့ပေ။ ထမင်းပန်းကန်နှင့် ဟင်းပန်းကန်များကို ယမ်ခပ်လိုက် အိမ်ရှေ့သို့ ထွက်ကြည့်လိုက် လုပ်နေသော နှင်းသော်တာသည် ညနေစောင်းလာသည်နှင့် အမှု ရင်ထဲတွင် မခံမရပ်နိုင်အောင် ဖြစ်လာသည်။

ပန်းတိမ်လုပ်နေသော ဦးသော်က သူ့သမီးကို မသိမသာအကဲခတ်နေ သည်။

"သမီး"

"ရှင်"

"ထမင်းတွေ၊ ဟင်းတွေကို ဇကာနဲ့အုပ်ပြီး ထားလိုက်ပါ။ ဒီနေ့ မောင် ပြေသာ ကျောင်းမှာ အလုပ်ရှုပ်နေပြီ ထင်တယ်"

×××

ပစ္စည်းများကို ခြင်းတောင်းထဲထည့်သိမ်းရင်း မျက်ပွင့်ခင်က သီချင်း တအေးအေးလုပ်နေသည်။ စစ်ပြီးခေတ်က ဖက်ရှင်အောင်ငွေဆိုလေ့ရှိသည့် သီချင်းကို မျက်ပွင့်ခင်က ညည်းလေ့ရှိသည်။

"အချစ် . . . အချစ် . . . ရင်ထဲမှာ ပိုင်းစစ်တော့ အရိုင်းပြစ်ချင် ဖြစ်ပါစေ ချစ်နေရင် ကျေနပ်တဲ့ အဖြစ်မျိုးပါ မောင်ရေ"

ကြိမ်ခြင်းထဲသို့ လမ်းခရီးတွင် စားရန် ငါးပိကြော်၊ ချဉ်ပေါင်ကြော်နှင့် ငါးကြော်များ ထည့်ထားသော ကြွေရည်သုတ်ချိုင့်ကြီးကို ထည့်နေသည်။

"အချစ် . . . အချစ်"

လူတို့သဘာဝ စိတ်ဘဝင်ကျမျှင် ကျေနပ်ကြသည့်နာတိုင်း ထားဝယ် မြို့သို့ မောင်ပြေသာနှင့်အတူ သွားရမည်ဖြစ်သောကြောင့် မျက်ပွင့်ခင်က သီချင်း တအေးအေး လုပ်နေခြင်းသာ ဖြစ်ပေသည်။

မောင်ပြေသာသည် ဘုန်းကြီးနှင့် စကား ပြောနေသော ဦးသာအောင်ကို ကြည့်ကာ သိမ်းစရာများရှိက ကူညီရန် မျက်ပွင့်ခင် ဘို့ ဘည်ရာ လျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ တက်လာခဲ့၏။

"အချစ်...အချစ်၊ အို...လန့်လိုက်တာ"

သီချင်းကို နောက်တစ်ခေါက်ဆိုမည်ဟု စတင်လိုက်ချိန်မှာပင် ကျောင်းလေးအပေါက်ဝမှ လူရိပ်ကို တွေ့၍ မျက်ပွင့်ခင် လန့်သွားလေသည်။

"ဘာဖြစ်တာလဲ ခင်"

"အို...ကိုပြေသာက အသံမပေး ဘာမပေးနဲ့ကို။ ကျွန်မ လန့်သွားတာပေါ့။ တစ်ယောက်တည်း သီချင်းဆိုမလို့ဟာကိုး"

မျက်ပွင့်ခင်က ခပ်နွဲ့နွဲ့မျက်စောင်းလေး ထိုးသည်။ ညောင်စာရေး မြစ်ကမ်းစပ်ရှိ ဈေးလေးမှ ဝယ်ကာ မနေ့ကညနေကတည်းက မျက်ပွင့်ခင်က သူ့စိတ်ကြိုက် ချက်ပြုတ်ကျွေးမော့်ထားခြင်း ဖြစ်သည်။

"ကိုပြေသာ"

"ဗျာ"

"သင်္ဘောပေါ်မှာစားဖို့ ခင်တော့ ဟင်းတွေချက်လာတယ်။ ထမင်းကတော့ သင်္ဘောပေါ်မှာ ဝယ်စားဖို့ ပူပူနွေးနွေးရတယ်မို့လား"

"ရပါတယ် ခင်ရဲ့။ ထမင်းကို ချက်သယ်ရင်လည်း တစ်ခါပဲ စားလို့ရမှာပေါ့"

"အဲဒါကြောင့်ပေါ့...ဒီမှာ ခင်ချက်ထားတဲ့ဟင်းတွေ လာကြည့်ပါဦး"

မျက်ပွင့်ခင်က တောင်းထဲသို့ထည့်ပြီးသားဖြစ်သော ကြွေရည်သုတ်ချိုင့်ကို ပြန်ဆွဲထုတ်လိုက်ပြန်သည်။ ထိုအချိန်မှာပင် ကျောင်းလေးရှေ့မှ စူးရှသော နှင်းသော်တာ၏ အသံလေး ပေါ်လာသည်။

"ကိုပြေသာ...ကိုပြေသာ။ ဒီကောင်းထဲမှာလား"

"ဟော"

မျက်ပွင့်ခင်က လန့်သွားသကဲ့သို့ မောင်ပြေသာက မျက်လုံးပြူးသွားသည်။

နှင်းသော်တာမှာ သူများစကားကို ယုံကြည်သူ မဟုတ်ပါ။ ထို့ကြောင့် ဘုန်းကြီးကျောင်းအရောက် လိုက်လာကာ မောင်ပြေသာနှင့် မျက်ပွင့်ခင် အခြေအနေကို လာကြည့်ခြင်း ဖြစ်သည်။



"သော်တာ ဘာကိစ္စရှိလို့လဲ"

မောင်ပြေသာက မိန်းမသားနှစ်ဦးဆိုင်မိလျှင် ရန်ပွားမည်စိုး၍ အပြင်သို့ ထွက်လာ၏။

"ဘာကိစ္စရှိရမှာလဲ...မနေ့ညနေက ကိုပြေသာ ထမင်းလာမစားဘူး"

"ဟုတ်တယ် အလုပ်များနေလို့"

"ဘာအလုပ်လဲ ကိုပြေသာတို့ အကြည်ခေါက်နေတဲ့က အလုပ်လား"

"အို...ဒီလိုမပြောပါနဲ့။ ညှော်သည်တွေကို အားနာစရာ"

"ဘာအားနာရမှာလဲ ကိုပြေသာနဲ့ ကျွန်မနဲ့က လက်ထပ်ကြတော့မယ်ဆိုတာ ပြောပြထားသလား"

ချစ်လျှင်မရက်၊ ကြိုက်လျှင်မရှက်ဆိုသော စကားအတိုင်း အချစ်ဟူသည် နတ်ဖမ်းစားထားသော နှင်းသော်တာမှာ မှည့်သူ့နှင့်မဆို ငေါ်ဆိုင်အန်တုရန် အသင့်ဖြစ်နေသည်။ ထိုစဉ်မှာပင် ကျော်ဦးက ပြေးလာသည်။

"ဆရာတော်ကြီး ဒီဘက်ကြွလာနေပြီ"

ကျော်ဦးစကားကြောင့် အားလုံး လန့်သွားကြသည်။ အိမ်ပေါ်မှဆင်းလာကာ နှင်းသော်တာကို ရန်တွေ့မည်ဟု မြင်နေသော မျက်ပွင့်ခင်မှာ အန်သွားသကဲ့သို့၊ နှင်းသော်တာသည်လည်း ဆရာတော်ကျောင်းကြီးဘက်မှ ထွက်လာသည်ကို မြင်လိုက်ရ၍ လက်အုပ်ချီနေသည်။ ဆရာတော်က...

"ဩော်...ဦးသော်သမီးကလည်း လာနှုတ်ဆက်သကိုး"

ဟု မှတ်ချက်ချလိုက်၏။

×××

အဝတ်သစ် အစားသစ်များ ဝတ်ထားသော မျက်ပွင့်ခင်၊ ဦးသာထောင်နှင့် မောင်ပြေသာတို့မှာ ခရီးဆောင်အိတ်များ ယူဆောင်ကြ၏။ နှင်းသော်တာမှာ ဆရာတော်၏ရှေ့တွင် ထ၍ မသွားရဲပေ။ ရင်ထဲတွင်သာ မကျေနပ်သော ဒေါသက မွှေနေသည်။

"နှင်းသော်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား"

"ငါနဲ့လိုက်ခဲ့စမ်း။ ဆွမ်းစားကျောင်းကို"

"တင်ပါ့ဘုရား"

နှင်းသော်တာသည် ဦးသာမောင်က နှုတ်ဆက်စကား ပြောသည်ကို စောင့်နေရသည်။

"တပည့်တော် လူမလာနိုင်လည်း အကျိုးအကြောင်း သိရအောင် (၂) လတစ်ခါလောက် သံကြိုးရိုက်ပါ့မယ် ဘုရား"

"အကြောင်းထူးမရှိရင်တော့ သံကြိုးမရိုက်ပါနဲ့ ဦးသာမောင်။ ကျန်းမာရေးလည်း ဂရုစိုက်"

"တပည့်တော်လည်း ခွင့်ပြုပါဦးဘုရား"

"ဟင်း"

ဆရာတော်၏ရှေ့တွင် ဒေါသကို မျိုသိပ်ထား၍ နှင်းသော်တာသည် မျက်စောင်းထိုးလိုက်၏။ ဆရာတော်က ဆွမ်းစားကျောင်းကို လိုက်ရန် အမိန့်ရှိထား၍ နှင်းသော်တာမှာ ဘာမှမတတ်နိုင်။

"ကဲ...သွားကြ၊ သွားကြ၊ သွားလေရာ လာလေရာအရပ် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးကင်းပါစေ၊ လိုရာဆန္ဒပြည့်ပါစေ"

ဆရာတော်ဦးဝိရိယက ထုံးစံအတိုင်း ဆုပေးလိုက်သည်။

"ကဲ...ကျော်ဦးလည်းလာ။ နှင်းသော်တာလည်း လာ"

ဆရာတော်က ဆွမ်းစားကျောင်းသို့ ခေါ်သွားသည်။ ဆွမ်းစားကျောင်းပေါ်ရှိ မှိုထုပ်သော ဖက်များ၊ တောင်းစုတ်များ၊ အဝတ်စုတ်များနှင့် အမှိုက်များကို ကျော်ဦးနှင့် နှင်းသော်တာတို့အား သိမ်းဆည်းခိုင်းသည်။

နှင်းသော်တာမှာ ဆရာတော်ထံတွင် စာပေသင်ကြားဖူးသော ငယ်တပည့်ဖြစ်သောကြောင့် ဆရာတော်၏ရှေ့တွင် ရိုင်းသောရန်မူသော အမူအရာမျိုး မပြုလုပ်ခဲ့ပေ။

ပြုလုပ်ပါက ဆရာတော်သည် ကြိမ်လုံးကိုဆွဲကာ ရိုက်လျှင် ခံရပေဦးမည်။ ဆရာတော်ဦးဝိရိယကိုတော့ နှင်းသော်တာသည် ရဲရဲပင် မော့ကြည့်ရဲ



မဟုတ်။

ဆရာတော်ကလည်း လူကဲခတ်ကောင်းသည်။ နည်းနည်းအမူအရာပျက်နေသည်နှင့်ပင် ရိပ်မိသော ဆရာတော်ကို ဘာစကားမျှ မပြောရဲဘဲ နောက်မှ ခပ်ကုတ်ကုတ် လိုက်သွားကာ ဆွမ်းစားကျောင်း သန့်ရှင်းရေးကို လုပ်နေရလေတော့သည်။

ဆရာတော်သည် ဆွမ်းစားကျောင်းရှေ့မှ မကြွသေး။ နှင်းသော်တာ၏ အရိပ်အကဲကို စောင့်ကြည့်နေဟန် တူသည်။

"သော်တာ"

"ဘာလဲ"

"နင်ကသာ ကိုယ့်ဇောနဲ့ကိုယ် ကျောင်းပေါ်ကို ဝင်လာတာ။ ဆရာတော်က တိုက်ကျောင်းအပေါ်ထပ်က ကြည့်နေတာဖြစ်ဟ"

"ဟင်...ဟုတ်လား"

"ဒါကြောင့် နင် တစ်ခုခုကိုတော့ မြည်သနားရတော့မယ်ဆိုတာ သိလို့ နင်သွားပြီး သိပ်မကြာခင် တိုက်ကျောင်းကြီးပေါ်က ဆင်းလာတာ"

"ဘုရား...ဘုရား။ တော်သေးတာပေါ့။ ငါကလည်း သတိလွတ်ပြီး ရှိင်းရှိင်းစိုင်းစိုင်းတွေ ပြောတော့မလို့ ကျော်ဦး"

"အေး...ကံကောင်းတာပေါ့။ ကိစ္စပြီးတာနဲ့ မောင်ပြေသာက ရွာကို ပြန်လာမယ်လို့ ပြောပါတယ်ဟ"

"အို...ငါ့ကို ဘာမှ မပြောသွားဘူး။ ခဏလောက် စိတ်ကျေနပ်အောင် လာပြီးမပြောဘူး"

"နင် သဘောတူမှာ မဟုတ်ဘူး။ အရှမ်းစိတ်ဆိုးမှာဆိုတာ မောင်ပြေသာက သိတယ်လေ"

×××

မောင်ပြေသာသည် ဦးသာမောင်တို့သားအဖနှင့်အတူ ရန်ကုန်မှ ထားဝယ်သို့ သွားမည့် "ဟားခါးသင်္ဘော" ပေါ်သို့ ရောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နစ်ထပ်သင်္ဘောဖြစ်၍ အပေါ်ထပ်ရှိ အထူးခန်းတစ်ခန်းကို ငှားရမ်းရရှိကာ ဦးသာမောင်တို့သားအဖအား ထိုအခန်းတွင်ထားကာ မောင်ပြေသာက ရိုးရိုးခရီးသည်များနှင့်အတူ သင်္ဘောအပေါ်ထပ်တွင် စီး၍လိုက်ပါလာခဲ့သည်။

အခန်းထဲတွင် ခုတင်တစ်လုံးသာပါ၍ ထိုခုတင်ပေါ်တွင် ဦးသာမောင်က အိပ်ပြီး ခုတင်အောက်ရှိ နေရာလွတ်တွင် မျက်ပွင့်ခင်က ပါလာသော ကော်ဇောကို ခင်းကာ အိပ်စက်သည်။

ဟားခါးသင်္ဘောမှာ အတော်ကြီး၍ ပင်လယ်ပြင်ကို ဖြတ်နေကျသင်္ဘောဖြစ်သည့်အတိုင်း သင်္ဘောပေါ်မှာပင် စားသောက်ခန်းနှင့် ထမင်းဆိုင်က ပါလာလေသည်။

ထားဝယ်သို့ သုံးညအိပ် ခုတ်မောင်းရမည်ဖြစ်သောကြောင့် ရေချိုးခန်းနှင့် ထမင်းဆိုင်တို့မှာ လူပြတ်သည်ဟူ၍ မရှိပေ။ ရေလဲအဝတ်များကို ယူလာကာ မောင်ပြေသာက ဦးသာမောင်အတွက် ရေချိုးခန်း ဦးပေးရသည်။

မျက်ပွင့်ခင်ကား မိန်းမရေချိုးခန်းတွင် စီနင်းလိုက်ပါလာသူ နည်းသောကြောင့် သိပ်မစောင့်ရ။ အခန်းလွတ်က များနေလေသည်။ ရန်ကုန်မှ စထွက်သည်နှင့် သူတို့သုံးယောက်သည် ပါလာသော ကြွေရည်သုတ်ချိုင့်ထဲမှ ဟင်းများနှင့် ထမင်းပူပူ၊ ချဉ်ရည်ဟင်းတစ်ခွက်ကို ဝယ်ကာ စားသောက်ကြလေသည်။

များသောအားဖြင့် ခရီးသည်များသည် ညအိပ်ခရီးစဉ် သွားရမည်ဖြစ်သောကြောင့် အိမ်မှ စားစရာ အခြောက်အခြမ်းအမျိုးမျိုးကို ချိုင့်များဖြင့် ယူဆောင်လာကာ ချဉ်ဟင်း၊ ကြက်သားဟင်း၊ ဝက်သားဟင်းတို့နှင့်ဝယ်ကာ စားသောက်လေ့ရှိကြပေသည်။ သူတို့သုံးဦးလုံး ထမင်းစားသောက်၍ ကောင်းကြသည်။ လှိုင်းလုံးကြီးများက ပင်လယ်ပြင်တွင် လှုပ်ရှားထကြွနေသည်ကို ကြည့်ရင်း. . .

"ဖေဖေ"

ဟု ဦးသာမောင်ကို ခေါ်လိုက်သည်။

"ဘာလဲ သမီးရဲ့"

"သမီးတို့ ငယ်ငယ်က ဖောင်တော်ဦးဘုရားသွားဖူးတုန်းကလည်း ဒီလိုလှိုင်းလုံးကြီးတွေ မြင်ရတယ်နော်"



"ဟုတ်တယ် သမီး၊ အဲဒါလည်း ပင်လယ်ပြင်မှာကိုး၊ ပင်လယ်ရှင်းကတော့ ဒီလိုပါပဲ သမီးရယ်။ ဖေဖေတို့ ကျန်းမာရေးကောင်းလို့ ဒီလိုအခွင့်အရေးမျိုးရတာ။ သမီးအမေ မမြတင်ဆို ခုလောက်ဆို ခေါင်းမူးလို့ မနေနိုင်တော့ဘူး"

"ဟုတ်တာပေါ့ ဦးရဲ့၊ ပင်လယ်က အလေ့အကျင့်ရှိမှ နေနိုင်တာ၊ ကျွန်တော်တောင် သိပ်အစာများများ မစားရဲဘူး"

မောင်ပြေသာက ပြောလိုက်သည်ကို ဦးသာမောင်က တဟားဟားရယ်လိုက်သည်။

"ဦးတို့က ငယ်ငယ်ကတော့ ဗိုက်ဝအောင် စားတာပဲ။ စားပြီးတော့မှ ဘာဖြစ်ဖြစ်ပေါ့ကွာ"

"အဲဒါလဲ ဟုတ်တာပဲ ဦးရယ်"

ထမင်းစားခန်းမှ ပြန်လာသောအခါ ရိုးရိုးတန်းခရီးသည်များနေရာတွင် ကြမ်းပြင်၌ ခင်းထားသော နေရာတွင် မောင်ပြေသာက သူ့ဘေးမှ ခရီးသည်များနှင့်အတူ စကားပြောရင်း နေခဲ့သည်။

ခဏကြာသောအခါတွင် ပင်လယ်ပြင်တွင် နေမင်းကြီးက ဝင်သွားလေသည်။ မောင်ပြေသာမှာ သင်္ဘောဦးပိုင်းတွင်ရှိသောကြောင့် အထူးခန်းမှာ သင်္ဘောဦးပိုင်းတွင်ရှိနေ၍ လှမ်းမြင်နေရသည်။ ခဏကြာသောအခါတွင် အထူးခန်းထဲမှ လူရိပ်တစ်ရိပ် ထွက်လာသည်။

လရောင်ကြောင့် မျက်ပွင့်ခင်ထွက်လာခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

×××

မျက်ပွင့်ခင်သည် ရိုးရိုးတန်းရှိ မောင်ပြေသာရထားသော နေရာလေးတွင် လာ၍ထိုင်ကာ စကားပြောနေလေသည်။

"ခင် မအိပ်ချင်သေးဘူးလား"

"မအိပ်ချင်ပါဘူး . . . ဒီလို သာယာတဲ့ညမျိုးမှာ အိပ်ပစ်လိုက်ရမှာ နှမြောတယ်။ လာ . . . ခင်တို့ဘက် လိုက်ခဲ့ပါလား။ ကိုပြေသာ ခင်တို့အခန်းရဲ့ အပြင်မှာတောင် အိပ်ရာခင်းပြီး အိပ်လို့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…အဲဒါ မဆိုးဘူး။ ရှုခင်းလည်း ထကြည့်လို့ရတယ်"

"ဟုတ်တယ်"

မောင်ပြေသာသည် ရိုးရိုးတန်းနှင့် အထူးခန်းကို ခွဲခြားထားသော သံတံခါးလေးကို တွန်းကာ အထုပ်အပိုးများ ယူလာခဲ့သည်။ အထူးခန်းဘေးရှိ လူသွားလမ်းမှာ ခြောက်ပေခန့်ကျယ်ဝန်းပြီး ပင်လယ်ပြင်ကို မြင်နိုင်ရန် မှန်တံခါးများကို ကာရံထားသည်။ ပြတင်းပေါက်ကျယ်ကြီးများလည်း ရှိလေသည်။

"ဒီနေရာဆို မကောင်းဘူးလား ကိုပြေသာ"

"ကောင်းတာပေါ့…လူသွားလူလာ မရှိဘူးလား"

"မရှိပါဘူး…ရှိရင်လည်း ဟိုဘက်က လွယ်တဲ့နေရာက သွားမှာပေါ့"

မျက်ပွင့်ခင်သည် မောင်ပြေသာ အိပ်စက်ရန် အိပ်ရာကို ကိုယ်တိုင်ခင်း၍ပေးနေသည်။ သူမ၏မျက်နှာလေးတွင် တစ်စုံတစ်ရာ စိတ်မချမ်းသာသော အသွင် တစ်ခါတစ်ရံ တွေ့မြင်ရသော်လည်း သိသိသာသာကြီး မဟုတ်ပေ။

အိပ်ရာခင်းနှင့် ခေါင်းအုံးများကို ကျကျနန ခင်းပြီးနောက် မောင်ပြေသာ ရပ်သည့်နေရာသို့ လာရပ်ကာ လသာနေသည့်ပင်လယ်ပင်ကြီးကို ကြည့်လိုက်၏။

"ကိုပြေသာ"

"ဟင်"

"ဘာတွေ တွေးနေတာလဲဟင်"

"ခြေသြ…လောကကြီးကို တွေးကြည့်နေတာပါခင်။ ကိုယ်တို့ မသိနိုင်တဲ့၊ မတွေ့ဘူးတဲ့ အရပ်ဒေသတွေ၊ လူတွေ၊ တောတွေ၊ သမုဒ္ဒရာတွေ အများကြီးပဲ ရှိတယ်နော်"

"ဟုတ်တယ် ကိုပြေသာ။ ခုဆို ကြည့်လေ။ ဒီလိုလသာနေတဲ့ ပင်လယ်ပြင်ကြီးထဲမှာ သင်္ဘောတစ်စင်းနဲ့ ရောက်နေရမယ်လို့ ဘယ်ထင်ပါ့မလဲ"

"ဟုတ်တာပေါ့ ခင်ရယ်။ လူ့ဘဝဆိုတာ ဘာမှမရေရာဘူးနော်"

မောင်ပြေသာက စကားကို တွေးတောရင်း ပြောလိုက်ရာ မျက်ပွင့်ခင်၏ ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားလေတော့သည်။



"ဟုတ်တာပေါ့ ကိုပြေသာရယ်။ ကိုယ်က သေချာတယ်ထင်ပြီး တွက်ထားတဲ့ အရာရာဟာ လွဲချော်သွားတတ်တယ်နော်"

မျက်ပွင့်ခင်၏ အသံက ဝမ်းနည်းသံပါလျက် ရှိနေလေသည်။ သူမသည် မောင်ပြေသာကို သူမဘဝအတွက် မျှော်လင့်ခဲ့သော်လည်း နှင်းသော်တာက ဦးသွားသည်ကို မချိတင်ကဲလေး ခံစားနေရပုံရသည်။

မောင်ပြေသာကိုလည်း ဖွင့်မမေးရဲ။ မောင်ပြေသာက ဟုတ်ပါသည်ဟု ဝန်ခံလိုက်လျှင် ပို၍စိမ်းကားပြတ်တောက်သွားမည်။ မောင်ပြေသာသည် နှင်းသော်တာနှင့်ပတ်သက်၍ မျက်ပွင့်ခင် ခံစားနေရမည်ဆိုသည်ကို သတိရလိုက်သည်။

"ခင်"

"ဘာလဲ ကိုပြေသာ"

"ခင့်ကို ကိုပြေသာ တွေ့ဖူးရင်းနှီးအမေလေးတစ်ယောက်အနေနဲ့ တစ်သက်လုံး မမေ့ဘူးဆိုတာ ယုံပါ"

"တော်ပါတော့ ကိုပြေသာ။ ဒီအကြောင်းတွေကို ခင် ဘာမှမပြောချင်တော့ပါဘူး။ မနက်ကျမှ စကားဆက်ပြောကြတာပေါ့နော်"

မျက်ပွင့်ခင်သည် မောင်ပြေသာ၏ရှေ့တွင် မျက်ရည်မထိန်းနိုင်ဖြစ်မည်ကို သိသောကြောင့် အထူးခန်းတံခါးကို ဖွင့်ကာ ဝင်သွားသည်။ အတွင်းမှလည်း တံခါးပိတ်သွားလေတော့သည်။

×××

သုံးညအိပ်မျှ ဟားခါးသင်္ဘောပေါ်တွင် မောင်ပြေသာသည် မျက်ပွင့်ခင်တို့ သားအဖနှင့်အတူ နေထိုင်ခဲ့ပြီးနောက် ထားဝယ်မြို့သို့ ရောက်ရှိလာလေသည်။

ထားဝယ်မြို့တွင် ဦးသာမောင် သံကြိုးရိုက်ထားသောကြောင့် ထားဝယ်ပုလိပ်ဌာနမှ ရာဇဝတ်ဝန်ထောက်ဦးကျော်နှင့် မြို့အုပ်ဦးဘစိုးတို့က သင်္ဘောဆိပ်မှ လာကြိုနေကြလေသည်။

မိုးကုတ်ကိုလာလျှင် ဦးသာမောင်က သူ၏မိတ်ဆွေ ဦးကျော်နှင့်ဦးဘစိုးတို့ကို ဝတ္တရားကျေအောင် ပြုစုစောင့်ရှောက်ခဲ့သည့်အတိုင်း ဦးဘစိုးက သင်္ဘောဆိပ်

www.burmeseclassic.com

www.burmeseclassic.com



လုပသော မိုလ်တဲတစ်လုံးတွင် ညီသည်များကို ထားကာ ရက်များစွာ နေနိုင်ကြောင်း ပြောကြားခဲ့လေသည်။

ညနေပိုင်းတွင် ရာဇဝတ်ဝန်ထောက်ဦးကျော်နှင့် မြို့အုပ်ဦးဘစိုးတို့က ဦးသာမောင်ကို ဝီစကီပုလင်းနှင့် စားသောက်စရာများ အသင့်ပြင်ဆင်ကာ ညှိခံ စကားပြောရာ မောင်ပြေသာနှင့် မျက်ပွင့်ခင်တို့လည်း ထိုဝိုင်းတွင် ဝင်ပါရလေတော့သည်။

"ဦးသာမောင်ရဲ့သား ကိုမျိုးတင် ထားဝယ်ကို ရောက်နေတယ်ဆိုတာ ဟုတ်ပါတယ်"

"ရှင်"

"ဟာ…ဟုတ်လား"

ဦးကျော်၏ သတင်းပေးမှုကြောင့် သားအဖနှစ်ဦးလုံး ဝမ်းသာသွားသည်။ မောင်ပြေသာသည်လည်း မျက်လုံးများ တောက်ပလာသည်။

"သူ ဘယ်တော့လာမလဲ"

မောင်ပြေသာက မေးလိုက်သည်။

"သူ ဘာမှမဖြစ်ပါဘူး။ သုံးလေးရက်လောက်မှ သူတို့ရဲ့ရွှေမြားရှင်စက်လှေက ဆိပ်ကမ်းကို ပြန်ကပ်လိမ့်မယ်။ ဒီလှေမှာ ကျုပ်ရဲ့ပုလိပ်တွေလည်း ပါပါတယ်။ သူတို့က ပင်လယ်ကျားကို ခြေရာခံဖို့ လိုက်သွားတာလေ"

ဦးကျော်က ဦးဘစိုးနှင့် ဦးသာမောင်တို့ ဖန်ခွက်ထဲသို့ ဝီစကီထည့်ကာ ဆော်ဒါများ ရောပေးနေ၏။ မောင်ပြေသာ၏ ရှေ့ဖန်ခွက်ထဲသို့ ဝီစကီထည့်မည်ပြုရာ …

"ကျွန်တော် မသောက်တတ်ဘူး"

ဟု ဖန်ခွက်ကို နောက်ဆုတ်ကာ မောင်ပြေသာက ပြောလိုက်သည်။

ထို့ကြောင့် မောင်ပြေသာနှင့် မျက်ပွင့်ခင်တို့၏ရှေ့သို့ လီမွော်ရည်သံဘူးတစ်ဘူး ရောက်လာသည်။ မောင်ပြေသာက ဘူးကိုဖွင့်ကာ မျက်ပွင့်ခင် ဖန်ခွက်ထဲသို့ အရင်ထည့်ပေးပြီး နောက်မှ သူ့ဖန်ခွက်ထဲသို့ ထည့်လေသည်။ နိုင်ငံခြားမှလာသော သံဘူးဖြစ်၍ လီမွော်နံ့မွှေးကာ ချိုအေးရှတနေသည်။



"ကိုပြေသာ လီမွော်ရည် ကောင်းတယ်နော်"

မျက်ပွင့်ခင်က ပါးချိုင့်လေးပေါ်အောင် ပြုံး၍ ပြောလိုက်သည်။

"ဟုတ်တယ် ခင်။ တော်တော်အရသာရှိတဲ့ လီမွော်ရည်ပဲ"

"ဒါက အရှေ့အိန္ဒိယကုမ္ပဏီသင်္ဘောက လက်ဆောင်ပေးတာလေ ဟော့…နောက်တစ်ဘူး ယူခဲ့ပါဦး"

အစေခံများရှိရာသို့ ဦးဘစိုးက လှမ်းအော်လိုက်သည်။

"ခင်ဗျားသားက ဒီမှာ အလုပ်ရနေပြီဗျ"

ဦးကျော်က ဝီစကီခွက်ကို ချရင်း ပြောလိုက်သည်။

"ဘာအလုပ်လဲဗျ။ မိဘဆီက ငွေခိုးပြေးတဲ့ကောင်ပဲ"

ဦးသာမောင်က ဒေါပွပွဖြင့် ပြောရာ မောင်ပြေသာနှင့် မျက်ပွင့်ခင်တို့က မကြိုက်ကြပေ။

"ဖေဖေကလည်း ကိုကိုက အလုပ်မလုပ်ဘဲ ထိုင်စားနေရလို့ ဒီလိုလုပ်တာပါ။ သူမှာလည်း ဘဝရည်ရွယ်ချက် ရှိမှာပေါ့"

"ဟုတ်ပါတယ် ဦးရဲ့။ ကိုမျိုးတင်က စိတ်ရင်းအခံ ကောင်းပါတယ်"

မျက်ပွင့်ခင်နှင့် မောင်ပြေသာတို့က ရှေ့ခင့်နောက်ဆင့် ထောက်ခံလိုက်ကြ၍ ဦးဘစိုးက ပြုံးသည်။ သူတို့နှစ်ဦးကိုလည်း ဦးသာမောင်၏ သဘောတူညီမှုဖြင့် မကြာမီ လက်ထပ်မည့်အတွဲဟု ထင်မြင်ကြလေသည်။

"သူတို့နှစ်ယောက်က လိုက်လဲလိုက်တယ်၊ အားလုံးက မောင်မျိုးတင်ဘက်ကချည့်ပဲ။ ခုလောလောဆယ် မောင်မျိုးတင်က ဘာလုပ်နေတယ် ထင်သတုန်း"

"ဘာလုပ်နေသလဲ…ရာဇဝတ်မှုတွေလား"

ဦးသာမောင်က သူ့သားကို အထင်မကြီးသောကြောင့် စိုးရိမ်စိတ်ဖြင့် မေးလိုက်၏။

"ဒီကောင်က ရွှေမြားရှင်စက်လှေမှာ မန်နေဂျာ လုပ်နေတာဗျ။ ဒီစက်လှေက ကျုပ်ရဲ့မိတ်ဆွေ ဦးထွန်းလုံပိုင်တာလေ"

"ဗျာ…ကျုပ်နားနဲ့ကြားတာ ဟုတ်ပါတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးသာမောင်။ ဒီစက်လေးဟာ ပရဆေးနဲ့ပင်လယ်သယံဇာတကိုစုပြီး ရန်ကုန်နဲ့ နိုင်ငံခြားက အဝယ်တော်တွေကို ပြန်ရောင်းတာပဲ။ မတန်တဆမြတ်တဲ့အလုပ်ပေါ့"

"အင်း... လောကကြီး ဘာဖြစ်ကုန်ပြီလဲ ဟရို"

ဦးသာမောင်သည် ဝီစကီခွက်ကို ကိုင်ရင်း မော့လိုက်လေသည်။ ဦးသာမောင်သည် မိုးကုတ်မှ သူ့ဇနီးထံသို့ သံကြိုးစာတစ်စောင် ရိုက်လိုက်လေတော့၏။

×××

သုံးရက်ခန့်ကြာသောအခါ ရာဇဝတ်ဝန်ထောက် ဦးကျော်နှင့်အတူ ဦးသာမောင်တို့ တည်းခိုသော ဗိုလ်တဲသို့ မျိုးတင် ရောက်လာသည်။ မျိုးတင်နှင့်အတူ တိုးလုံပါ ပါလာလေသည်။

ဦးသာမောင်သည် မျိုးတင်ကို အကဲခတ်ကြည့်ရာ မျိုးတင်သည် ပင်လယ်ပြင်တွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လုပ်ကိုင်ရသူဖြစ်၍ ဦးသာမောင်ကိုတွေ့သည်နှင့် ဝမ်းသာအားရ ထိုင်ကာ ကန်တော့လိုက်သည်။

"ဖေဖေ သားမိုက်ခဲ့သမျှတွေ ခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ပါတယ်ကွာ..မင်း ခုလို ကောင်းကောင်းမွန်မွန် အလုပ်လုပ်နေတာ တွေ့ရလို့ ဖေဖေ ဝမ်းသာပါတယ်"

"အဲဒါ တိုးလုံရဲ့ ကျေးဇူးပါပဲ ဖေဖေ"

ထို့နောက် ပရဆေးနှင့်ပင်လယ်သယံဇာတလုပ်ငန်းမှာ အမြတ်အစွန်းရ၍ ကြီးပွားနိုင်သော လုပ်ငန်းဖြစ်ကြောင်း တိုးလုံနှင့်မျိုးတင်တို့က ရှင်းပြကြသည်။

မောင်ပြေသာကိုလည်း မျိုးတင်က တောင်းပန်စကားဆိုကာ သူ့မိသားစုကို စောင့်ရှောက်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

စိန်ထွန်းတို့မှာ ပင်လယ်ကျားသင်္ဘောဖြင့် ခရီးသွားမော်တော်များ၊ လှေကြီးများကို လုယက်နေရာ ယခုအခါ ပုလဲကျွန်းများရှိ မြစ်သာကျွန်းကြီးတွင် နို



အောင်းနေသည်ကို သတင်းရကြောင်း ပြောကြားလေသည်။

ဦးကျော်က သူ့ထံမှ ရာဇဝတ်အုပ်များ၊ ပုလိပ်များနှင့် လှေကြီးတစ်စ လိုက်ပါကာ စိန်ထွန်းနှင့် ဓားပြကြီးဦးသူ့ရိန်ကို ဖမ်းဖို့ အစီအစဉ်ကို ပြောပြ သည်။

မောင်ပြေသာမှာ မျိုးတင်နှင့် တိုးလုံကို ကူညီရန် သူပါလိုက်မည်ဖြ ကြောင်း ပြောလိုက်သည်။

"အို...ကိုပြေသာက ကျွန်းမှာရေး ကောင်းလာတော့ မကြာသေး နော်။ လိုက်လို့ ဖြစ်ပါ့မလား"

မျက်ပွင့်ခင်မှာ ဟန်မဆောင်နိုင်တော့ဘဲ ဝင်ကာ ပြောလိုက်သည်။

"ညီမလေးက စိတ်မချရင်လည်း နေသာနေခဲ့ပါတော့ မောင်ပြေသာ"

မျိုးတင်က သူ့ညီမကို ပြုံးကြည့်ကာ ပြောလိုက်လေသည်။

"အို...ကိုကိုတလည်း"

မျက်ပွင့်ခင်က စိုးရိမ်မှုပေါ်သွားသည်ကို ရှက်ရွံ့ကာ ခေါင်းငုံ့လိုက်သည်

"အို...ခင်ဗျားတို့တောင်မှ စိန်ထွန်းနဲ့ သူ့လူတွေဖမ်းဖို့ လိုက်တ ကျွန်တော်လည်း လိုက်ကူညီပါ့မယ်ဗျာ"

မောင်ပြေသာက ဆုံးဖြတ်ချက်ချကာ ပြောလိုက်သောကြောင့် မျက်ပွ ခင်မှာ မတားမြစ်သာတော့ပေ။

နောက်တစ်နေ့မနက်မှာပင် ရွှေမြားရှင်သည် ထားဝယ်ဆိပ်ကမ်းမှ ခွ လာခဲ့သည်။ ကမ်းပေါ်မှ မျက်ပွင့်ခင်၊ ဦးထွန်းငှာ၊ ရာဇဝတ်ဝန်ထောက်ဦးကျော် နှင့် ဦးသာမောင်တို့ကို မောင်ပြေသာတို့ သုံးဦးသည် လက်ပြကာ ထွက်လာ သည်။

"မောင်ပြေသာ"

"ဗျာ"

"မင်း အသက်မသေဘဲ ခုလို ကောင်းကောင်းတာကို ငါ သိပ်ဝမ်းသာတာပဲ ငါကတော့ စိန်ထွန်းတို့ကို ငါ့ငွေတွေအတွက် မီအောင် ဖမ်းနိုင်ရင် သဘောကျပြီ"

"မပူပါနဲ့ဗျာ။ မြစ်သာကျွန်းမှာသာ သူတို့ရှိနေပါစေ...မမိ မိအောင်

www.burmeseclassic.com

www.burmeseclassic.com



အသက်စွန့်ပြီး ဖမ်းရမှာပေါ့"

တိုးလုံက လက်သီးကိုဆုပ်ကာ ပြောလိုက်လေတော့၏။

×××

ကျေးရွာသူရွာသားအဝတ်နဲ့ ဝတ်ထားသူက ဆီးကြိုကာ မှန်ကလေးဖြင့် မြစ်သာကျွန်းပေါ်မှ အချက်ပြသည်။ ပုလိပ်များစီးလာသော လှေက မြစ်သာကျွန်းတွင် အရင်ကပ်မိနေပြီ ဖြစ်လေသည်။

ထိုစဉ်မှာပင် ကျွန်းအောက်မှ လှေကြီးတစ်စီး ထွက်လာသည်။ ထိုလှေကြီးမှာ ဦးသူရိန်က ပုံမပေါ်အောင် ရွက်များဆင်ကာ လှေဦးတွင် ကျားရုပ်ကို အဝတ်ဖြင့် အုပ်ထားသော လှေကြီးဖြစ်သည်။

ပင်လယ်ပြင်သို့ ရောက်သည်နှင့် ကျားရုပ်ကြီးပေါ်မှ အဝတ်နက်ကို ဆွဲချလိုက်ရာ ရှေ့သို့ခုန်နေသော အဝါနှင့်အနက်ကြား ကျားရုပ်ကြီးက ပေါ်လာလေတော့သည်။

ပင်လယ်ကျားနှင့် ရွှေမြားရှင်တို့ကား ပင်လယ်ပြင်တွင်ပင် ရင်ဆိုင်တွေ့ကြလေပြီ။

"ဟော့‥‥ဟိုမှာ ပင်လယ်ကျား လှေဦးမှာ ရပ်နေတာ ဦးသူရိန်နဲ့ စိန်ထွန်းတို့ပဲ"

"ဒိုင်း"

"ဝုန်း"

ပင်လယ်ကျားပေါ်မှ ဦးသူရိန်သည် ရိုင်ဖယ်သေနတ်ဖြင့် ဆီးကြိုကာ ပစ်နေသည်။ ရွှေမြားရှင်လှေမှာလည်း ပင်လယ်ကျားလှေရှိရာသို့ ဦးတည်သွားလေသည်။

"သတိထားကြ လှေချင်းတိုက်မိတော့မယ်"

ရွှေမြားရှင်၏ လှေမောင်းသူမှာ တိုးလုံဖြစ်သောကြောင့် ပင်လယ်ကျား၏ ဘေးဘယ်ဝမ်းအလယ်ကို ချိန်ကာ စက်ကုန်ဖွင့်လိုက်သည်။

"ဝုန်း"



"အား"

ကျယ်လောင်သော လှေခြင်းတိုက်သံ ပေါ်လာပြီး ပင်လယ်ကျားသည် ရေးပေါင်းလှေဖြစ်ရာ ခါးမှကျိုးကာ ပင်လယ်ပြင်တွင် ဓားပြများ အော်ဟစ်ကူးခတ်နေကြသည်။ ထိုစဉ်မှာပင် မြစ်သာကျွန်းမှ လှေများထွက်လာကာ ဓားပြများကို လိုက်လံဖမ်းဆီးနေလေသည်။

ခုခံသော ဓားပြတို့ကို ပုလိပ်များက အသေပစ်ကာ ဦးသူရိန်နှင့် စိန်ထွန်းတို့ကို ကြိုးကွင်းဖြင့် ပစ်ကာ ဖမ်းလိုက်သည်။ တိုးလုံက စိန်ထွန်း၏အကြံကို သိသောကြောင့် လှေပေါ်မှ ရေထဲသို့ ခုန်ချလိုက်သည်။

စိန်ထွန်းသည် လက်ထဲတွင် လက်ပစ်ဗုံးတစ်လုံးကို ကိုင်လာခဲ့သည်။ တိုးလုံက ရေအောက်မှ ငုပ်ကာ စိန်ထွန်း၏လက်ထဲမှ လက်ပစ်ဗုံးကို လုသည်။ နှစ်ဦးသား လုံးလားထွေးလား ဖြစ်နေစဉ်မှာ ထွက်ပစ်ဗုံးသည် ရေထဲသို့ ပြုတ်ကျကာ ပေါက်ကွဲသွားလေတော့သည်။

"ဝုန်း"

"အား"

ဦးသူရိန်ရော စိန်ထွန်းပါ လက်ပစ်ဗုံးတစ်လုံးမှ ယမ်းစများထိမှန်သွားကြလေသည်။ တိုးလုံမှာလည်း ပေါင်တွင် ဒဏ်ရာရသွားလေသည်။

မောင်မြေသာက ရေထဲတွင် ကူးကာ ပြေးနေသော ဝံပုလွေစိုင်းတင်ကို လိုက်လံဖမ်းဆီးနေသည်။ ဝံပုလွေစိုင်းတင်က ခါးကြားမှ ဓားမြှောင်ဖြင့် မောင်မြေသာကို ပြန်ထိုးလိုက်သေးသည်။

"ဝုန်း"

ရေများသည် သူတို့နှစ်ဦးနားမှ စင်ကာ ထွက်နေသည်။ ခဏကြာသောအခါ လှေတစ်စီးက ကြိုးကွင်းပစ်ကာ ဝံပုလွေစိုင်းတင်ကို ဖမ်းဆီးလိုက်လေတော့၏။ ဖမ်းလိုက်သူမှာ မျိုးတင်နှင့်ပုလိပ်တစ်ဦးတို့ ဖြစ်ကြောင်း သိလိုက်ရသည်။

ဦးသူရိန်၊ စိန်ထွန်းနှင့် သူလူများသည် ဒဏ်ရာဒဏ်ချက်များဖြင့် ဖမ်းမိကာ ရွှေမြားရှင်၏ ဦးဖြင့်ထိုးခွဲမှုကြောင့် ပင်လယ်ကျားလှေကြီးသည်လည်း လုံးဝနစ်မြုပ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကျား ပင်လယ်ဓားပြအဖွဲ့ကား ထားဝယ်မှုလီစီဗျာနှအချုပ်ခန်းတွင် ရောက်ရှိနေကာ မကြာမီ မော်လမြိုင်ထောင်သို့ ရောက်ရှိသွားကြတော့မည်ဖြစ်သည်။

×××

မောင်ပြေသာသည် ညောင်စာရေးရွာသို့ ပြန်ပြီးမှ မိုးကုတ်သို့ အရောက်လာခဲ့မည်ဖြစ်ကြောင်း ဦးသာမောင်ကို ပြောကြားလိုက်သည်။ ဦးသာမောင် အံ့အားသင့်သွား၏။

"ဘာဖြစ်လို့လဲ မောင်ပြေသာ။ တို့အားလုံး အတူတူ မိုးကုတ်သွားကြမှာပဲ"

"ကိစ္စလေးနည်းနည်း ရှိသေးလို့ပါ ဦးလေးရာ"

မောင်ပြေသာက ခေါင်းငုံ့ကာ ပြောလိုက်သည်။ သူသည် ခရီးဆောင်အိတ်ထဲသို့ အဝတ်အစားများကို ထည့်နေသည်။ မောင်ပြေသာ၏အနီးသို့ မျက်ပွင့်ခင် ရောက်လာသည်။

"ကိုပြေသာ"

"ဟင်"

"မိုးကုတ်ကိုတော့ ကိုပြေသာ လိုက်လာမှာပါနော်"

"လိုက်လာမှာပါ ခင်"

"ဒါပေမယ့် ကိုပြေသာ တစ်ယောက်တည်း မဟုတ်ဘူး မဟုတ်လား"

မျက်ပွင့်ခင်၏ စကားကြောင့် မောင်ပြေသာ အံ့အားသင့်သွားသည်။

"အံ့သြမနေပါနဲ့ ကိုပြေသာ။ ညောင်စာရေးရွာက ကိုပြေသာကို ကြိမ်စကြာနဲ့ ရိုက်ခေါ်နေပြီ မဟုတ်လား။ ကျွန်မ သိပါတယ်"

"ခင်···ကိုပြေသာရဲ့ ခံစားမှုတွေကို ခင်က သိနေတော့တာပဲနော်"

"ကျွန်မ အရာအားလုံးကို နားလည်နိုင်ပါတယ် ကိုပြေသာ။ ကျွန်မ နားမလည်နိုင်တာက ကိုပြေသာနဲ့ပတ်သက်မှ အရှုံးပေးရတဲ့က ကျွန်မရဲ့ ကံကြမ္မာကိုပါပဲ"



မောင်ပြေသာသည် မျိုးတင်၊ တိုးလုံနှင့် မျက်ပွင့်ခင်တို့ကို နှုတ်ဆက်ကာ ထွက်လာသည်။ ဦးသာမောင်က···

"မိုးကုတ်မှာ ငါ အလုပ်တွေ အဆင်သင့်စီစဉ်ထားမယ် မောင်ပြေသာ" ဟု ပြောလိုက်သည်။

"ဟုတ်ကဲ့ ဦးလေး"

ဟုဆိုကာ မိုလ်တဲမှ ကျောခိုင်းထွက်ခဲ့ပြီး ခြံဝကျော်သည်နှင့်ပင် မျက်ရည်ဝဲသော မျက်လုံးများဖြင့် သူ့ကိုမျှော်နေမည့် နှင်းသော်တာ၏ မျက်နှာလေးကို မြင်ယောင်လာတော့၏။

အိမ်ကြာသိုက်

BURMESE CLASSIC

www.burmeseclassic.com